စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်

သဲကုန်းဆရာတော် အရှင်ဉာဏိဿရ

ဟောကြားသော

# ဒါရုက္ခန္ဓောပမသုတ္တန်

၃-အကြိမ်

တရားတော်

ဒုတိယအကြိမ်—၁၉၇၀-ခု၊ မတ်လ
အုပ်ရေ—၃၅၀၀

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် (၇၀၆)
**အဖုံးရိုက်** — အောင်သာပုံနှိပ်တိုက်
**ဘလောက်** — သောင်းလှ
**ပန်းချီ** — မောင်ငွေထွန်း
**စာအုပ်ချုပ်** — မိဘမေတ္တာ ၃၄-လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ — ဒေါ်ခင်မျိုးချစ်
သိဒ္ဓိစာစဉ် (၀၁၃၅၂)
အမှတ် ၅၀၅/၇ ပြည်လမ်း၊
ရန်ကုန်။

ပုံနှိပ်သူ — ဒေါ်တင်လှ (၀၂၀၃၀)
နေလင်းစာပုံနှိပ်တိုက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

၁၆၈၀၇

စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူကျောင်း

သဲကုန်းဆရာတော်

၂၉၄.၃၆၄
ဦ ဓာ

## အရှင်ဉာဏိဿရ

ဟောကြားသော

# ဒါရုက္ခန္ဓောပမာသုတ္တန်

## တရားတော်

## ဒါရုက္ခန္ဓောပမာသုတ္တန်တရားတော်

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကျေးဇူးစကား | .... | (ဈ) |
| ကျမ်းကိုးစာရင်း | .... | (ည) |
| စာအုပ်ဖြစ်ပေါ်လာခြင်း | .... | (ဋ) |
| ခင်မျိုးချစ်၏ အမှာ | .... | (တ) |
| ဒေသစာရီခရီး | .... | ၁ |
| ဂင်္ဂါမြစ်ထဲက သစ်တုံး | .... | ၄ |
| ဥပမာ ၁၁-ခု | .... | ၇ |
| သမ္မာဒိဋ္ဌိ ဦးတည်ချက် | .... | ၁၃ |
| သမ္မာဒိဋ္ဌိအမျိုးအစား | .... | ၁၄ |
| ဗုဒ္ဓဘာသာအဆင့်အတန်း | .... | ၁၇ |
| ဘုရားရှင်၏ ရည်ညွှန်းချက် | .... | ၂၁ |
| ဥပမာ—ဥပမေယျများ | — | ၂၄ |
| ငါးမျှားတံနှင့် အရိယာ၊ | .... | ၂၆ |
| အာနာပါနဘာဝနာ၊ ၄-မျိုး | .... | ၂၉ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အာနာပါနရဲ့ ဥပမာ ၃-ချက် | .... | ၃၄ |
| ဗောဓိဉာဏ်ရဲ့ အင်္ဂါများ | .... | ၃၇ |
| ထွက်လေဝင်လေကွာခြား | .... | ၄၀ |
| အသိနဲ့သတိ မကွာစေနဲ့ | .... | ၄၁ |
| သမာဓိ အားကောင်းလာချိန် | .... | ၄၄ |
| ကမ္မဋ္ဌာန်းနှင့် စရိုက် | .... | ၄၅ |
| ဖောဋ္ဌဗ္ဗဓာတ် ၃-ပါး | .... | ၄၇ |
| ဖောဋ္ဌဗ္ဗအာရုံ ၃-ခု | .... | ၄၈ |
| ပညတ်နှင့်ပရမတ် ကွဲအောင်ရှု | .... | ၅၁ |
| ဈာန ၄-ချက် | .... | ၅၃ |
| ဝိပဿနာ သမ္မာဒိဋ္ဌိအစ | .... | ၅၅ |
| နီဝရဏ ခွာပြီ | .... | ၅၈ |
| အစွန်းတဖက် မရောက်ရအောင် | .... | ၆၃ |
| စိတ္တဇဝါယောဓာတ် | .... | ၆၆ |
| ရာဂါနုသယကွာချိန် | .... | ၆၇ |
| သတိပဋ္ဌာန် ၄-ပါး | .... | ၇၁ |
| သမ္မာဒိဋ္ဌိ နိဗ္ဗာန်ဦးတည်ပြီ | .... | ၇၄ |
| (၁) ဒီဖက်ကမ်းဆိုတာ | .... | ၇၈ |
| ဒီဖက်ကမ်းတင်ပုံ | .... | ၈၀ |
| ဒီဖက်ကမ်းမှ ခွာပုံ | .... | ၈၄ |
| ဟိုဖက်ကမ်းဆိုတာ | .... | ၉၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဟိုဖက်ဆမ်းတင်ပုံ | .... | ၉၁ |
| ဒုက္ခလက္ခဏာကို ဣရိယာပုထ်ဖုံးခြင်း | .... | ၉၂ |
| မဟာတိဿရဟန်းကျင့်ထုံး | .... | ၉၈ |
| မဟာတိဿရဟန်း အာမခံပေးခြင်း | .... | ၁၀၀ |
| မဟာတိဿရဟန်း သီလကို ဆင်ခြင်ခြင်း | .... | ၁၀၄ |
| မဟာတိဿရဟန်း အရဟတ္တဖိုလ်ဆိုက်ခြင်း | .... | ၁၀၇ |
| ရာဂနှင့် သေရမှာရှက်တဲ့ မဟာတိဿရဟန်း | .... | ၁၀၉ |
| ဥပက္ကိလေသနှင့်ဥပက္ကိလေသဝတ္ထု | .... | ၁၁၂ |
| ဥပက္ကိလေသဝတ္ထု ၉-ပါး | .... | ၁၁၄ |
| ဥပက္ကိလေသ ၁-ပါး | .... | ၁၂၄ |
| အနာထပိဏ်နဲ့ တောရရဟန်းသုံးပါး | — | ၁၂၅ |
| ကြည့်ကောင်းတိုင်း ကြည့်နေယင် | — | ၁၂၉ |
| တခါလင်းတော့ တမဂ် | .... | ၁၃၀ |
| ရဟန္တာအတု | .... | ၁၃၃ |
| ဟိုဖက်ကမ်းမှ ခွာပုံ | .... | ၁၃၆ |
| အိုးထိန်းသည် ဇနီးမောင်နှံ | .... | ၁၃၇ |
| ရေလယ် ခေါင်နစ်တယ်ဆိုတာ | .... | ၁၄၂ |
| နန္ဒီရာဂကို ပယ်ထားနိုင်မှ | .... | ၁၄၄ |
| သောင်ပေါ်တင်တယ်ဆိုတာ | .... | ၁၄၇ |
| အရှင်အနုရုဒ္ဓာမထေရ် | .... | ၁၅၀ |
| အရှင်ဆန္နမထေရ် | .... | ၁၅၅ |

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပြဟ္မဒဏ် | .... | ၁၅၇ |
| ပပဉ္စတရား သုံးပါး | .... | ၁၅၉ |
| လူဆယ်တယ်ဆိုတာ | .... | ၁၆၁ |
| လက်ပံတုံးလော-စန္ဒကူးလော | .... | ၁၆၄ |
| နတ်ဆယ်တယ်ဆိုတာ | .... | ၁၆၉ |
| သောတာပန် သိကြားမင်း | .... | ၁၇၂ |
| ဗောဓိဆု ၃-မျိုး၊ သာဝက ၃-ဖြာ | .... | ၁၇၈ |
| ဝဲစုပ်တယ်ဆိုတာ | .... | ၁၇၉ |
| အတွင်းပုပ်တယ်ဆိုတာ | .... | ၁၈၁ |
| သီလသည်အရေးကြီးတယ် | .... | ၁၈၄ |
| အပြစ်ရှစ်ချက်မှ လွတ်ခဲ့လျှင် | .... | ၁၉၁ |
| နန္ဒကျွတ်တမ်းဝင်ပြီ | .... | ၁၉၃ |
| နိဂုံးဆုတောင်း | .... | ၂၀၁ |

## “ကျေးဇူးစကား”

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဆောင်ရွက်ကြသောပုဂ္ဂိုလ်များအား အထူး ကျေးဇူးတင်လျက်ရှိကြောင်း မှတ်တမ်း တင်အပ်ပါသည်။

အသံဖမ်း တိပ်ခွေမှ စာမူအချောဖြစ်သည်အထိ ကူးယူပြင်ဆင်ပေးသော ရန်ကုန်မြို့ အရှေ့ပိုင်းကုန်းတိုက် မိုးညှင်းစံကျောင်းနေ အရှင်သစ္စဝံသအားရင်း၊ အရှင်သစ္စဝံသ ရေးကူးထားသော လက်ရေးစာမူများကို လက်နှိပ်စက် ရိုက်ပေးသော ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပြန်ရပ်ကွက် အမှတ်(၄)ကျောင်းလမ်းနေ ဒါယိကာမကြီး ဒေါ်အေးမြင့်အားရင်း၊

အထွေထွေ ဝေယျာဝစ္စကို ဆောင်ရွက်ပေးပါသော စစ်ကိုင်းတောင် စိတ္တသုခချောင်နေ ကိုတင်ဦးအားရင်း၊

အထူးသဖြင့် စာပေအယူအဆ သဘောတရားနှင့် ကျင့်စဉ်များကို အသေးစိတ်ဖတ်ရှု၍ အမှားအမှန် ပြင်ဆင်ပေးသော စစ်ကိုင်းတောင်ရိုး ဝေဇယန္တာချောင် ဦးမဟာသုဓပဏ္ဍိတအားရင်း အထူးကျေးဇူးတင်လျက် ရှိပါကြောင်း။

အရှင်ဉာဏိဿရ
(သဲကုန်းဆရာတော်)
သဒ္ဓမ္မသီတဂူချောင်
စစ်ကိုင်းတောင်ရိုး
၁၃၄၀-ခု၊ တပေါင်းလပြည့် တနင်္လာနေ့။

# ဤ ဒါက္ခိဏေယျ ဝပမာသုတ္တန် ကို
# ဟောကြားရာ၌ မှီငြမ်း ကိုးကားပြုသော
# ကျမ်း များ စာရင်း


၁။ သဠာယတနဝဂ္ဂသံယုတ္တ ပါဠိတော်၊
၂။ ခန္ဓဝဂ္ဂသံယုတ္တ ပါဠိတော်၊
၃။ နိဒါနဝဂ္ဂသံယုတ္တ ပါဠိတော်၊
၄။ သုတ်မဟာဝဂ္ဂ ပါဠိတော်၊
၅။ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်၊
၆။ အင်္ဂုတ္တရ ပါဠိတော် (ပထမ)၊
၇။ သဠာယတနဝဂ္ဂသံယုတ္တ အဋ္ဌကထာ၊
၈။ ခန္ဓဝဂ္ဂသံယုတ္တ အဋ္ဌကထာ၊
၉။ နိဒါနဝဂ္ဂ သံယုတ္တအဋ္ဌကထာ၊
၁၀။ သုတ်မဟာဝဂ္ဂ အဋ္ဌကထာ၊
၁၁။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ၊
၁၂။ အင်္ဂုတ္တရ အဋ္ဌကထာ (ပထမ)
၁၃။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (ပ-ဒု)
၁၄။ မူလပဏ္ဏာသ အဋ္ဌကထာ (ပ-ဒု)
၁၅။ ပါရာဇိကဏ် အဋ္ဌကထာ (ပ-ဒု)
၁၆။ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊
၁၇။ အဋ္ဌသာလိနီ အဋ္ဌကထာ၊
၁၈။ ဥဒါန အဋ္ဌကထာ၊
၁၉။ သဠာယတနဝဂ္ဂသံယုတ္တ ဋီကာ၊
၂၀။ သုတ်မဟာဝဂ္ဂဋီကာ၊
၂၁။ မူလပဏ္ဏာသဋီကာ၊
၂၂။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊
၂၃။ ပရမတ္ထသရုပ်ဘေဒနီကျမ်း (ဒုတိယတွဲ)

## ဒါရိုက္ခန္ဓောပမာသုတ္တန် တရားတော် စာအုပ်
## ဖြစ်ပေါ်လာရခြင်းအကြောင်း

ဤ ဒါရိုက္ခန္ဓောပမာသုတ္တန်ကို ဝိပဿနာ အလုပ်ပေးတရား နှင့် တွဲဖက်၍ အကြိမ် တော်တော်များများ ဟောခဲ့ပါသည်။ သပိတ်အိုင်တောရ၌ နေစဉ်က ဥပုသ်နေ့တိုင်းဟောသော ဝိပဿနာ အလုပ်ပေးတရားပွဲများ၌ ဝိပဿနာရှုနည်းများ၊ဝိပဿနာ၏ ညစ်ညူးကြောင်းများနှင့် တွဲဖက်၍ အကျယ် ဟောခဲ့ပါသည်။ သပိတ်အိုင်တောရသို့ လာရောက်၍ နာကြားကြသော ယောဂီများကလည်း ဤသုတ္တန်ကို စာအုပ်အဖြစ် ရောက်အောင် ပြုစုဖို့ တောင်းပန်ကြပါသည်။ မိမိမှာ စာအုပ် ထုတ်ဝေရေးထက် ပို၍ အရေးကြီးသော အခြားလုပ်ငန်းများ ရှိနေသောကြောင့်၎င်း၊ စာအုပ်ထုတ်ရန် စောသေးသည်ဟု ယူဆသည် ဖြစ်သောကြောင့် ၎င်း ဤသုတ္တန်သည် စာအုပ်အဖြစ်သို့ ရောက်မလာခဲ့ပါ။

မိမိသည်သပိတ်အိုင်တောရမှထွက်ခွါ၍ စစ်ကိုင်းတောင်ရိုးသို့ ပြောင်းရွှေ့နေထိုင်သော အခါမှာလည်း ဤသုတ္တန်ကို မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်၊ မုဒုံ၊ ကျိုက္ခမိ၊ သံကုန်း၊၊ ဟသ်ာတ၊ သထုံ စသောမြို့တို့၌ ဝိပဿနာ ရှုနည်းများကို ဝိပဿနာ ညစ်နွမ်းကြောင်းများနှင့် တွဲဖက်၍ ဟောခဲ့ပြန်ပါသည်။ ဝိပဿနာ တွဲဖက်ရာ၌ ဤသုတ္တန်ကို မိမိအလွန် နှစ်သက်ပါသည်။ မိမိနှစ်သက် သလို ဤသုတ္တန်တရားကို နာကြားရသူ အများစုကလည်း အားရ နှစ်သက် ကြလေ့သည်။ အားရကျေနပ်သူ အများကပင် ဤ

# (၄) စာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း

သုတ္တန်ကို စာအုပ်ဖြစ်အောင် စီစဉ်ဖို့ နှုတ်ဖြင့်ရင်း၊ စာဖြင့်ရင်း တောင်းပန် တိုက်တွန်းကြပါသည်။ သို့သော် မိမိမှာ နေ့စဉ် ခရီးသွားခြင်း၊ တရားဟောခြင်း၊ နေ့စဉ် တရားပွဲများ အတွက် ဘုရားဟော သုတ္တန်ပါဠိတော်များ ကျက်မှတ်ရခြင်းဖြင့် မအားလပ်အောင် ရှိနေရာ စာအုပ်ဖြစ်ဖို့ ဆန္ဒရှိသော်လည်း မလုပ်ဖြစ်ခဲ့ပါ။

၁၃၄၀-ခု၊ နတ်တော်လကွယ် နေ့ကမူ စစ်ကိုင်းတောင်ရိုး စိတ္တသုခချောင်တွင် ဥပုသ်ရက်ရှည်စောင့်၍ ဘာဝနာ အလုပ်အားထုတ်လျက်နေသော ဒကာ ကိုတင်ဦးသည် မိမိကျောင်းသို့ ရောက်လာ၏။ ကိုဘင်ဦးကား အနီးစခန်း ဆရာတော်၊ မင်းကွန်း တိပိဋကခရ ဆရာတော်များနှင့် စပ်လျဉ်း၍ မိမိနှင့်ပါ အလွန် ရင်းနှီးသော ဒကာတယောက် ဖြစ်၏။ မိမိ၏ ချောင်အတွင်း၌ ဆောက်လုပ်နေသော ပတိပတ္တိသီတဂူ ကျောင်းကြီး ပြီးစီးအောင်မြင်ရေးအတွက် အားလုံး ကပ္ပိယကာရကအဖြစ် ဆောင်ရွက်နေရသူလည်း ဖြစ်၏။ မိမိ၏ တရားများကို ဟောသမျှ တရားအားလုံးလိုလို နာကြားပြီးတိုင်း နှစ်သက်လှသဖြင့် တိပ်ခွေကူးယူထားသူလည်း ဖြစ်သည်။

ဒကာ ကိုတင်ဦးက ဤသို့ လျှောက်ထားလေသည်—

"အရှင်ဘုရား၊ အရှင်ဘုရား ဟောကြားထားသော တရားတော်များကို ဓမ္မဒါနဖြစ်အောင် တပည့်တော်များ စာအုပ်အဖြစ် ထုတ်ဝေလိုပါတယ်။ ထုတ်ဝေမှာ

ကတော့ တပည့်တော်များနေတဲ့ စိတ္တသုခချောင်ထဲမှာ ညီမများ နှမများက ဆောက်လုပ်နေတဲ့ ဗုဒ္ဓဝိဟာရ ကျောင်းတော်ကြီး ရေစက်ချပူဇော်ပွဲမှာ တရားချစ်ခင် သူတော်စင်တို့အား ကမ်းလှမ်းဝေငှ လှူဒါန်းခြင်းဖြင့် ထုတ်ဝေမှာ ဖြစ်ပါတယ်။ ဗုဒ္ဓဝိဟာရ ပူဇော်ပွဲက ၁၃၄၁-ခု၊ ဝါဆိုလပြည့်ပါဘုရား၊ ထိုရက်အမှီ စာအုပ် ဖြစ်အောင် တရားနှစ်ပုဒ်လောက် စာမူချောပြုလုပ်၍ ချီးမြှောက်တော်မူပါ၊ စာအုပ်ဖြစ်အောင် အစအဆုံး တပည့်တော်များက စီစဉ်ပါမည် ဘုရား”

ဟူ၍ လာရောက် လျှောက်ထားလေသည်။

ဤလျှောက်ထား တောင်းပန်ချက်ကြောင့် မိမိမှာ စိတ်ထဲ လေးလံသွားပါသည်။ အကြောင်းကား “နေ့စဉ်ဟော တရားပွဲ များအတွက် နေ့-ခရီးသွား၊ ည-တရားပလ္လင်တက်၊ ရောက်ရာ မှာစာကျက်၊ တရက်မှ မအားသဖြင့် တပ်နေ့မှ စာရွက်ပေါ်သို့ ရောက်ရေးနှင့် စာရွက်ပေါ် ရောက်လာသော စာမူကြမ်းကို အချောကိုင်ရေးတို့ကို ဘယ်အချိန်မှာ ဘယ်လိုလုပ်ရပါမလဲ”ဟု တွေးမိသောကြောင့်ဖြစ်၏။ သို့သော် စာအုပ်ဖြစ်မြောက်အောင် အစအဆုံး တာဝန်ယူမည့်သူ ရှိနေမှုဖြင့် စာမူဖြစ်အောင်တော့ ကြိုးစားဆောင်ရွက်မှ သင့်မည်ဟု သဘောရသဖြင့် လျှောက် ထားသည်ကို လက်ခံလိုက်ပါသည်။

ဤတောင်းပန်ချက်ကို လက်ခံပြီးနောက် အောက်မြန်မာ ပြည် ဆန်လှူတရားပွဲများအတွက် ရန်ကုန်သို့ ဆင်းလာခဲ့ရလေ

သည်။ ရန်ကုန်သို့ ရောက်သောအခါ ရန်ကုန်မြို့ မန္တလေးလမ်း အရှေ့ပိန္နဲကုန်းကျောင်းတိုက် မိုးညှင်းစံကျောင်းတွင် ရှိနေသော အရှင်သစ္စဝံသကို အကြောင်းပြောကြား၍ အကူအညီတောင်း ရပါသည်။ မိမိနှင့် အရှင်သစ္စဝံသတို့မှာ လွန်ခဲ့သော ၁၃၁၉-ခု၊ ၁၃၂၀-ခု နှစ်များဆီက ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်း ကျောင်းတိုက်တွင် ပညာအတူသင်ခဲ့သော သန္ဒိဋ္ဌ သံဘတ္တ မိတ်ဆွေအရင်းများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ မိမိ အလုပ်များနေပုံနှင့် လုပ်လိုသည့်ကိစ္စ ပြောကြား အကူအညီတောင်းရာ အရှင်-သစ္စဝံသကလည်း ဝမ်းမြောက်ဝမ်းသာလက်ခံပါသည်။ သို့ဖြစ်၍ ဤဒါရုက္ခန္ဓောပမာသုတ္တန်တရားတော်သည် အရှင်သစ္စဝံသကိုယ်တိုင် အပင်ပန်းခံ၍ ရေးကူးပေးပါသဖြင့် တိပ်ခွေမှ စာရွက်ပေါ်သို့ ရောက်ခဲ့ပါသည်။ စာရွက်ပေါ်ရောက်ခဲ့ပြီးဖြစ်သော စာမူကြမ်းကို မိမိသည် အရှင်သစ္စဝံသနှင့် အကြိမ်ကြိမ်တွေ့ဆုံ၍ မိမိဖြစ်ချင်သောဆန္ဒကို တင်ပြခဲ့ပါသည်။ မိမိ၏ဆန္ဒအတိုင်းပင် စာကူးသူ အရှင်သစ္စဝံသကလည်း စိတ်ရှည်ရှည် သဒ္ဓါစန်သန်ဖြင့် အထပ်ထပ် ပြင်ဆင်ဖတ်ရှု ပေးခဲ့ပါသည်။ ကျမ်းညွှန်းများကိုလည်း ရှာဖွေ၍ ထည့်ပေးခဲ့ပါသည်။

ဤသို့ ဖြစ်ပေါ်လာသော စာမူကို မိမိကိုယ်တိုင် ဖတ်ရှုပြီးလျှင် လိုအပ်သည်တို့ကို ဖြည့်စွက်ရန်၊ ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်ရန်၊ ပယ်နှုတ်သင့်သည်တို့ကို ပယ်နှုတ်ရန်၊ စစ်ကိုင်းတောင်ရိုး ဝေဇယန္တာချောင် ဦးမဟောသဓ ပဏ္ဍိတာ ကျေနပ်အောင် ပြင်ဆင်ပြီးမှ ဤစာမူကို လက်နှိပ်စက်ရိုက်၍ စာအုပ်

ဖြစ်အောင် ဆောင်ရွက်မည့် ကပ္ပိယကာရက စစ်ကိုင်းတောင်ရိုး စိတ္တသုခချောင် ကိုတင်ဦးထံ ပေးပို့လိုက်ပါသည်။ ကိုတင်ဦးက ကပ္ပိယကာရက အဖြစ် ဆောင်ရွက်လျက် စိတ္တသုခ ဗုဒ္ဓဝိဟာရကျောင်းကြီး ဒါယကာ ဒါယိကာမများဖြစ်ကြသော မန္တလေးမြို့ ဆိုင်းတန်းရပ် အထက်မြန်မာပြည် ရုပ်ရှင်ဖြန့်ချိရေး လုပ်ငန်းကိုခင်မောင်-မတုတ်တုတ် တို့က ပစ္စယာနုဂ္ဂဟ တာဝန်ယူသဖြင့် ဤစာအုပ် ဖြစ်ပေါ်လာခဲ့ပါသည်။

ဤသင္ဂဟာတနဝဂ္ဂသံယုတ်လာ ပထမဒါရုက္ခန္ဓောပမာသုတ္တန်တရားတော်ကို ဟောကြားရာ၌ အာနာပါနဿတိ ရှုပွားနည်းကို အခြေခံ၍ ဓာတုမနသိကာရ ကမ္မဋ္ဌာန်းကို မကျဉ်း မကျယ် ဟောခဲ့ပါသည်။ သမ္မာဒိဋ္ဌိကို ဖော်ပြရာ၌ ဝိပဿနာသမ္မာဒိဋ္ဌိမျှကိုသာ ဖော်ပြထားပါသည်။ ဝိပဿနုပက္ကိလေသတရားများကို သုတ္တန်သားနှင့်ယှဉ်စပ်၍ ဖော်ပြထားပါသည်။ ရန်ကုန်မြို့ ကံဘဲ့ မိုးကောင်း စေတီတော်ဝင်းအတွင်း အရိယခမ္မာရုံဘော်ကြီး၌ ၂-ညတိုင်တိုင် ဟောကြားထားသော တရားတိပ်ခွေများမှ ပြန်လည်ကူ ယူထားသော တရားတော်ဖြစ်သည်အားလျော်စွာ သီးခြားရေးသားထားသောစာသွားနှင့် ခြားနားလျက်ရှိပါလိမ့်မည်။ ညဉ့်ဟောစဉ်ကို ပြုစုထားသော စာအုပ် ဖြစ်ခြင်းကြောင့် စကားပြောနှင့် အမေးအဖြေများကို ဖတ်ရှုရပါမည်။ အကြောင်းအရာနှင့်စကားလုံးများထပ်ခါထပ်ခါဖြစ်နေသည်ကိုလည်း တွေ့ကောင်းတွေ့ရပေမည်။အချို့ကိုထုတ်ထားပါသည်။

## ( ဏ )　　စာအုပ်ဖြစ်ပေါ်လာခြင်းအကြောင်း

**အချို့ကိုအရသာပျက်မည်စိုး၍** မထုတ်ပဲ **ဟောထားသည့်အတိုင်း** ထည့်လိုက်ပါသည်။ စာအုပ်ကို ဖတ်ယင်း ညတရားပွဲကြီးထဲမှာ ထိုင်၍ တရားနာနေရဘိသကဲ့သို့ **အာရုံယူ၍** ဖတ်ပါ။ ပို၍ပင် ဓမ္မအရသာကို ခံစားရပါလိမ့်မည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဒါရုက္ခန္ဓောပမာသုတ္တန် ဒေသနာ

ကျေးဇူးရှင် သဲကုန်းဆရာတော် အရှင်ဉာဏိဿရ အရှင်သူမြတ်က ဒါရုက္ခန္ဓောပမာသုတ္တန် ဒေသနာ တရားတော်ကို စာအုပ်ထုတ်မည်ဖြစ်ရာ ထိုစာအုပ်၌ထည့်ရန် အမှာစာသဘောမျိုး စာတပုဒ်ရေးရမည်ဟု အမိန့်ချမှတ်တော်မူပါသည်။

အဲဒါမှ "ဘုန်းကြီးရွှေကသွား" ဆိုသလို ဖြစ်နေပါပြီဟု ကျမ ညည်းမိပါသည်။ "ဒီအလုပ်နှင့် တပည့်တော်နှင့် တန်ပါ့မလားဘုရားဟု" မဝံ့မရဲ လျှောက်ထားမိပါသည်။ ဆရာတော်က "တန်လို့ခိုင်းတာပဲ၊ ထိုတရားနာရသည့်အခါ မည်သို့တွေ့ထိ ခံစားရသည်ကိုသာရေး"ဟု အမိန့်ရှိပါသည်။

ခိုင်း၍သာ လုပ်ရပါသည်။ ကျမမှာ တီ–ဆားနှင့် တို့သလို တွန့်၍ ရှိန်၍ နေပါသည်။ ကိုယ့်လိပ်ပြာ ကိုယ်မလုံ ရှိလှပါသည်။ ဆရာတော်ကဲ့သို့သော အရှင်မြတ်က ကျမကို ချီးမြှောက်ပါပေသည်ဟုလည်း ဝမ်းမြောက်ရပါသည်။ ဆရာတော်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်အရှင်မြတ်က ကျမကို ယခုကဲ့သို့ ချီးမြှောက်ဖို့ကြုံလာဘို့လည်း ခဲယဉ်းလှပါသည်။ ယခုကဲ့သို့ အကျွမ်းတဝင်ရှိဖို့လည်း မလွယ်ကူလှပါချေ။

ကျမသည် တရားနာသောအလုပ်ကို ကြိုးစားပမ်းစား လုပ်တတ်သူလည်း မဟုတ်ပါ။ အဖော်ကောင်းလျှင်လည်း လိုက်နာသည်။ မကြုံကြိုက်လျှင်လည်း မေ့မေ့လျော့လျော့ပင် နေတတ်ပါသည်။

ယခုတလော မေမှိမိတ်ဆွေများက ဒီတရားလေး နာကြည့်စမ်းပါဟု တိပ်ခွေများ ဓမ္မဒါနပြုကြသည်။ ဒို့အသက်အရွယ်နဲ့ တရားတိပ်ခွေပေးလို့မှ မနာချင်ဘူးဆိုပြီး ပြန်ပေးလို့မကောင်းပါဘူးလေဟု အားနာ ပါးနာနှင့် တရားနာဖြစ်ရပါသည်။

လူ့လောကထဲတွင် အသက်ရှင်နေရသော (မကြားချင်တာတွေကြားရ) အသက်တမ်းတိုကလေးအတွင်း မမြင်ချင်တာတွေ တွေ့မြင်ရ အစရှိသော "အပ္ပိယေဟိ သမ္ပယောဂေါ" အလိုမရှိ မနှစ်သက်သော အာရုံတရားတွေနှင့် အချိန်ပြည့် ရင်ဆိုင်နေရသည်။အထူးသဖြင့် အမေနာပသဒ္ဒ နှလုံးကို မပွားစေတတ်သော မကောင်းသောအသံတွေကလည်း နားဝတွင် အမြဲဆူညံနေပါသည်။

ထိုအခါ ဘာပဲဖြစ်ဖြစ် တရားတိပ်ခွေလေးဖွင့် နားထောင်နေရတာကမှ လုပ်ယင်း ကိုင်ယင်း မကြားတချက် ကြားတချက်ပဲဖြစ်တော့ စိတ်ချမ်းသာသေးတယ် ဟူသော အတွေးရောက်လာခဲ့သည်။

တခါတော့ ဆရာတော်ဘုရားကြီး၏ ဗာဟိယဒါရုစီရိယ အဖြစ်အပျက် တရားတိပ်ခွေကို နာလိုက်ရသည်။ "ဒိဋ္ဌေ-ဒိဋ္ဌ

မတ္တံ''တရားနှင့် လျှင်လျှင်မြန်မြန် တရားထူးရ၍ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူသော တေဒဂ်ဘွဲ့ထူးရှင်ကြီး ၏ အကြောင်း ကြားဘူးလှပါပြီ။

သို့ပေမင့် ဆရာတော်ဘုရားက ဘယ်လိုများ ဟောလိုက် သည်မသိ၊ ကျမ၏စိတ်ထဲမှာ ထိတ်လန့်မှုကြီးနှင့် ကြုံရပါတော့ သည်။ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတွင်''ခိပ္ပာဘိညာ'' အလျှင်မြန်ဆုံးတရားသိမြင်ရာတွင် တေဒဂ်ရမည့် ဗာဟိယဒါရုစီ ရိယ၊ ကဿပမြတ်စွာဘုရား လက်ထက်တွင် လူသူမရောက်နိုင် သောကျောက်တောင်ထက်တွင် အသက်စွန့်သည်အထိ တရား အားထုတ်ခဲ့သော ဗာဟိယဒါရုစီရိယ။

ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီးမျိုးပင်လျှင် နောက်ဆုံးဘဝတွင် ပျဉ်ချပ်ဝတ်ဆင်၍ ကိုယ့်ကိုယ်ကို ဘုရားတဆူဟု အကိုးကွယ်ခံ နေသော တက္ကတွန်း ဖြစ်ရသေးသည်။ ရှေးက သီတင်းသုံးဖော် ဖြစ်ခဲ့ဘူးသော ဗြဟ္မာကြီး သတိပေးမှ မြတ်စွာဘုရားရှိရာသို့ အပြေးအလွှားသွားရသည်၊ အချိန်မှီရုံလေးရှိသည်။

ဘဝသံသရာခရီးတွင် သူတို့လို ပါရမီပိုင်ရှင် အရှင့်အမာကြီး များပင်လျှင် ဤသို့ ကြုံရချေသေးသည်။ ဤသို့ဆိုလျှင် ငါကဲ့ သို့သော ပါမွှား အလကားသတ္တဝါမျိုးအဖို့ သံသရာလည်ရမှာ ကြောက်ရကြီးပါကလား။

ထို့ပြင် ထိုပုဂ္ဂိုလ်ကြီးသည် ဘဝသံသရာခရီး တခုသောဘဝ တွင် ဆိုးသွမ်း ရမ်းကားသော သူဒွေးသား ဖြစ်ခဲ့ရသည်။

ပြည့်တန်ဆာမတယောက်ကို သတိပစ်ခဲ့သည်။ ထိုပြည့်တန်ဆာမသည် သေအံ့ဆဲဆဲ၌ ကလဲ့စား ချေနိုင်ပါစေဟု ဆုတောင်းသွားသည်။ သေသည့်အခြားမဲ့၌ ဘီလူးမဖြစ်သည်။ ထိုဘီလူးမသည် ဗာဟိယဒါရုစိရိယ အား နောက်ဆုံးရဟန္တာ ဖြစ်သည့်ဘ၀အထိ လိုက်၍သတ်သည်။ နွားယောင်ဆောင်၍ (သို့မဟုတ် နွား၏ကိုယ်တွင် ဝင်စီး၍) ရဟန္တာဖြစ်၍မှ မိနစ်ပိုင်းမျှသာရှိသေးသော ဗာဟိယဒါရုစိရိယကို အသေဝှေ့သတ်ခဲ့သည်။

ထိုအဖြစ်ကို ဟောရာတွင် ဆရာတော်ဘုရားသည် သီလဗ္ဗသန ဟူသည် မည်မျှထိ ကြောက်စရာကောင်းကြောင်း ထည့်၍ ဟောတော်မူသည်။ ထိုအခါ အကျင့်သီလ ပျက်စီးရသောအဖြစ်ဆိုးကို တွေးပြီး ကျမမှာ တုန်လှုပ် ထိတ်လန့်ရပါသည်။ သံသရာတလျှောက်တွင် ထိုအဖြစ်မျိုးနှင့် မတွေ့ရစေရ ဟူသောအာမခံချက် မရှိပါတကားဟု တွေးမိယင်း ကြက်သီး ထရပါတော့သည်။

ထိုမှတဖန် အကြောင်းအကျိုး ဆက်ကာ ဆရာတော်ဘုရားရေကျော် စိုးအမ်ဘီအေ အသင်းတိုက် ရှေ့တွင် ဟောကြားတော်မူသော ကေသမုတ္တိ(ကာလာမ) သုတ္တန်ဒေသနာကို နာရပြန်သည်။ ထိုတရားပွဲအပြီးတွင် ဓမ္မမိတ်ဆွေ လျှပ်စစ် ရေဒီယိုဆိုင်ပိုင်ရှင် ကိုမြင့်သိန်းက ဆရာတော်ထံသို့ လိုက်ပို့သဖြင့်နီးနီးကပ်ကပ် ဖူးတွေ့ခွင့် ရပြန်သည်။ ကေသမုတ္တိ(ကာလာမ)သုတ္တန်တရားကို နာရသောအခါ မှာလည်း ကျမအဖို့ ကိုယ့်ကိုယ်ကိုထားခဲ့သော 'ထင်' တလုံး၏ ပြဒါးချိန် အတော်ပင် လျော့ကျ

သွားခဲ့ပါသည်။ ကေသမုတ္တိ(ကာလာမ)သုတ္တန် တရားတော်ကို လက်ကိုင်ထားပြီး လူစုစုရှိလျှင် လူလည်လုပ်၍ ကျမ ဟောပြော ခဲ့ပေါင်း များလှပါပြီ။ ဆရာတော်ဘုရား ဟောကြားမှုပင် ထို သုတ္တန်၏ နက်နဲသိမ်မွေ့ပုံ အနက်အဓိပ္ပာယ်ကြွယ်ဝပုံတွေကို ပြည့်ပြည့်စုံစုံ သိရပါတော့သည်။

ထို သုတ္တန် သည်လည်း ကျမကို ထိပ်လန့် တုန်လှုပ်စေခဲ့ပါ သည်။ ထိုဒေသနာကို မြတ်စွာဘုရားရှင် ဟောကြားရာဒေသ ကေသမုတ္တိနိဂုံးအရပ်သည် တနယ်ရပ်ခြားမှ လူမျိုးစုံ ဝင်ထွက် သွားလာနေကြသော အရပ်ဖြစ်သည်။ လာသမျှသော လူမျိုး များသည် ကိုယ်စီဝါဒတရားများ ယူလာခဲ့ကြသည်။ ထို နိဂုံး သားများကလည်း လာသမျှ လူမျိုးများ၏ အတွေးအခေါ် ဒဿနိကဗေဒများကို နားထောင်ကြသည်။နှလုံးသွင်းကြသည်။ ဟုတ်လိမ့်နိုးနိုးထင်၍ လေ့လာကြသည်။ ဤသို့ဝါဒမျိုးစုံလာ သမျှတွေကို လက်ခံပြီး လေ့လာဆွေးနွေး နှလုံးသွင်းနေကြသော ကေသမုတ္တိနိဂုံးသားတို့သည် အစစ်အမှန်ဖြစ်သော ဗုဒ္ဓတရား တော်ကြီးကို ကြားနာရသောအခါ သူတို့မူလက နှလုံးသွင်း ထားခဲ့သော အတွေးအခေါ်တရားတွေပိတ်ဆီးနေတော့သည်။ ထို့ကြောင့် အကျိုးကျေးဇူး အပြည့်အဝ မခံစားကြရချေ။

မြတ်စွာဘုရား ဟောကြားတော်မူသော ကေသမုတ္တိ(ကာ လာမ)သုတ္တန်ဒေသနာသည် အရဟတ္တမဂ် အရဟတ္တဖိုလ် အထိ အကျိုးပေးနိုင်သည်။ သို့သော် ကေသမုတ္တိ နိဂုံးသားတို့သည် ထိုအကျိုးကျေးဇူးများကို အပြည့်အဝ မရလိုက်ကြပဲ သာမန်

လောက်သာ ရကြသည်။ ဟိုလူပြော ဟုတ်နိုး၊ သည်လူပြော ဟုတ်နိုးနှင့် လူသူလေးပါးပြောသမျှ ဆိုသမျှတွေကို လက်ခံနှလုံးသွင်းပြီး တကယ် အစစ်အမှန်တရားနှင့် တွေ့သောအခါ အကျိုးကျေးဇူး မခံစားရနိုင်ပဲ ရှိတတ်သည်။ ဤသို့တွေးမိပြီး ထိတ်လန့်ရပြန်ပါသည်။ ကျမမှာ ဘာတရားပဲနာရနာရ ထိတ်လန့်စရာတွေချည်းလိုပင် ဖြစ်နေပါတော့သည်။

ဤဒါရုက္ခန္ဓောပမာ သုတ္တန် မှာလည်း ကျမအဖို့ အထူးထိတ်လန့်စရာတွေ အပြည့်ဖြစ်နေသည်။ အလွန်တရာ ကြောက်လှသော သံသရာကြီးက ထွက်နိုင်ဘို့(ဝါ)နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဘို့ တရားအားထုတ်ရာတွင် တွေ့ရတတ်သော အန္တရာယ်များကို ပြထားသော ဒေသနာဖြစ်ပေသည်။ ဂိပသဿနာသမှာ ဒိဋ္ဌိ အသိဉာဏ်လည်း ရှိပါပြီ။ မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေယာဉ်ကိုလည်း စီးမိပါပြီ၊ သို့ပေမင့် ထိုရေယာဉ်ပေါ်တွင် မျောပါနေသော သစ်တုံးကြီးသည်—

၁။ ဤမှာဖက်ကမ်းသို့ ကပ်ခြင်း၊

၂။ ထိုမှာဖက်ကမ်းသို့ ကပ်ခြင်း၊

၃။ သောင်တင်ခြင်း၊

၄။ ရေလည်၌မြုပ်ခြင်း၊

၅။ လူဆယ်ခံရခြင်း၊

၆။ နတ်ဆယ်ခံရခြင်း၊

၇။ ဝဲစုပ်၍ မြုပ်ခြင်း၊
၈။ အတွင်းပုပ်ဆွေးပျက်စီးခြင်း—

ဟူသောဘေးများနှင့် တွေ့နိုင်သေးသည်။

ထိုဥပမာကို ဥပမေယျနှင့်ကပ်၍ ဟောကြားရာတွင် ဆရာတော်သည် စကားစပ်မိရာ အကျိုးရှိမည့်ဒေသနာမျိုးကို ထည့်သွင်း၍ ဟောသွားသည်။ အညာတခုမှာ အသီးအရာအထောင်ပွားများစေသကဲ့သို့ မူလသုတ္တန်ဒေသနာတော်ကို နွေလတို့၏အဦးအစ တံန်ခူးလအခါ၌ ပင်လုံးကျွတ်ပွင့်ကာ ရွှန်းရွှန်းအိအိကျက်သရေရှိသော သစ်ပင်ကြီးပမာ ဝေဆာ ဆန်းကြယ်စေသည်။ ဝိပဿနာတရားအားထုတ်ရာတွင် တွေ့ရကြုံရတတ်သော အလွန်ပင် သိမ်မွေ့၍ အသိခက်သော ဘေးအန္တရာယ်များကို အသေးစိတ် ဖော်ပြ ထားပေသည်။ တရား အားထုတ်သော ယောဂီသည် ထိုဒေသနာကို ထပ်တလဲလဲ အမြဲမပြတ် ကြားနာနေအပ်ပေသည်။ ရေကြောင်းသွားသော သင်္ဘောမာလိန်မှူးသည် ခရီးကြောင်းကို အသေးစိတ်ပြ ရေးဆွဲထားသော မြေပုံကို မျက်စေ့နှင့် မခွာ နေရသကဲ့သို့ ဤဒါရုက္ခန္ဓောပမာသုတ္တန်ဒေသနာတော်ကို မျက်ခြည်မပြတ် နှလုံးသွင်းရပေမည်။

ဤသုတ္တန်သည် ဘယ်နေရာမှာ ရေတိမ်သည်၊ ရေနက်သည်၊ သောင်ရှိသည်၊ ဝဲရှိသည်၊ ကျောက်တောင်ရှိသည် အစရှိသည်တို့ကို အသေးစိတ် ထင်ထင်ရှားရှား ပြထားသော ရေကြောင်းခရီး မြေပုံနှင့် တူလှပေသည်။ ထို့ပြင် ဤဒေသနာတရားတော်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကို အားထုတ်သော ယောဂီ

ပုဂ္ဂိုလ်များအတွက်ချည်း သက်သက် မဟုတ်ချေ။ လူ လောက သား အားလုံးနှင့်လည်း သက်ဆိုင်သည် ဟု ဆိုချင်ပါသည်။

မြတ်စွာဘုရားရှင်၏ တရားတော်များသည် ကျောက်မျက် ရတနာတို့ဖြင့်ပြီးသော တောင်ကြီးနှင့် တူပါသည်။ အဖိုးအနဂ္ဃ တန်သော ရတနာတွေကို ကောက်ယူဆင်မြန်းနိုင်ပါသည်။ ထို မျှမကသေး၊ ထွေပစ်ကစားစရာ၊ ကျောက်ဒိုးလုပ်စရာ ကျောက် ခဲတွေ၊ မီးဖိုခနောက်လုပ်စရာ ကျောက်ခဲတွေ၊ မီးခြစ်ကျောက် တွေလည်း လိုချင်လျှင် ရနိုင်ပါသေးသည်။ ထို့ကြောင့် အဖိုး တန် ပတ္တမြားနှင့်တူသော မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ မယူချင် မလို ချင်ကြသေးလျှင်လည်း ကျောက်ဒိုးလုပ် ကစားစရာ၊ ဖိုခနောက် လုပ်စရာ ကျောက်ခဲအုတ်ခဲတွေနှင့် မီးခြစ်ကျောက်ကလေးတွေ ကိုလည်း ကောက်ပြချင်ပါသေးသည်။

လူလောကီသားများသည် ဆန္ဒအဓိပတိဘပ်၍ ဘဝရည်ရွယ် ချက် ပန်းတိုင်ထား ကြိုးစားကြသည်။ ထိုသို့ ကြိုးစားရာမှာ လည်း သုတ္တန်ဒေသနာတော်တွင်ပါရှိသော အန္တရာယ် ရှစ်မျိုး နှင့် ကြုံတွေ့ပြီး ရည်ရွယ်ချက်ပန်းတိုင်နှင့် ဝေးကြရတာသည်၊ လွဲကြရတာသည်။ တဖက်ကမ်း၌ တင်သကဲ့သို့ ဆင်းရဲသော လောကဓံနှင့်ကြုံသောအခါ စိတ်ခါတ်ကျဆင်းပြီး မိမိရည်ရွယ် ချက်ပန်းတိုင်ကိုလုပ်ဖို့ အချိန်မပေးနိုင်ရှိတာသည်။ မေ့လျော့ နေတတ်သည်။

ဤသို့လျှင် သုတ္တန်၌ ပြအပ်သော အန္တရာယ်ရှစ်ပါးကို မိမိ၏ အတွေ့အကြုံနှင့် ဟပ်စပ်၍လည်းကောင်း၊ ဘဝကပေးသော အသိတရားနှင့် ဟပ်၍လည်းကောင်း ဉာဏ်ကျက်စားလိုက်လျှင် မီးခိုးမဆုံး မိုးမဆုံး မြင်စရာသိစရာတွေ တွေ့လာနိုင်ပါသည်။ မှန်မြတ်သော ရည်ရွယ်ချက်နှင့် ဘဝခရီးတလျှောက် ကြိုးပမ်းနေကြသူပင်ဖြစ်စေကာမူ သာယာသော လောကဓံနှင့် တွေ့သော အခါ ကြံ့ကြံ့မခံနိုင် ပြိုကွဲဘတ်ကြသည်။

ထိုသို့ သဘောပေါက် တွေးမိသောအခါကျမှသာ ထိတ်လန့်ရပြန်သည်။ လောကုတ္တရာ ခရီးတလျှောက် အန္တရာယ်တွေ မြင်ပြီး တထိတ်ထိတ်ဘလန့်လန့် ဖြစ်နေရုံမက လောကီကိစ္စမှာလည်း အလားတူ ဘေးတွေကို မြင်နေရပြန်သည်။

လူသူလေးပါး ချီးကျူးသြဘာသံ လက်ခုပ်သံများကြောင့် မူးမေ့ကာ ရည်ရွယ်ချက်ပန်းတိုင်သို့ မသွားနိုင်ပဲ ရပ်ဘန့်သွားနိုင်သည်။ (လူဆယ်ခံရသောဘေး)

ရာထူးအဆောင်အယောင် အခန်းအနားများဖြင့် ဂုဏ်ပြုချီးမြှောက်ခံရသဖြင့် မေ့လျော့ကာ ရည်ရွယ်ချက်ပန်းတိုင်ကို မျက်ခြေ ပြတ်သွားနိုင်သည်။ (လောကသမုတိ နတ်ဆယ် ခံရသော ဘေး)

အဆိုးဆုံးမှာ အတွင်းပုပ်ဆွေးသော ဘေး ဖြစ်သည်။ ဤနေရာတွင် ယခင်က ထိတ်လန့်ခဲ့သောသီလဗ္ဗုသနဘေး(၀၇) ကိုယ်ကျင့်တရား ပျက်စီးသောဘေးပင်ဖြစ်သည်။ သြော်—ဘယ်ကကြည့်ကြည့် ကြောက်စရာကြီးတွေပါတကားဟု ထပ်ကာတလဲလဲ နှလုံးသွင်းမိပါတော့သည်။ ဤတရားတော်ကြီးကို နာ

ကြားရသောပုဂ္ဂိုလ်များ၏ စိတ်သန္တာန်တွင် တဦးနှင့်တဦး မတူကြပဲ တမျိုးစီ ခံစားကြရပေမည်။ စပ်မိရာ ကျမ၏ ခံစားမှုကို တင်ပြလိုပါသည်။

ကျမသည် ထေရီကထာ ထေရာကထာ တရားတော်များကို အလွန်နှစ်သက်ပါသည်။ စာအုပ်များကို ဓမ္မမိတ်ဆွေများအား ဒါနပြု၍ ဖတ်ရှုစေသည်။ သီတင်းသုံးဖော်များသည် အထူးပင် နှစ်သက်ကြသည်။ ဘုရားရှင်လက်ထက်က ဂုဏ်အရှိန်အဝါတွေနှင့် တခမ်းတနား နိဗ္ဗာန် ဝင်သွားကြသော အရှင်မြတ် ထေရာထေရီများကို ကြည်ညိုဆပွား သဒ္ဓါပွားကြသည်။ အားကျကြသည်။ သီတင်းသုံးဖော် အချင်းချင်းတွေ့၍ ဆွေးနွေးကြသောအခါ ကျမမှာ အခြားသူများကဲ့သို့ ကြည်ညိုအားရ သဒ္ဓါပွားသော ခံစားမှုမျိုး နည်းပါးသည်ကို တွေ့ရပါသည်။ ကျမ၏ ခံစားမှု ထုံးစံအတိုင်း ထိတ်လန့် တုန်လှုပ် ချောက်ချားသော အရသာ ဖြစ်နေပါသည်။

[ဥပမာ] ပဋာစာရီ ကုဏ္ဍလကေသီ ထေရီများ၏ အဖြစ်အပျက်ကို ဖတ်ရှုရသောအခါ သူတို့ နှစ်ဦးသည် သံသရာကျင်လည်ခဲ့စဉ်က ကိကီမင်းကြီး၏ သမီးတော်များ ဖြစ်ခဲ့ကြသည်။ ထိုအခါက သူတို့သည် ဗြဟ္မစရိယ သီလကို အသက်ထက်ဆုံး ဆောက်တည်ခဲ့ကြသည်။ သို့ပေမင့် ပစ္ဆိမ နောက်ဆုံးဘဝတွင် သူတို့ဖြစ်ပုံတွေကို ကြည့်ပါဦးတော့။ ပဋာစာရီမှာ အိမ်မှာ ခိုင်းစေသော ကျွန်နှင့်ရည်ငံသည်။ မိဘဆွေမျိုးတို့၏မျက်မှောက်မှာ မနေဝံ့သည်အထိ ဖြစ်ခဲ့ရသည်။

ကုဏ္ဍလကေသီမှာလည်း သူခိုးကြီးကို တပ်မက်၍ ငွေနှင့် ဝယ်၍ ပေါင်းသင်းသည်။ သူခိုးလင်ကို တပ်မက်ကာ အလိုလိုက်ပုံမှာလည်း ဘေးကိုပင် မမြင်နိုင်တော့ချေ။ လူသူမနီးသည့် တောင်ပေါ်အထိ ရတနာပစ္စည်း အပြည့်အစုံနှင့် ယုံကြည်စွာ လိုက်ခဲ့သည်။ လင်က သေကြောင်းကြံတော့မှ ရုတ်တရက်ဉာဏ်ဖြင့် တန်ပြန်ပြီး ကိုယ့်အသက်ချမ်းသာအောင် လုပ်ခဲ့သည်။ ထိုသို့ ဖြစ်ပျက်ပြီး မိဘဆွေမျိုးများကို ပြန်မျက်နှာ မဆိုင်ဝံ့တော့ပဲ ပရိဗိုဇ်အဖြစ်လှည့်လည်နေခဲ့ရသည်။ နောက်မှ ဘုရားရှင်၏ သာသနာဝင်၍ တေဒဂ်ရ ဘိက္ခုနီဖြစ်ခဲ့သည်။

တခုသောဘဝတွင် ကောမာရိဗြဟ္မစရိယ အကျင့်သီလနှင့် နေခဲ့သော အမျိုးသမီး ပါရမီရှင်ကြီးများ ဖြစ်ပါလျက်နှင့် ပစ္ဆိမဘဝတွင် မိန်းမတို့၏ အသရေကို မနှမြောနိုင်။ ဣန္ဒြေမဲ့ ကျင့်ခဲ့ကြသည်။ မိဘဆွေမျိုးမျက်နှာမလှအောင် အရှက်ကွဲကြရသည်။ ကြောက်စရာကြီးပါတကားဟု စိတ်နှလုံး ချောက်ချားရပြန်ပါသည်။

ဒါရုက္ခန္ဓောပမာသုတ္တန်၌ ပြထားအပ်သော ဘေးများမှာ ပဋာစာရီ ကုဏ္ဍလကေသီတို့ ကြုံခဲ့သောဘေးများထက်ပင် အဆ အရာအထောင်မက ကြောက်စရာ ကောင်းလှပါသည်။ သို့ဖြစ်၍ ဤသုတ္တန်ဒေသနာသည် တဆိတ်ရှိလျှင် ထိတ်လန့်တုန်လှုပ်တတ်သော ကျမ၏စိတ်ကို ချောက်ချားစေပါသည်။ ထိုသို့ တဖျတ်ဖျတ် ထိတ်လန့်တုန်လှုပ်နေသော စိတ်ကိုပင် သူ့အရှိ

## ခင်မျိုးချစ်၏ အမှာ

အတိုင်း သတိကပ် နှလုံးသွင်းရပါတော့မည်။ ဖြစ်သမျှကို လျစ်လျူရှုနိုင်အောင် ကြိုးစားရပါတော့မည်။

ဤသို့ ဆရာတော်ဘုရား ခိုင်းစေအပ်သော တာဝန်ကို ဦးလည်မသုန် ဆောင်ရွက်ရသော ကုသိုလ်သည် ဗောဓိဉာဏ်၏ အထောက်အပံ့ ဖြစ်စေပါသတည်း။

ခင်မျိုးချစ်

၁၃၄၁-ခု ကဆုန်လဆန်း(၁၀)ရက်။

၁၉၇၉-ခု မေလ(၅) ရက်။

## ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ရခြင်းအကြောင်း

ဤစာအုပ်ကို မန္တလေးမြို့ အထက်ဗမာပြည် ရုပ်ရှင်ဖြန့်ချိရေး ဦးခင်မောင် ဒေါ်တုတ်တုတ်တို့၏ အလှူတော်မင်္ဂလာ၌ အုပ် ၃၀၀၀-ရိုက်နှိပ်၍ အခမဲ့ ဓမ္မဒါန ပေးလှူပါသည်။ ဆင်ပြောင်ကြီး၏ အာခံတွင်းသို့ နှမ်းပက်သကဲ့သို့ ဖြစ်သွားပါသည်။ စာအုပ်အလှူခံသူ၊ ပြန်ရိုက်ရန် တောင်းပန်သူ၊ တိုက်တွန်းသူများနှင့် နေ့စဉ် ရင်ဆိုင်နေရပါတော့သည်၊ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရိုက်နှိပ်ရပြန်ပါသည်။ ယခုတော့ဖြင့် အခမဲ့မလှူတော့ပါ။ ဓမ္မဒါနပေါ်မှာ ဥဒကဒါန (တရားအလှူပေါ်မှာ ရေအလှူ) ထပ်မံဆင့်ရအောင် စာရှုသူများက ဒါနမှုဖြင့် တုံ့ပြန်ကြရပါမည်။

ပူပြင်းလှစွာသော နွေရာသီ၀ယ် စစ်ကိုင်းတောင်တန်းရှိ ရဟန်းသာမဏေ သူတော်သီလရှင်များမှာ ရေအခက်အခဲကြောင့် များစွာ ပင်ပန်းဆင်းရဲကြရပါသည်။ ရေစက်သင်းကြီးကလည်း ကြီးလေးလှသော ဤ ရေတာဝန်ကို လေးလံစွာ ထမ်းဆောင်နေရပါသည်။ သို့ဖြစ်၍ ဤစာအုပ်မှ ဖြစ်ပေါ်လာသော ဓမ္မပူဇာဝတ္ထုများကို စစ်ကိုင်းတောင် ရေစက်အသင်းကြီးမှတဆင့် စစ်ကိုင်းတောင်ရိုး ချောင်အသီးသီးရှိ ရေကန်များထဲသို့ ရေအဖြစ် ထည့်လှူပါမည်။

တရားအလှူမှ—ရေအလှူသို့—

ဗောဓာယ ပစ္စယော ဟောတု၊ ဣဒံ မေ ပုညမင်္ဂလံ၊
သုမနေန ပသန္နေန၊ အတ္တမနေန သဒ္ဓိတံ။

သဲကုန်းဆရာတော် အရှင်ဉာဏိဿရ
၁၃၄၁-သီတင်းကျွတ်လ။

၁၃၃၈-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇-ရက်နေ့ည၌ မိုးကောင်း စေတီတော် အနီး၊ အရိယ ဓမ္မာရုံတော်ကြီးတွင် ဟောကြား အပ်သော

## ဒါရုက္ခန္ဓောပမာသုတ္တန် တရားတော်

---

ဤဒါရုက္ခန္ဓောပမာသုတ္တန်တရားတော် မနာသေးမီ တရား ပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားကို ရိုသေစွာ လက်အုပ် ချီမိုး ရှိခိုးကြရအောင် အားလုံးပဲ လက်အုပ်ချီကြပါ။

ကရုဏာ ပညာ ထောမနာ

## ဘုရား ရှိခိုး

ကရုဏာသီတလဟဒယံ၊
ပညာပဇ္ဇောတဝိဟတမောဟတမံ။
သနရာမရလောကဂရုံ၊
ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
တေန သစ္စဝဇ္ဇေန၊
သုခိဘာ ဟောန္တု ပါဏိနော။

ကရုဏာသီတလဟဒယံ၊ မဟာကရုဏာတော်မြတ် အတွင်း၊ ခါတ်ဖြင့် လှုပ်လှုပ်ဖွေးလှ အေးမြစည်ပင် ကြည်လင်သော ရွှေစိတ်နှလုံးတော်လည်း ရှိတော်မူပေထသော။ ပညာပဇ္ဇောတ ဝိဟတမောဟတမံ၊ အရဟတ္တမဂ် ပညာတည်းဟူသော ဆီမီး ရောင်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက် တော်မူပြီးထသော။ သ နရာမရလောကဂရုံ၊ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ညွှတ်ရှိုးဦးခိုက် အလေးအမြတ်ပြုထိုက် သော ဆရာတဆူ ဖြစ်တော်မူပေထသော။ ဂတိဝိမုတ္တံ၊ ဒေဝ မနုဿ နိရယနှင့် ပေတ တိရစ္ဆာန် လားရန်အရှိ ငါးတန်သော ဂတိမှလည်း အထူးသဖြင့်ကင်းလွတ်တော်မူပြီးထသော။သုဂတံ၊ စကားခြောက်ခွန်း လူ၌ထွန်းလည်း နှစ်ခွန်းကိုသာ ကျိုးရှိဆုကို ကောင်းစွာမသွေ ဆိုတော် မူတတ်ပေထသော။ ဗုဒ္ဓံ၊ သစ္စာ လေးပါး မြတ်တရားကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ဘုရားတပည့်တော် သည်။ သာဒရံ၊ လေးမြတ် ကြည်ညို ရိုသေခြင်း ရှိသည် ဖြစ်၍။ တီဟိ၊ လက်အုပ်အဉ္ဇလီ နှုတ်သံချီလျက် ရှင်ကြည်မနော သုံး ပါးသော ပဏာမတို့ဖြင့်။ ဝန္ဒေ-ဝန္ဒာမိ၊ အများသူငါ သေား ရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်း ညွှတ်ကျိုး လက်စုံမိုးကာ ရှိခိုးပါ၏ မြတ်စွာဘုရား။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော ပဏာမသစ္စာစကားကို ပြောဆိုရလေသောကြောင့်။ ပါဏိနော၊ များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်

ကြပါစေကုန်သတည်း။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲ ခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း၊ နိဗ္ဘယာ စ၊ ဘေးရန်ခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အသောကာ စ၊ မညှိုး မမှိန် တန်ခိုးရှိန်လျက် စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေး ငိုကြွေး ခြင်းမှလည်း ကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ ဟောန္တု၊ ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သော မေတ္တာဓာတ် အရှိန်အဝါကြောင့် အချိန် မကြာ ကိုယ်စီကိုယ်င ဖြစ်တော်မူကြပါစေကုန်သတည်း။

# ဒါရုက္ခန္ဓောပမာသုတ္တန်

## ဒေသစာရီခရီး

"ကော သမယံ ဘဂဝါ ကောသမ္ဗိယံ ဝိဟရတိ ဂင်္ဂါယ နဒိယာ တီရေ။"

ကော်သမယံ၊ အခါတပါး၌။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညု ရှင်တော် မြတ်ဘုရားသည်။ ကောသမ္ဗိယံ၊ ကောသမ္ဗီမြို့အနီး၌။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါ မြစ်၏။ တီရေ၊ ကမ်းနား၌။ မဟတာ၊ ဂုဏ်အားဖြင့် မြတ်သော။ (ဝါ)၊ အရေအတွက်အားဖြင့် များပြား လှစွာသော။ ဘိက္ခုသံဃေန၊ ရဟန်း သံဃာတော် အပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဝိဟရတိ၊ လျောင်း-ထိုင်-ရပ်-သွား လေးပါးဣရိယာ သာယာရှင်ပျော် သီတင်းသုံးလျက် ရှိနေတော်မူ၏။

ဤ ဒါရုက္ခန္ဓောပမာသုတ္တန် တရားဒေသနာ ဟောတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်သည် သံဃာတော်များစွာ ခြံရံ၍ ကောသမ္ဗီမြို့အနီး ခရီးဒေသစာရီ လှည့်လည်ကြွချီတော်မူတဲ့

အခါမှာ ဂင်္ဂါမြစ်ရဲ့ မြစ်ကမ်းတနေရာ တောအုပ်တောတန်းလေးရဲ့ အနီးတပါးကို ရောက်ရှိပြီးတော့ သွားပါတယ်။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ် ခရီးဒေသစာရီ လှည့်ယင်းလှည့်ယင်းနဲ့ ဂင်္ဂါမြစ်ကမ်းတနေရာ ရောက်သွားတဲ့အခါ ခရီးအပန်းဖြေလိုတဲ့အတွက် ထိုဂင်္ဂါမြစ်ကမ်း တောတန်းလေးရဲ့ အနီးအပါးမှာပဲ သိုင်အုံ့သောအမှုအရာ၊ ထိုင်လိုသောအမှုအရာကို ဘုရားရှင်ကိုယ်တော်မြတ် ပြလိုက်တော့ ထိုဘုရားရှင်နဲ့ အတူပါလာတဲ့ သံဃာပရိသတ်ထဲက အလုပ်အကျွေး သံဃာတော်တပါး မြတ်စွာဘုရားအတွက် သစ်ပင်ရင်းမှာ နေရာတခု ခင်းကျင်းပြီးတော့ ပေးတယ်။

ခရီးသွားယင်း နေရာခင်း ပေးတယ်ဆိုတာကတော့ အထူးတလည် ခမ်းခမ်းနားနား သပ်သပ်ရပ်ရပ် ခင်းပေးတယ်လို့ ဒီလိုမရှိပါဘူး။ မြက်ခြောက်ဖြစ်စေ၊ သစ်ရွက်ခြောက်ဖြစ်စေ အဲဒါတွေကို သစ်ပင်ရင်းမှာ စုပုံလိုက်ပြီးတော့ မြက်ခြောက်တို့ သစ်ရွက်ခြောက်တို့ရဲ့ အပေါ်မှာ ဘုရားရှင်ပါလာတဲ့ နှစ်ထပ်သင်္ကန်းကြီးကို လေးထပ်လေးလွှာ ခေါက်ပြီးတော့ ခင်းလိုက်တာပါပဲ။

အဲဒီလို နှစ်ထပ်သင်္ကန်းကြီး လေးထပ်လေးလွှာ ခေါက်ခင်းပြီးတော့ ပေးလိုက်တယ်ဆိုယင် ဘုရားရှင်ကိုယ်တော်မြတ် အဲဒီအပေါ်မှာ သီတင်းသုံးပြီးတော့ ထိုင်နေတော်မူပါတယ်။ ဒီတော့ ထိုင်နေတော်မူတဲ့ပုံက ဘယ်လိုတုန်းဆိုလို့ရှိယင် ဂင်္ဂါမြစ်ဖက်ကို မျက်နှာမူပြီးတော့ နောက်ကျောဖက်က တောအုပ်၊ ထိုတောအုပ်ရဲ့ အစပ်နားမှာရှိတဲ့ သစ်ပင်ကြီးတပင်ကို ကျောမှီ

ပြုပြီး သီတင်းသုံးတော့ ဘုရားရှင်နဲ့အတူ ပါလာတော်မူကြတဲ့ သံဃာတော်အရှင်မြတ်တို့က ဘုရားရှင်ရဲ့ဝဲဖက်ကတချို့ ယာဖက်က တချို့ မြတ်စွာဘုရားဖက်ကို အာရုံယူပြီးတော့ လက်ဝဲလက်ယာ ခြံရံပြီး သီတင်းသုံးနေကြပါတယ်။

ဘုရားရှင်ရဲ့ ရှေ့တည့်တည့်က မြစ်ကို ကျောခိုင်းပြီးတော့ ကိုယ်တော်တွေ အဲဒီမှာ မထိုင်ကြပါဘူး။ ဘုရားရှင်က ဂင်္ဂါမြစ်ကို မျက်နှာမူထားတဲ့အတွက်ကြောင့် ရှုခင်းအနေအားဖြင့် ဂင်္ဂါမြစ်ရေပြင်ကြီးသည် ဘုရားရှင်နဲ့တကွ သံဃာတော်တို့ရဲ့ ရှုခင်းဖြစ်နေတယ်။ အဲဒီရှုခင်းကို ကျောပေးပြီးတော့ သံဃာတော်များ မထိုင်ကြပဲနဲ့ ဘုရားရှင်ကို မျက်နှာမူ၍ ဂင်္ဂါမြစ်ကို ဘေးတိုက်အနေအထား ထားပြီးတော့ ဝဲဘက် ယာဘက်မှာ သံဃာတော်များ ခြံရံပြီး ထိုင်နေတော်မူကြပါတယ်။

ဘုရားရှင်ရဲ့နောက်ကျောဘက်က ဆိုလို့ရှိရင် တောအုပ်ကြီး အဲဒီတောအုပ်ကြီးတောစပ်တနေရာမှာလဲပဲ စိမ်းလန်းစိုပြေနေတဲ့ မြက်ခင်းလေးတခုနဲ့ အဲဒီ မြက်ခင်းလေးထဲမှာ နန္ဒ အမည်ရှိတဲ့ နွားကျောင်းသားတယောက်ကလဲ နွားအုပ်ကြီးတအုပ်ကို မြက်ခင်းမှာ စားကျက်အဖြစ်နဲ့ နွားကျောင်းပြီးတော့ နေတယ်။ ဒါ့ကြောင့် ပါဠိတော်က—

"ဧကံသမယံ ဘဂဝါ ကောသမ္ဗိယံ ဝိဟရတိ၊ ဂင်္ဂါယ နဒိယာ တီရေ။"

ဧကံ သမယံ၊ အခါတပါး၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ် ဘုရားသည်။ ကောသမ္ဗိယံ၊ ကောသမ္ဗီမြို့အနီး၌။ ဂင်္ဂါယ နဒိယာ၊

ဂင်္ဂါမြစ်၏။ တီရေ၊ ကမ်းနား၌။ မဟာတာ၊ ဂုဏ်အားဖြင့် မြတ်သော။ (ဝါ)၊ အရေအတွက်အားဖြင့် များပြားလှစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းသံဃာတော်အပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဝိဟရတိ၊ ဣရိယာပထမျှတ ရွှင်ပြုံး သီတင်းသုံးလျက် ရှိနေတော်မူ၏။

## ဂင်္ဂါမြစ်ထဲက သစ်တုံး

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ် ဂင်္ဂါမြစ်ကမ်းမှာ ယခုနက ပြောပြထားခဲ့တဲ့အတိုင်း သီတင်းသုံးပြီးနေတော်မူတဲ့အခါမှာ—

"အဒ္ဒသာ ခေါ ဘဂဝါ မဟန္တံ ဒါရုက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ။"

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါမြစ်ထဲ၌။ သောတေန၊ ရေအလျဉ်ဖြင့်။ ဝုယှမာနံ၊ မျောပါ၍လာသော။ မဟန္တံ၊ ကြီးကျယ်လှစွာသော။ ဒါရုက္ခန္ဓံ၊ သစ်တုံးကြီးကို။ အဒ္ဒသာခေါ-အဒ္ဒသာဝ၊ မျက်ဝါးထင်ထင် တွေ့မြင်ရသည်သာလျှင်တည်း။

ဘုရားရှင် ကိုယ်တော်မြတ် ဂင်္ဂါမြစ်ထဲက ရေအဟုန် အာရုံပြုပြီးတော့ ကြည့်နေတော်မူတဲ့အခါမှာ ဂင်္ဂါမြစ်ရေ အဟုန်ထဲမှာ တလိမ့်လိမ့် မျောပါပြီးတော့လာတဲ့ သစ်တုံးကြီး တခုကို မျက်ဝါးထင်ထင် လှမ်းပြီးတော့ တွေ့မြင်တော်မူလိုက်ပြီ။

ဂင်္ဂါမြစ်ရေတွေကလည်း ပြည့်နေတုန်း မိုးဦးကျ ရာသီကြီး ဖြစ်ကောင်းဖြစ်လိမ့်မယ်ပေါ့။ ရေအရှိန်ကောင်းကောင်းနဲ့ အဲဒီ ရေအဟုန်ထဲမှာ တလိမ့်လိမ့်နဲ့ မြုပ်ချည်ပေါ်ချည်နဲ့ လှိုင်းတွေ လေတွေ အမှိုက်သရိုက်တွေ ကြားမှာ "လိမ့်လိမ့်-လိမ့်လိမ့်နဲ့" မျောပါလာတဲ့ သစ်တုံးကြီး တခု ဘုရားရှင် ကိုယ်တော်မြတ် မျက်ဝါးထင်ထင် သစ်ပင်ရင်းမှာ ထိုင်နေတော် မူယင်းနဲ့ လှမ်း မြင်တော်မူလိုက်ပါပြီ။

အဲဒီလို ဂင်္ဂါမြစ်ထဲက သစ်တုံးကြီးကို မြင်တော်မူတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ စိတ်တော်ထဲမှာ အကြံတော် တခု ဖြစ်ပြီးတော့လာတယ်။ ငါ့ဘုရားရဲ့ ဓဲယာမှာ ခြံရံပြီးတော့ ထိုင် နေတော်မူကြတဲ့ သံဃာတော် အရှင်မြတ် တို့ကိုဖြင့် ဟောဟို ဂင်္ဂါမြစ်ထဲမှာ မျောပါလာတဲ့ သစ်တုံးကြီးကို ဥပမာထားပြီး တော့ တရားတပုဒ်ဟောရယင် ကောင်းမယ်လို့ အကြံတော်ရ တော်မူတဲ့ အတွက်ကြောင့် ဘုရားရှင် ကိုယ်တော်မြတ် သည် သက်န်းရုံထဲက နေပြီးတော့ လက်ျာလက်ကိုထုတ်၊ ထုတ်အပ် သော လက်ျာလက်ကို ဆန့်တန်း၊ ဂင်္ဂါမြစ်ရေထဲ တလိမ့်လိမ့် မျောပါပြီးလာတဲ့ သစ်တုံးကြီး လက်ညှိုးညွှန်ပြ၍—

"ပဿထ နော တုမ္ဟေ ဘိက္ခဝေ အမုံ မဟန္တံ ဒါ-
ရုက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ"

သံဃာတော် အရှင်မြတ်တို့ကို ဘုရားရှင် ကိုယ်တော်မြတ် လက်ျာလက်ဆန့်တန်း လက်ညှိုး ညွှန်ပြီးတော့ ဂင်္ဂါမြစ်ထဲက သစ်တုံးကြီးကိုပြ၍ ဘုရားရှင် မေးတော်မူလိုက်တဲ့စကား။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါမြစ်ထဲ၌။ သောတေန၊ ရေအလျဉ်ဖြင့်။ ဝုယှမာနံ၊ မျောပါ၍လာသော။ မဟန္တံ၊ ကြီးကျယ်လှစွာသော။ အမုံ ဒါရုက္ခန္ဓံ၊ ဟောဟိုက သစ်တုံးကြီးကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ပဿထ နော- ပဿထနု၊ မြင်ကြရကုန်၏လော။

"ချစ်သားတို့၊ ဟောဟိုဂင်္ဂါမြစ်ထဲက ရေအဟုန်မှာ မျောပါလာတဲ့ သစ်တုံးကြီးကို လှမ်းပြီးတော့ ကြည့်လိုက်ကြစမ်း၊ ရေအဟုန်မှာ တလိမ့်လိမ့် မျောပါလာတဲ့ သစ်တုံးကြီးကို ချစ်သားတို့တတွေ မြင်ကြရဲ့လား"

အဲဒီလို လက်ျာလက်ကို ဆန့်တန်းပြီးတော့ ညွှန်ကြားပြသ၍ မေးတော်မူလိုက်တဲ့ အခါမှာ လပြည့်ဝန်းကဲ့သို့ တင့်တယ်သပ္ပာယ်တော်မူတဲ့ ရွှေမျက်နှာတော်ကိုဖူးမျှော်နေယင်းမှ ကြယ်တာရာများပမာ ခြံရံပြီးတော့ နေကြတဲ့ သံဃာတော် အရှင်မြတ်အပေါင်းတို့ရဲ့ မျက်လုံးတော်အစုံတို့သည် ဘုရားရှင် ညွှန်ပြရာဖြစ်တဲ့ ဂင်္ဂါမြစ်ထဲက သစ်တုံးကြီးကို လှမ်းပြီးတော့ အသေအချာ စူးစူးစိုက်စိုက် ကြည့်ရှုတော်မူလိုက်ကြပါတယ်။

သံဃာတော် အရှင်မြတ်တို့ရဲ့ မျက်နှာတော် အစုံတို့သည် ဘုရားရှင်ရဲ့ ရွှေမျက်နှာတော်ကို တခဏလွှဲ၍ ဂင်္ဂါမြစ်ထဲ လှမ်းပြီးတော့ ကြည့်လိုက်တယ်ဆိုယင် တလိမ့်လိမ့်နဲ့ ရေထဲမှာ မျောလာတဲ့ သစ်တုံးကြီးကို မြင်ရတဲ့ အတွက်ကြောင့်—

ဧဝံ ဘန္တေ၊ ဘုရား တပည့်တော်တို့ မြင်ရပါတယ် ဘုရား။ (ဣတိ၊ ဤသို့။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်အား။ တေ ဘိက္ခူ၊ ထိုရဟန်းတော်တို့သည်။ ပစ္စဿောသုံ၊ ပြန် ကြား၍ လျှောက်ထားကြလေကုန်ပြီ။)

ဘုရားရှင်ကို ပြန်ပြီးတော့ လျှောက်ထားကြတယ်။ "တပည့်တော်တို့ မြင်ရပါတယ်ဘုရား"။

အဲဒီလို ဘုရားရှင် ကိုယ်တော်မြတ် ညွှန်ကြားပြသတဲ့ သစ်တုံးကြီးကို မြင်တော်မူတဲ့အကြောင်း ပြန်ပြောင်း လျှောက်ထားတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က—

## ဥပမာ(၁၁)ခု

သစေ သော ဘိက္ခဝေ ဒါရုက္ခန္ဓော န ဩရိမံ တီရံ ဥပဂစ္ဆတိ၊ န ပါရိမံ တီရံ ဥပဂစ္ဆတိ၊ န မဇ္ဈေ သံသီဒိဿတိ၊ န ထလေ ဥဿီဒိဿတိ၊ န မနုဿဂ္ဂါဟော ဂဟေဿတိ၊ န အမနုဿဂ္ဂါဟော ဂဟေဿတိ၊ န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ၊ န အန္တောပူတိ ဘဝိဿတိ၊ ဧဝံ ဟိ သော ဘိက္ခဝေ ဒါရုက္ခန္ဓော သမုဒ္ဒနိန္နော ဘဝိဿတိ၊ သမုဒ္ဒပေါဏော သမုဒ္ဒပဗ္ဘာရော။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ သော ဒါရုက္ခန္ဓော၊ ထိုဂင်္ဂါမြစ်ထဲမှာ မျောပါလာတဲ့သစ်တုံးကြီးသည်။ ဩရိမံ တီရံ၊ ဤမှာဖက်ကမ်း ဤဖက်ကမ်းသို့

လဲပဲ။ သစေ နု ဥပဂစ္ဆတိ၊ အကယ်၍ ကပ်မနေသည် ဖြစ်အံ့။ ပါရိမံ တီရံ၊ ဟိုမှာဖက်ကမ်း ဟိုဖက်ကမ်းသို့ လဲပဲ။ သစေနု ဥပဂစ္ဆတိ၊ အကာယ်၍ ကပ်မနေခဲ့သည် ဖြစ်အံ့။ မဇ္ဈေ၊ ရေလယ်ခေါင်၌လဲပဲ။ သစေ နု သံသီ-ဒိဿတိ၊ အကယ်၍ မြုပ်မသွားခဲ့သည်ဖြစ်အံ့။ ထလေ၊ တောင်ပေါ် ကုန်းပေါ်၌လဲပဲ။ သစေ နု ဥဿီဒိဿတိ၊ အကယ်၍ တင်မနေခဲ့သည်ဖြစ်အံ့။ သစေ နု မနုဿဂ္ဂါ-ဟော ဂဟေဿတိ၊ အကယ်၍ လူလဲမဆယ်လိုက်သည် ဖြစ်အံ့။ သစေ နု အမနုဿဂ္ဂါဟော ဂဟေဿတိ၊ အကယ်၍ နတ်လဲ မဆယ်လိုက်သည်ဖြစ်အံ့။ သစေ နု အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ၊ အကယ်၍ ဝဲလဲ စုပ်၍ မြုပ်မသွားခဲ့သည်ဖြစ်အံ့။ (ငါ) အကယ်၍ ဝဲလဲ မစုပ်ခဲ့သည်ဖြစ်အံ့။ သစေ နု အန္တောပူတိ ဘဝိဿတိ၊ အကယ်၍ အတွင်းကလဲ မပုပ်ခဲ့ မဆွေးခဲ့သည် ဖြစ်အံ့။

ဘိက္ခဝေ၊ ရဟန်းတော်များ အို—ချစ်သားတို့။ ဧဝံ သတိ၊ ဤသို့ဆိုအပ်ခဲ့ပြီးတဲ့ ရှစ်ချက်သော အန္တရာယ် တို့မှ လွတ်ခဲ့မယ်ဆိုယင်။သော ဒါရုက္ခန္ဓော၊ ထိုသစ်တုံး ကြီးသည်။ သမုဒ္ဒနိန္နော၊ သမုဒ္ဒရာသို့ ညွတ်သည်။ သမုဒ္ဒ ပေါဏော၊ သမုဒ္ဒရာသို့ ကိုင်းသည်။ သမုဒ္ဒပဗ္ဘာရော၊ သမုဒ္ဒရာတိုင် ရောက်သည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။

"ချစ်သားတို့၊ ချစ်သားတို့တတွေမြင်ရတဲ့ ဟောဟို ဂင်္ဂါမြစ် ထဲက သစ်တုံးကြီးသည် ဒီဖက်ကမ်းမှာလဲ ကပ်ပြီးမနေခဲ့ဘူး ဆိုယင်၊ ဟိုဖက်ကမ်းမှာလဲ ကပ်ပြီးမနေခဲ့ဘူးဆိုယင်၊ ရေလယ်

ခေါင်မှာလဲ မမြုပ်ခဲ့ဘူးဆိုယင်၊ သောင်ပေါ်မှာလဲပဲ မတင်ခဲ့ဘူးဆိုယင်၊ လူလဲ မဆယ်ခဲ့ဘူးဆိုယင်၊နတ်လဲ မဆယ်ခဲ့ဘူး ဆိုယင် ဝဲလဲ မစုပ်ခဲ့ဘူးဆိုယင်၊ အတွင်းကလဲ ပုပ်ပြီးတော့ မဆွေးခဲ့ဘူး ယင်၊ထိုသစ်တုံးကြီးသည် သမုဒ္ဒရာတိုင် ရောက်လိမ့်မယ်။သမုဒ္ဒရာ တိုင်အောင် ဂင်္ဂါမြစ်ရေနှင့် အတူတူ စီးဝင်ပြီးတော့ ပါသွား လိမ့်မယ် ချစ်သားတို့"

"တံ ကိဿ ဟေတု"။ ။တံ၊ ထိုကဲ့သို့ သစ်တုံး ကြီးသည် သမုဒ္ဒရာတိုင် ရောက်မယ်လို့ ငါဘုရားပြောဆို ရခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့် နည်း ဟူမူကား။

"သမုဒ္ဒနိန္နော ဘိက္ခဝေ ဂင်္ဂါယ နဒိယာ သောတော သမုဒ္ဒပေါဏော သမုဒ္ဒပဗ္ဘာရော"။

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါမြစ်၏။ သောတော၊ ရေအလျဉ် သည်။ သမုဒ္ဒနိန္နော၊သမုဒ္ဒရာသို့ ညွတ်၍နေသည်။ သမုဒ္ဒ ပေါဏော၊ သမုဒ္ဒရာသို့ကိုင်း၍နေသည်။သမုဒ္ဒပဗ္ဘာရော၊ သမုဒ္ဒရာတိုင် စီး၍နေသည်။ ဟောတိ၊ဖြစ်၏။

"အဲဒီ ဂင်္ဂါမြစ်ထဲ မျောပါလာတဲ့ သစ်တုံးကြီး အဘယ့် ကြောင့် သမုဒ္ဒရာတိုင် ရောက်မယ်လို့ ငါဘုရားပြန်ပြောနိုင်ရသ လဲ ဆိုလို့ရှိယင် ဟောဒီ ချစ်သားတို့တတွေ မြင်နေရတဲ့ တလိမ့် လိမ့်နဲ့ စီးဆင်းပြီးတော့လာခဲ့တဲ့ ဂင်္ဂါမြစ်ရေအဟုန်ကပင်လျှင် သမုဒ္ဒရာတိုင် စီးနေလို့ပါ၊ သမုဒ္ဒရာကို ဦးတည်ပြီးတော့ နေလို့

ပါပဲ။ ဂင်္ဂါမြစ်ရေကိုက သမုဒ္ဒရာရောက်အောင် စီးနေတဲ့အတွက်ကြောင့် အဲဒီ ဂင်္ဂါမြစ်ရေနဲ့ အတူတကွမျှောပြီးတော့ ပါလာတဲ့ သစ်တုံးဟာလဲပဲ သမုဒ္ဒရာရောက်မှာပါပဲ ချစ်သားတို့''လို့

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ် စကားတရပ် တခန်းတကဏ္ဍ ဒီမှာ သပ်လိုက်ပါတယ်၊ ဒီတော့ ယခုတခန်း တကဏ္ဍ သပ်ပြီးတော့ ဥပမာဝါကျတည်လိုက်တဲ့အထဲမှာ ဘုန်းကြီးတို့ပဓိသတ် စဉ်းစားပြီး ကြည့်လိုက်စမ်း၊ ဘာတွေ တွေ့ရမလဲဆိုလို့ရှိယင်—

ရေတွေ ဒလဟော စီးဆင်းပြီးတော့နေတဲ့ ဂင်္ဂါမြစ်ကြီးတခုမြင်ရလိမ့်မယ်။ အဲဒီဂင်္ဂါမြစ်ရဲ့ အဆုံးဖြစ်တဲ့ ပင်လယ်သမုဒ္ဒရာကြီးဆိုတာ တခုရှိနေတယ်။ ထိုဂင်္ဂါမြစ်ရေအဟုန်မှာ ရေနဲ့အတူတကွမျှောပါစီးဆင်းပြီးတော့လာခဲ့တဲ့ သစ်တုံးကြီးတခုရှိတယ်။ ထိုသစ်တုံးကြီးသည် ဒီဖက်ကမ်းမှာကပ်ခြင်း၊ ဟိုဖက်ကမ်းမှာ ကပ်ခြင်း၊ ရေလယ်ခေါင်မြုပ်ခြင်း၊ သောင်ပေါ်တင်ခြင်း၊ လူဆယ်ခြင်း၊ နတ်ဆယ်ခြင်း၊ ဝဲစုပ်ခြင်း၊ အတွင်းပုပ်ခြင်းဆိုပြီးတော့ ထိုသစ်တုံးကြီး ပင်လယ် မရောက်အောင် တားဆီးနှောင့်ယှက်တတ်တဲ့ အန္တရာယ်က ရှစ်ခုရှိနေတယ်။

အဲဒီ ဥပမာတွေအသီးသီး ဘုရားရှင် ဒီမှာ စီတန်းပြီးတော့ ပြထားတယ်။ ဂင်္ဂါမြစ်ရယ်၊ ပင်လယ်ကြီးရယ်၊ သစ်တုံးရယ်၊ ထိုသစ်တုံးကို တားဆီးနှောင့်ယှက်တဲ့ အန္တရာယ် ရှစ်မျိုးရယ်လို့ ဥပမာ စကားရပ်တွေအားလုံး တဆယ့်ဘခု ဒီမှာစီပြီးတော့ ထားလိုက်ပါတယ်။ အဲဒီလို ဥပမာစကားရပ်တဆယ့်ဘခု စီထား .

လိုက်ပြီးတော့မှ နောက်တခါ ဥပမေယျ၀ါကျ ဘယ့်နှယ်ဟပ် သလဲ။

"ဧဝ မေဝ ခေါ ဘိက္ခဝေ သစေ တုမှေပိ န ဩရိမံ တီရံ ဥပဂစ္ဆထ၊ န ပါရိမံ တီရံ ဥဂစ္ဆထ၊ န မဇ္ဈေ သံသီဒိဿထ၊ န ထလေ ဥဿီဒိဿထ၊ န မနုဿဂ္ဂါဟော ဂဟေဿတိ၊ န အမနုဿဂ္ဂါဟော ဂဟေဿတိ၊ န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ၊န အန္တောပူတိ ဘဝိဿထ၊ ဧဝံ တုမှေ ဘိက္ခဝေ နိဗ္ဗာနနိန္နာ ဘဝိဿထ နိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။ ဧဝ မေဝ ခေါ(ဧဝံတထာ၊)ပမာထားယူ ထိုအတူသာလျှင် တုမှေပိ၊ သင်ချစ်သားတို့လဲပဲ။ ဩရိမံ တီရံ၊ ဤမှာဖက် ကမ်း ဤဖက်ကမ်းသို့။ သစေ န ဥဂစ္ဆထ၊ အကယ်၍ကပ် မနေကြ တင်မနေကြကုန်သည် ဖြစ်အံ့။ ပါရိမံ တီရံ၊ ဟိုမှာဖက်ကမ်း ဟိုဖက်ကမ်းသို့လဲပဲ။ သစေ န ဥပဂစ္ဆထ၊ အကယ်၍ ကပ်ရောက်၍ မနေကြကုန်သည်ဖြစ်အံ့။မဇ္ဈေ၊ ရေလယ်ခေါင်၌လဲပဲ။ သစေ န သံသီဒိဿထ၊ အကယ် ၍ မြုပ်မသွားကြကုန်သည်ဖြစ်အံ့။ထလေ၊ သောင်ပေါ် ကုန်းပေါ်၌လဲပဲ။ သစေ န ဥဿီဒိဿထ၊ အကယ်၍ ချစ်သားတို့တတွေ တင်နေကြကုန်သည်ဖြစ်အံ့။

သစေ န မနုဿဂ္ဂါဟော ဂဟေဿတိ၊ အကယ်၍ ချစ်သားတို့တတွေကို လူလဲပဲ အဆယ်မခံကြရကုန် သည်ဖြစ်အံ့၊ သစေ န အမနုဿဂ္ဂါဟော ဂဟေဿတိ၊

အကယ်၍ ချစ်သားတို့တတွေကိုနတ်လဲပဲ အဆယ်မခံကြ ရကုန်သည်ဖြစ်အံ့။ သစေ န အာဝဋ္ဋဂ္ဂါဟော ဂဟေ-ဿတိ၊ အကယ်၍ချစ်သားတို့ဘတွေကို ဝဲလဲပဲ မစုပ်ခဲ့ သည်ဖြစ်အံ့။ သစေ န အန္တောပူတိ ဘဝိဿသ၊ အကယ် ၍ ချစ်သားတို့တတွေသည် အတွင်းကလဲ ပုပ်ပြီး မဆွေး ကြကုန်သည်ဖြစ်အံ့။ ဧဝံ သန္တေသု၊ ဤသို့ဖြစ်ကြကုန် သည် ရှိသော်။ တုမှေပိ၊ သင်ချစ်သားတို့လဲပဲ။ နိဗ္ဗာန-နိန္နာ၊ နိဗ္ဗာန်သို့ ညွတ်ကြကုန်သည်။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်သို့ ကိုင်းကြကုန်သည်။ နိဗ္ဗာနပဗ္ဘာရာ၊ နိဗ္ဗာန်သို့ ဦးတည်ကြကုန်သည်။ ဘဝိဿတိ၊ ဖြစ်ကြပေကုန်လိမ့် မည်။

အဲဒီ တလိမ့်လိမ့်နဲ့ ဂင်္ဂါမြစ်ရေအဟုန်မှာ မျောပါလာတဲ့ သစ်တုံးကြီးသည် ဒီဖက်ကမ်းမှာတင်သလို ချစ်သားတို့တတွေ သဲ ဒီဖက်ကမ်းမှာတင်ပြီးတော့ မနေကြဘူးဆိုယင် ထိုဂင်္ဂါမြစ် ထဲမှာ မျောပါတဲ့ သစ်တုံးကြီးသည် ဟိုဖက်ကမ်းမှာ တင်ပြီး တော့နေသလို ချစ်သားတို့တတွေသည် ဟိုဖက်ကမ်းမှာ မတင် ကြဘူးဆိုယင်၊ သစ်တုံးကြီးသည် ရေလယ်ခေါင်မှာ မြုပ်သလို ချစ်သားတို့ဘတွေ မမြုပ်ခဲ့ကြဘူး ဆိုယင် သစ်တုံးကြီးသည် သောင်ပေါ်မှာတင်သလို ချစ်သားတို့တတွေ မတင်ကြဘူးဆိုယင် သစ်တုံးကြီးသည် လူအဆယ်ခံရသလို ချစ်သားတို့တတွေလဲပဲ လူအဆယ် မခံကြရဘူးဆိုယင် ဂင်္ဂါမြစ်ရေမှာ မျောပါလာတဲ့ သစ်တုံးကြီးသည် နတ်အဆယ်ခံရသလို ချစ်သားတို့တတွေကိုလဲ နတ်အဆယ် မခံကြရဘူးဆိုယင် ဂင်္ဂါမြစ်ရေမှာ မျောပါလာတဲ့

သစ်တုံးကြီး ဝဲထဲမှာ စုပ်ပြီးမြုပ်သွားသလို ချစ်သားတို့တတွေ မမြုပ်ကြဘူး ဆိုယင် ဂင်္ဂါမြစ်ရေအဟုန်မှာ မျောပါလာတဲ့ သစ်တုံးကြီးသည် အလယ်ခေါင်က အူချောင်းပေါက်ပြီးတော့ အဲဒီ အူချောင်းကြီးထဲမှာ ရေဝင်ပြီးတော့ ပုပ်ဆွေးသွားသလို ချစ်သားတို့တတွေ အဲဒီလို မပုပ်ကြဖူးဆိုယင် ချစ်သားတို့တတွေ ဘယ်ရောက်မလဲ၊ နိဗ္ဗာန်ကို ရောက်ကြလိမ့်မယ်။ အဲဒီအန္တရာယ် ရှစ်မျိုးကို လွတ်အောင် ရှောင်ရှားနိုင်ယင် ချစ်သားတို့တတွေ နိဗ္ဗာန်တိုင် ရောက်ကြလိမ့်မယ်။ ။

## သမ္မာဒိဋ္ဌိ ဦးတည်ချက်

"တံ ကိဿ ဟေတု"။ ။ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ တံ၊ ထိုကဲ့သို့ ချစ်သားတို့တတွေ အပြစ်ရှစ်ချက်မှ လွတ်ခဲ့မယ်ဆိုယင် နိဗ္ဗာန်တိုင်ရောက်လိမ့်မယ်လို့ ငါဘုရား ပြောကြားရတဲ့ စကားသည်။ ကိဿဟေတု၊ အဘယ်အကြောင်း ကြောင့်နည်း ဟူမူကား—

"နိဗ္ဗာနနိန္နာ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ နိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာတိ။"

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ သမ္မာဒိဋ္ဌိ၊ အမှန်ကိုတကယ်သိတဲ့ သမ္မာဒိဋ္ဌိဆိုတဲ့တရားသည်။ နိဗ္ဗာနနိန္နာ၊ နိဗ္ဗာန်သို့ညွတ်သည်။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်သို့ ကိုင်းသည်။ နိဗ္ဗာနပဗ္ဘာရာ၊ နိဗ္ဗာန်သို့ ဦးတည်၍ နေ

သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်ပါပေ
တည်း။

ဘာပြုလို့ ချစ်သားတို့တတွေ ယခုပြောတဲ့ အပြစ်ရှစ်မျိုးမှ လွတ်ယင် နိဗ္ဗာန်ရောက်မယ်လို့ ငါဘုရား ပြောရတုန်း ဆိုယင် ချစ်သားတို့ရရှိထားတဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ အသိဉာဏ်ဟာ နိဗ္ဗာန်ကို ဦးတည်နေလို့ပါ။

သမ္မာဒိဋ္ဌိ အသိဉာဏ်ရှိထားတဲ့ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် မိမိတို့ရဲ့ သမ္မာဒိဋ္ဌိဉာဏ်ကို အာရုံပြုကြည့်လိုက်စမ်းပါ။ ထိုသမ္မာဒိဋ္ဌိ ဘယ်ဦးတည်နေသလဲ ဆိုလို့ရှိယင် နိဗ္ဗာန်ဦးတည်နေတယ်။

"ဘုန်းကြီးတို့ ပရိသတ်၊ သမ္မာဒိဋ္ဌိက ဘယ်ကို ဦးတည်ထားသလဲ"

"နိဗ္ဗာန်ကို ဦးတည်ပါတယ်ဘုရား"

နိဗ္ဗာန်ကို ဦးတည်ထားတယ်။ အဲဒီလို နိဗ္ဗာန်ကို ဦးတည်ပြီး တော့နေတဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ အသိဉာဏ်သည် ဒီဖက်ကမ်းမှာ တင်နေမယ်ဆိုယင် နိဗ္ဗာန်ကို ရောက်မယ်မဟုတ်ပါဘူး။

## သမ္မာဒိဋ္ဌိ အမျိုးအစား

ဘုန်းကြီးတို့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ရရှိထားတဲ့ သမ္မာဒိဋ္ဌိ၊ ထိုသမ္မာဒိဋ္ဌိကလဲ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတာက တမျိုး၊ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာက တမျိုး၊

ာတုဿစ္စသမ္မာဒိဋ္ဌိဆိုတာက တမျိုးလို့ သမ္မာဒိဋ္ဌိကို အကြမ်းအား ဖြင့် သုံးမျိုးလောက် ခွဲကြစို့။

**ကမ္မဿကတာသမ္မာဒိဋ္ဌိ။** ။အကုသိုလ်စေတနာရှိတယ် ဆို တာကို ယုံကြည်ပြီးတော့ ထိုအကုသိုလ်စေတနာဟာ မကောင်း ကျိုး ပေးတတ်တယ်ဆိုတာကို ယုံကြည်တယ်။ ကုသိုလ်စေတနာ ရှိတယ်၊ ကုသိုလ်စေတနာဟာ ကောင်းကျိုးကို ပေးတတ်တယ်လို့ ယုံကြည်တယ်။ အဲဒီလို ကံနဲ့ ကမ္မဖလကို ယုံကြည်တဲ့ ပုဂ္ဂိုလ် တွေဟာ ဒါ သမ္မာဒိဋ္ဌိပဲ။

အဲဒီ ကုသိုလ်စေတနာနဲ့ ကုသိုလ်စေတနာရဲ့ အကျိုးတရား အကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာရဲ့ အကျိုးတရား၊ ထို နှစ်ပါးတို့တွင် မိမိရဲ့ကိုယ်ပိုင် ဥစ္စာအဖြစ်နဲ့ သိမ်းဆည်းရမှာက ဘာကိုသိမ်းဆည်းရမလဲ ဆိုခဲ့ယင် ကုသိုလ်ကံ ကုသိုလ်စေတနာ၊ ထိုကုသိုလ်ကံ ကုသိုလ်စေတနာနဲ့တကွ ကုသိုလ်ကံ ကုသိုလ် စေ တနာတို့က အကျိုးပေးလတ္တံ့ဖြစ်နေတဲ့ ကောင်းကျိုး ချမ်းသာ တွေ၊ အဲဒါတွေက မိမိတို့ကိုယ်ပိုင် ဥစ္စာ အဖြစ်နဲ့ သိမ်းဆည်း ရမှာ။

**"ကမ္မဿက"။** ။ကမ္မ = ကံသည်။ သက = မိမိရဲ့ဥစ္စာ။

မိမိဥစ္စာဆိုတာ အကုသိုလ်ကံ စေတနာကို မိမိဥစ္စာအဖြစ်နဲ့ မသိမ်းပိုက်ရဘူး၊ ကုသိုလ်ကံ ကုသိုလ်စေတနာကို မိမိဥစ္စာအဖြစ် နဲ့ သိမ်းပိုက်ရမယ်၊ ကမ္မဿကာရဲ့ အဓိပ္ပာယ်က ဒီလို။

ဒါဖြင့်ယင် ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာဘာလဲ- ကုသိုလ် ကံနဲ့ ကုသိုလ်စေတနာတခုတည်းကို ယုံကြည်လက်ခံတာ ကမ္မဿ

ကတာ သမ္မာဒိဋ္ဌိခေါ်သလားလို့ တဖက်က မေးခဲ့ယင် ဒီလို တော့ မဟုတ်ဖူး။ အကုသိုလ်ကံရှိတယ်၊ အကုသိုလ် စေတနာ ရှိတယ် ဆိုတာကိုလဲပဲ သူဟာ လက်ခံတယ်။ သို့သော် အဲဒါ ကိုယ်ပိုင်ဥစ္စာအဖြစ်နဲ့ သိမ်းဆည်းရမှာမဟုတ်ဖူးလို့ ဒီလို ကိုယ် ကာ ယုံကြည်ထားတယ်။

ကုသိုလ်စေတနာရှိ၏။ ကုသိုလ်စေတနာရဲ့ အကျိုး ပေးလတ္တံ့ ကမ္မဖလတွေရှိ၏။ အဲဒီ ကုသိုလ်စေတနာကို ပင်လျှင် ကိုယ်ပိုင် ဥစ္စာအဖြစ်နဲ့ သိမ်းဆည်းရမယ်။ ကာမာဝစရကုသိုလ်ရယ်၊ ရူပါ ဝစရ ကုသိုလ်ရယ်၊ အရူပါဝစရ ကုသိုလ်ရယ်၊ လောကုတ္တရာ ကုသိုလ်ရယ် တနည်းပြောယင် ကာမကုသိုလ်ရယ်၊ မဟဂ္ဂုတ် ကုသိုလ်ရယ်၊ လောကုတ္တရာကုသိုလ်ရယ် လို့ ကုသိုလ်သုံးပါး။

အဲဒီ ကုသိုလ်သုံးပါးမှာ ဘယ်ကုသိုလ်ပဲ ဖြစ်ဖြစ် ကံဆိုပြီး တော့ ကံရဲ့အမည်ကို ရလာတာက ထိုကုသိုလ်စိတ်တွေအားလုံး နဲ့ ယှဉ်ပြီးတော့နေတဲ့ စေတနာလေး တလုံးတည်းပဲ ကံအမည် ရတာ။ ကာမကုသိုလ်ရှစ်ခုရှိတယ်၊ ကာမာဝစရကုသိုလ်စိတ် ရှစ် ခုနဲ့ ယှဉ်ပြီးတော့ ပါလာတဲ့ စေတနာလေး တလုံးနဲ့ ကံဆိုတဲ့ အမည်ကို ရတယ်။

ရူပါဝစရကုသိုလ် အရူပါဝစရ ကုသိုလ်ဆိုတဲ့ မဟဂ္ဂုတ် ကုသိုလ်နဲ့ ယှဉ်ပြီးတော့သာတဲ့ စေတနာလေး၊ အဲဒီ စေတနာ လေးကို ကံလို့ခေါ်တယ်။ လောကုတ္တရာ ကုသိုလ်တွေနဲ့ ယှဉ်ပြီး တော့ ပါလာတဲ့ စေတနာ၊ ဒါကိုလဲ ကံလို့ခေါ်တယ်။

အဲဒီ ကံတရားတွေရဲ့ အကျိုးပေးလတ္တံ့ဖြစ်နေတဲ့ ဖလတွေကို ယုံကြည်ခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်။

ဝိပဿနာဈာနမ္မဋ္ဌာန်း စီးဖြန်းပွားများလိုတဲ့ ယောဂီပုဂ္ဂိုလ် အပေါင်း သူတော်ကောင်းတို့သည် အဲဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကတော့ရှိပြီးသားဖြစ်ကြရမှာပဲ။ကမ္မဿကတာသမ္မာဒိဋ္ဌိလောက်မှ မရှိယင်တော့ အဲဒါ ဗုဒ္ဓဘာသာရဲ့ အပြင်ဖက်ကို ရောက်သွားကြ လိမ့်မယ်။

ဘုန်းကြီးတို့ ပရိသတ်၊ ဗုဒ္ဓဘာသာရဲ့ အခြေပါဒသည် အဲဒါ မှတ်ပြီးတော့ထားကြ။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကံဆိုတဲ့စေတ နာနဲ့ ထိုစေတနာရဲ့ အကျိုးပေးလတံ့ ဖလကို ယုံကြည်လက်ခံမှုကို ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ ခေါ်ရပါတယ်။

## ဗုဒ္ဓဘာသာ အဆင့်အတန်း

အဲဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ခိုင်မာမှသာလျှင် ဗုဒ္ဓဘာသာရဲ့ အခြေခံဟာ ခိုင်မယ်။ ဒီတော့ ဗုဒ္ဓဘာသာအနေနဲ့ အဲဒါလောက် လက်ခံထားယင် ဗုဒ္ဓဘာသာ မူလတန်းလောက်တော့ ဖြစ်သွား တော့တာပါပဲ။ အခြေခံဗုဒ္ဓဘာသာ၊ အဲဒီကနေ တဆင့်တက်ပြီး တော့ အဆင့်အတန်းမြင့်တဲ့ ဗုဒ္ဓဘာသာ အလယ်တန်းလောက် တက်မယ်ဆိုယင် ဝိပဿနာသမ္မာဒိဋ္ဌိကို နားလည်ရမယ်။

ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ဘာတဲ့လဲဆိုလို့ရှိယင် သူကတော့ ပညာဖြစ်သွားတယ်။ ဘာပညာတုန်း ဆိုလို့ရှိယင် ပညတ်နဲ့ ပရ မတ်ကို ကွဲကွဲပြားပြား ခြားခြားနားနား သိတဲ့ဉာဏ်ပညာ၊ ပညတ္တိ ဓမ္မနဲ့ ပရမတ္ထဓမ္မနှစ်ပါးကို ခြားခြား ခွဲခြားသိတဲ့ ဉာဏ်ပညာ။

သဲကုန်း [၂] (ဒုတိယအကြိမ်)

အဲဒီလို ရုပ်နာမ်နှစ်ပါး ပညတ်ပရမတ်နှစ်ပါးကို ခြားခြားနားနား ကွဲကွဲပြားပြား သိပြီးတဲ့အခါ ဝိပဿနာ ရှုတော့မယ်ဆိုတဲ့ ယောဂီ တယောက်အနေနဲ့ သမ္မုတိသစ္စာ ပညတ်တရားတွေကို ဖယ်ထားခဲ့ပြီးတော့ ပရမတ္ထဖြစ်တဲ့ နာမ်ရုပ်၊ ထိုထက်နုနဲ့ခွဲမယ်ဆိုလို့ရှိယင် စိတ်စေတသိက် ရုပ်၊ ထိုထက် နုနဲ့ခွဲလိုက်မယ်ဆိုလို့ရှိယင် ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်၊ ဒါကို ထပ်ပြီးတော့ ခွဲခဲ့အုံးမယ်ဆိုယင် အာယတန တဆယ့်နှစ်ပါး၊ အဲဒါကိုထပ်ပြီးတော့ ခွဲအုံးမယ်ဆိုလို့ရှိယင် ဓာတ်တဆယ့်ရှစ်ပါး၊စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ။

အဲဒီလို စိတ် စေတသိက် ရုပ်၊ ရုပ်နာမ်နှစ်ပါးဆိုတဲ့ သင်္ခါရဓမ္မပရမတ္ထတရားများကို ကျကျနနသိပြီးယင် ထိုယောဂီပုဂ္ဂိုလ်သည်ထိုသင်္ခါရဓမ္မ စိတ် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ပရမတ္ထတရားတို့ရဲ့ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ဆိုတဲ့လက္ခဏာသုံးချက်ကို ပိုင်ပိုင်ကြီးမိအောင် သုံးသပ်ပါ။

အဲဒီလို လက္ခဏာရေးသုံးချက် ပိုင်ပိုင်ကြီးမိလာတဲ့ ပုဂ္ဂိုလ်သည် အဲဒါ ဝိပဿနာ သမ္မာဒိဋ္ဌိတဲ့၊ ရုပ်နာမ် နှစ်ပါးနှင့်တကွရုပ်နာမ် နှစ်ပါးတို့ရဲ့ လက္ခဏာရေး သုံးချက်ကို ဉာဏ်ပညာဖြင့်သိမြင်တဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ အသိဉာဏ်မျိုးကို ဝိပဿနာဉာဏ်နဲ့ယှဉ်လာတဲ့ သမ္မာဒိဋ္ဌိမို့လို့ ဝိပဿနာသမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်။

အဲဒီ ဝိပဿနာသမ္မာဒိဋ္ဌိ ဘယ်က အခြေခံ စရမလဲဆိုယင် နာမရူပပရိစ္ဆေဒဉာဏ်ကနေ စပြီးတော့ တက်သွား၊ အနုလောမဉာဏ်တိုင်အောင် အဲဒါ ဝိပဿနာသမ္မာဒိဋ္ဌိ နယ်မှာပဲ ရှိပါတယ်။

အဲဒီလောက် သိမြင်သွားလို့ နာမ်ရုပ် နှစ်ပါးနဲ့တကွ နာမ်ရုပ်တို့ရဲ့ လက္ခဏာသုံးပါး သိသွားတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ ပိုင်ဆိုင်ထားတဲ့ ဒို့ယောဂီများသည် အဲဒါ ဗုဒ္ဓဘာသာမှာဖြင့်ယင် အလယ်တန်းလောက်တော့ ရောက်သွားပြီ၊ အလယ်တန်း ဗုဒ္ဓဘာသာလောက်တော့ ရောက်ပြီ။

အလယ်တန်း ဗုဒ္ဓဘာသာလောက်နဲ့ မရောင့်ရဲ မတင်းတိမ်မကျေနပ်နိုင်ကြတဲ့ ဒို့တရားနာပရိသတ် နောက်တဆင့်တက်ကြစို့ဆိုလို့ရှိယင် ရုပ်နာမ်နှစ်ပါးကိုလဲ ကောင်းစွာသိသည်။ နာမ်ရုပ်နှစ်ပါးတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာသုံးချက်ကိုလဲ ပိုင်ပိုင်ကြီးမိသည်။ ထိုကဲ့သို့ နာမ်ရုပ်နဲ့တကွ နာမ်ရုပ်ရဲ့လက္ခဏာသုံးချက် သုံးသပ်နိုင်တဲ့ ယောဂီပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး မြတ်တရား၊ အဲဒီ သစ္စာလေးပါးကို ပိုင်ပိုင်ကြီးသိတဲ့ အသိဉာဏ်ရပြီဆိုလို့ရှိယင် အဲဒါကတော့ ဒို့တရားနာ ပရိသတ်အတွက် အထက်တန်းကို ရောက်ပြီးတော့သွားတဲ့ စတုသစ္စသမ္မာဒိဋ္ဌိ၊ မဂ်နဲ့ယှဉ်ပြီးတော့ ဖြစ်ပေါ်လာတဲ့ သမ္မာဒိဋ္ဌိ။

သစ္စာလေးပါးကို တကယ် မြင်သွားတယ်ဆိုတာက မဂ်နဲ့ ယှဉ်ပြီးတော့ဖြစ်ပေါ်လာတဲ့ အသိဉာဏ်၊ မဂ်နဲ့ယှဉ်ပြီးတော့ ဖြစ်ပေါ်လာတဲ့ ပညာဉာဏ်၊ အဲဒါကမှ မြင်တာ၊ ဒါကြောင့် သစ္စာလေးပါးကိုမြင်တဲ့ သမ္မာဒိဋ္ဌိ အသိဉာဏ်မျိုးကိုဖြင့် ဒို့ပရိသတ်အဲဒါမှတ်ထား၊ စတုသစ္စသမ္မာဒိဋ္ဌိတဲ့။ အထက်တန်းကျတဲ့ ဗုဒ္ဓဘာသာပါပဲ။

ဗုဒ္ဓဘာသာရဲ့ အထွဋ်အထိပ်၊ အဲဒါ မဂ်ဆိုက်ယင် အထွဋ်အဆုံပဲ။ သစ္စာလေးပါးကို သိသွားယင် ဗုဒ္ဓဘာသာရဲ့ အမြင့်စားပဲ။ ဒီတော့ ဒီကနေ့ ဒို့တရားနာပရိသတ် မှတ်ပြီးတော့ထားကြ။

"ယခု ဘုန်းကြီး သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးပြောသလဲ"

"သုံးမျိုးပါ ဘုရား"

"နံပါတ်(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ နောက် နံပါတ်(၂)က ဘာတဲ့တုန်း"

"ဝိပဿနာသမ္မာဒိဋ္ဌိပါ ဘုရား"

"နံပါတ်(၂)က ဝိပဿနာသမ္မာဒိဋ္ဌိ၊ နံပါတ်(၃)က"

"စတုသစ္စာသမ္မာဒိဋ္ဌိပါ ဘုရား"

"သမ္မာဒိဋ္ဌိ ဘယ်နှစ်ပါးလဲ"

"သုံးပါး-ပါဘုရား"

"ကံနဲ့အကံ၏ အကျိုးတရားကို ယုံကြည်တဲ့ ဉာဏ်ပညာသည် ဘာ ဒိဋ္ဌိတုန်းဗျာ"

"ကမ္မဿကတာ သမ္မာဒိဋ္ဌိပါ ဘုရား"

"နာမ်ရုပ်နှစ်ပါးနဲ့ နာမ်ရုပ်နှစ်ပါးတို့ရဲ့ လက္ခဏာသုံးချက်ကို သိတဲ့ဉာဏ်ပညာကို ဘာခေါ်ရမယ်"

"ဝိပဿနာ သမ္မာဒိဋ္ဌိပါဘုရား"

"ထိုနာမ်ရုပ်နှစ်ပါးရဲ့ လက္ခဏာသုံးချက်သိပြီးတော့ တဆင့်တက် သစ္စာလေးပါးမြင်သွားတဲ့ အသိဉာဏ်မျိုးကြတော့"

"စတုသစ္စ သမ္မာဒိဋ္ဌိပါဘုရား"

**စတုသစ္စသမ္မာဒိဋ္ဌိ။** ။ဗုဒ္ဓဘာသာ အတန်းအစား အဲဒီလို သုံးစား၊ ကံ-ကံရဲ့ အကျိုးတရားကို ယုံကြည်ယင်ဖြင့် ဒို့ပရိသတ် မူလတန်းလောက်ပဲရှိသေးတယ်၊ နာမ်ရုပ်နဲ့တကွ နာမ်ရုပ်ရဲ့ လက္ခဏာသုံးချက်ကို သုံးသပ်နိုင်ယင်ဖြင့် ဗုဒ္ဓဘာသာ အလယ်တန်း လောက်တော့ ရောက်ပြီ။ သစ္စာလေးပါးမှာ သိမြင်သွားတဲ့ ဗုဒ္ဓဘာသာမျိုး ကျတော့ အဲဒါ အထက်တန်းစား ဗုဒ္ဓဘာသာဖြစ်သွားတယ်။

ဒါကြောင့် ဒီကနေ့ ဘုန်းကြီးတို့ တရားနာပရိသတ် တရားနာ၊ တရားအလုပ် အားထုတ်ပြီးတော့နေကြတယ်ဆိုတာ မူလတန်းကနေ အလယ်တန်းတက်၊ အလယ်တန်းကနေ အထက်တန်းတက်၊ အဲဒီလို အဆင့်ဆင့်တက်နိုင်အောင် ဒို့ပရိသတ် ကြိုးစားပြီးတော့ တက်သွားကြဘို့ပဲ။

## ဘုရားရှင်၏ ရည်ညွှန်းချက်

ဤ ဒါရုက္ခန္ဓောပမာသုတ္တန် မှာဖြင့်ယင် ဘုရားရှင် ရည်ညွှန်းတော်မူတဲ့ သမ္မာဒိဋ္ဌိသည် ဘယ် သမ္မာဒိဋ္ဌိကို ရည်ညွှန်းထားသလဲဆိုယင် ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိ အဲဒါကို ရည်ညွှန်းပြီးတော့ ဤသုတ္တန်မှာ ဘုရားရှင် ဟောထားတယ်။

ကမ္မဿကတာသမ္မာဒိဋ္ဌိကို လွန်မြောက်ပြီးတော့ ဝိပဿနာသမ္မာဒိဋ္ဌိ နာမ်ရုပ်ကိုသိ၍ နာမ်ရုပ်နှစ်ပါးတို့ရဲ့ လက္ခဏာ သုံးချက်ကို သိထားတဲ့ ဝိပဿနာဉာဏ်ဆယ်ပါးအတွင်းမှာသာလျှင် ရှိနေတဲ့ သမ္မာဒိဋ္ဌိဉာဏ်မျိုး၊ အဲဒီ သမ္မာဒိဋ္ဌိအသိဉာဏ် မျိုးဟာ ဘုန်းကြီးတို့ ပရိသတ်တွေ အတွက် ဒါ-မခိုင်မြဲဘူး။ ဘာပြုလို့ မခိုင်မြဲသလဲ ဆိုလို့ရှိယင် ဝိပဿနာဉာဏ် ဆယ်တန်ဆိုတာ သမ္မသနဉာဏ်ကအစ အနုလောမဉာဏ် အထိ အဲဒီ ဉာဏ်ဆယ်ပါးအတွင်း ဖြစ်နေတဲ့ ဝိပဿနာဉာဏ်တွေဟာ ဘာနဲ့ယှဉ်ဖြစ်တာလဲ ဆိုလို့ရှိယင် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နဲ့ ယှဉ်ဖြစ်တာ။

မဟာကုသိုလ်ဆိုတာ ကာမာဝစရကုသိုလ်ပါ။ အဲဒီ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နဲ့ ယှဉ်ဖြစ်တဲ့ ဝိပဿနာဉာဏ် ဖြစ်နေတဲ့ အတွက်ကြောင့် ထိုမဟာကုသိုလ်တည်းဟူသော ကာမကုသိုလ်တို့သည် “ကိလေသာကို ပယ်တယ်၊ ပယ်တယ်ဆိုတာ တဒင်္ဂပဟာန်အားဖြင့်သာလျှင် ပယ်တာပါ။ ဝိပဿနာဉာဏ် ဖြစ်ပေါ်ခိုက်မှာသာလျှင် ပယ်တယ်။

ဥပမာ ဘာနဲ့တူသတုန်းဆိုလို့ရှိယင် အလွန်တရာ ထူထပ်နေတဲ့ ကိုင်းဘောကြီးကို ဓားနဲ့ခုတ် ထားလိုက်သလိုပါပဲ။

အဲဒီလို ကာမာဝစရ ကုသိုလ်ဆိုတာ တဒင်္ဂပဟာန်အားဖြင့် သာလျှင် ပယ်နိုင်စွမ်း ရှိတယ်တဲ့။ ဝိပဿနာဉာဏ်သည် တဒင်္ဂပဟာန်မှာသာလျှင် ပယ်တယ်လို့ သဘောကျပြီးတော့ထား။

အဲဒီလို တဒင်္ဂပဟာန်အားဖြင့်သာလျှင် ပယ်နိုင်တဲ့ ဝိပဿနာဉာဏ်၊ ဝိပဿနာသမ္မာဒိဋ္ဌိ မှာဖြင့်ယင် အလွန်ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေ များတယ်။

စတုသစ္စသမ္မာဒိဋ္ဌိဆိုတဲ့ အထက်တန်းဗုဒ္ဓဘာသာ ရောက်သွားခဲ့ယင်တော့ ထိုအထက်တန်း ဗုဒ္ဓဘာသာဆိုတဲ့ စတုသစ္စသမ္မာဒိဋ္ဌိသည် ဘာအန္တရာယ်မှမရှိတော့ဘူး။ မဂ်နဲ့ယှဉ်ပြီးတော့ ဖြစ်ပေါ်လာတဲ့ သစ္စာလေးပါးကိုမြင်တဲ့ အသိဉာဏ်ပဲ။

မဂ်ဉာဏ်ဆိုက်လို့ သစ္စာလေးပါးကို သိသွားတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ ဘာမျှ ကြောက်စရာ မရှိတော့ဘူး၊ ဒါဖြင့် ဒီဖက်ကမ်းတင်ခြင်း၊ ဟိုဖက်ကမ်းတင်ခြင်း၊ ရေလယ်ခေါင်မြုပ်ခြင်း၊ သောင်ပေါ်တင်ခြင်း၊ လူဆယ်ခြင်း၊ နတ်ဆယ်ခြင်း၊ ဝဲစုပ်ခြင်း၊ အတင်းပုပ်ခြင်းဆိုတဲ့ အန္တရာယ် ရှစ်ချက်နဲ့ ကြုံပြီးတော့ ပင်လယ်ရေးဆိုတဲ့ နိဗ္ဗာန်ကို မရောက်ပဲနဲ့ လမ်းခွတ်လတ်မှာ ပျက်စီးသွားနိုင်တဲ့ သမ္မာဒိဋ္ဌိဆိုတာ ဘာကို ဆိုလိုတာလဲဆိုတာ ဒီ့ပရိသတ် သဘောကျလောက်ပါပြီ။ ဝိပဿနာသမ္မာဒိဋ္ဌိကို ဆိုလိုပါတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်သည် ဒီဖက်ကမ်း တင်နေလို့ရှိယင် အဲဒါသစ်တုံးကြီး ပင်လယ်ထဲ မရောက်သလိုပဲ။ သူလဲပဲ မရောက်တော့ဘူး။ ဒီဖက်ကမ်းမှာ တင်နေခဲ့မယ်ဆိုယင် ဟိုမှာဖက်ကမ်းမှာ တင်နေလို့ရှိယင် ရေလယ်ခေါင်မှာ မြုပ်သွားခဲ့မယ် ဆိုယင် သောင်ပေါ်မှာ တင်နေခဲ့မယ်။ လူဆယ်မယ်၊ နတ်ဆယ်မယ် ဆိုယင်၊ ဝဲထဲမှာစုပ်ပြီး မြုပ်သွားခဲ့မယ်ဆိုယင်၊ အတွင်းပုပ်ပြီးတော့ ဆွေးခဲ့မယ်ဆိုယင် သစ်တုံးကြီးအန္တရာယ်ရှစ်ချက်နှင့် တွေ့နေတဲ့ အတွက်ကြောင့် ဂင်္ဂါမြစ်ထဲကနေပြီးတော့ ပင်လယ်ထဲကို မရောက်တော့ သလိုပဲ ထိုဝိပဿနာသမ္မာဒိဋ္ဌိ အသိဉာဏ်လေး

ဟာလဲပဲ ပယ်လယ်ဆိုတဲ့ နိဗ္ဗာန်ကြီးကို မရောက်နိုင်တော့ဘူးလို့ ဘုရားရှင်ကိုယ်တော်မြတ် အဲဒီလို ပြပါတယ်။

## ဥပမာ ဥပမေယျများ

ဒီတော့ယင် ဘုန်းကြီးတို့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဒီနေရာမှာ ဥပမာစကားရပ်တွေ လှမ်းပြီးတော့ အာရုံပြုလိုက်စမ်းပါ။

"ဂင်္ဂါမြစ်ရေအဟုန်" အဲဒါ ဘုရားရှင် ဘာကို ရည်ညွှန်းသလဲဆိုတော့ မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းပြီးတော့ပြတယ်။ ဂင်္ဂါမြစ်ရေဆိုတာဟာ မဂ္ဂင်ရှစ်ပါး၊ မဂ္ဂင်ရှစ်ပါးသည် ဂင်္ဂါမြစ်ထဲမှာ စီးလာတဲ့ ရေအဟုန်နဲ့ ပမာတူ၏။

အဲဒီ ရေအဟုန်မှာ တလိမ့်လိမ့် စီးဆင်းလာတဲ့ သစ်တုံးကြီးသည် ဝိပဿနာ သမ္မာဒိဋ္ဌိ အသိဉာဏ်နဲ့ ပမာတူ၏။ ဝိပဿနာ သမ္မာဒိဋ္ဌိအသိဉာဏ်ဆိုတာဟာ မဂ္ဂင်ရှစ်ပါး မပါပဲနဲ့ သွားလို့မရဘူး။

"ဘုန်းကြီးတို့ ပရိသတ်များ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ နာမ်ရုပ်နှစ်ပါးသိ၊ နာမ်ရုပ်နှစ်ပါးရဲ့ လက္ခဏာသုံးချက်ကို သိတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်သည် မဂ္ဂင်ရှစ်ပါးနဲ့ ကင်းပြီးတော့ ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"မဖြစ်နိုင်ဘူး၊ ဂင်္ဂါမြစ်ထဲမှာ ရေခန်းခြောက်နေခဲ့လို့ရှိယင် ဒီသစ်တုံးကြီး ပင်လယ်ထဲရောက်အောင် မျှောအုံးမှာတဲ့လား"

"မမျောနိုင်ပါဘုရား"

ဒီအတိုင်းပဲ ဂင်္ဂါမြစ်ထဲက ရေတွေ ခြောက်ခန်းသွားတဲ့အခါမှာ သစ်တုံးကြီး မမျောနိုင်တော့ သလိုပဲ မဂ္ဂင်ရှစ်ပါး ခြောက်ခန်းသွားတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သမ္မာဒိဋ္ဌိ အသိဉာဏ်သည် နိဗ္ဗာန်ဆိုတဲ့ ပင်လယ်ကြီးကို ရောက်အောင် မသွားနိုင်တော့ဘူး။

ဒါကြောင့်"ပင်လယ်ခရီး"ဂင်္ဂါမြစ်ရဲ့ အဆုံးဆိုတဲ့ ပင်လယ်ဟာ ဘာလဲဆိုလို့ရှိယင် နိဗ္ဗာန်ပဲလို့ ဘုရားရှင် ဥပမာ စပ်ထားတယ်။ ဂင်္ဂါမြစ်ရဲ့အဆုံးဖြစ်တဲ့ ပင်လယ်ကြီးဟာ နိဗ္ဗာန်ပမာ တူတယ်လို့ သဘောကျပြီးတော့ ထား။ ဂင်္ဂါမြစ်ရေတွေက မဂ္ဂင်ရှစ်ပါးပဲလို့ ဒို့ပရိသတ်အာရုံယူပြီးတော့ ထားလိုက်။ အဲဒီ ဂင်္ဂါမြစ်ရေအဟုန်မှာ မျောပါလာတဲ့ သစ်တုံးကြီးဆိုတာက သမ္မာဒိဋ္ဌိအသိဉာဏ်ပဲလို့ သဘောကျပြီးတော့ ထားလိုက်ပါ။

ဒီတော့"ဒီဖက်ကမ်းနဲ့ ဟိုဖက်ကမ်း"ဆိုတာတွေက ဘာတွေဘဲ့လဲဆိုတာ သုတ္တန်မှာ တရားနာ ပရိသတ်ထဲက သံဃာတော်ဘပါး ထပြီးတော့ မေးတဲ့အခါမှာဖြင့်ယင် ဒီဖက်ကမ်းဟာ ဘာလဲ၊ ဟိုဖက်ကမ်းကဘာလဲ၊ တင်တယ် ကပ်တယ် ဆိုတာဏ ဘယ်လိုလဲဆိုတဲ့အဓိပ္ပာယ်ရှစ်မျိုး ရှင်းလင်းချက်တွေကို သံဃာတော်တပါး ထပြီးတော့ မေးတဲ့အမေးနဲ့ ဘုရားရှင်ရဲ့ အဖြေမှာ အလိုလို ပါသွားလိမ့်မယ်။

ဒီတော့ အဲဒီအမေးနဲ့ အဖြေတွေကို မပြောမီ ရှေးဦးစွာ ဝိပဿနာ သမ္မာဒိဋ္ဌိ အသိဉာဏ် ဆိုတာလေးကို ဘုန်းကြီးတို့ အနည်းငယ် ဖော်ပြပြီးတော့ ကြည့်ကြအုံးစို့။

"အရိယမဂ္ဂါရုံ" ဆိုတော့ ဘုန်းကြီးတို့ တရားနာ ပရိသတ် သည် နားဝေးတဲ့ ပရိသတ်မဟုတ်တော့ဘူး။ ဝိပဿနာသမ္မာဒိဋ္ဌိ အတွက် ခက်ခက်ခဲခဲ ဟောနေစရာ မလိုတော့ဘူး။ ဘုန်းကြီး လွန်ခဲ့တဲ့ တချိန်တုန်းက တရက်မျှ ဟောခဲ့တဲ့ တရားပွဲမှာလဲပဲ အာနာပါနသတိကနေပြီးတော့ သတိပဋ္ဌာန်လေးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ ဝိဇ္ဇာဝိမုတ္တိဉာဏ်များ ပါဝင်သွားပုံ ဆိုပြီးတော့ အဲဒီမှာ ဟောထားခဲ့တာလဲ ရှိနေတယ်။

အဲဒီတော့ အဲဒါကို ပြန်ညွှန်းပြီး ဘုန်းကြီးတို့ ဒီမှာ သမ္မာ ဒိဋ္ဌိဉာဏ် ဖော်ပြီးတော့ ကြည့်ရအောင်။

အရိယမဂ္ဂါရုံဆိုတော့ ဟုတ်လား၊ ဒကာကြီး ဦးသြဘာတို့၊ ဘုန်းကြီးကဘာသွားအမှတ်ရသလဲဆိုတော့ ဒကာကြီးဦးသြဘာ ပြောရအုံးမယ်။

"ဒကာကြီး ဦးသြဘာရေ"

"ဘုရား"

## ငါးမျှားတံနဲ့ အရိယာ

"အရိယမဂ္ဂါရုံ" အရိယာတဲ့၊ မြတ်စွာဘုရားရှင် လက်ထက် တော် အခါတုန်းကလေ၊မြတ်စွာဘုရား ဆွမ်းခံကြွပြီးတော့သွား တဲ့အခါ ကန်ဘောင်ရိုးလေး တခုမှ ဆွမ်းခံ ကြွပြီးတော့ သွား တယ်။ အဲဒီကန်ဘောင်ရိုးတခုမှာ လူတယောက် ငါးမျှားတံ လေးနဲ့ ငါးမျှားပြီးနေတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကလဲ အဲဒီအနားကပဲ မကြာမကြာ တိုက်တိုက်- တိုက်တိုက်ပြီး တော့ ဆွမ်းခံကြွသွားရတယ်။

တနေ့တော့ မြတ်စွာဘုရားဟာ ဆွမ်းခံ သွားနေတုန်း ဒီဒကာ ငါးတရား ဟောချင်လိုက်တာလို့ စိတ်ထဲ ပေါ်လာ၊ နောက်ကနေ ဖြတ်ဖြတ်သွားနေတဲ့ ဘုရားရှင်ကိုလဲ ငါးမျှားနေတဲ့ ဒကာက တခါမှ လှည့်မကြည့်ဘူး။ အဲဒါ ဘုရားရှင်က နောက်နားရောက်သွားတော့ အဲဒီဒကာကို ဘာမေးသလဲ ဆိုတော့ "ဟေ့ ဒကာ၊ မင်း ဘာလုပ်နေတာလဲ" လို့ ဒီလိုလဲ မေးလိုက်ရော ဘုရားကို လှည့်ကြည့်လိုက်တယ်။ လှည့်ကြည့်ပြီးတော့ မဖြေနိုင်ဘူး၊ ငုတ်တုတ်ကြီးအတိုင်း ကြည့်ပြီးတော့ ငါးမျှားတံလေး ကိုင်လိုက် ဘုရားကြည့်လိုက်နဲ့။

ဒီတော့ ဘုရားက ဆက်ပြီးမေးတယ်။ "ဒကာ၊ မင်းနာမယ် ဘယ့်နှယ်ခေါ်သလဲ"လို့ မေးလိုက်တော့ "ဘုရားတပည့်တော်ရဲ့ နာမယ် အရိယာလို့ ခေါ်ပါတယ်ဘုရား"တဲ့။

"ဒကာ ဦးသြဘာ"

"ဘုရား"

"ငါးမျှားတံနဲ့ ဒကာက သူ့နာမယ် ဘယ်လိုတဲ့တုန်း"

"အရိယာပါတဲ့ ဘုရား"

"ဒို့ ဒကာ ဦးသြဘာလဲ အဲဒီလိုတော့ မလုပ်နဲ့နော်"

"မလုပ်ပါဘုရား"

"ငါးမျှားတံကြီးနဲ့ အရိယာဆိုယင်တော့ မကောင်းဘူး ပေါ့ဗျာ ဟုတ်လား"

"မှန်ပါ့ဘုရား၊ နိဗ္ဗာန်ဆော်ပါဘုရား"

"နိဗ္ဗာန်ရောက်အောင် နှိုးဆော်ပေးနေတဲ့ လူပေါ့"

"မှန်ပါ့ဘုရား"

အင်း–ဟိုမှာတော့ ငါးမျှားတံကြီးနဲ့အရိယာ၊ ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်က ပြောလိုက်တယ်။ "ဟဲ့ ဒကာ၊ မင်းက အရိယာဆိုပြီး ငါးမျှားတံကြီးနဲ့၊ အရိယာဆိုတာက ဒီလိုမဟုတ်ဖူးဟ" ဆိုပြီးတော့ အရိယာဂုဏ်အင်္ဂါတွေ မြတ်စွာဘုရားဟာ အဲဒီမှာ ဟောတော့မှ ငါးမျှားတံလေး ပစ်ချပြီးတော့ ဘုရားရှေ့မှာ ဒူးတုပ်ပြီး အဲဒီမှာ တရားနာတော့ သူအရိယာအစစ် ဖြစ်သွားတယ်နော်။

"မှန်လှပါဘုရား"

"စောစောကတော့ ငါးမျှားတံကိုင်ပြီး အရိယာ လုပ်နေတာ"

"မှန်ပါ့ဘုရား"

"ဒို့မိုးကောင်း ယခု အရိယမွှာရုံက ပုဂ္ဂိုလ်တွေကတော့ ဒီလို ဟုတ်ပုံမရကြဘူးနော်"

"မဟုတ်ပါဘူးဘုရား"

"အေး-အေး-မဟုတ်ပါစေနဲ့လို့"

"မှန်ပါ့ဘုရား"

"ဘယ်နေရာက အရိယာတွေပဲ ဖြစ်ဖြစ်ပေါ့လေ၊ ယခုလို ငါးမျှားတံနဲ့ အရိယာမျိုး မဖြစ်ယင် တော်ပြီပေါ့ဗျာ"

"မှန်လှပါဘုရား"

ကိုင်း–ဒီတော့ ဒီနေရာမှာ ဝိပဿနာသမ္မာဒိဋ္ဌိ ပြောကြစို့ ဆိုတော့ ဘုန်းကြီးတို့ ပြောနေကျ အာနာပါနဿတိ ကနေပြီးတော့ ကိုင်ပြီး ပြောကြစို့။

## အာနာပါနဘာဝနာ(၄)မျိုး

အာနာပါန သတိပဋ္ဌာန်ဘာဝနာ ပွားများလိုကြတဲ့ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီးတော့ တင်ပျဉ်ခွေထိုင်၍ ခန္ဓာကိုယ်ဖြောင့်ဖြောင့် တလေး ထားနိုင်လျှင် ဒါတွေကို ပါဠိတော်ရွတ်ဖို့ မလိုဘူး၊ ယခင်တပတ် ဟောပြီးထားတဲ့ခွေ ပြန်ဖွင့်ပြီး နားထောင်ရုံပဲ။

အဲဒီလို တင်ပျဉ်ခွေထိုင်၍ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီးတဲ့ အခါကျတော့။

> **သတော ဝ** အဿသတိ၊ **သတော ဝ** ပဿသတိ[၁]။
>
> **သတော ဝ**၊ သတိထားသည် ဖြစ်၍သာလျှင်။ **အဿသတိ**၊ ထွက်လေကို ဖြစ်စေ၏။ သတော ဝ၊ သတိထားသည် ဖြစ်၍သာလျှင်။ ပဿတိ၊ ဝင်သက်လေကို ဖြစ်စေ၏။

သတိထားပြီးတော့ ထွက်လေဝင်လေကို ဖြစ်စေအောင် အလုပ်လုပ်၊ ဒီတော့ အာနာပါနဘာဝနာ ပွားများတယ် ဆိုတာ ဘုန်းကြီးတို့ ပရိသတ် ဘာမှ ခက်ခဲတယ်လို့ မထင်လိုက်နဲ့၊ သတိထားပြီးတော့ ထွက်လေဝင်လေကို ရှူရှိုက် ပေးခြင်းဖြင့် အဲဒါ အာနာပါနဘာဝနာဖြစ်တယ်။

ဒါဖြင့် အဲဒီသတိ ဘယ်နေရာထားရမှာပါလဲဘုရားဆိုခဲ့ယင် **အာနာပါနဘာဝနာ**နည်းက ဂဏနာနည်းရယ်၊ အနုဗန္ဓနာ

---

၁။ မူလပဏ္ဏာ နှာ-၇၀၊

နည်းရယ်၊ ဥပနာနည်းရယ်၊ ဖုသနာနည်းရယ်လို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာတော်ကြီး ဖွင့်ပြီးတော့ ပြတဲ့နည်းသည် ဘုန်းကြီးတို့ ပရိသတ် လေးမျိုးရှိတယ်။

**ဂဏနာနည်း** ဆိုတာ တစ် နှစ် သုံး လေး ငါး လို့ ထွက်လေဝင်လေကို ရေတွက်မှတ်သားပြီးတော့ အလုပ်လုပ်နေတာ၊ ဘာဉာဏ်ပညာမှ မပါဘူး။ အလွန် ဝိက္ခေပ များတဲ့ ပုဂ္ဂိုလ်များ[၁] အတွက် အစဦးစွာ အားထုတ်ရတဲ့နည်း၊ အဲဒါ ဂဏနာ။

**အနုဗန္ဓနာနည်း** ဆိုတာ ထွက်လေဝင်လေရဲ့ အစ အလယ် အဆုံး သုံးချက်လုံး အစဉ်အတိုင်း လိုက်ပြီးတော့ မှတ်တာ၊ **ဥပနာ**ဆိုတာက အဲဒီ ထွက်တဲ့လေ ဝင်တဲ့လေရဲ့သတ္တိလေးပေါ်မှာ စိတ်ကို ပိုင်ပိုင်ကြီး ထားလိုက်တာ၊ **ဖုသန** ဆိုတာက ထွက်လေ ဝင်လေနဲ့ နှာခေါင်းနဲ့ ထိသွားတဲ့ နေရာလေးကို အာရုံပြုတာ။

"အဲဒီလို အာနာပါနဘာဝနာပွားများတဲ့နည်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ဘယ်နှစ်မျိုး ပြထားသတဲ့လဲ ဘုန်းကြီးတို့ ပရိသတ်"

"လေးမျိုးပါဘုရား"

လေးမျိုး၊ အဲဒီလေးမျိုးတို့တွင် ထိပ်ဆုံးနည်းက စကိုင်လိုက်ရအောင်—

**ဖုသနနည်း**။ ။ ထိရာမှာ စိတ်ထားတဲ့နည်း။ မိမိတို့ နှာခေါင်းပေါက် အတွင်းသား တနေရာရာ၌ ထွက်လေဝင်လေနဲ့

---

၁။ ဝိက္ခေပ=စိတ်ပျံ့လွင့်ခြင်း များသောပုဂ္ဂိုလ်။

ထိသွားသော နေရာလေးမှာ ဒိုယောဂီများရဲ့ စိတ်ကို ထားလိုက်စမ်းပါ။ ဘယ်လိုလုပ် ထားရမှာလဲ ဆိုလို့ရှိယင် သတိနဲ့ အသိစိတ်ကလေး အဲဒီမှာ ကပ်ပြီးတော့ ထားလိုက်။

တရား နှစ်လုံးထဲရယ်၊ ရှေးဦးစွာ ဘာမှမများဘူး။ ထိတယ်ဆိုတဲ့ စိတ်က ဝိညာဏဓာတ်၊ ထွက်လေဝင်လေ ဘယ်လိုသွားသလဲ ဆိုပြီးတော့ ထွက်လေဝင်လေရဲ့ သတ္တိလေး ထင်ရှားအောင်လို့ ဆိုပြီး လုပ်ထားတာက သတိ၊ သတိက ထွက်လေဝင်လေရဲ့ သဘောသွားလေးကို ထင်ရှားစေလိမ့်မယ်။

ဝိညာဏဓာတ်ဆိုတဲ့ စိတ်ကလေးက ထွက်လေ ဝင်လေရဲ့ သဘောသွားလေးကို သိသိ သိသိပြီးတော့သွားလိမ့်မယ်လို့ အသိစိတ် ဝိညာဉ်နဲ့တကွ သတိဆိုတဲ့ ဓမ္မဓာတ် နာမ်တရား၊ အဲဒီ နှစ်ခု ဘယ်နေရာမှာ ထားတုန်းဆိုတော့ ထွက်လေ ဝင်လေနဲ့ နှာခေါင်းနဲ့ ထိသွားတဲ့ နေရာလေးမှာ စိတ်ကိုထားလိုက်၊ သတိနဲ့ အသိ အဲဒီနေရာမှာ ကပ်ထားလိုက်။

ပရမတ္ထဓာတ်သား စကားလုံး ကိုင်ပြောရယင်တော့ သတိဆိုတဲ့ ဝိညာဏဓာတ်၊

"အသိစိတ်ဆိုတဲ့ ဝိညာဏဓာတ်ရယ်၊ သတိဆိုတဲ့ ဓမ္မဓာတ်ရယ်- ဓမ္မဓာတ်နဲ့အသိစိတ်ဆိုတဲ့ ဓာတ် ဘယ်နှစ်ပါးလဲ"

"နှစ်ပါးပါဘုရား"

အဲဒီ ဓမ္မဓာတ်နဲ့ ဝိညာဏဓာတ်နှစ်ပါး၊ သတိဝိညာဉ် အဲဒီ နှစ်ပါး ထိသွားတဲ့နေရာလေးမှာ ထားလိုက်ပြီဆိုတော့ သိတာရယ်၊ အဲဒီ ထိတဲ့နေရာမှာ ထားတာရယ်ဆိုလို့ရှိယင် ဖုသနာရယ်၊ ဠပနာရယ် နှစ်နည်း တပြိုင်နက်တဲ ဝင်သွားတယ်။

**ဖုသန**- တွန်းကန်တဲ့ သဘောလေးရဲ့ ထိထိ-ထိထိပြီးတော့ သွားတာကလေးကို ဒီတော့ သိသိ-သိသိပြီး လိုက်သွားတယ်၊ အဲဒီနေရာမှာ စိတ်ကိုဘယ်မှ မရွေ့အောင် တခါတဲ စနစ်တကျ ချည်တုပ်ပြီးတော့ ထားလိုက်တယ်။

ထွက်လေဝင်လေရဲ့ ထိသွားတဲ့ နေရာတည်းဟူသော ချည်တိုင်မှာဖြင့်ယင် အသိစိတ် ဝိညာဉ်ဆိုတဲ့ ရိုင်းစိုင်းနေတဲ့ စိတ်ရိုင်း၊ ကျွဲရိုင်း နွားရိုင်း ဆင်ရိုင်းနဲ့ ပမာတူတဲ့ စိတ်ဆင်ရိုင်းကို သတိဆိုတဲ့ ကြိုးနဲ့ ခိုင်ခိုင်မာမာ ချည်ပြီးတော့ ထားလိုက်ပါပြီ။ သတိဆိုတာ ကြိုးကလေးပဲ။ ဆင်ကြီးနဲ့ ပမာနှိုင်းရယင်ဖြင့် ဒို့ယောဂီများရဲ့စိတ်သည် ဆင်ရိုင်းကြီးတကောင်လို သဘောကျလိုက်။

ထွက်လေ ဝင်လေရဲ့ ထိသွားတဲ့နေရာလေးဟာဖြင့်ယင် အဲဒီဆင်ရိုင်းကြီးကို ချည်ရာဖြစ်တဲ့ ချည်တိုင်ပါပဲ။ ထိုချည်တိုင် ဘာနဲ့ချည်မလဲ ဆိုခဲ့လို့ရှိယင် သတိ တည်းဟူသောထူး၊ သတိ တည်းဟူသော ချွန်းနဲ့ ခပ်နာနာအုပ်ပေးလိုက်တော့ တောကြိုတောကြား ပြေးလွှားနေတဲ့ ဆင်ရိုင်းကြီး ချည်တိုင်မှာချည်ပြီး ချွန်းနဲ့အုပ်တော့ မပြေးနိုင်သလိုပဲ အာရုံခြောက်ပါး တောချုံများမှာ ပြေးလွှားကျက်စားနေတဲ့ ဒို့ယောဂီတို့ရဲ့စိတ်ကို ထွက်လေ ဝင်လေရဲ့ ထိခိုက်သောနေရာတည်းဟူသော ချည်တိုင်လေးမှာ သတိဆိုတဲ့ကြိုးနဲ့ ခိုင်မြဲစွာချည်၍ ဝီရိယဆိုတဲ့ ချွန်းနဲ့ ခပ်နာနာ အုပ်လိုက်ပြီဆိုလို့ရှိယင် အဲဒီနေရာမှာ ငြိမ်ပြီးတော့ ဝပ်သွားပြီး။ ဘယ်မှမပြေးတော့ဘူး၊ အဲဒါ ချည်တိုင်ခေါ်တယ်။

ဒီတော့ ချည်တိုင်ဟာ ဒို့ပရိသတ် ဘာတဲ့လဲဆိုယင် ထွက်လေဝင်လေရဲ့ ထိသွားတဲ့နေရာလေး၊ သတိက ဘာတဲ့လဲဆိုယင် ကြိုး

ဝီရိယက ဘာတုန်းဆိုယင် ချွန်းပါ။ စိတ်သည် ဘာနဲ့တူသလဲဆိုယင် ဆင်ရိုင်းကြီးတကောင်နဲ့ တူတယ်၊ အဲဒီဆင်ရိုင်းကြီး ဘယ်မှာကျက်စားသလဲဆိုယင် တောကြီးထဲမှာ ကျက်စားတယ်။

တောထဲမှာ ဆင်ရိုင်းကြီးကျက်စားသကဲ့သို့ ဒို့ယောဂီများရဲ့ စိတ်ရိုင်းဟာလဲပဲ ကာမဂုဏ်ငါးပါး၊ အာရုံခြောက်ပါး ဆိုတဲ့ တောကြီးတွေထဲမှာ ကျက်စားတတ်လို့ အဲဒီ တောကြီးတွေထဲကနေ အတင်းဆွဲလာခဲ့ပြီးတော့ ထွက်လေဝင်လေရဲ့ ထိရာနေရာ တည်းဟူသော ချည်တိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ဖမ်းချည်၊ ဝီရိယ ဆိုတဲ့ချွန်းနဲ့ အုပ်ပြီးတော့ ထားလိုက်တဲ့ အခါကျတော့ ရုန်းဟယ် ကန်ဟယ်နဲ့ ပထမရှေးဦးစွာဖြင့်ယင် ငြိမ်တယ်လို့ကို မရှိဘူး၊ ဟိုရုန်း ဒီကန်နဲ့ သူသည် လှုပ်ချောက်ချားပြီးတော့ နေပါတယ်။

"ဖုဋ္ဌဖုဋ္ဌောနေ စိတ္တံ ထပေတွာ"—

ဆိုတဲ့ အဋ္ဌကထာ စကားအတိုင်း ထိရာထိရာ ဌာနတိုင်းမှာ စိတ်ကိုခိုင်မြဲစွာချည်နှောင်ပြီးတော့ထားလိုက်ပါ၊ထိသောနေရာမှာ စိတ်ကိုချည်ပြီးတော့ ထားတယ်ဆိုတော့ ဒို့ယောဂီများ နှာခေါင်းကိုလဲပဲ တဖက်က မကြည့်မိပါစေနဲ့၊ နှာခေါင်းထဲမှာ ဝင်ထွက်ပြီးတော့ သွားနေတဲ့ လေရဲ့ နောက်ကိုလဲပဲ မလိုက်နဲ့၊ အပြင်ထွက်သွားတဲ့ လေနောက်ကိုလဲ မလိုက်ပါနဲ့၊ အတွင်းကို ဝင်သွားတဲ့ လေနောက်ကိုလဲပဲ ရှောက်ပြီးတော့ ဘုန်းကြီးတို့ ယောဂီများရဲ့စိတ်သည် မလိုက်ပါလေနဲ့တဲ့။

ထိတယ်ဆိုတဲ့နေရာလေးမှာ စိတ်ကိုမရွှေ့ပဲနဲ့ အဲဒီနေရာမှာ ခိုင်ခိုင်မြဲမြဲတုတ်ထား၊ ချည်ထား၊ အပြင်ထွက်တဲ့ လေနောက်ကို ရှောက်ပြီး လိုက်သွားခဲ့မယ်ဆိုယင် ဗဟိဒ္ဓဝိက္ခေပ အပြင်ဖက်ကို စိတ်ပျံ့လွင့်တယ်။ အတွင်းဝင်သွားတဲ့ လေနောက်ကို ရှောက်ပြီး တော့ လိုက်သွားခဲ့မယ် ဆိုယင် ချက်ထိအောင် ရှောက်လိုက် သွား၊ အဲဒါချက်ထိအောင် စိတ်တွေပျံ့လွင့်သွားတယ်၊ အဇ္ဈတ္တ ဝိက္ခေပ ခေါ်တယ်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်က မူအတိုင်းပြော ရတာပါ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဟောထားတဲ့ ပဋိသမ္ဘိဒါမဂ်မှာ အာနာပါနရဲ့အပြစ် တဆယ့်ရှစ်ပါးပြတော့ အဲဒါတွေ ပြထားတာရှိတယ်။

## အာနာပါနရဲ့ ဥပမာသုံးချက်

ဒါကြောင့် အတွင်းကိုလဲ ရှောက်ပြီးတော့ ဒို့ယောဂီများ မလိုက်ပါလေနဲ့။ အပြင်ကိုလဲ ရှောက်ပြီးတော့ မလိုက်ပါလေနဲ့။ ထွက်လေဝင်လေနဲ့ နှာခေါင်းနဲ့ ထိတဲ့နေရာလေးမှာ စိတ်ကိုမရွှေ့ တန်း ထိန်းပြီးတော့ ထားလိုက်စမ်းပါ။ သတိဆိုတဲ့ကြိုးနဲ့ ခိုင်မြဲ စွာချည်။ ဝီရိယဆိုတဲ့ချွန်းနဲ့ ခပ်နာနာအုပ်။ ဒီနေရာမှာ မရွှေ့ တန်းထိန်းပြီးတော့ ထား၊ လွှဆွဲနေတဲ့ လူနှစ်ယောက်ရဲ့ ဥပမာ ကဲ့သို့ပဲတဲ့။ ကကစူပမာ၊ ပင်္ဂုလောပမာ၊ ဒေါဝါရိကူ ဥပမာ ဆိုပြီးတော့ ကျမ်းဂန်မှာ ဥပမာတွေနဲ့ ပြတယ်[၁]။

---

၁။ ဝိသုဒ္ဓိမဂ် နှာ ၂၇၂၊၃။

ဒေါ ဝါ ရိကူပမာဆိုတာ တံခါးစောင့်တဲ့ လူတယောက် မန္တလေး နေပြည်တော်လို မန္တလေးရွှေမြို့တော် မြို့ရိုးလေးဖက်။ တံတိုင်း လေးဖက်ခတ်ထားတာ ဘုန်းကြီးတို့ယောဂီများ တွေ့ကြလိမ့်မယ်။ အဲဒီလို တံတိုင်းလေးဖက် မြို့ရိုးလေးဖက် ကာပြီးတော့ ထားတဲ့မြို့ကြီး သုံးဖက်က တံခါးပေါက်တွေ အကုန်ပိတ်လိုက်ပြီးတော့ တံခါးပေါက် တပေါက်ထဲကနေပြီးတော့ အဝင်အထွက်ကို လူဆိုးတွေ ဝင်သလား၊ လူကောင်းတွေ ဝင်သလားဆိုပြီးတော့ ဝင်တဲ့ထွက်တဲ့လူကို စစ်ဆေးစောင့်ရှောက်ကြပ်မရတဲ့ မြို့စောင့် တပ်သားတယောက်သည် ဘယ်လိုလုပ်သလဲဆိုတာ ကြည့်စမ်း။

လူဆိုးတွေ မြို့ထဲဝင်သွားတယ်၊ မြို့ထဲကနေပြီးတော့ လူဆိုးတွေ ပြန်ပြီးထွက်လာတယ်။ အဲဒါကို စောင့်ကြပ်စစ်ဆေးနေတဲ့ ပုဂ္ဂိုလ်သည် လူဆိုးတွေ အပြင်မှာရှိနေသလားဆိုပြီးတော့ မြို့ပြင်ကိုလဲပဲ ဟိုဟိုဒီဒီ သူလိုက်ပြီးတော့ မရှာဘူး။ မြို့တွင်းကိုလဲပဲ သူလိုက်ပြီးတော့မရှာဘူး။ ဒါဖြင့်ယင် လူဆိုးတွေ ဝင်တာထွက်တာ သိရအောင် ဘယ်နှယ်လုပ်သတုန်းဆိုသို့ရှိယင် အဲဒီတံခါးပေါက်ကလေးကနေ မရွေ့တန်း မရွေ့တန်း အဲဒီမြို့ထဲဝင်သွားတဲ့ လူဆိုးတွေကို ဒီတံခါးပေါက် တနေရာထဲကနေ သူဖမ်းပြီးတော့ စစ်ဆေးတယ်။ထွက်သွားတဲ့ ပုဂ္ဂိုလ်တွေကိုလဲ လူဆိုးလား လူကောင်းလားဆိုတာ ဒီတံခါးပေါက်ကပဲ ထိုင်စောင့်ပြီး စစ်ဆေးတယ်။ ဝင်လာတဲ့ပုဂ္ဂိုလ်တွေကိုလဲ ဤ တံခါးပေါက်က သာလျှင် ထိုင်စောင့်၍ စစ်ဆေးသလို ထွက်သွားတဲ့ ပုဂ္ဂိုလ်တွေ

ကိုလဲပဲ ထိုတံခါးစောင့်သည် ဤ အပေါက်ကပင်လျှင် ထိုင်၍ စောင့်၍ စစ်ဆေးကြပ်မသလိုပဲ။

တရားအလုပ် အားထုတ်ကြမယ်ဆိုတဲ့၊ အာနာပါနဘာဝနာ စီးဖြန်းကြမယ်ဆိုတဲ့ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့လဲပဲ မိမိတို့ရဲ့ လူဆိုးနဲ့ပမာတူတဲ့ စိတ်ဓာတ်လေးကို နှာခေါင်းရဲ့ အပြင်ဖက်ကိုလဲပဲ မလိုက်ပဲနဲ့၊ နှာခေါင်းရဲ့ အတွင်းဖက်ကိုလဲပဲ ခန္ဓာကိုယ်ထဲ ချက်တိုင်အောင် ရှောက်ပြီးတော့ မလိုက်ကြပဲနဲ့ အဲဒီ ထိခိုက်သွားတဲ့နေရာလေး တနေရာကသာလျှင် စောင့်ကြည့်ပြီးတော့ ဘယ်လိုဝင်တယ်၊ ဘယ်လိုထွက်တယ်ဆိုတာကို အဲဒီမှာ သတိနဲ့ကပ်ပြီးတော့ ရှုမှတ်ရမယ်။ ဒေါဝါရိကူပမာ ဒီလိုပြတယ်။

လွှဆွဲတဲ့ဥပမာ=ကကစူပမာမှာလဲပဲ ဒီအတိုင်းပဲ။ သစ်တုံးကို လူနှစ်ယောက် လွှနဲ့တိုက်ပြီး ဟိုဖက် ဒီဖက် ခြေကန်ဆွဲနေကြတော့ အဲဒီလူတွေဟာ သစ်တုံးကြီးကိုလဲ တဖက်သတ်မကြည့်ကြဘူး၊ သစ်တုံးဟိုဖက်ဒီဖက် ဖြတ်ပြေးနေတဲ့ လွှနောက်ကိုလဲပဲ ရှောက်ပြီး သူတို့တတွေ မကြည့်ကြဘူးတဲ့။

လွှဆွဲနေသော လူနှစ်ယောက်တို့သည် ဘာကြည့်ကြသလဲဆိုလို့ရှိယင် သူတို့ကိုင်ပြီးတော့ ဆွဲနေတဲ့ တွန်းနေတဲ့ လွှရဲ့အစွယ်ကလေးများဖြင့် သစ်တုံးကြီးနဲ့ တိုက်စားသွားတဲ့ နေရာလေးကို စူးစူးစိုက်စိုက်ကြည့်ပြီးတော့ လွှအစွယ်လေးတွေဟာ ဤသစ်တုံးကြီးကို ဘယ်လိုစားသလဲဆိုတာ စူးစူးစိုက်စိုက် ကြည့်ပြီးတော့

တွန်းခြင်း ဆွဲခြင်း လုပ်ကြသလိုပဲ၊ သစ်တုံးကြီးကဲ့သို့သော နွားခေါင်းကိုလဲပဲ တဖက်သတ် ဒိုယောဂီများ မကြည့်ရ။

ထိုနွားခေါင်းပေါက်ထဲမှာ လွန်နဲ့ ပမာတူပြီးတော့ ဝင်ချည်ထွက်ချည်နဲ့ သွားနေတဲ့ လေနောက်ကိုလဲပဲ ရှောက်ပြီးတော့ လိုက်ပြီး မကြည့်ပဲနဲ့၊ လွှစွယ်နဲ့ သစ်တုံးနဲ့ တိုက်စားသွားတာကို သာလျှင် စူးစူးစိုက်စိုက်ကြည့်သော လွှသမားကဲ့သို့ နွားခေါင်းပေါက်နဲ့ နွားခေါင်းအတွင်းသားက နေရာနဲ့ ထွက်လေဝင်လေ ထိခိုက်သွားသောနေရာလေးမှာပင်လျှင် ဘယ်လို ထိသွားတယ် ဘယ်လိုတိုက်သွားတယ်ဆိုတဲ့ သဘောလေးကို စိစစ်ဝေဖန်တဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဉာဏ်ပညာကို အသုံးချ ပြီးတော့ အဲဒါ စူးစူးစိုက်စိုက်ကြည့်ရတယ်တဲ့၊ မရွှေ့နဲ့၊ အဲဒါ ကကစူပမာလို့ ဒီလိုဆိုတယ်။

## ဗောဓိဉာဏ်ရဲ့ အင်္ဂါများ

အတွင်းကို ရှောက်ပြီးလိုက်သွားခဲ့မယ်ဆိုယင် အဇ္ဈတ္တဝိက္ခေပ ဖြစ်မယ်။ အပကို ရှောက်ပြီးတော့ လိုက်ခဲ့မယ်ဆိုယင် ဗဟိဒ္ဓဝိက္ခေပ ဖြစ်ပြီးတော့ သွားလိမ့်မယ်။ အဲဒီလို ဘယ်နေရာကိုမှ မရွှေ့တန်း ထိခိုက်သွားသောနေရာမှာသာလျှင် ဘယ်လိုထိတယ်၊ ဘယ်လိုတိုက်တယ်၊ ဘယ်လိုခိုက်တယ်၊ ဘယ်လိုတွန်းတယ်ဆိုတဲ့ သဘောဝေဖန်ဆန်းစစ်တဲ့ ဉာဏ်ပညာဆိုတဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင် အသုံးချပြီးတော့ ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် သတိနဲ့ ပညာ အဲဒီအချိန် ဝင်ပြီးတော့ လာခဲ့လိမ့်မယ်။

ထွက်လေဝင်လေနဲ့ နှာခေါင်းနဲ့ တိုက်တဲ့နေရာမှာ စိတ်ကို ထား၊ တော်တော်ကြာ ပြေးသွားတယ်။ ပြေးသွားတာ ဝီရိယ ချွန်းလေးနဲ့ အုပ်ပြီးတော့ ဖမ်းထိန်းလိုက်။ ဆင်ရိုင်းကြီးထွက် ပြေးသွားသလို စိတ်ကလဲ ထွက်ပြေးသွားပြန်ရော၊ ပြေးသွား တဲ့စိတ်ကို ဝီရိယဆိုတဲ့ ချွန်းလေးနဲ့ ခပ်နာနာအုပ်ပြီး ဖမ်းပြီး တော့ထိန်း။ ထိန်းပါများတော့တော်တော်ကြာတော့ ဆင်ကြီး မောပြီး ချည်တိုင်ရင်းမှာ ဝပ်ပြီးတော့ အိပ်သွားသလို ဆင်ရိုင်း ကြီး ကျွဲရိုင်းကြီးနဲ့တူတဲ့ ဒို့ယောဂီများရဲ့ စိတ်လဲပဲ ထွက်လေ ဝင်လေနဲ့ ထိရာနေရာတည်းဟူသော ချည်တိုင်မှာဖြင့်ယင် ငြိမ် ပြီးတော့ ဝပ်ကျသွားတယ်တဲ့။ ဘယ်မှမပြေးတော့ဘူး၊မပြေး တော့ပဲနဲ့ အဲဒီလို ဝပ်ပြီးတော့ ငြိမ်ဆင်းလာတဲ့ အချိန်ကျယင် ဖြင့် အဲဒါ စိစစ်ကြစမ်းပါ။

"ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမယ်ဆိုတဲ့ ဒို့ယောဂီများ စိစိ စစ်စစ် အားထုတ်ရမှာလား၊ မစိစစ်ပဲနဲ့ အားထုတ်ရမှာလား ဗျာ့"

"စိစိစစ်စစ် အားထုတ်ရမှာပါဘုရား"

"စိစိစစ်စစ် အားထုတ်ရမှာ။ အဲဒီလို စိစစ်ဝေဖန်တာကိုပင် လျှင် ဗောဇ္ဈင်ထဲကတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်လို့ ဆိုပါတယ်"

"စိစစ်ဝေဖန်ဘာ ဘာဗောဇ္ဈင်တဲ့လဲ"

"ဓမ္မဝိစယ သမ္ဗောဇ္ဈင်ပါဘုရား"

ဓမ္မဝိစယ=ဓမ္မတဲ့။ အဲဒါ ပရမတ္ထဓမ္မလို့ခေါ်တဲ့ ရုပ်နာမ်

**သင်္ခတ တရား**တွေကို၊ ဝိစယ=ဉာဏ်ဖြင့်စိစစ်ကြည့်ခြင်း။ အဲဒါ **ဓမ္မဝိစယ** ခေါ်တယ်။

သင်္ခတရုပ်နာမ်တွေကို ဉာဏ်ဖြင့်စိစစ်ခြင်းသည် **ဗောဓိဉာဏ်**ရဲ့ **အင်္ဂါ**တပါးဖြစ်ခြင်းကြောင့် သူ့ကို "ဗောဇ္ဈင်္ဂ=ဗောဇ္ဈင်" **ဗောဓိဉာဏ်**ရဲ့အင်္ဂါလို့ ခေါ်တယ်။

ဗောဓိဉာဏ်ဆိုတာက မဂ်ဉာဏ်၊ ပရမတ္ထတရားများကို စိစစ်**တဲ့**ဉာဏ်ပညာသည် ဗောဓိဉာဏ်ရဲ့ **အင်္ဂါ**တပါးပါ၊အဲဒီပရမတ္ထ တရား**တွေ**ဉာဏ်ထဲမှာ ထင်ရှားအောင် လုပ်ပေးတဲ့သတိဟာလဲပဲ **ဗောဓိ**ဉာဏ်ရဲ့ **အင်္ဂါ**တပါးပါ။

ဟိုပြေးဒီပြေးနဲ့ ပြေးလွှားနေတဲ့စိတ်ကို ဖမ်းပြီးတော့ အုပ်**ထိန်း**ပေးတယ်ဆိုတဲ့ ဝီရိယတည်းဟူသော ချန်းဟာလဲပဲ ဗောဓိ**ဉာဏ်**ရဲ့ အင်္ဂါတပါးပါ၊ ဝီရိယသမ္ဗောဇ္ဈင်ဆိုတာ ဗောဓိဉာဏ်ရဲ့ **အင်္ဂါ**။

အဲဒီလို ဖမ်းပြီးတော့ ထိန်းပေးလိုက်တဲ့**အခါ** ထိုစိတ်သည် **ဘယ်**မှမပြေးတော့ပဲနဲ့ ထွက်လေဝင်လေရဲ့ ထိခိုက်သော နေရာ**လေး**မှာသာလျှင် ငြိမ်ပြီးတော့ တခါတဲ တည်နေပြီ ဆိုလို့ရှိယင် **သမာဓိ**ဆိုတဲ့ စေတသိက် ဖြစ်တယ်လို့ ခေါ်တယ်။ အဲဒီသမာဓိ **ဆို**တဲ့ စေတသိက်ဟာလဲပဲ ဗောဓိဉာဏ်ရဘို့ရန် သူလဲ အင်္ဂါတပါး**ပါ**။"သတိ၊ဝီရိယ၊သမာဓိ၊ပညာ" အဲဒါ ဗောဇ္ဈင် ခေါ်တယ်။

"ဘုန်းကြီးတို့ ပရိသတ်၊ ဗောဓိဉာဏ်ရဲ့အင်္ဂါ ဘယ်နှစ်ပါး**ပါ**လဲ အခုပြောတာ"

"လေးပါးပါဘုရား"

"လေးပါးနော်"

ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတဲ့ ပညာလဲပဲ ဗောဓိဉာဏ်ရဲ့အင်္ဂါတပါး၊ ပရမတ္ထတရား ဝါယောဓာတ်ကို ထင်ရှားစေတယ်ဆိုတဲ့ သတိလဲပဲ ဗောဓိဉာဏ်ရဲ့အင်္ဂါတပါး၊ ပြေးလွှားပြီးနေတဲ့ စိတ်ရိုင်းကို ဖမ်းပြီးတော့ အုပ်ထိန်းပေးတယ်ဆိုတဲ့ ချွန်းနဲ့တူတဲ့ ဝီရိယဟာလဲပဲ ဗောဓိဉာဏ်ရဲ့ အင်္ဂါတပါး၊ ထိန်းပါများတဲ့ အခါ မပြေးတော့ပဲနဲ့ ငြိမ်ပြီးတော့ ကျလာတယ်ဆိုတဲ့ သမာဓိ ဟာလဲပဲ ဗောဓိဉာဏ်ရဲ့အင်္ဂါတပါး၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ ရယ်လို့ ဗောဇ္ဈင်လေးပါးကတော့ ဒို့ပရိသတ် အဲဒီထဲမှာ ဝင် နေပြီ။

## ထွက်လေ ဝင်လေ ကွာခြား

အဲဒီလို အလုပ်လုပ်ပြီးတော့လာတဲ့ ဒို့တရားနာ ပရိသတ် အပေါင်းသူတော်ကောင်းတို့သည်—

"ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿသာမီ'တိ ပဇာနာတိ[၁]" —

ဆိုတဲ့ ပါဠိတော်တွေကို ရွတ်ပြီးတော့ မနေပဲနဲ့ လိုရင်းလေး ဖမ်းပြီးတော့ ပြောကြစို့ဗျာ။ ဒါရုက္ခန္ဓောပမာသုတ္တန် မဆုံးပဲ ရှိတော့မှာ စိုးလို့ပါ။

---

၁။ မူလပဏ္ဏ ၷ၁-၇၀။

ထို နှာခေါင်းထဲမှာ သွားနေတဲ့ ထွက်လေဝင်လေကို စိစစ်ပြီးတော့ ဓမ္မဝိစယ သမ္ဗောဇ္ဈင် အသုံးချလိုက်တဲ့အခါ ဘယ်လို သိသာရသလဲ ဆိုလို့ရှိယင် ထွက်လေဝင်လေဟာ တချို့ ကြာကြာကြီး ဖြစ်တယ်၊ တချို့ ဝင်လေနဲ့ထွက်လေ မတူဘူး၊ ထွက်လေက ကြာတဲ့လူ ရှိတယ်။ ဝင်လေကတော့ တိုတိုပဲ၊ တချို့ ဝင်လေက ကြာတယ်။ ထွက်လေက မြန်တယ်။ တချို့ ထွက်လေရော ဝင်လေရော ကြာကြာကြီးဖြစ်တယ်။ တချို့ ထွက်လေရော ဝင်လေပါ ခပ်မြန်မြန်ပဲ ဖြစ်နေတယ်၊ ကာလမကြာကြာဘူး၊

## အသိနဲ့သတိ မကွာစေနဲ့

အဲဒီလို နှာခေါင်းထဲမှာ ဘယ်နည်းဘယ်ပုံ ဝင်ချည်ထွက်ချည်ပဲ လုပ်နေနေ ကြာကြာဖြစ်နေယင်လဲဖြစ်သမျှကာလတလျှောက်လုံး အကုန်လုံး သိပါစေ။ မြန်မြန်ဖြစ်သွားယင်လဲ အသိနဲ့သတိသည် မြန်မြန်ပဲ ကပ်ပြီးတော့လိုက်၊ မလွတ်တန်းလိုက်။ အဲဒါ ပါဠိတော်ရှုတ်ပြောရယင်တော့—

> "ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿာသာမိ' တိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော 'ရဿံ အဿာသာမိ'တိ ပဇာနာတိ[၁] "—

ဆိုတဲ့ ပါဠိတော်နဲ့ ပြောရလိမ့်မယ်။ဘယ်လိုပဲပါဠိတော်ရှုတ်ရှုတ် အဓိပ္ပာယ်ကတော့ဖြင့် မြန်မြန်ဖြစ်သွားယင်လဲပဲ ထွက်လေဝင်လေမြန်ယင် မြန်သလောက် သတိနဲ့အသိလဲ မြန်မြန်လိုက်ပါ။

---

၁။ မူလပဏ္ဏာ နှာ-၇၀။

ထွက်လေဝင်လေ နှေးယင်လဲ နှေးသလိုပဲ သတိနဲ့ အသိဟာ လဲပဲ ခပ်နှေးနှေးပဲ လိုက်ခဲ့တယ်။

အဲဒီလို ကြာကြာဖြစ်ယင်လဲ ဖြစ်မှန်းသိ၊ မြန်မြန်ဖြစ်ယင်လဲ ဖြစ်မှန်းသိ၊ ကြာကြာဖြစ်တာလဲ အကုန်လုံးသိတယ်။ ကြာသလောက်လဲပဲ သတိနဲ့အသိ မလွတ်တန်း ဖမ်းနိုင်တယ်။ မြန်မြန်ဖြစ်ယင်လဲ မြန်သလောက်ပဲ သတိနဲ့အာရုံက မြန်မြန်ပဲ လိုက်နိုင်တယ် ဆိုလို့ရှိယင် ဒီပုဂ္ဂိုလ်ဟာ အရှိန်ကောင်းလာပြီ။

အဲဒီလို အရှိန်ကောင်းလာတဲ့ ယောဂီပုဂ္ဂိုလ်တယောက်သည် နောက်တဆင့် တက်လိုက်စမ်းပါ။ ထွက်သောလေ ဝင်သောလေ နှာခေါင်းမှာ ထိကနဲ စတင်တိုက်ပြီးတော့ ပေါ်လာတယ်ဆိုလို့ရှိယင် စဖြစ်ပေါ်လာတဲ့အချိန်ကတဲက သိလိုက်ပစေတဲ့။ အစကတဲက သိလိုက်ပါစေ။ အဲဒီလို စတင်ဖြစ်ပေါ်လာတဲ့ ထွက်လေဝင်လေ၏ တွန်းကန်၍ တိုး၍ ထွက်နေပုံ ဝင်နေပုံကိုလဲပဲ မကုန်မချင်း၊ မရပ်မချင်း၊ မဆုံးမချင်း၊ သတိနဲ့ အသိသည် ကပ်ပြီးတော့ထားလိုက်။

နောက်ဆုံး ကုန်ပြီးတော့ ရပ်ဆိုင်းသွားတဲ့ အချက်ကလေးကိုလဲပဲ ဒိုပရိသတ်သိလိုက်ပါစေတဲ့။ အစအလယ်အဆုံး သုံးချက်၊ တချို့က စဖြစ်တာသိပြီး အလယ်ပိုင်းကျတော့ မသိလိုက်ဘူး။ အရှိန်ဆိုတာမတူဘူး။ စဖြစ်တဲ့အခါ အရှိန်ဟာပြင်းပြီး အလယ်ပိုင်းကျတော့အရှိန်ဟာ လျော့သွား တယ်။ အဲဒီလျော့သွားတဲ့ အရှိန်ကျတော့ မသိလိုက်တော့ဘူး။

အခု ဘုန်းကြီးတို့ပြောနေတဲ့ စကားသံကို ဒိုပရိုသတ် နား ထောင်ပြီးတော့ ကြည့်စမ်းပါ။ တခါတခါကျတော့ အသံဟာ တွန်းပြီးတော့ တက်လာပြီး ဖြေးဖြေး ဖြေးဖြေးနဲ့ အသံလျော့ သွားတဲ့ အခါရှိတယ်။ အဲဒါက ဘယ်မှာကျတော့ ပိုထင်ရှား သလဲ ဆိုလို့ရှိယင် အသံဖမ်းစက်တွေထဲက အင်ဒီကေတာ (Indicater)ဆိုတဲ့ ဟိုလက်တံလေးပြနေတဲ့ နေရာမှာ ပိုထင်ရှား တယ်။ အသံလျော့သွားတဲ့အခါ ဆိုလို့ရှိယင် လက်တံလေးဟာ နောက်နား ပြန်ကပ်လာတယ်။ အသံပြန်တက်လာတယ်ဆိုလို့ရှိ ယင် ဟိုဖက် တခါတဲ အနီဖက်ကို ပြေးပြေးရိုက်တယ် မဟုတ် လား။

အဲဒီအတိုင်းပဲ ထွက်လေဝင်လေသည် တချို့ကြတော့ စ ဖြစ်ခါစမှာ တခါတဲ ရှူးကနဲ တအားထွက်လာပြီးတော့ နောက် ပိုင်းကျတော့ ဖြေးဖြေး–ဖြေးဖြေးပျော့ပြီး ကုန်ခါနီးလဲကျ ရော ဖြေးဖြေးလေး ရပ်ဆိုင်းသွားတယ်။

အဲဒီလို မတူကြတဲ့အတွက်ကြောင့် ဘုရားရှင်ကိုယ်တော် မြတ်က စ-ဖြစ်ပေါ်တဲ့အခိုက်မှာလဲပဲ ဘယ်လိုဖြစ်လာတယ် ဆို တာကို သိလိုက်ပစေ။မကုန်မချင်း တိုး၍တိုး၍ သွားနေတာကိုလဲ သိလိုက်ပစေ။ နောက်ဆုံး ထိခိုက်ပြီးတော့ ရပ်ဆိုင်းသွားတဲ့ အချက်ကလေးကိုလဲ သိလိုက်ပါစေတဲ့၊မလွှတ်တန်း အစအလယ် အဆုံး သုံးချက်လုံး အဲဒီလိုလိုက်ပါ၊ ဒီလိုဆိုပါတယ်။

## သမာဓိအား ကောင်းလာချိန်

အဲဒါကို—

"သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမိ" တိ သိက္ခတိ[၁]"—

ဆိုတဲ့ပါဠိတော်ဖြင့် ပြတယ်။ အဲဒီလို အစ အလယ် အဆုံး သုံးချက်လုံး မလွတ်တန်း ဖမ်းမိနိုင်ပြီဆိုတဲ့ အခါကျယင်ဖြင့် ဒီ ယောဂီများစိတ်သည် မပြေးတော့ဘူးဗျာ၊ သမာဓိ ဘယ်လောက်ကောင်းထားသလဲ။

စ-ဖြစ်တာလဲသိတယ်။ အလယ်ပိုင်း ဖြေးဖြေးလေး တွန်းပြီး တော့ ထွက်နေတာ ဝင်နေတာကိုလဲ သိတယ်။ နောက်ဆုံး ရပ်သွားတာကိုလဲ ကုန်သွားပြီဆိုတာကိုလဲပဲ သိလိုက်တယ်ဆိုယင် ဖြင့် အဲဒီပုဂ္ဂိုလ်ရဲ့ ရှုကွက်ဟာ စိပ်လာပြီတဲ့။ သတိနဲ့အသိ တခါတဲ သွက်လာပြီ။ အဲဒီလို သွက်လာပြီဆိုလို့ရှိယင် ဒီပရိသတ် ကိုယ့်ကိုယ်ကို မိမိရဲ့ကိုယ်နဲ့စိတ်ကို အာရုံလေး နဲနဲယှဉ်ကြည့်လိုက်စမ်း။

အေးနေတယ်။ အဲဒီအချိန်မှာ ဘာပြုလို့ အေးသွားသလဲ။ သမာဓိ ကောင်းကောင်းကြီး ဝင်နေပြီ ဖြစ်တဲ့အတွက်ကြောင့် နီဝရဏသည် ထိုအချိန်မရှိတော့ဘူး။အစရော အလယ်ပါ အဆုံးပါ သုံးချက်လုံးမိအောင် မလွတ်တန်း ဖမ်း၍ဖမ်း၍ လိုက်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ဟော-တော်တော်လဲကြာရော စိတ်သည် ငြိမ်ပြီး အဲဒီအချိန်မှာ နီဝရဏကင်းပြီးတော့ အေးလာပါတယ်။

---

၁။ မူလပဏ္ဏာ နှာ-၇၀၊

ဒါကြောင့်မို့လို့ ဖုသနနည်းကနေပြီးတော့ စိတ်သည် ဘယ်ရောက်သွားလဲဆိုလို့ရှိယင် ဥပနာရောက်သွားတယ်။ ထွက်လေဝင်လေရဲ့ ထိခိုက်သောနေရာမှာ စိတ်ကိုမရွှေတန်း။ မလွှတ်တန်းထားနိုင်ပြီဆိုတာဟာ ဒါ-ဥပနာ။

အစရော အလယ်ပါ အဆုံးပါ မလွှတ်တန်း။ အစ အလယ် အဆုံး သုံးချက်လုံး လိုက်လိုက်–လိုက်လိုက်ပြီးတော့ မှတ်နိုင်တာဟာ အဲဒါ အနုဗန္ဓနာနည်းတဲ့။ ဒီလိုခေါ်ပါတယ်။

ဖုသနာရယ် ဥပနာရယ် အနုဗန္ဓနာရယ်၊ ဒီသုံးခု ပိုင်သွားယင် ဒွိပရိသတ် ဂဏနာနည်းဟာ လုပ်စရာတောင် မလိုတော့ဘူး။ ဒီတော့—

## ကမ္မဋ္ဌာန်းနှင့် စရိုက်

အာနာပါနံ၊ အာနာပါနကမ္မဋ္ဌာန်းသည်။ ဝိတက္က စရိတဿ စ၊ ဝိတက်စရိုက်များတဲ့ ပုဂ္ဂိုလ်အတွက်ငင်း။ မောဟစရိတဿ စ။ မောဟစရိုက်များတဲ့ ပုဂ္ဂိုလ်အတွက် ငင်း။ သပ္ပါယံ၊ လျောက်ပတ်၏။

(အဘိဓမ္မတ္ထသင်္ဂဟ ကမ္မဋ္ဌာန်းပိုင်း သပ္ပါယဘေဒ)

အာနာပါနကမ္မဋ္ဌာန်းသည် ဘယ်လိုပုဂ္ဂိုလ်နဲ့ အလျောက်ပတ်ဆုံးလဲ ဆိုလို့ရှိယင် ဝိတက်အားကြီးတဲ့ပုဂ္ဂိုလ်နဲ့ မောဟအားကြီးတဲ့ပုဂ္ဂိုလ်အတွက် အတော်ဆုံးကမ္မဋ္ဌာန်း။ ဒီလိုပြောပါတယ်။ လူတိုင်းနဲ့ တော်ရမယ်လို့တော့ မဆိုလိုဘူး။ တချို့ ဒေါသအားကြီးတာရှိတယ်။ တချို့ လောဘအားကြီးဘာရှိတယ်။

လော်ဘလွန်ကဲတဲ့ ပုဂ္ဂိုလ်သည် အသုဘက စပေတော့။ ဒေါသအားကြီးတဲ့ပုဂ္ဂိုလ်သည် မေတ္တာက စပေတော့။ ဝိတက်နဲ့ မောဟအားကြီးတဲ့ ပုဂ္ဂိုလ်များဆိုယင်ဖြင့် အာနာပါနက စ။ ယခုပြောခဲ့တဲ့အတိုင်း ထိသောနေရာ စိတ်ထား။ ဖုသနနဲ့ ဌပနာ ဝင်ပြီးတော့ တော်တော်ကြာ ထွက်လေဝင်လေရဲ့ အစရော အလယ်ပါ အဆုံးပါ သုံးချက်လုံးမိအောင် လိုက်နိုင်ယင်ဖြင့် အဲဒါ အနုဗန္ဓနာ ဝင်သွားပြီတဲ့။ အနုဗန္ဓနာ=အစဉ်လိုက်သောနည်း။ဌပနာ=ထိခိုက်သောနေရာမှာစိတ်ကိုထားနိုင်သောနည်း။

အဲဒီလို အားထုတ်သာတဲ့ ယောဂီပုဂ္ဂိုလ်သည် ယခုနက ပြောပြထားခဲ့တဲ့အတိုင်း ဓမ္မဝိစယ သမ္ဗောဇ္ဈင် အသုံးချတဲ့အခါ ကျတော့ ဘာပေါ်လာသလဲ ဆိုလို့ရှိယင် ပရမတ္ထ ခတ်သား ပေါ်လာရမယ်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ဘာအတွက် အသုံးချရတာလဲလို့ဆိုယင် ပရမတ္ထခတ်သားပေါ်လာအောင် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို အသုံးချရပါတယ်။

ပရမတ္ထတရား ပေါ်ပြီးတော့ လာအောင် ဒို့တရားနာပရိသတ်များ ဓမ္မဝိစယ သမ္ဗောဇ္ဈင်အသုံးချစစ်လိုက်တဲ့ အခါကျတော့ နှာခေါင်းဆိုတဲ့ သမုတ်သစ္စာ ပညတ်ကြီးဆိုတဲ့ ပုံသဏ္ဌာန်ကြီးကိုလဲ တဖက်သတ် မရှုကြပါပဲနဲ့ နှာခေါင်းဆိုဘာ ကြည့်လိုက်စမ်း။ မျက်စိနဲ့မြင်ရတဲ့ ပုံသဏ္ဌာန်ကြီးရှိဘယ်။ သဏ္ဌာနပညတ်ကြီး။

အဲဒီ နှာခေါင်းဆိုတဲ့ ရုပ်ထဲမှာ ဘာရှိနေသလဲ ဆိုလို့ရှိယင် ဃာနပသာဒကို မပြောနဲ့ အသာဖယ်ထား။ ထွက်လေဝင်လေ

အားထုတ်တယ်ဆိုတာ အနံ့ရှုနေတာ မဟုတ်ဘူး။ နှာခေါင်းမှာ ဘာရှိနေသလဲဆိုလို့ရှိယင် ကာယပသာဒဆိုတာ ရှိတယ်။ ဃာန ပသာဒရဲ့တည်ရာကို မပြောပါနဲ့။ ဒိုပြင်နေရာမှာ (နှာခေါင်းရဲ့ ဃာနပသာဒ တည်နေရာမှတပါး ဒိုပြင်နေရာတွေမှာ) ဖြန့်ပြီး တော့ အာရုံပြုပြီး ကြည့်လိုက်စမ်းပါ။ ကာယပသာဒလို့ခေါ်တဲ့ အတွေ့အထိကို ခံယူနိုင်တဲ့ ပသာဒရုပ် သူ့မှာရှိတယ်။

## ဖောဋ္ဌဗ္ဗဓာတ် သုံးပါး

အတွေ့အထိဆိုတဲ့ ဖေါဋ္ဌဗ္ဗအာရုံကလဲပဲ ဘာတွေကို ဖောဋ္ဌဗ္ဗ ခေါ်သလဲဆိုယင် ပထဝီဓာတ်ရယ်၊ တေဇောဓာတ်ရယ်၊ ဝါ ယောဓာတ်ရယ်၊ သုံးပါး။

"ဒွိပရိသတ်၊ ဂရုစိုက်စမ်းပါ၊ ဓာတ်ဘယ်နှစ်ပါးလဲ"

"ဓာတ်သုံးပါးပါဘုရား"

"ဘာဓာတ် ဘာဓာတ်တုန်း"

"ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ပါ ဘုရား"

ဓာတ်သုံးပါး။ ပထဝီဓာတ်ရယ်၊ တေဇော ဓာတ်ရယ်၊ ဝါယောဓာတ်ရယ်၊ အာပေါဓာတ်မထည့်နဲ့။

"အာပေါဓာတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ"

"ဒီစကား ဒွိပရိသတ်၊ ဒီစကား ဘယ်မှာတွေ့ဘူးသတုန်း"

"သင်္ဂြိုဟ်မှာပါ ဘုရား"

အေး - အဘိဓမ္မတ္ထသင်္ဂြိုဟ်မှာ ပါသွားပဲ။ အာပေါဓာတ်မှ တပါး ကျန်တဲ့ဓာတ် သုံးပါးသည် အဲဒါ ဖောဋ္ဌဗ္ဗဓာတ်ခေါ် တယ်တဲ့။ တွေ့ထိလို့ ရစကောင်းတယ်။ အာပေါဓာတ်က တွေ့ထိ လို့မရဘူး။ ဖွဲ့စည်းတဲ့သဘော။ ဘယ်လို လုပ်ထိမလဲ။ ထိလို့ကို မရဘူး။

နူးညံ့တယ်၊ ကြမ်းတမ်းတယ်ဆိုတဲ့ သဘာဝကို ပေါ်အောင် ဘာနဲ့ ထိမလဲဆိုလို့ရှိယင် ဘုန်းကြီးတို့ပရိသတ်၊ ကာယပသာဒနဲ့ ထိယူရတယ်။ ပူတယ် အေးတယ်ဆိုတဲ့ တေဇောဓာတ်ရဲ့ ဖောဋ္ဌဗ္ဗ သဘာဝလေးကို ဘာနဲ့ ထိယူရမလဲဆိုလို့ရှိယင် ကာယပသာဒနဲ့ ထိယူရတယ်။ တွန်းကန်နေတယ်၊ ထောက်ကန်နေတယ် ဆိုတဲ့ ဝါယောဓာတ်ရဲ့ ဝိတ္ထမ္ဘနလက္ခဏာလေးကို သိချင်ယင် ကာယ ပသာဒမှာ ထိယူရတယ်။

## ဖောဋ္ဌဗ္ဗအာရုံ သုံးခု

ဒါကြောင့် နှာသီးဝဘနေရာ ထိသွားတယ်ဆိုတာဟာ ဖော- ဋ္ဌဗ္ဗ သဘောလေးကို ပြောတာ။ အဲဒီ ဖောဋ္ဌဗ္ဗအာရုံသည်(ယခု ပြောပြထားခဲ့တဲ့ ဖောဋ္ဌဗ္ဗအာရုံသည်)ဘယ်နှစ်မျိုးတုန်းဗျာ။

“ဒို့ပရိသတ် မျက်စိလယ်သွားပြီ၊ ဖောဋ္ဌဗ္ဗအာရုံသည် ပထဝီ ဓာတ် ဆိုတာကတခု၊ တေဇောဓာတ် ဆိုတာကတခု၊ ဝါယော ဓာတ် ဆိုတာကတခု၊ ဘယ်နှစ်ခုပါလဲ”

“သုံးခုပါဘုရား”

ပထဝီဓာတ်ကလဲ တွေ့ထိစကောင်းတဲ့ အာရုံဖြစ်ခြင်းကြောင့် သူလဲဖောဋ္ဌဗ္ဗအာရုံ၊ တေဇောဓာတ်ကလဲ တွေ့ထိစကောင်းတဲ့ အာရုံဖြစ်ခြင်းကြောင့် သူလဲဖောဋ္ဌဗ္ဗအာရုံ၊ ဝါယောဓာတ်ကလဲ တွေ့ထိစကောင်းတဲ့ အာရုံဖြစ်ခြင်းကြောင့် သူလဲ ဖောဋ္ဌဗ္ဗအာရုံ လို့ ဖောဋ္ဌဗ္ဗအာရုံသုံးပါး။

အဲဒီ ဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံသည် ဘယ်မှာသွားပြီးတော့ ထိခိုက်သလဲဆိုလို့ရှိယင် ကာယပသာဒမှာ ထိခိုက်ရတယ်။ ဂန္ဓာရုံကတော့ ဃာနပသာဒထိခိုက်၊ ရသာရုံက ဇိဝှါပသာဒထိခိုက်၊ သဒ္ဒါရုံက သောတပသာဒထိခိုက်၊ ရူပါရုံက စက္ခုပသာဒထိခိုက်၊ ဒို့ပရိတ်သတ် ဒါတွေသိပြီးသားတွေပါ။ အရိယမဂ္ဂာရုံ ဆိုတော့ ဘယ်ညှိမလဲ။

"ကိုင်း ကာယပသာဒမှာ ထိခိုက်တဲ့ ဖောဋ္ဌဗ္ဗာရုံ၊ ဖောဋ္ဌဗ္ဗာရုံလို့ ခွဲလိုက်တော့ ပထဝီ၊ တေဇော၊ ဝါယော ဓာတ် ဘယ်နှစ်ပါးတုန်း"

"သုံးပါး ပါဘုရား"

"သုံးပါး၊ ကောင်းပြီ။ ဒီတော့ နှာခေါင်းသားတနေရာမှာ ထိသွားဘာလေးကို အာရုံပြုဆိုတော့ ဒို့ပရိသတ် ထိသွားတာခု ဘယ်နှစ်မျိုးတုန်း"

"သုံးမျိုးပါ ဘုရား"

"သုံးမျိုးနော်။ ဝါယောဓာတ်တခုတဲ ထွက်လေဝင်လေတခုတဲ ထိသွားတယ်လို့ ဒို့ ပရိသတ်မမှတ်နဲ့၊ ဘယ်နှစ်မျိုးထိသွားသလဲ"

သဲ ကုန်း [၄] (ဒုတိယအကြိမ်)

"သုံးမျိုးပါဘုရား"

အေး အဲဒါကွဲအောင်ရှုဗျ။ ရှုတဲ့အခါမှာ ထိသွားတယ်၊ ထိသွားတယ်ဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံသည် သုံးမျိုး ထိထိပြီးတော့ သွားတာကို ဒိဋ္ဌိပရိသတ်က တမျိုးတည်းထိသွားတယ်လို့ လုပ်နေလို့ ရှိယင် အဲဒါသုံးမျိုးလုံးကို တမျိုးတည်း ပေါင်းထားတဲ့ အတွက် ကြောင့် အဲဒီယောဂီရဲ့ဉာဏ်ထဲမှာ သမူဟဃနဆိုတဲ့ အစိုင်အခဲ ကြီး ဝင်သွားတယ်။ သမူဟဃန ဝင်ခဲ့ယင် အနတ္တဉာဏ်အမြင် မရောက်ဖူးဆိုတာဟာ မူလဋီကာ အဘိဓမ္မာကျမ်းမှာ ဖွင့်ထား လျက် ရှိပါတယ်။

"မှန်ပါ့ဘုရား"

"ဖောဋ္ဌဗ္ဗအာရုံဆိုတာ ဒိဋ္ဌိပရိသတ် မှတ်လိုက်ကြနော်။ ဘယ် နှစ်မျိုးတုန်း"

"သုံးမျိုးပါဘုရား"

"ပထဝီဓာတ်ရယ်၊ တေဇောဓာတ်ရယ်၊ ဝါယောဓာတ်ရယ်။ ဘယ်နှစ်မျိုးပါလဲ"

"သုံးမျိုးပါဘုရား"

"ဟုတ်ပြီ။ အဲဒီ ပထဝီ တေဇော ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗ အာရုံတို့သည် နှာခေါင်းမှာထိတယ်လို့ ပြောကြတယ်။ ခုပြော နေတာကတော့ စကားပြောလို့ လွယ်အောင် မှတ်သားလို့လွယ် အောင် နှာခေါင်း ထိတယ်လို့ ပြောနေတယ်။ တကယ်တော့ နှာခေါင်းမှာ မထိဘူး။ ဘယ်သွားထိသတုန်း ဆိုလို့ရှိယင် ကာယ ပသာဒမှာထိတယ်ဗျ၊ ဘယ်ထိတုန်း"

"ကာယပသာဒမှာ ထိပါတယ်ဘုရား"

## ပညတ်နဲ့ ပရမတ် ကွဲအောင်ရှု

"ကာယပသာဒမှာ ဖောဋ္ဌဗ္ဗာရုံက ဖော်လို့ရတယ်။ နွားခေါင်းမှာ ဖော်လို့မရဘူး။ နွားခေါင်းဆိုတဲ့ သမုတိသစ္စာ ပညတ်ကို လွန်ပြီးတော့ ယခုကာယပသာဒဆိုတဲ့ ပရမတ္ထတရားကို ဒို့ပရိသတ် ရောက်သွားပြီ။ ပညတ်နဲ့ပရမတ်ခွဲလိုက်တော့ အဲဒီလိုနော်"

"မှန်ပါ့ဘုရား"

"နွားခေါင်းဆိုသည်ကား ဘာတဲ့တုန်းဗျာ"

"ပညတ်ပါဘုရား"

"ဘာသစ္စာတဲ့လဲ"

"သမုတိသစ္စာပါဘုရား"

"ဒါ နွားခေါင်းဟော့လို့ ပြောယင် အရင်ထဲ အကုန်လုံးမှန်တယ်နော်"

"မှန်ပါ့ဘုရား"

"အဲဒါ သမုတိသစ္စာပညတ်၊ နွားခေါင်းလို့ မရှုလိုက်ပဲနဲ့ ယခုပြောခဲ့တဲ့ ဖောဋ္ဌဗ္ဗဓာတ် သုံးပါးတို့သည် နွားခေါင်းကို ထိတာ မဟုတ်ဖူးဟော့၊ ကာယပသာဒရုပ်ကို ထိသွားတာလို့ဆိုခဲ့ယင် ဒို့တရားနာ ပရိသတ် ထိုကာယပသာဒ ရုပ်သည် ပရမတ္ထတရားတခု၊ အဲဒီ ပရမတ္ထဓာတ်သား ကာယပသာဒကို ထိပြီးတော့ သွားတာက ဝါယောဓာတ်တလုံးတဲမဟုတ်ဖူးတဲ့။ ပူတယ် အေးတယ်ဆိုတဲ့ သဘာဝကိုလဲ ဒီထဲမှာ ပါပြီးလာတယ်။ တွန်းကန်

တယ်ဆိုတဲ့ ဝါယောဓာတ်လဲပါတယ်။ တောင့်တင်းတယ် ဆိုတဲ့ ပထဝီဓာတ်လဲ ပါပြီးတော့ လာခဲ့တယ်။ ဖောဋ္ဌဗ္ဗဓာတ် ဘယ်နှစ်ပါးပါလဲ''

''သုံးပါး ပါလာပါတယ်ဘုရား''

''အဲဒီတော့ ကာယပသာဒရုပ်က တခု၊ တေဇောရုပ်က တခု၊ ဝါယောရုပ်က တခု၊ ပထဝီရုပ်က တခု ရယ်လို့ ရုပ်ဘယ်နှစ်မျိုး ကွဲရမလဲ''

''လေးမျိုး ကွဲရပါတယ်ဘုရား''

''ပထဝီရယ် တေဇောရယ် ဝါယောရယ် သုံးခု၊ ကာယပသာဒရုပ်က တခုရယ်လို့ ရုပ် ဘယ်နှစ်ခုတုန်း''

''လေးခုပါဘုရား''

လေးမျိုးနော်။ ဒီတော့ယင် ထိသောနေရာမှာ စိတ်ထားလို့ ဒို့ယောဂီများ ရုပ်တရားလေးပါး၊ အဲဒီလို ကွဲအောင် ရှုလိုက်။ အခံတရားဖြစ်တဲ့ပသာဒ၊ ထိုအခံတရားကို တိုက်၍ သွားနေတဲ့ ဝါယောဓာတ်ဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံတခု၊ တေဇောဓာတ်ဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံတခု၊ ပထဝီဓာတ်ဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံ တခု ရယ်လို့ အာရုံသုံးခု။

''မှန်ပါ့ဘုရား''

ဝင်လေထဲမှာလဲပဲ အဲဒီလို ပထဝီ တေဇော ဝါယောဆိုတဲ့ ဓာတ်သုံးပါး၊ အဲဒီဓာတ်သုံးပါး ထိခိုက်ရာဖြစ်တဲ့ ကာယပသာဒ ရုပ်တခုရယ်လို့ ရုပ်က လေးပါး၊ ဉာဏ်ထဲမှာ ကွဲပြီးတော့ သွားပါစေ။

"မှန်ပါ့ဘုရား"

## ဈာန (၄)ချက်

အဲဒီလိုဆိုယင် ဓမ္မဝိစယသမ္ဗောဇ္ဈင် အတော် အားကောင်းလာပြီ။ အဲဒီလို ခုတ်သုံးခု ပူးပေါင်းပြီးတော့ သွားနေတာကို ပေါင်းထားတဲ့အတိုင်းကြီး၊ အလုံးအတိုင်းကြီး၊ အခဲအတိုင်းကြီး သာလျှင် ဒို့ယောဂီများ ရှုနေမယ်ဆိုယင် အဲဒီလို အပေါင်းအတိုင်း၊ အလုံးအတိုင်း၊ အခဲအတိုင်း ရှုတဲ့ ရှုကွက်ကို စာပေနယ်က သမူဟဈာနပေါ်မှာ ရှုနေတာလို့ ဆိုတယ်။

"ဒို့ ယောဂီများ၊ ဘယ်ဈာနပေါ်မှာလဲ"

"သမူဟဈာနပေါ်မှာပါဘုရား"

"ဈာနလေးချက်ရှိတယ်။ သမူဟဈာနရယ်၊ အာရမ္မဏဈာနရယ်၊ ကိစ္စဈာနရယ်၊ သန္တတိဈာနရယ်လို့ ဈာန ဘယ်နှစ်ပါးလဲ"

"လေးပါးပါဘုရား"

ဈာနဆိုတာ "အခဲ၊ အလုံး၊ အခိုင်၊ ထုထည်၊ အပေါင်း" အဲဒီလို ပေါင်း၍ လုံး၍ ခဲ၍ ရှုနေတာကို ဈာနပေါ် ရှုတယ်လို့ ခေါ်တယ်။

"မှန်ပါ့ဘုရား"

သတ္တိသုံးမျိုးကို ကွဲအောင် ခွဲရှုပါလို့ ဆိုထားပါလျက်နဲ့ ထိုယောဂီက တွန်းကန်ပြီးတော့သွားနေတာ ဝါယောခုတ်တခုတဲ့ပဲဆိုပြီး ပထဝီနဲ့ တေဇောကို ဝါယောထဲပေါင်းပြီး ရှုလိုက်ယင် အဲဒီပုဂ္ဂိုလ် သမူဟဈာန။

"ပထဝီရယ်၊ တေဇောရယ်၊ ဝါယောရယ် သုံးခုပေါင်းပြီး ရှုခဲ့ယင် ဒိဋ္ဌိပရိသတ် ဘာဃနလဲ"

"သမူဟဃနပါဘုရား"

သမူဟဃန။ အဲဒါမပေါင်းပါနဲ့တဲ့။ "တွန့်းတာ ကန်တာ" လေးလဲ ဒီထဲမှာ ပါလာတယ်ဆိုတဲ့ အကြောင်းကို စိစစ်ပြီးတော့ ကြည့်ယူတဲ့။ "ပူတယ် အေးတယ်"ဆိုတဲ့ သဘောလေးလဲ ပါလာတယ်ဆိုတာကို စိစစ်ပြီးတော့ ကြည့်ယူ။ ဘယ်နေရာကနေ စိစစ်ရမှာလဲ။ ထိခိုက်တဲ့ နေရာလေးကနေ စိစစ်ပါ။ဟုတ်ပလား။

"မှန်ပါဘုရား"

ထိခိုက်တဲ့နေရာက စိစစ်ပါ။ ပူတာအေးတာဆိုတာ အပူတွေ လွန်ကဲလာတော့ တေဇောရဲ့ တက်ကြွတဲ့သဘော။ အပူတွေ လျော့သွားပြီဆိုတော့ တေဇောရဲ့ လျော့သွားတဲ့ သဘောပဲ။ တေဇောရဲ့ အတက်အကျကို ပူတယ် အေးတယ်လို့ ခေါ်တယ်။

တွန့်းကန်တဲ့သဘောက ဝါယောဓာတ်ရဲ့သဘော။ တခါတခါကျတော့ အဲဒီတွန့်းကန်တယ် ပူတယ်ဆိုတဲ့ အထဲကနေ တင်းပြီးတော့ လာပြန်တယ်။တင်းတင်း တင်းတင်းနဲ့ တခါတဲတောင့်နေပြီ ဆိုလို့ရှိယင် ဒါက ပထဝီဓာတ်ရဲ့ ကက္ခဠလက္ခဏာတွေ ပေါ်လာပြန်တယ်။ အဲဒီ လက္ခဏာသုံးချက် ဓာတ်သုံးခု ဖောဋ္ဌဗ္ဗ အာရုံသုံးခုကို ဒိဋ္ဌိပရိသတ်က အာရုံသုံးခုထင်အောင် မရှုပဲနဲ့ အာရုံတခုတဲ ပေါင်းရှုခဲ့ယင် အဲဒါဟာ အာရမ္မဏဃန ခေါ်ပါတယ်။

"ဒို့ပရိသတ်၊ ဖောဋ္ဌဗ္ဗာရုံသည် ခုပြောတာ ဘယ်နှစ်မျိုး တုန်းဗျာ"

"သုံးမျိုးပါဘုရား"

"ပထဝီ၊ တေဇော၊ ဝါယော သုံးမျိုးနော်"

"မှန်ပါ့ဘုရား"

"တောင့်တင်းတာရယ်၊ တွန်းကန်တာရယ်။ ပူတာ အေးတာ ရယ် ဘယ်နှစ်မျိုးတုန်း"

"သုံးမျိုးပါဘုရား"

ဖောဋ္ဌဗ္ဗ အာရုံ ထိခိုက်လာတဲ့ အာရုံသည် သုံးခု။ သုံးခု ထိခိုက်လာတဲ့ အာရုံကို ဒို့ပရိသတ်က တခုတဲအနေနဲ့ ပေါင်းရှုခဲ့ ယင် ထိုအာရုံသုံးခုကို ပေါင်းလိုက်တာဖြစ်ခြင်းကြောင့် အဲဒါ **အာရမ္မဏဃန** ခေါ်တယ်။

အဲဒီတော့ အာရုံသုံးမျိုးအပေါ်မှာ အပေါင်း အနေနဲ့ **အာရမ္မဏဃန** ထင်သွားပြန်ယင် ဝင်သွားပြန်ယင်လဲပဲ အဲဒါ အနတ္တအဲတွက် ထို ပုဂ္ဂိုလ်ဟာ အခက်အခဲဖြစ်နေတတ်သည်။ ဒီလိုဆိုတယ်။ ဒါ့ကြောင့် အာရုံတွေလဲ ပေါင်းပြီး မနေစေနဲ့။ ကွဲအောင် ခွဲထား။ ခေတ်သားသတ္တိတွေလဲ ပေါင်းပြီးမနေ စေနဲ့။ အဲဒါ ကွဲအောင် ခွဲပြီးတော့ ထားလိုက်။

## ဝိပဿနာသမ္မာဒိဋ္ဌိ အစ

ထွက်လေဝင်လေ တခုတဲမှာပင်လျှင် အဲဒီလိုခေတ်တွေ ကွဲခဲ့ ယင် ခန္ဓာကိုယ်တကိုယ်လုံး ဒို့ပရိသတ်ကြည့်ချင်တဲ့နေရာ ကြည့်

စမ်းပါဗျာ။ ဒီနည်းဟာ အကုန်သွားတာပါပဲ။ ငယ်ထိပ်တို့ ရင်ချိုင့်တို့ ချက်တိုင်တို့ ဟုတ်လား။ ဝမ်းဗိုက်တို့ ဘယ်နေရာကြည့်ကြည့် ဒီအတိုင်းချည်းပါပဲ။

ယခု အာနာပါန ကမ္မဋ္ဌာန်းကတော့ နှာသီးဝ ထိသွားတဲ့ နေရာလေးက မမေ့နဲ့ဆိုတဲ့အတိုင်း အာနာပါနကိုသာ အားထုတ်မယ် ဆိုခဲ့ယင် ထိုယောဂီသည် ထိုနေရာက ဘယ်မှ မရွေ့နဲ့တော့။ ဒီချည်တိုင်နဲ့ ခိုင်အောင်သာချည်ထား။ အဲဒီနေရာကနေ ချည်ထားပြီးတော့ ခုနပြောခဲ့တဲ့ ဖောဋ္ဌဗ္ဗအာရုံသုံးပါး ကွဲအောင် ခွဲလိုက်။ အဲဒီလို ကွဲအောင်ခွဲလာတဲ့ ယောဂီရဲ့စိတ်ထဲမှာ တဆင့် ဘယ့်နှယ် တက်သွားသလဲဆိုတော့ နှာခေါင်းဆိုတာနဲ့ ကာယပသာဒနဲ့လဲ အဲဒီမှာ ပညတ် ပရမတ် ကွဲသွားပြီ။ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာကိုလဲ ကွဲသွားပြီ။

အဲဒီလို ထိခိုက်ပြီးတော့ လာခဲ့တဲ့ ထွက်သက် ဝင်သက်လို့ အများသမုတ်ထားတဲ့ သမုတိသစ္စာကို ကျော်လွန်၍ ယခုဉာဏ်ထဲမှာပေါ်လာတာက ဟော....''ဒါက တွန်းကန်ပြီးတော့ လာတာ ဝါယောဓာတ်၊ ဒါက ပူအေးပြီးတော့ဖြစ်ပေါ်လာတာ တေဇောဓာတ်၊ ဒါက တောင့်တင်းပြီးတော့ လာခဲ့တာ ပထဝီဓာတ်ပဲ''လို့ ပရမတ္ထဓာတ်သား ဖောဋ္ဌဗ္ဗ အာရုံသုံးခုကို ဉာဏ်ထဲမှာ ကွဲခဲ့ပြီ။

ထွက်သက်ဝင်သက်လို့ အများသမုတ်နေတဲ့ သမုတိသစ္စာကို ကျော်လွန်၍ ပရမတ္ထသစ္စာတည်းဟူသော ဓာတ်သုံးပါးကိုဖြင့် ဒို့ ယောဂီများ ပိုင်သွားသည်။ ဝိပဿနာသမ္မာဒိဋ္ဌိ စပြီးတော့

လာတယ်။ အဲဒီ ပရမတ္ထခေတ်သုံးပါး ဉာဏ်ထဲမှာ ယခုလို ကွဲကွဲ ပြားပြား ခြားခြားနားနား ဖြစ်ပြီးတော့လာအောင် ခွဲခြမ်း စိတ်ပြီးတော့ ပေးနေတာက ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတဲ့ ဉာဏ် ပညာ။

အဲဒီလို ပရမတ္ထခေတ်သားတွေ ပထဝီရယ် တေဇောရယ် ဝါယောရယ် ကာယပသာဒရယ်ဆိုတဲ့ပရမတ္ထတရားတွေ ယောဂီ ရဲ့ဉာဏ်ထဲမှာ ထင်ရှားစေတာက သတိဆိုတဲ့ဓမ္မခေတ်။ ထင်ရှား လာတဲ့အဲဒီ ပရမတ္ထတရားတွေအပေါ်မှာ ယောဂီရဲ့စိတ်ကို ငြိမ် အောင်ထိန်းပြီးတော့ ပေးထားတာကသမာဓိဆိုတဲ့ သမ္ဗောဇ္ဈင်၊ အလွန်တရာ ရိုင်းစိုင်းယုတ်မာ ပြေးလွှားနေတဲ့စိတ်တွေကို မပြေး ရလေအောင် ထိန်းပေးတယ်။ ချွန်းကဲ့သို့ အုပ်ပေးတယ်ဆိုတဲ့ ဝီရိယကလဲပဲ ဗောဇ္ဈင်တခုပါပဲ။

"ဒီတော့ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဗောဓိဉာဏ် အင်္ဂါလေးပါး ရနေပြီ။ ဒို့ယောဂီများ ဗောဓိဉာဏ်အင်္ဂါ ဘယ် နှစ်ပါး ရနေပြီလဲ"

"လေးပါး ရနေပါပြီဘုရား"

ဗောဇ္ဈင်လေးပါး ဝင်ပြီးတော့ လာခဲ့တဲ့ ရှုကွက် ပရမတ္ထ တရားတွေကိုလဲပဲ ရုပ်ပိုင်းက ကြည့်လိုက်မယ်ဆိုယင် ပထဝီ၊ တေဇော၊ ဝါယော၊ ကာယပသာဒဆိုတဲ့ ရုပ်တရား။ နာမ် တရားဖက်ကို ကြည့်လိုက်ပြန်တော့လဲပဲ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ ဆိုတဲ့ စေတသိက်နာမ်တရား၊ "ပူတာအေးတာ တွန်းကန်

တာ တောင်တင်းတာ” သိသိ သိသိပြီး လိုက်သွားတဲ့ ဝိညာဉ် မဟာကုသိုလ်စိတ်ဆိုတဲ့ နာမ်တရား၊ “စိတ်ရော၊ စေတသိက်ရော၊ ရုပ်ရော စုံပြီးတော့ မသွားဘူးလား။ ဒွိပရိသတ်”

“စုံသွားပါတယ်ဘုရား”

အဲဒီလို သင်္ခတ တရား ပရမတ္ထတရားတွေကို ကွဲကွဲပြားပြား ခြားခြားနားနား စိစစ်ပြီးတော့ အလုပ်လုပ်ရတယ်တဲ့။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိုဦးဆောင်စေရမယ်လို့ဆိုတယ်။ ဝိပဿနာမှာနော်။

“မှန်ပါ့ဘုရား”

## နိဗ္ဗာနခွါပြီ

ဝိပဿနာ တရားမှာဖြင့် အဲဒီလို ဓမ္မဝိစယသမ္ဗောဇ္ဈင် ဦးဆောင်ပါစေ။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဦးမဆောင်ပဲနဲ့ သူနောက်က နေခဲ့ယင် ဉာဏ်ဦးမစီးခဲ့ယင်ဖြင့် ဝိပဿနာလုပ်ငန်းမှာ ဒွိပရိသတ် အခက်အခဲတွေ တွေ့တတ်တယ်။ ဉာဏ်ဦးစီးရမယ်။

အဲဒီလို အလုပ်လုပ်ပြီးတော့ လာခဲ့တဲ့ ဒွိယောဂီများ ယခုနက ပြောပြထားခဲ့တဲ့ သွက်လေဝင်လေလဲပဲ ထိခနေသောနေရာလေးမှာ ထားနိုင်တယ်။ အစ အလယ် အဆုံး သုံးချက်လုံးအကုန်ဖမ်းနိုင်တယ်။ မလွတ်ဘမ်း ဖမ်းနိုင်ပြီဆိုတော့ စိတ်ဟာ တည်ငြိမ်ပြီးတော့ ကျလာခဲ့ယင် ခေါ့စောက ပြောပြထားခဲ့တဲ့ အတိုင်း ဗောဇ္ဈင်လေးပါးလဲ ပိုင်ပိုင်ကြီးရထားတဲ့ ယောဂီပုဂ္ဂိုလ်တယောက်ရဲ့ သန္တာန်မှာ နိဗ္ဗာန ငါးပါးသည် ထိုအချိန် မဝင်နိုင်တော့ပါဘူး။

"ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ" ဆိုတဲ့ နီဝရဏတရား ငါးပါးတို့သည် ထိုအချိန် ထိုယောဂီရဲ့ သန္တာန်မှာ မရှိတော့ဘူး။အလွန်တရာ လှုပ်ချောက်ချားတတ်တဲ့ အလွန်တရာ ပူပန်စေတတ်တဲ့ အလွန်တရာ ပင်ပန်းဆင်းရဲစေတတ်တဲ့ ကာမစ္ဆန္ဒစိတ်၊ ဗျာပါဒစိတ်ဆိုတဲ့ နီဝရဏ တရားဆိုးတို့သည် ထိုအချိန်မှာ ဒို့ ယောဂီများသန္တာန်မှာ မရှိတော့ဘူး။

"ဒို့ပရိသတ်၊ နီဝရဏတွေ ထိုအချိန်ရှိသေးသလား"

"မရှိတော့ပါ ဘုရား"

"မရှိတော့ဘူးတဲ့။ နီဝရဏငါးပါး ကင်းသွားတယ် ဆိုလို့ရှိယင် ဒို့ပရိသတ်ရဲ့ သန္တာန်မှာ ပဿဒ္ဓိဆိုဘာ ဝင်သွားတယ်။ နီဝရဏက ပူလောင်တတ်တဲ့သဘော။ အဲဒီ ပူလောင်တတ်တဲ့သဘော ဆိုတဲ့ နီဝရဏတွေ ကင်းသွားတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အပူကင်းသွားယင် ဒို့ပရိသတ် ဘာရောက်လာသလဲ"

"အအေး ရောက်လာပါတယ် ဘုရား"

"အအေး ရောက်လာတယ်။ အဲဒီ အေးချမ်းတဲ့ သဘောကို ပဿဒ္ဓိလို့ စာပေမှာ ဒီလိုသုံးတယ်။ အေးချမ်းတဲ့ သဘောကို ဘာလို့ခေါ်သလဲ"

"ပဿဒ္ဓိလို့ ခေါ်ပါတယ် ဘုရား"

ကာယပဿဒ္ဓိ စေတသိက်တွေလဲ အေးချမ်းသွားတယ်။ စိတ္တပဿဒ္ဓိ စိတ်ထဲမှာလဲပဲ ကိလေသာအပူတွေ အေးချမ်းသွားတယ်။ တနည်းပြောရယင် ကိလေသပဿဒ္ဓိ=ကိလေသာတရား

တွေ အခိုက်အတန့် အေးသွားတယ်ဆိုတဲ့ သဘောလေးဟာ ဒို့ပရိသတ်၊ ထိုအချိန် ထိုကဲ့သို့ ပဿဒ္ဓိရတဲ့ ပုဂ္ဂိုလ်သည် ချမ်းသာသလား၊ ဆင်းရဲသလား”

“ချမ်းသာပါတယ် ဘုရား”

“ချမ်းသာတယ်။ ဟော–ဝေဒနာပိုင်း ကြည့်လိုက်စမ်းဗျာ။ ဘာဝေဒနာ ဝင်သွားသလဲ”

“သုခဝေဒနာ ဝင်သွားပါတယ် ဘုရား”

သုခဝေဒနာ ဝင်သွားသည်။ ထိုအချိန်မှာ ထိုယောဂီရဲ့ သန္တာန်မှာ ဘာတွေ ဖြစ်ပေါ်လာပြန်သလဲဆိုလို့ရှိယင် ကြက်သီးလေးတွေ ဖြင်းဖြင်း-ဖြင်းဖြင်းနဲ့ ခန္ဓာကိုယ်က သိမ့်ကနဲ သိမ့်ကနဲ ရေလှိုင်းကလေးများ စီးလိုက်ရသလို လေထဲလွင့်နေသလို ရှကနဲ သိမ့်ကနဲနဲ့ တခါတဲအေးပြီးတော့ အိပြီးတော့ အလွန်တရာ အရသာခံစားလို့ ကောင်းပြီးတော့ ထိုယောဂီသည် ဘာဖြစ်သွားသလဲ ဆိုလို့ရှိယင် ပီတိထဲကို ရောက်သွားတယ်။

ပဿဒ္ဓိက နေပြီးတော့ သုခ။ သုခကနေပြီးတော့ တခါတဲ ပီတိဖြစ်ပြီး ထိုကဲ့သို့ အေးချမ်းတဲ့ အရသာကို နှစ်သက်လို့မဆုံး။ ကြည်နူးလို့မဆုံး။ ထိုပုဂ္ဂိုလ်သည် သုခဝေဒနာရယ်၊ ပီတိရယ်၊ ပဿဒ္ဓိရယ် ထိုအချိန်မှာ ခံစားရတယ်။

ဒီတော့ ဗောဇ္ဈင်တွေ ဘယ်လောက် ပြည့်စုံသွားသလဲ ကြည့်လိုက်တော့ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယ-သမ္ဗောဇ္ဈင်ခန္ဓာကိုယ်က ကြက်သီးလေးတွေ ဖြင်းကနဲ ဖြင်းကနဲ

ထလာတယ်ဆိုတဲ့ ရေလှိုင်းစီးရသလို ငြိမ့်ကနဲ သိမ့်ကနဲ ဖြစ်ပြီး တော့ လာခဲ့တယ်ဆိုတဲ့ ပီတိသမ္ဗောဇ္ဈင်၊ စိတ်တွေ စေတသိက်တွေ အေးချမ်း လာပါတယ်ဆိုတဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်။ တည်ငြိမ်ပြီး တော့ လာပါတယ်ဆိုတဲ့ သမာဓိသမ္ဗောဇ္ဈင်။ စိတ်တွေကလဲ ဆုတ် နစ်တယ်ဆိုတာကို မရှိတော့ဘူး။ တက်တက်ကြွ ကြွကြီး ဖြစ်ပြီး လာခဲ့ပြီဆိုတော့ အဲဒါ ဝီရိယသမ္ဗောဇ္ဈင်။ ဆုတ်နစ်သွားတယ်၊ လုပ်ကိုမလုပ်ချင်တော့ဘူး။ အားမထုတ်ချင်တော့ဘူး။ အိပ်သာ နေချင်တော့တယ် ဆိုတာမျိုးက ဝီရိယ မရှိတော့တာ။

ယခုတော့ အားထုတ်ယင်း အားထုတ်ယင်းနဲ့ အားထုတ် လို့ကိုကောင်းနေတယ်။ ရှုလို့ သိပ်ပြီးတော့အရသာတွေနေတယ်။ အားထုတ်ယင်းနဲ့ စိတ်သည် လျော့ကို မလျော့ပဲနဲ့ တက်တက် ကြွကြွ ဖြစ်နေတယ်ဆိုတာ ဝီရိယရဲ့သဘောတဲ့။ ဝီရိယ သမ္ဗော- ဇ္ဈင်က ဒီလိုလာတယ်။ နောက်တဆင့်တက်ပြီးတော့ ကြည့်လိုက် မယ်။

"ဒို့ တရားနာပရိသတ်ရဲ့ သန္တာန်မှာ ကာမစ္ဆန္ဒ=ကာမဂုဏ် တွေကို လိုလား တောင့်တနေတဲ့ လောဘတဏှာ ထိုအချိန် ရှိသလားဗျာ"

"မရှိပါဘုရား"

"မရတဲ့အတွက်ကြောင့်သော်ငှင်း၊ ရပြီးသား ကာမဂုဏ်တွေ ပျက်စီးလို့သော်ငှင်း၊ စိတ်တွေ ညစ်ပြီးတော့ ပင်ပန်းလိုက်တာ ဆင်းရဲလိုက်တာဆိုတဲ့ ဒေါသ ဒေါမနဿတွေသည် ထိုအချိန် ဝင်ရဲ့လား"

"မဝင်ပါဘုရား"

ပီတိပဿဒ္ဓိဖြစ်နေမှ ဘယ်ကလာ လောဘ ဒေါသဖြစ်တော့ မလဲနော်။ အဲဒီလို လောဘ ဒေါသ အပြင်းအထန် ကြမ်းကြမ်း တမ်းတမ်းကြီး မဖြစ်တော့တဲ့ အတွက်ကြောင့် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန် ဘာဝင်သွားသလဲ ဆိုလို့ရှိယင် ဥပေက္ခာခေါ်တယ်။ အလွန်တရာ တက်တက်ကြွကြွ ကာမစ္ဆန္ဒကြောင့် ဖြစ်ပေါ်နေတဲ့ လောဘတဏှာ၊ ဗျာပါဒ နီဝရဏကြောင့် ဖြစ်ပေါ်နေတဲ့ ဒေါသ ဒေါမနဿ၊ အဲဒါတွေ ငြိမ်းပြီးတော့ နေတဲ့အတွက် ကြောင့် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဥပေက္ခာဆိုတဲ့ အလယ်အလတ် မျှတ၍ နေတဲ့သဘော သက်သာလိုက်တာ။

"ဒီတော့ ဗောဇ္ဈင်ခုနစ်ပါး ထိုယောဂီသန္တာန်မှာ စုံမသွား ပေဘူးလား ဒွိပရိသတ်"

"စုံသွားပါတယ်ဘုရား"

စုံသွားပြီတဲ့။ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ခုနစ်ပါး စုံစုံ ညီညီ ပါဝင်နေတဲ့ ဒွိယောဂီများရဲ့ သန္တာန်မှာ ထိုအချိန် ကြည့်လိုက်တဲ့ အခါကျတော့—

"နဝသီးဝ ထိခိုက် သွားတယ်ဆိုတဲ့ ကာယပသာဒရုပ် အပေါ်မှာ ပေါ်ပြီးတော့လာတဲ့ ယခုနက ပြောခဲ့တဲ့ ဖောဋ္ဌဗ္ဗ အာရုံ ဘယ်နှစ်ပါးလဲ"

"သုံးပါးပါ ဘုရား"

သုံးပါး။ ကာယပဿဒ္ဓိရုပ် အပေါ်မှာ ပေါ်၍ ပေါ်၍ လာခဲ့တဲ့ အာရုံသည် (၁) ဝါယောဓာတ်၊ (၂) တေဇောဓာတ်၊ (၃) ပထဝီဓာတ်ရယ်လို့ ဓာတ်သုံးပါးပေါ်တယ်။ အဲဒီဓာတ်သုံးပါးကိုကြည့်ယင်းကြည့်ယင်းနဲ့ခုနကပြောခဲ့တဲ့ဗောဇ္ဈင် ခုနစ်ပါးကလဲ အားကောင်း အားကောင်း ပြီးတော့ လာခဲ့တော့ယင် အဲဒီလို ရှုနေတဲ့ ဒို့ယောဂီများရဲ့ သန္တာန်မှာ ထိုအချိန် တဆင့်တက်ပြီးတော့ ကြည့်လိုက်စမ်းပါ။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဖြစ်နေတဲ့ အတွက်ကြောင့် ထိုယောဂီရဲ့ သန္တာန်မှာ အေးချမ်းတယ်၊ နှစ်သက်ခြင်း ဝမ်းသာခြင်းတွေ ဖြစ်နေတဲ့ အတွက်ကြောင့်လဲပဲ ချမ်းသာတယ်။

## အစွန်းတဖက် မရောက်ရအောင်

ဒီလို ချမ်းသာတယ် ဆိုတဲ့ ထိုယောဂီများရဲ့ သန္တာန်မှာ တဖြေးဖြေးနဲ့ တော်တော်ကြာ ပီတိတွေများ အလွန်အကဲ ဖြစ်ပြီးတော့ လာခဲ့ယင်တဲ့၊ ဥပေက္ခာက လျော့သွား တတ်သေးတယ်။ အဲဒီအချိန်မှာ ပီတိနဲ့ဥပေက္ခာ အပြိုင်ဖြစ်နေတတ်တယ်၊ မျှနေမှ တော်တာ၊ ဒို့ပရိသတ် တောင့်ထား။

ပီတိတွေ အလွန်အကဲဖြစ်နေယင် ဥပေက္ခာလျော့သွားရော ဥပေက္ခာက သိပ်ပြီးတော့ လွန်ကဲသာပြန်ပြီ ဆိုလို့ရှိယင်လဲ ဒို့ပရိသတ် ထိုင်းပြီးတော့သွားတယ်။ အဲဒီအချိန်မှာ ဘယ်လောက် အချိန် အဆ ခက်သလဲ ဆိုလို့ရှိယင် ဥပေက္ခာ လွန်ကဲသွားယင် ဉာဏ်မဦးစီးတော့ပဲနဲ့ တဖြေးဖြေး ယောဂီဟာ ထိုင် သွားတယ်။

သမာဓိလွန်ကဲသွားပြီ ဆိုလို့ရှိယင်လဲ အဲဒါဟာ ကောသဇ္ဇ။ ထိုင်းမှိုင်းပျင်းရိ အိပ်ချင်သလိုလို ဖြစ်လာတယ်၊ အဲဒါတွေကို မလွန်ရလေအောင် ဝီရိယလဲမလွန်ရအောင် ဝီရိယလွန်ပြန်တော့ လဲ ဥဒ္ဓစ္စ၊ သမာဓိ လွန်ပြန်တော့လဲ ကောသဇ္ဇ၊ သမာဓိလွန် ကောသဇ္ဇဖြစ်ပြီးတော့ ဥပေက္ခာနဲ့တွဲပြီး ထိုယောဂီပုဂ္ဂိုလ်သည် ထိုင်းမှိုင်းပြီး ဘာမှန်းမသိ ညာမှန်းမသိ ဖြစ်သွားတယ်။

ပီတိတွေ လွန်ကဲပြန်တော့လဲ သိပ်ပြီးတော့ ပေါ်လွင်ပြီး လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဒီလိုကို ဖြစ်ပြီးတော့နေတယ်။ လှုပ်ချောက် ခြားနေတယ်။ အဲဒီလို ပီတိတွေ လွန်ကဲလာပြန်ယင် ဥပေက္ခာ အားလျော့ပြီး သုခဖက်ကို နွယ်သွားတယ်။ အဲဒီလို သုခဖက်ကို နွယ်သွားယင် ထိုယောဂီ ဘာဖြစ်သွားပြန်သလဲဆိုတော့ အဲဒီလို အေးချမ်းခြင်း ချမ်းသာခြင်း တွေကို ကျေနပ် တပ်မက်တဲ့ နိကန္တိကလဲ မသိမသာ ဝင်လာတတ်ပြန်သေးတယ်။

အဲဒီလို အလုအယက် စိတ်တွေဟာ ပီတိလိုလို သုခလိုလို ဥပေက္ခာလိုလိုနဲ့ ဟိုဖက်ဒီဖက် ပုခက်လွဲသကဲ့သို့ ယိမ်းထိုးနေတဲ့ အချိန်မှာဖြင့်ယင် ဒီယောဂီများ သတိသာ ထားလိုက်ကြစမ်း ပါ။ အဲဒီအချိန်မှာ စောစောက ရှုနေတဲ့ ဖောဋ္ဌဗ္ဗအာရုံသုံးမျိုး သည် ဉာဏ်ထဲမှာ ပျောက်နေတတ်တယ်။

ထွက်လေဝင်လေထဲ ရှာမတွေ့တော့ဘူး၊ တွန်းကန်တဲ့သတ္တိ ပူတယ် အေးတယ်၊ တောင့်တင်းတယ်၊ ဒါတွေရှာမတွေ့တော့ ဘူး၊ စိတ်က ဘယ်ရောက်နေသလဲ ဆိုလို့ရှိယင် အေးချမ်းတယ်၊ ချမ်းသာတယ်၊ နှစ်သက်တယ်၊ ဝမ်းသာတယ်၊ ဒီဖက်အပိုင်းကို

ရောက်ပြီးတော့နေတယ်။ အဲဒီလိုရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်သည် ထိုအချိန်မှာ ဘာလုပ်မလဲ ဆိုလို့ရှိယင် သတိသာထားလိုက်စမ်းပါ။ ဘာကို သတိထားရမလဲ၊ ငါ့စိတ်ထဲ ဘာတွေဖြစ်နေသလဲ၊ မိမိရဲ့စိတ်အစဉ်မှာ ဘာတွေ ဝင်ပြီးတော့ နေသလဲ ကြည့်လိုက်စမ်း။

စိတ်၊ ဒီတရားနှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ရှုနေတဲ့စိတ်၊ အဲဒီစိတ်ကလေးနဲ့ တွဲပြီးတော့ ဖြစ်ပေါ်နေတဲ့ ချမ်းသာတယ်ဆိုတဲ့ သဘာဝ၊ အေးချမ်းတယ်ဆိုတဲ့ သဘာဝ၊ နှစ်သက်တယ်ဆိုတဲ့သဘာဝ၊ အဲဒီသဘာဝတွေကို သိမ်းကြုံးပြီးတော့ ခံစားနေရတယ်။ တရားအားထုတ်လို့ ကောင်းလိုက်တာ၊ အေးနေတာပဲ၊ ဒီလိုဖြစ်လာတယ်။ အဲဒီလိုဖြစ်လာတယ်ဆိုယင် ထိုယောဂီပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ ဘယ်ဖက် ဦးတည်နေသလဲဆိုယင် ဒို့ပရိသတ် သဘောပေါက်လောက်ပြီ။

"အဲဒီ အချိန်မှာ ထိုယောဂီသည် ဝေဒနာဖက်ကို ဦးတည်နေတယ်။ ဘယ်ဝေဒနာဖက် ဦးတည်နေသလဲ ဒို့ပရိသတ်"

"သုခဝေဒနာဖက် ဦးတည်နေပါတယ်ဘုရား"

ဟုတ်ပြီ၊ သုခဝေဒနာဖက်ကို ဦးတည်နေတယ်။ ချမ်းသာတာရယ်၊ စိတ်တွေက ကြည်ပြီးတော့ နေတာရယ်၊ အဲဒီ နှစ်ခုယှဉ်လိုက်စမ်းပါအုံး၊ တွန်းကန်တဲ့သတ္တိ၊ ပူတယ်အေးတယ် ဆိုတဲ့သတ္တိ၊ တောင့်တင်းတဲ့ သတ္တိဆိုတဲ့ ရုပ်တရားတွေ ဖောဋ္ဌဗ္ဗအာရုံတွေကို ထိုအချိန် အာရုံမပြုမိတော့ဘူး။

ဘာ့ကြောင့် အာရုံမပြုမိသလဲ ဆိုတော့ သတိပဋ္ဌာန် ပါဠိတော်က ပြောထားတယ်။ “ပဿမ္ဘယံ ကာယသင်္ခါရံ” တဲ့။ ကာယသင်္ခါရံ ဆိုတဲ့ ထွက်လေ ဝင်လေသည် ထို အချိန်မှာ ပဿမ္ဘယံ ငြိမ်းလာတယ်။

## စိတ္တဇ ဝါယောဓာတ်

“ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ[၁]”

ကာယသင်္ခါရဆိုတဲ့ ထွက်လေ ဝင်လေသည် ထိုအချိန်မှာ ငြိမ်းပြီးတော့ အလွန်နူးညံ့နေတယ်။ ဘာ့ကြောင့် ထွက်လေ ဝင်လေတည်းဟူသော ကာယသင်္ခါရ ထိုအချိန် နူးညံ့သိမ်မွေ့သွားရတာတုန်း ဆိုလို့ရှိယင် ထိုယောဂီပုဂ္ဂိုလ်ရဲ့ စိတ်တွေ စေတသိက်တွေက နိဝရဏကင်းလို့ နူးညံ့သွားတဲ့ အတွက်ကြောင့် ထွက်လေ ဝင်လေကလဲ နူးညံ့သွားတာ။

ထွက်လေဝင်လေ ဆိုတဲ့ ကာယသင်္ခါရသည် စိတ်ကြောင့် ဖြစ်လာတဲ့ ဝါယောဓာတ်၊ စိတ္တဇဝါယောဆိုတာ ဒီ့ပရိသတ် ပိုင်ပိုင်ကြီး မှတ်ထားလိုက်ပါ။

အဲဒီ စိတ္တဇ ဝါယောဓာတ် သိမ်မွေ့သွားတဲ့ အခါမှာ ထို စိတ္တဇဝါယောကို ရှာမရတော့တဲ့ယောဂီသည် အဲဒါ ဝိသုဒ္ဓိမဂ်

---

၁။ မူလပဏ်၊ နှာ-၇၁။

ကြီးကာတော့ ပြတယ်။ ထွက်လေဝင်လေ တခါတခါပျောက်ကို နေတယ်၊ရှာမတွေ့ဘူးတဲ့။ ရှာမတွေ့တဲ့အချိန် စဉ်းစားရမယ်တဲ့။

"ငါသည် သေတာလဲ မဟုတ်ဖူး၊ရေနစ်နေတာလဲ မဟုတ်ဖူး၊ မိခင်ဝမ်းခေါင်း ကိန်းအောင်းနေတာလဲ မဟုတ်ဖူး၊ စတုတ္ထ ဈာန် ဝင်စားနေတာလဲ မဟုတ်ဖူး၊ ငါသည် ဗြဟ္မာကြီး တယောက်လဲ မဟုတ်ဖူး၊ နိရောဓသမာပတ် ဝင်စားနေတာလဲ မဟုတ်ဖူး၊ ဒါကြောင့်မို့လို့ ထွက်လေ ဝင်လေ ရှိရမယ်" လို့ အဲဒီလို စိစစ်ရမယ်လို့ ဝိသုဒ္ဓိမဂ်ကာတော့ ပြတယ်။

နိရောဓသမာပတ် ဝင်စားနေတာတို့၊ရေငုပ်တာတို့၊ ဗြဟ္မာ ကြီးတို့၊ စတုတ္ထဈာန်ဝင်စားတာတို့၊ အဲဒီလိုပုဂ္ဂိုလ်တွေရဲ့သန္တာန် မှာ ထွက်လေဝင်လေ မရှိပါဘူး၊ ကာယသင်္ခါရငြိမ်းတယ်။ ဒါ တော့ သင်္ခါရယမိုက်သင်ဘူးတဲ့ ပုဂ္ဂိုလ်တွေနားလည်ပါလိမ့်မယ်။

အဲဒီလိုကာယသင်္ခါရများ ငြိမ်းလာတဲ့ အခါကျယင်၊ကာယ သင်္ခါရတည်းဟူသော ထွက်လေဝင်လေ ပျောက်သွားယင် စိတ် က ဘယ်ရောက်သွားသလဲ ဆိုတော့ ကြည်လင်နေတဲ့ စိတ်ရယ်၊ ထိုကြည်လင်နေတဲ့စိတ်နဲ့ တွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ ချမ်းသာ တဲ့ သဘောလေးကို ခံစားတတ်တဲ့ ဝေဒနာရယ်လို့ အဲဒီနှစ်ခုကို ဒို့ပရိသတ် အာရုံပြုလိုက်တော့။

## ရာဂါနုသယ ကွာချိန်

ချမ်းသာတယ်ဆိုတဲ့ သုခဝေဒနာဓာတ်ကို သုခကို ခံစားရတဲ့ ဝေဒနာရယ်၊ ကြည်လင် သန့်ရှင်းပြီးတော့ နေတယ်ဆိုတဲ့ ယော

ဂီရဲ့စိတ်ရယ်၊ အဲဒီနှစ်ရပ် အာရုံပြုလိုက်။ ဘယ်ဖက်က သာနေသလဲ ဘယ်ဖက်က လျော့နက်ပြီးတော့ နေသလဲ၊ ဘယ်ဖက်က အားကောင်းနေသလဲ ကြည့်လိုက်တဲ့ အခါကျတော့ အလွန်တရာ ကြည်လင်အေးချမ်းပြီးတော့နေတဲ့ စိတ်အစဉ်က အားကောင်းမယ်ဆိုယင် ထိုအချိန် ထိုယောဂီသည် စိတ္တာနုပဿနာသတိပဋ္ဌာန်နဲ့ သွားမှ တော်လိမ့်မယ်။

အဲဒီလိုမှ မဟုတ်ပဲနဲ့ အလွန်တရာ ချမ်းသာတယ်ဆိုတဲ့ သုခရဲ့ အရသာ ခံစားရတဲ့ ဝေဒနာတွေ၊ သုခဝေဒနာတွေ အားကောင်းနေတယ်ဆိုယင် ထိုယောဂီသည် ထိုအချိန်မှာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို သွားရလိမ့်မယ်။ ထိုအချိန် ဝေဒနာလိုက်ဖို့ပါပဲ။ ဒါပေမယ့် ဒို့ယောဂီများက အဲဒီလို ချမ်းသာမှုပေါ်လာတော့ ဝေဒနာ လိုက်ကြစို့လို့ လိုက်ဖြစ်တဲ့လူက သိပ်ရှားတာ။ချမ်းသာတဲ့အချိန်ကျတော့ ဝေဒနာ ဘယ်သူမှ မလိုက်ဖြစ်တော့ဘူး။

ဒါပေမဲ့ သူတို့ အဲဒီဝေဒနာနောက် လိုက်နေတာ။ လိုက်မှန်းမသိဘူး။ ဘယ့်နှယ် လိုက်နေတာလဲ၊ အဲဒီ ဝေဒနာနောက်ကိုမျောပြီးတော့ တခါတဲ ခံစားပြီး လိုက်သွားတာဗျာ။ အဲဒီလိုလိုက်သွားတာ။

ရှုတဲ့အနေနဲ့တော့ သုခဝေဒနာနားကို လိုက်ဖြစ်တဲ့သူဟာတော်တော် နဲပါတယ်။ နဲတယ်ဆိုတာကလဲ ဒါအပြစ်မတင်နဲ့၊ ချမ်းသာမှုဆိုတာဟာ ဒီကိလေသာမထင်းသေးတဲ့ ပုဂ္ဂိုလ်တွေဆိုယင် ဘယ်သူပဲဖြစ်ဖြစ် ထိုချမ်းသာတဲ့ အရသာကို ခံစားချင်

တယ်။ လက်ကို မလွှတ်ချင်ဘူး။ ဒီ ကာမဘုံသားတွေအနေနဲ့ ကာမသုခဆိုတဲ့ ဒီ ဝေဒယိတ သုခကလေးကိုတောင်မှ မလွှတ်တမ်း ခံစားနေရတဲ့အထဲ ယခုလို တရားအားထုတ်ယင်းနဲ့ ပေါ်လာတဲ့ ဈာနသုခ၊ ဝိပဿနာဉာဏ်နဲ့ ယှဉ်ပြီး ဖြစ်ပေါ်လာတဲ့ ဉာဏသုခ၊ အဲဒီ ချမ်းသာမျိုးကျတော့ ဘယ်လွှတ်တော့မလဲ။ ခံစားပြီး လိုက်သွားတော့တာပဲ။

အဲဒီလို သုခဝေဒနာကို မျှော်ပြီး ကျေနပ်ပြီးတော့ ခံစားလိုက်သွားခဲ့ယင် ထိုယောဂီသည် သုခဝေဒနာနဲ့ တွဲပြီးတော့ ရာဂါနုသယ ဝင်တတ်တယ်တဲ့။ စူဠဝေဒလ္လသုတ်တော်ကြီးမှာ—

"သုခါယ ခေါ အာဝုသော ဝိသာခ ဝေဒနာယ ရာဂါနုသယော အနုသေတိ[၁]" တဲ့။

အဲဒီလို ချမ်းသာတာ၊ သုခဝေဒနာကို ကျေနပ်ပြီးတော့ ခံစား။ မျှော်ပြီးလိုက်သွားတဲ့ ယောဂီပုဂ္ဂိုလ် ရှုရမဲ့ ရှုကွက်တွေ အကုန်ပျောက်ပြီးတော့ သုခဝေဒနာနောက် မျှော်ပြီးတော့လဲ လိုက်သွားရော၊ အဲဒါ ရာဂါနုသယ ဝင်ရော။

စိတ်ကလေးကလဲ ဘယ်လိုလဲ "ကြည်နေတာပဲ။ ငါ့ရဲ့စိတ်တွေ ကြည်နေတာပဲ၊ အေးနေတာပဲ" ဆိုလို့ရှိယင် အဲဒီလို ကြည်လင်သန့်ရှင်းနေတဲ့ စိတ်ကလေးကိုပဲ ကျေနပ်ပြီးတော့ မင်္ဂနဲ့ ယှဉ်နေတဲ့စိတ်များ ဖြစ်လေရော့သလား။ ဖိုလ်နဲ့ယှဉ်နေတဲ့ စိတ်များ ဖြစ်လေရော့သလားလို့ အဲဒီလို တွေးတောကြံဆပြီး

---

၁။ မူလပဏ္ဏာသ-၃၇၇၊

တော့ ကျေနပ်နှစ်သိမ့်ခဲ့ယင် ထိုကြည်လင်သန့်ရှင်းသော စိတ်ကလေးကိုပင်လျှင် တပ်မက်တဲ့ရာဂ ထိုအချိန် ဝင်သွားတယ်။ အဲဒါက အလွန်သိမ်မွေ့တဲ့ ရာဂ။

စိတ်တွေ ကြည်နေတယ်။ သန့်ရှင်းနေတယ်။ အဲဒီလို ကြည်လင် သန့်ရှင်းနေတဲ့ ငါတို့ရဲ့ စိတ်ထဲမှာ ရာဂရှိသလား၊ မရှိသလား၊ ဒို့ပရိသတ် စိစစ်ပါလေ။ ရာဂမရှိယင် ဤစိတ်သည် ဝီတရာဂပဲလို့ သုံးသပ်ပါ။ ရာဂဝင်နေခဲ့ယင် စိတ်နဲ့ ကိလေသာရာဂနဲ့ ခွဲလိုက်။

ကြည်လင်တာက စိတ်၊ ထိုကြည်လင်သောစိတ်ကို ဝင်ပြီးတော့ လာတဲ့သဘောက ရာဂဆိုတဲ့ လောဘစေတသိက်လို့ စိတ်နဲ့ စေတသိက်လဲ အဲဒီလို ခွဲလိုက်ယင် ဒို့ပရိသတ် ထိုအချိန် ရာဂတခါတဲ ကွာသွားတယ်။ အဲဒါ—

သရာဂံ ဝါ စိတ္တံ 'သရာဂံ စိတ္တံ' န္တိ ပဇာနာတိ[၁]။

"သရာဂ စိတ္တ" တဲ့၊ ပါဠိတော်ကိုက နှစ်လုံးပြောထားတယ်။ "သရာဂံ၊ ရာဂနှင့်တကွဖြစ်သော။စိတ္တံဝါ၊ စိတ်ကိုလဲပဲ" ပါဠိတော်စကား ဒို့ပရိသတ် နှစ်လုံးနော်။ သရာဂဟူသော ပုဒ်အရ "ရာဂ၊ လောဘ၊ တဏှာ၊ ကိလေသာ၊ စေတသိက်" သူက တစု။စိတ္တ၊ကြည်လင်သန့်ရှင်းနေတဲ့ စိတ်ကလေးကို သူကဖမ်းပြီးတော့ တပ်မက်လိုက်တာ။ ဒီလိုလာတယ်။

---

၁။ မူလပဏ် နှ၁-၇၆။

## သတိပဋ္ဌာန် ၄-ပါး

အဲဒါကြောင့်မို့လို့ ရာဂစိတ်၊ ကြည်လင်သော စိတ်ရယ်လို့ စိတ်နှစ်မျိုး အဲဒီမှာ ဒွိပရိသတ် ခွဲလိုက်စမ်းပါ။ အဲဒါကို ခွဲပြီးတော့ ဒွိပရိသတ် စိတ္တာနုပဿနာနဲ့ တက်ပြီးတော့ကာ ထိုကြည်လင်သော စိတ်ကလေးရဲ့ အနိစ္စအချက်၊ ဒုက္ခအချက်၊ ဝိပရိဏာမအချက်ကို သုံးသပ်လိုက်ယင် ထိုကြည်လင်သော စိတ်အစဉ်ရဲ့ ဝိပရိဏာမ ဖောက်ပြန် ပျက်စီးမှုကို လင်းကနဲ မြင်လိုက်သည်နှင့် တပြိုင်နက်တဲ တပ်မက်သော ရာဂစိတ်တွေ အဲဒီနေရာက ကွာပြီးတော့သွားတယ်။ ရွှေမတိုးတော့ဘူး။

ချမ်းသာတယ်ဆိုတဲ့ သုခဝေဒနာခေတ်ကို တပ်မက်နေတဲ့ ယောဂီပုဂ္ဂိုလ်လဲပဲ ထိုသုခဝေဒနာဆိုတဲ့ ဝေဒနာတည်းဟူသော ဓမ္မခေတ်နာမ်တရားကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြင့် ဆင်ခြင်သုံးသပ်တဲ့ အခါကျတော့—

> "သုခံ ဝါ ဝေဒနံ ဝေဒယမာနော 'သုခံ ဝေဒနံ ဝေဒယာမိ' တိ ပဇာနာတိ၊ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော 'ဒုက္ခံ ဝေဒနံ ဝေဒယာမိ' တိ ပဇာနာတိ[၁]—

ဆိုတဲ့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်အတိုင်း ထိုသုခဝေဒနာခေတ်ရဲ့ ချမ်းသာမှု၊ ထိုချမ်းသာမှုကို တပ်မက်နေတဲ့လောဘ

---

၁။ မူလပဏ္ဏာ နှာ-၇၅။

တဏှာ၊ အဲဒီနှစ်ခုကို ကွာပြီးတော့သွားရလေအောင် သုခဝေဒနာနဲ့ လောဘနဲ့ တခြားစီ ကွာထွက်သွားရအောင် ဘယ်လိုလုပ်ရမှာလဲဆိုခဲ့ယင် ချမ်းသာမှုဆိုတဲ့ သုခဝေဒနာရဲ့ ဖောက်ပြန်ပျက်စီးတတ်တဲ့ ဝိပရိဏာမအချက်ကို မြင်အောင် သုံးသပ်လိုက်။

ချမ်းသာတယ်ဆိုတဲ့ သုခဝေဒနာလဲပဲ ဖောက်ပြန်ပျက်စီးတဲ့ ဝိပရိဏာမသဘောရှိတာပါပဲလို့ သုံးသပ်ခဲ့ယင် ထိုအချိန် ရာဂသည် အဲဒီနေရာက ခွာသွားတယ်။ ရှေ့မတိုးဘူးတဲ့။ ဒီတော့ ယခု ပြောပြခဲ့သော နည်းအစဉ်တို့ဖြင့် သတိပဋ္ဌာန်နည်း လေးနည်းပါသွားပါတယ်။

ကာယပဿဒ္ဓ၊ ထွက်လေဝင်လေတည်းဟူသော ဝါယောဓာတ်၊ ပူတယ်အေးတယ်ဆိုတဲ့ တေဇောဓာတ်၊ တောင့်တင်းတယ်ဆိုတဲ့ ပထဝီဓာတ်၊ အဲဒီ ဓာတ်တရားတွေကို သုံးသပ်၍နေခြင်းသည် ဒို့တရားနာပရိသတ် ကာယနုပဿနာသတိပဋ္ဌာန်တဲ့။

"ပထဝီ၊ တေဇော၊ ဝါယော၊ ကာယပဿဒ္ဓ"ဆိုတဲ့ အဲဒီရုပ်တွေကို သုံးသပ်ပြီးတော့နေတာဟာ ကာယနုပဿနာ သတိပဋ္ဌာန်၊ အဲဒီနောက် နီဝရဏကင်း ကြည်လင် သန့်ရှင်းလာတဲ့စိတ်အစဉ်ကို ဆက်သက်ပြီးတော့ သုံးသပ်သွားတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ စိတ္တာနုပဿနာသတိပဋ္ဌာန်။

အလွန်တရာ အေးချမ်းပါတယ်ဆိုတဲ့ သုခရဲ့အရသာ၊ခံစားရတဲ့ဝေဒနာကို သုံးသပ်ပြီးတော့ သွားတာက ဝေဒနာနုပဿ-

နာသတိပဋ္ဌာန်၊ အဲဒီစိတ်တွေ စေတသိက်တွေ ရုပ်တရားတွေရဲ့ ဖောက်ပြန်ပျက်စီးတဲ့ အချက်ဝိပရိဏာမ၊ ဖြစ်ပေါ်လာတဲ့ဥပ္ပါဒ၊ ကုန်ပျောက်ပျက်စီးသွားတဲ့ ဝယလို့ခေါ်တဲ့ ဖြစ်ခြင်း-ပျက်ခြင်း ကို သုံးသပ်ပြီးတော့သွားတာက ဓမ္မာနုပဿနာသတိပဋ္ဌာန်။

"ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော[၁]"—

စသည်ဖြင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်က ဒါဝေဒနာပဲ၊ဝေဒနာ ဖြစ်လာပြန်ပြီ။ ထိုဝေဒနာပျက်စီးသွားပြန်ပြီလို့ သုံးသပ်နေခဲ့ ယင် အဲဒါ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ဆိုပါတယ်။

"ဒီတော့ ဒို့တရားနာပရိသတ်များ၊ သတိပဋ္ဌာန် ဘယ်နှစ်ပါး ဝင်သွားသလဲဗျာ"

"လေးပါးပါ ဘုရား"

"လေးပါး။ အာနာပါနတလုံးကိုအခြေခံပြီးတော့ရှုသွား တာ။ ပေါ်ရာပေါ်ရာသုံးသပ်ပြီးတော့ သွားယင်း သွားယင်း တဖြေးဖြေးနဲ့ ဒို့ပရိသတ် ဓမ္မာနုပဿနာ တိုင်အောင် သတိပဋ္ဌာန်လေးပါး အကုန်လုံး မဝင်ပေဘူးလားဗျာ"

"ဝင်ပါတယ်ဘုရား"

"ဗောဇ္ဈင်ခုနစ်ပါးကော မပါပေဘူးလား"

"ပါပါတယ်ဘုရား"

---

၁။ မူလပဏ်-နှာ-၇၀။

ပါသွားတယ်။ အာနာပါနဿတိ သုတ္တန်မှာ ဘုရားရှင်ပြင့်တဲ့ အာနာပါနတလုံးကနေ သတိပဋ္ဌာန် လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါးပါအောင် သုံးသပ်သွားတယ်ဆိုတာ အဲဒီနည်းမျိုးကို ဆိုပါတယ်တဲ့။

## သမ္မာဒိဋ္ဌိဉာဏ် နိဗ္ဗာန်ဦးတည်ပြီ

အဲဒီလို သုံးသပ်ပွားများသွားတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ခိုင်နေပြီ၊ စိတ် စေတသိက် ရုပ်၊ သုံးခုကို ကွဲကွဲပြားပြား သိနေတာဟာ နာမရူပ ပရိစ္ဆေဒဉာဏ်၊ အဲဒီ စိတ်တွေ စေတသိက်တွေ ရုပ်တွေရဲ့ ဖောက်ပြန် ပျက်စီးနေတယ်ဆိုတဲ့ အချက်တွေကို သုံးသပ်နေတာက သမ္မသနဉာဏ် ရယ်လို့။

"ဒိုတဆားနာပရိသတ်၊ထိုယောဂီပုဂ္ဂိုလ်သည် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ကောင်းကောင်းကြီး မရပေဘူးလား"

"ရပါတယ် ဘုရား"

ဗောဇ္ဈင်ခုနစ်ပါးနဲ့ တွဲပြီးတော့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အဲဒီအချိန် ခိုင်သွားပြီ။ သို့သော်လဲပဲ အဲဒီ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်သည် အနုလောမဉာဏ် တိုင်အောင် ရောက်ပင်ရောက်ငြား သော်လဲပဲ စိတ်မချရသေးဘူးတဲ့။ ဘာ့ကြောင့်လဲ ကာမာဝစရ ကုသိုလ်မို့လို့။မဟာကုသိုလ်စိတ်ဖြစ်နေတဲ့ အတွက်ကြောင့် တဒင်္ဂပဟာန်အားဖြင့်သာလျှင် ကိလေသာတွေကိုပယ်ထားတာနော်။

"မှန်ပါ ဘုရား"

ဥပက္ကိလေသ ဆယ်ပါး အစရှိတဲ့ အန္တရာယ်တွေ အမျိုးမျိုး အနှောင့်အယှက် တွေ့ကြုံလိမ့်မယ်။ အဲဒီအနှောင့်အယှက်တွေကို

လွန်မြောက်မှုသားလျှင် ဒို့ ပရိသတ်ရဲ့ သမ္မာဒိဋ္ဌိအသိဉာဏ်တွေ ပင်လယ်ကြီးဆိုတဲ့ နိဗ္ဗာန်ကို ရောက်အောင်သွားမယ်။ အဲဒီ သမ္မာဒိဋ္ဌိ ဘယ်ဦးတည် သွားနေသလဲဆိုယင်တော့ နိဗ္ဗာန် ဦးတည်သွားနေတယ်ဆိုတာ ဒို့ ပရိသတ် သိပြီးသားပါ။

"အဲဒီ သမ္မာဒိဋ္ဌိ ဘယ်ဦးတည်တုန်း"

"နိဗ္ဗာန် ဦးတည်နေပါတယ် ဘုရား"

နိဗ္ဗာန် ဦးတည်ထားတယ်။ မဂ္ဂင်ရှစ်ပါးလဲပဲ အဲဒီ အထဲ ပါသွားပြီ။ ဗောဇ္ဈင် ခုနစ်ပါးပါမှ မဂ္ဂင်ရှစ်ပါးလဲ ပါသွားရော ပေါ့ဗျာ။ "သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ" ရယ်လို့ မဂ္ဂင်ရှစ်ပါးလဲပဲ အဲဒီ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ တွဲပြီးတော့ ပါသွားပါပြီ။

ဂင်္ဂါ မြစ်ရေထဲမှာ သစ်တုံးကြီး လိမ့်လိမ့် လိမ့်လိမ့်နဲ့ မျောသွားနေသကဲ့သို့ ဒို့ ယောဂီများရဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဟာ မဂ္ဂင်ရှစ်ပါး၊ ဗောဇ္ဈင် ခုနစ်ပါးတို့ဖြင့် အရှိန်အဟုန် ကောင်းကောင်းကြီးနဲ့ ပင်လယ်ဆိုတဲ့ နိဗ္ဗာန်ကြီးကို ဦးတည်ပြီးတော့ စီးနေပြီ။

"မစီးသေးဘူးလား ဒို့ ပရိသတ်"

"စီးနေပါပြီ ဘုရား"

ဒါကြောင့်—

“နိဗ္ဗာနနိန္နာ ဘိက္ခဝေ သမ္မာဒိဋ္ဌိ နိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာ”

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။ သမ္မာဒိဋ္ဌိ၊ ရုပ်နာမ်နှစ်ပါး၊ စိတ် စေတသိက် ရုပ် ဆိုတဲ့ သင်္ခတ တရားသုံးပါး၊ ပထဝီ တေဇော ဝါယော ကာယပသာဒဆိုတဲ့ ရုပ်တရား ဝေဒနာတရား ချမ်းသာကို ခံစားရတယ်ဆိုတဲ့ ဝေဒနာစေတသိက်၊ ထို ဝေဒနာစေတသိက်နဲ့ တွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ ကြည်လင်သန့်ရှင်းတယ် ဆိုတဲ့စိတ်၊ အဲဒီ စိတ် စေတသိက် ရုပ်ဆိုတဲ့ တရားတွေကို ကွဲကွဲပြားပြား ခြားခြားနားနား သိမြင်သုံးသပ်နေတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ အသိဉာဏ်သည်။ နိဗ္ဗာနနိန္နာ၊ နိဗ္ဗာန်သို့ညွတ်သည်။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်သို့ ကိုင်းသည်။ နိဗ္ဗာနပဗ္ဘာရာ၊ နိဗ္ဗာန်သို့ ဦးတည်၍နေသည်။ဟောတိ၊ ဖြစ်၏။ (ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣမံ ဓမ္မဒေသနံ၊ ဤ သမ္မာဒိဋ္ဌိအသိဉာဏ် နိဗ္ဗာန် ဦးတည်နေပါတယ် ဆိုတဲ့ အကြောင်းတရား ဒေသနာတော်ကို။ ဒေသေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော် မူခဲ့ပါပေသတည်း။)

သာဓု–သာဓု–သာဓုပါ ဘုရား။

အဲဒီလောက် ရထားတဲ့၊ သမ္မာဒိဋ္ဌိအသိဉာဏ် ပိုင်ထားတဲ့ ချစ်သားတို့တတွေ–

"သစေ တုမှေ ပိ န ဩရိမံ တီရံ ဥပဂစ္ဆထ"

ဩရိမံ တီရံ၊ဤမှာဖက်ကမ်း ဤဖက်ကမ်းသို့လဲပဲ။ သစေ န ဥပဂစ္ဆထ၊ အကယ်၍ ကပ်မနေခဲ့ကြကုန်သည် ဖြစ်အံ့။ ပါရိမံ တီရံ၊ ဟိုမှာဖက်ကမ်း ဟိုဖက်ကမ်းသို့လဲပဲ။ သစေ န ဥပဂစ္ဆထ၊ အကယ်၍ ကပ်မနေခဲ့ကြကုန်သည် ဖြစ်အံ့။ မဇ္ဈေ၊ ရေလယ်ခေါင်၌လဲပဲ။ သစေ န သံသီဒိဿထ၊ အကယ်၍ မြုပ်မသွားကြကုန်သည် ဖြစ်အံ့။ ထလေ၊ သောင်ပေါ် ကုန်းပေါ်၌လဲပဲ။ သစေ န ဥဿီဒိဿထ၊ အကယ်၍ မတင်ကြကုန်သည် ဖြစ်အံ့။ သစေ န မနုဿဂ္ဂါဟော ဂဟေဿတိ၊ အကယ်၍ လူလဲ အဆယ်မခံရသည် ဖြစ်အံ့။ သစေ န အမနုဿဂ္ဂါဟော ဂဟေဿတိ၊ အကယ်၍ နတ်လဲ အဆယ်မခံရသည် ဖြစ်အံ့။ သစေ န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ၊ အကယ်၍ ဝဲလဲ မစုပ်ခဲ့သည် ဖြစ်အံ့။ သစေ န အန္တောပူတိ ဘဝိဿတိ၊ အကယ်၍အဲတွင်းဇလဲ မပုပ်ခဲ့သည် ဖြစ်အံ့။ ဧဝံ-သတိ၊ ဤကဲ့သို့ အပြစ်ရှစ်ချက်မှ လွတ်ခဲ့မယ် ဆိုလို့ရှိယင်။ တုမှေပိ၊ အဲဒီလို သမ္မာဒိဋ္ဌိအသိဉာဏ် ပိုင်ဆိုင်ထားကြတဲ့ သင် ဒကာ—ဒကာမအပေါင်း သူတော်ကောင်းတို့လဲပဲ။နိဗ္ဗာန နိန္နာ၊ နိဗ္ဗာန်သို့ ညွတ်ကြကုန်သည်။ နိဗ္ဗာန ပေါဏာ၊ နိဗ္ဗာန်သို့ ကိုင်းကြကုန်သည်။ နိဗ္ဗာန ပဗ္ဘာရာ၊ နိဗ္ဗာန်သို့ ဦးတည်ကြကုန်သည်။ ဘဝိဿထ၊ ဖြစ်ကြပေကုန်လိမ့်မည်။

အဲဒီ သမ္မာဒိဋ္ဌိအသိဉာဏ်သည် ယခု ပြောပြခဲ့တဲ့ အပြစ်ရှစ်မျိုး အန္တရာယ်ရှစ်မျိုးမှ လွတ်ခဲ့မယ်ဆိုယင် နိဗ္ဗာန်ရောက်ပါလိမ့်

ခယ်။ အဲဒီလိုပြောပြီးတော့ မြတ်စွာဘုရားရှင် စကားရပ်လိုက်တဲ့ အချိန်မှာ တရားနာပရိသတ်ထဲက သံဃာတော်တပါး မြတ်စွာ ဘုရားကို ထပြီးတော့ မေးတယ်တဲ့။

(၁) "ဒီဖက်ကမ်း"ဆိုတာ

"ကိံ နု ခေါ ဘန္တေ ဩရိမံ တီရံ"

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံ တော်မူတဲ့ မြတ်စွာဘုရား။ ဩရိမံ တီရန္တိ တော် အဓိ ဝစနံ၊ "ဤမှာဖက်ကမ်း ဤဖက်ကမ်း"ဆိုတဲ့ အမည် သည်။ ကိံ နု ခေါ၊ အဘယ်ပါနည်း အရှင်ဘုရား။

"အရှင်ဘုရား၊ ဒီဖက်ကမ်း တင်နေလို့ရှိယင် တပည့်တော်တို့ရဲ့ သမ္မာဒိဋ္ဌိ နိဗ္ဗာန်မရောက်နိုင်တော့ဘူးလို့ ဘုရားရှင် မိန့်တော်မူ ပါ၏။ ဒီဖက်ကမ်း ဆိုတာက ဘာကို ဆိုလိုတာပါလဲ မြတ်စွာ ဘုရား"လို့ သံဃာတော်တပါးက ထပြီးတော့ မေးတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က–

"ဩရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ အဇ္ဈတ္တိ- ကာနံ အာယတနာနံ အဓိဝစနံ"

ဘိက္ခု၊ ချစ်သားရဟန်း။ ဩရိမံ တီရန္တိ တော် အဓိဝစနံ၊ "ဤမှာဖက်ကမ်း ဤဖက်ကမ်း"ဆိုတဲ့အမည် သည်။ ဆန္နံ၊ ခြောက်ပါး ကုန်သော။ အဇ္ဈတ္တိကာနံ အာယတနာနံ၊ အတွင်း အာယတနတရားတို့၏။ အဓိ- ဝစနံ၊ အမည်ပါပေတည်း။

"ဒီဖက်ကမ်း"ဆိုတာ တခြားမဟုတ်ဘူးချစ်သား။အဇ္ဈတ္တိက အာယတန ခြောက်ပါးကို "ဒီဖက်ကမ်း"လို့ ငါဘုရား ဆိုလိုပါတယ်။

"အဇ္ဈတ္တိက အာယတနခြောက်ပါး စက္ခု၊ သောတ၊ဃာန၊ ဇိဝှါ၊ ကာယ၊ မနရယ်လို့ ဒို့တရားနာပရိသတ်များ ဘယ်နှစ်ပါးပါလိမ့်"

"ခြောက်ပါးပါ ဘုရား"

"အဲဒီခြောက်ပါးကို ဘာခေါ်သတဲ့လဲ"

"အဇ္ဈတ္တိက အာယတနလို့ ခေါ်ပါတယ် ဘုရား"

"အဲဒီ အဇ္ဈတ္တိက အာယတန ခြောက်ပါးကို ဒီသုတ္တန်က ဘာလို့ ပြောလိုက်သလဲ"

"ဒီဖက်ကမ်းလို့ ပြောပါတယ်ဘုရား"

အေး–ဒီဖက်ကမ်း၊ဂင်္ဂါမြစ်ကြီးရဲ့ဒီဖက်ကမ်းဆိုတာ တခြားမဟုတ်ပါဘူးတဲ့။ အဲဒီ အတွင်းအာယတန ခြောက်ပါးကို ငါဘုရား "ဒီဖက်ကမ်း"လို့ နှိုင်းပြီးတော့ ပြောပါတယ်တဲ့။

စောစောက ဒို့တရားနာ ပရိသတ်များ စောစောက ရထားတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဟာ ဂင်္ဂါမြစ်ကြီးရဲ့ ဒီဖက်ကမ်းနဲ့ ပမာတူသော အဇ္ဈတ္တိက အာယတန ခြောက်ပါး တပါးပါးပေါ်မှာ သွားပြီးတော့ ကပ်နေလိုက်မယ်၊ တင်နေလိုက်မယ်၊ ငြိနေလိုက်မယ်ဆိုယင် ထိုသမ္မာဒိဋ္ဌိ လမ်းခွတ်လတ်မှာရပ်ပြီးတော့ ပင်လယ်ဆိုတဲ့ နိဗ္ဗာန်ကို သူ မရောက်တော့ဘူးတဲ့။ ပျက်သွားတယ်။

## ဒီဖက်ကမ်း တင်ပုံ

ကိုင်း—ဒီတော့ "ဒီဖက်ကမ်း"ဘယ့်နှယ်လုပ် တင်လိုက်သလဲ ကြည့်စမ်းပါ။ ယခုနက ဘုန်းကြီးပြောခဲ့ပြီ။ နှာခေါင်းထဲက ထွက်ပြီးတော့ နေတဲ့ဟာ—

"ဒို တရားနာပရိသတ်များ၊ 'ထွက်နေတယ် ဝင်နေတယ်' ဆိုတဲ့ဟာ ဘယ်နှစ်မျိုးလဲဗျာ"

"သုံးမျိုးပါဘုရား"

"ပထဝီ၊ တေဇော၊ ဝါယော" လို့ သုံးမျိုးနော်၊ အဲဒီ သုံးမျိုးသော ဖောဋ္ဌဗ္ဗအာရုံတွေ ထွက်ချည် ဝင်ချည်နဲ့ သွားနေတော့ ထို ထွက်သွား ဝင်သွားနေတဲ့ ဖောဋ္ဌဗ္ဗအာရုံ ခတ်သုံးပါးတို့သည် ထိခိုက်ပြီးတော့ သွားတယ်ဆိုတာဟာ နှာခေါင်းကို ထိသွားတာလား။ ကာယပသာဒကို ထိသွားတာလား"

"ကာယပသာဒကို ထိသွားတာပါဘုရား"

"ကာယပသာဒရုပ်ကို ထိသွားတာလို့ ဆိုခဲ့ယင် ဒီဖက်ကမ်းမှ လွတ်သွားတယ်။ အဲဒီ ကာယပသာဒရုပ်ကိုပဲ နှာခေါင်းလို့ ယူစွဲထားခဲ့လို့ရှိယင် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ စောစောကရတဲ့ သမ္မာဒိဋ္ဌိ ပျက်စီးပြီးတော့ တခါတဲ သက္ကာယဒိဋ္ဌိ ဝင်မသွားပေဘူးလား"

"ဝင်သွားပါတယ်ဘုရား"

"နှာခေါင်းတဲ့။ အဲဒီနှာခေါင်းဟာ ငါ့ရဲ့နှာခေါင်း။ တော်မမ၊ ငါပိုင်တယ်။ သော မေ အတ္တာ၊ဒါဟာ ငါ့ရဲ့အတ္တကြီးပဲ။

ဖေ၁ဟာမသို့၊ ဒါဟာ ငါ့ပဲလို့ နှာခေါင်းကို စွဲထားတဲ့ အတွက်ကြောင့် အဲဒါ နှာခေါင်းလို့ရှုခဲ့ယင် ထိုယောဂီ ဘယ် ဖက်ကမ်း တင်တုန်းဗျာ"

(သံယုတ္တနိကာယ် သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော် ၂-ဆန္နသုတ္တန်)။

"ဒီဖက်ကမ်း တင်ပါတယ်ဘုရား"

"ဒီဖက်ကမ်းတင်တယ်၊ နှာခေါင်းထဲက သွားနေတဲ့ ဓာတ် သုံးမျိုးကို တမျိုးတဲ ပေါင်းပြီးတော့ 'ထွက်သက်ဝင်သက်'လို့ လုပ်ခဲ့ယင်လဲပဲ ထိုယောဂီ ဘယ်ကမ်းတင်သွားသလဲ"

"ဒီဖက်ကမ်း တင်သွားပါတယ်ဘုရား"

အေး-ဒီဖက်ကမ်းတင်သွားဘယ်။ အဲဒီကနေပြီး တဖြေးဖြေး နဲ့ တော်တော်ကြာ ထိုယောဂီဟာ ဘယ်လိုဖြစ်ပြန်လဲ။ "ခါးနာ တယ် ခါးကိုက်တယ်၊ ပေါင်နာတယ် ပေါင်ကိုက်ဘယ်"စသည် ဖြင့် တကိုယ်လုံး နာတာ ကျဉ်တာတွေ ရှောက်ကြည့်ပြီးတော့ "ခါးနာတယ်၊ ခါးနာတယ်"လုပ်ပြန်ယင်လဲ အဲဒီပုဂ္ဂိုလ် ဒီဖက် ကမ်း တင်ပြန်တာပဲ။

ခါးက မနာဘူး ဒို့ပရိသတ်၊ ဝိပဿနာရှုနေတဲ့ ရှုကွက်ထဲမှာ ခါးဆိုတာ မရှိဘူး၊ ပေါင်ဆိုတာ မရှိဘူး၊ ရင်ဆိုဘာ မရှိဘူး၊ ဝမ်းပိုက်ဆိုတာ မရှိဘူး၊ ငယ်ထိပ်ဆိုတာ မရှိဘူး၊ ဝိပဿနာရှုနေ တဲ့ အထဲမှာ "ပေါင်၊ခါး၊ရင်၊ဝမ်း"ဆိုတဲ့ သမုတိသစ္စာ မရှိပါ

ဘူး။ အဲဒီ သမုတိသစ္စာ ပညတ်ဘရားဟာ ဝိပဿနာရဲ့ အပြင်ဖက်မှာနေ၁်။

"မှန်ပါ့ဘုရား"

ဝိပဿနာနယ်ထဲကို သွင်းလိုက်တဲ့ အခါကျတော့ နာမ ရူပ ပရိစ္ဆေဒဉာဏ်က စပြီးဆိုလို့ရှိယင် အဲဒါဝိပဿနာရဲ့ အပြင်ဖက်မှာပဲ ရှိသေးတယ်။ ဝိပဿနာသမ္မသနလုပ်မလို့ အဲဒါလှေကားလေး ထောင်လိုက်တာ။ "ပေါင်၊ခါး၊ ရင်၊ ဝမ်း"ဆိုတဲ့ သမုတိသစ္စာတွေကို မကြည့်ပါလေနဲ့။ ကြည့်ခဲ့မယ်ဆိုယင် အဲဒီပုဂ္ဂိုလ်လဲပဲ "ဒီဖက်ကမ်း" တင်တာပါ။

"ဘယ်ဖက်ကမ်း တင်တာတုန်း"

"ဒီဖက်ကမ်း တင်တာပါဘုရား"

"ခါးကိုက်တယ်၊ ခါးကိုက်တယ်၊ ဘယ်ဖက်ကမ်း တင်သလဲ"

"ဒီဖက်ကမ်း တင်တာပါဘုရား"

ဘယ်သူ့ရဲ့ ခါးကြီးလဲ ဆိုလို့ရှိယင် ငါ့ရဲ့ ခါးကြီး၊ ငါပိုင်တဲ့ခါးကြီး။အဲဒါ ငါနာလိုက်တာ၊ ငါပင်ပန်းလိုက်တာ၊တဖြေးဖြေးနဲ့ အဲ့ဒီ ရောက်သွားတော့ ဒေါမနဿ ဝေဒနာတွေ နောက်က ဆက်တိုက်ဝင်လာခဲ့ပြီးတော့ ပင်ပန်းလိုက်တာ၊ မသက်သာဘူးတဲ့။ အဲဒီပုဂ္ဂိုလ်သည် ဒီဖက်ကမ်း တင်လိမ့်မယ်ဗျနော်။

"မှန်ပါ့ဘုရား"

"ဒါ့ကြောင့် ခါးနာတယ်။ ခါးရယ်၊ နာတာရယ်၊ စကားနှစ်လုံးဗျာ။ ခွဲကြည့်ပါ။ ခါးရယ်၊ နာတာရယ် စကား ဘယ်နှစ်လုံးလဲဗျာ"

"နှစ်လုံးပါဘုရား"

"ခွဲကြည့်လိုက်စမ်းပါ။ ခါးဆိုတာ မျက်စိနဲ့ကြည့်၊ မမြင်ကောင်းဘူးလား"

"မြင်ကောင်းပါတယ် ဘုရား"

မြင်တယ်။ မျက်စိနဲ့ မြင်နေရတယ်။ ဘယ်လိုကြီးလဲ ဆိုလို့ရှိယင် ပုံပန်းသဏ္ဌာန်ကြီးကြည့်၊ ပိန်ပိန်သွယ်သွယ် ဟုတ်လား။ လိပ်ခါးကြီးပဲ ဘယ်လိုကြီးပဲ စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ သဏ္ဌာန်ဒြပ်ကြီး ရှိနေတာဟာ အဲဒါ သမုတိသစ္စာ သဏ္ဌာနပညတ်ခေါ်တယ်။

အဲဒီသဏ္ဌာနပညတ်က နာတယ်လို့ ဒိုပရိသတ် မလုပ်လိုက်နဲ့။ ခါးမှာလဲ ပေါင်းထားတဲ့ ရုပ်တွေက အများကြီး ရှိတယ်နော်။

"မှန်ပါ့ဘုရား"

အဲဒီရုပ်တွေ အများကြီး ပြောနေယင် သိပ်ကျယ်သွားမှာစိုးလို့ ရုပ်တို့ရဲ့ အစုအပေါင်းကြီးကို သမူဟပညတ်အနေနဲ့ ဒါခါးလို့ခေါ်တယ်။ ရုပ်တရားတွေ မြောက်မြားစွာစုပေါင်း သမူဟပညတ်၊ ခါးဆိုတဲ့ ပုံသဏ္ဌာန်ကြီးဖြစ်လာတော့ သဏ္ဌာနပညတ်။ အဲဒီ သမူဟ သဏ္ဌာနပညတ်နှစ်ပါးကို စွဲပြီးတော့ ဒါ ငါပိုင်၊ ငါ့ဥစ္စာလို့ တဏှာဒိဋ္ဌိနဲ့ သိမ်းပိုက်လိုက်တော့ ထိုပုဂ္ဂိုလ် ဒီဖက်ကမ်း တင်ရောတဲ့။

## ဒိဖက်ကမ်းမှ ခွါပုံ

အဲဒီတော့ ဒီဖက်ကမ်းမှ ခွါချင်ယင် ဒို့ယောဂီများ ခါးနာတယ်ဆိုတဲ့ နေရာမှာ ခါးနဲ့ နာတာနဲ့စွဲ။ ဘာပြုလို့နာတာလဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို အသုံးချပါ။ ဘာပြုလို့နာတာလဲ စိစစ်။ အဲဒီလို စိစစ်တဲ့အခါကျတော့ ဒို့ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့၊ နာတယ်၊ နာတယ်၊ ပူပြီးတော့ နာတယ်။ တောင့်တင်းပြီးတော့ နာတယ်။ တွန်းကန်ပြီးတော့ နာတယ်။ ဟော တွေ့လာပြီ။

ပူပြီးတော့ နာတယ်ဆိုတာက ဒို့တရားနာပရိသတ် ပရမတ္ထဓာတ်သားနဲ့ ဒုက္ခလက္ခဏာ တခါတဲ ပေါ်သွားတယ်။

"ပူပြီး နာတယ်ဆိုတော့ပူတယ်ဆိုတာ ဘာဓာတ်တုန်းဗျာ"

"တေဇောဓာတ်ပါဘုရား"

"အဲ ဒီတေဇောဓာတ်က နှိပ်စက်တဲ့ အတွက်ကြောင့် အလွန်တရာ ပင်ပန်းဆင်းရဲပြီးတော့ နာတာက ဒုက္ခလက္ခဏာ မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ် ဘုရား"

ပူတယ်ဆိုတာက တေဇောပရမတ်။ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ နာတယ်ဆိုတာက ထိုတေဇောဓာတ်က နှိပ်စက်လို့ဆင်းရဲတယ်ဆိုတဲ့ ပီဠနဒုက္ခ၊ နာတယ် ကျဉ်တယ် ထုံဘယ် ကိုက်တယ်ဆိုတာ တေဇောဓာတ် နှိပ်စက်လို့ ဆင်းရဲတာနေ၁်။

"မှန်ပါ ဘုရား"

အဲဒီလို တေဇောဓာတ်နှိပ်စက်လို့ ဆင်းရဲတဲ့သဘောရယ်၊ တေဇောဓာတ်ဆိုတဲ့ ရုပ်တရားကြီးရဲ့ ဖောက်ပြန်ပုံရယ်၊ နှစ်ခုတွဲပြီး တော့ မြင်ခဲ့ယင် ဒို့ တရားနာပရိသတ်ကြည့်စမ်း။ ပူတယ်ဆိုတဲ့ တေဇောပရမတ်။ အဲဒါက ရုပ်ကို ပိုင်းပိုင်းခြားခြားသိသော ရူပ ပရိစ္ဆေဒဉာဏ်။ အဲဒီ တေဇောဓာတ်ရဲ့ ဖောက်ပြန်ပျက်စီးနေတဲ့ ဝိပရိဏာမအချက်ကို မြင်လိုက်တာက သမ္မသနဉာဏ်။

"အဲဒီ ဝိပရိဏာမ အချက်ကိုမြင်သဖြင့် ဆင်းရဲလိုက်တာ၊ နှိပ်စက်လိုက်တာ၊ ဒုက္ခသဘာဝကို မြင်သွားတယ်။ အဲဒါက အရိယ သစ္စာနား ကပ်သွားတယ်။ အဲဒီလို မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလို အဆင့်ဆင့် တိုးတက်ပြီးတော့ ခါးဆိုတဲ့သဏ္ဌာန် သမ္မုဟပညတ်၊ သဏ္ဌာနပညတ်ကို ကျော်လွန်ပြီး ပူပြီးတော့ နှိပ်စက်တယ်။ ဆင်းရဲတယ်။ ထိုပူတဲ့ သဘာဝကြီးက ဖောက်ပြန်တယ်လို့ ရှုမြင်သုံးသပ်နိုင်ခဲ့တဲ့ ယောဂီပုဂ္ဂိုလ်သည် "ဒီဖက်ကမ်း" ဆိုတဲ့ ခါးကြီးကို ကျော်လွန်မသွားပေဘူးလား"

"ကျော်လွန်သွားပါတယ် ဘုရား"

အဲဒီလိုမှ မဟုတ်ပဲနဲ့ "ခါးနာတယ်၊ ခါးနာတယ်" ဆိုလို့ရှိယင် တော်တော်ကြာတော့ နာတာကို အရေးတကြီးမရှုမိပဲနဲ့ ခါးပေါ် အာရုံရောက်သွားပြီးတော့ ငါပင်ပန်းလိုက်တာဆိုတာတွေ ဖြစ် လာပြီးတော့ ထိုပုဂ္ဂိုလ်သည် ဒီဖက်ကမ်း တစ်ရော။

အဲဒါကြောင့်မို့ ဒီဖက်ကမ်းကို ဒိုပရိုသတ် အဲဒီလို ခွာရမယ်။ တောင့်တင်းပြီးတော့ နာတယ် ဆိုပြန်တော့လဲပဲ ပထဝီဓာတ်က တောင့်တင်းတယ်။ ခါးက မတောင့်ဘူးနော်။ "ခါးပူတယ်ဆိုတဲ့ ယောဂီတို့ရဲ့ သဏ္ဌာန်မှာလဲ ခါးက မပူဘူး။

"ဘယ်က ပူသလဲ"

"တေဇောဓာတ်က ပူပါတယ် ဘုရား"

"တေဇောဓာတ်က ပူတယ်။ ကျောကုန်းတွေက စစ်စစ် စစ်စစ်နဲ့ တက်ပြီးတော့လာတယ်။ ကျောတွေတက်တယ်။ နောက်ကျော တက်တယ်၊ ကျောကုန်းက တက်တာလား၊ ဝါယောဓာတ်တွေ တက်သွားတာလား"

"ဝါယောဓာတ်တွေ တက်သွားတာပါ ဘုရား"

ဝါယောဓာတ်တွေ တက်သွားတာ။ အဲဒီ ဝါယောဓာတ်နဲ့ တေဇော ပေါင်းပြီးတော့ တက်သွားတာကို ဒိုပရိုသတ်က အကျောတက်တယ်လို့ ဆိုတော့ယင် သမုတိသစ္စာကြီးကို ကြည့်တာနော်။

"မှန်ပါ ဘုရား"

ဒါကြောင့်မို့လို့ "ပေါင်၊ခါး၊ရင်၊ ဝမ်း၊ကျောကုန်း"ဆိုတဲ့ သမုတိသစ္စာကို ကျော်လွန်၍ ယခု ပြောပြခဲ့တဲ့ တောင့်တင်းခြင်းဆိုတဲ့ ပထဝီဓာတ်(၁)။ စစ်စစ် စစ်စစ်နဲ့ တွန်းပြီးတော့ တက်လာတယ်ဆိုတဲ့ ဝါယောဓာတ်(၂)။ ပူ၍အေး၍နေတဲ့ တေဇောရဲ့

သဘာဝ(၃)။ အဲဒီ သဘာဝခေတ်ကြီး သုံးခုက နှိပ်စက်နေတဲ့ အတွက်ကြောင့် ပီဠနဒုက္ခ။

"အဲဒါကို ရှုလိုက်ယင် ဒိုပရိသတ်သည် ဒီဖက်ကမ်းက မလွန် ပေဘူးလား"

"လွန်ပါတယ် ဘုရား"

အဲဒီလို မရှုခဲ့ယင်ဖြင့် ပေါင်နာ၊ ရင်နာ၊ ခါးနာ၊ ဝမ်းနာ လုပ်နေခဲ့ယင် ဒို့ပရိသတ် ဘာဖြစ်လဲ။ ဒီဖက်ကမ်း တင်တာပါပဲ။ အဲဒီလို ဒီဖက်ကမ်း တင်ပုံတင်နည်းကို ဒို့ပရိသတ် သဘောကျ၍ ဒီဖက်ကမ်းမှ ခွာပုံခွာနည်းကိုလဲ သဘောကျခဲ့မယ်ဆိုယင် ပြော ပြထားခဲ့တဲ့အတိုင်း ဒီဖက်ကမ်းမှ ခွာခဲ့မယ်ဆိုယင် ဒို့တရားနာပရိ သတ်များ ရထားတဲ့ သမ္မာဒိဋ္ဌိအသိဉာဏ်သည် ဒီဖက်ကမ်းကို လွန်ပြီးတော့ မဂ္ဂင်ရှစ်ပါး ဗောဇ္ဈင်ခုနစ်ပါးဆိုတဲ့ ဂင်္ဂါမြစ်ရေ အဟုန်မှာ တလိမ့်လိမ့်နဲ့ မျော၍မျော၍ သွားပြန်ပြီ။

"မမျောပေဘူးလား"

"မျောပါတယ် ဘုရား"

"အဲဒီလိုမှ မခွာနိုင်ယင်ဖြင့် ဒို့ပရိသတ်ရဲ့ သမ္မာဒိဋ္ဌိအသိဉာဏ် ဒီဖက်ကမ်း ကပ်နေပြီဗျ။ ပင်လယ်ကြီးရောက်အုံးမလား"

"မရောက်တော့ပါ ဘုရား"

မရောက်တော့ဘူး။ ဒါကြောင့်မို့လို့ ဒီဖက်ကမ်းဆိုတာဟာ အတွင်း အာယတနခြောက်ပါး။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊

ကာယ၊ မန၊ ဤခန္ဓာကိုယ် အတွင်းမှာရှိနေတဲ့ ရုပ်နာမ်တွေဟာ ဖြင့်ယင် ဒိုပရိသတ် ဒါ ဒီဖက်ကမ်းပဲ။

စိတ်ကလေးက ကြည်ပြီးနေပြန်တော့လဲ အဲဒီ ကြည်နေတဲ့ စိတ်ကလေးကို ကျော်နပ်ပြီးတော့ ဒါသေးပဲ လက်ခံတပ်မက်နေ ယင် ထိုပုဂ္ဂိုလ်သည် မနာယတနဆိုတဲ့ ''ဒီဖက်ကမ်း'' တင်ပြန် တာပဲ။

စိတ်ကလေး ကြည်ပြီးတော့ ဘာကိုလေသာ အညစ်အကြေး တွေမှ မကပ်ပဲနဲ့ ဖွေးဖွေးလက်လက် အရောင် ထွက်ပြီးတော့ တောက်ပြောင်နေသော ထိုယောဂီရဲ့စိတ်ထဲမှာ ဘယ်လောက် တောင်မှ ဖွေးဖွေး လက်နေသလဲဆိုလို့ရှိယင် အညစ်အကြေး သန့်ရှင်းကင်းနေတဲ့ ပတ္တမြားလေးတလုံး လက်ပေါ်တင်ပြီး နေ ရောင်ထဲ ချကြည့်လိုက်တော့ ဝင်းဝင်းလက်လက် အရောင်တွေ ထွက်နေသလိုပဲ။ နီဝရဏကင်းပြီးဘော့ ကြည်နေခဲ့ယင် အဲဒီ ယောဂီသည် အဲဒါကျေနပ်တော့ဘာပဲ။

အဲဒီအချိန်မှာ ထိုယောဂီသည် မနာယတန တခုဆိုတဲ့ ဒီဖက် ကမ်းတင်ပြီ။ အဲဒီ မနာယတန ဒီဖက်ကမ်းမှ လွန်အောင်လဲပဲ ဘုန်းကြီးစောစောက ပြောခဲ့ပါတယ်။ ထိုကြည်လင်နေသော စိတ်ကလေးရဲ့ ဝိပရိဏာမ ဖောက်ပြန် ပျက်စီးမှုကို ထိုအချိန်ရှု ပါတဲ့။ အဲဒီလို ရှုနေမယ်ဆိုလို့ရှိယင် ဒိုတရားနာ ပရိသတ်များ ရထားတဲ့ သမ္မာဒိဋ္ဌိအသိဉာဏ်သည် ဒီဖက်ကမ်းကို လွန်သွားပြီ။ နောက်နားကျပြန်တော့ အဲဒီ ရထားတဲ့ သမ္မာဒိဋ္ဌိ၊ ဂင်္ဂါမြစ်ရေ

ဆိုတဲ့ မဂ္ဂင်ရှစ်ပါး၊ ဗောဇ္ဈင်ခုနစ်ပါးမှာ တလိမ့်လိမ့်မျောယင်းနဲ့ ဟိုဖက်ကမ်းမှာ သွားပြီးတော့ ကပ်လိမ့်အုံးမယ်။

အဲ—ဒီဖက်ကမ်းနဲ့ ပတ်သက်လို့ ဒိုပရိသတ် နှစ်ညသုံးညပြော လဲ မကုန်နိုင်ဘူး။ ဥပက္ကိလေသ ဆယ်ပါးတွေ ဘာတွေ သွင်းယင် လေ ပြောစရာတွေ အများကြီး။ ဒီတော့ ဘုန်းကြီး ပြောမယ် ပေါ့လေ။ ကြိုးစားပြီးတော့ တတ်နိုင်သလောက်တော့—

"ဩရိမံ့ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ"

ဘိက္ခု၊ ချစ်သားရဟန်း။ ဩရိမံ တီရန္တိ တော် အဓိဝစ နံ၊ ဒီမှာဖက်ကမ်း ဒီဖက်ကမ်းဆိုသော စကားသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနံ အာယတနာနံ၊ အတွင်း အာယတနတရားတို့၏။ အဓိဝစနံ၊ အမည်ပါ ပေတည်း။

ဒီဖက်ကမ်း ဆိုတာက တခြား မဟုတ်ဖူး။ စက္ခု၊သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဆိုတဲ့ အတွင်း အာယတနခြောက် ပါး။ ကိုယ့်ခန္ဓာ ကိုယ့်အာယတနတွေ ကိုယ့်ဟာကိုယ် ငါ ကျာဒိဋ္ဌိနဲ့ ငြိကပ်ပြီးတော့ တင်နေတာ။ အဲဒါ ဒီဖက်ကမ်း တင်တယ်လို့ခေါ် တယ်။

အဲဒီလို ဒိဋ္ဌိဝင်ခဲ့ယင် စောစောက ရထားတဲ့ သမ္မာဒိဋ္ဌိဟာ ယခု ဝင်လာတဲ့ သက္ကာယဒိဋ္ဌိကြောင့် ပျက်စီးသွားတယ်နော်။ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အဆင့်အတန်းလေးရဲ့ ကြားထဲမှာ ဘာ ဝင်သွားသလဲ။ သက္ကာယဒိဋ္ဌိ ဝင်သွားတာ။

သက္ကာဒိဋ္ဌိ အဲဒီလို ကြားဝင်သွားယင် စောစောက ရထားတဲ့ သမ္မာဒိဋ္ဌိဉာဏ် ပြန်ပေါ်လာအောင် မနဲကို ကြိုးစားရတယ်—ဒို့ပရိသတ်ရဲ့။ မလွယ်ဘူး။ အဲဒါကြောင့်မို့ လို့ ဒီဖက်ကမ်း တင်တာတဲ့။ ပင်လယ်ကြီးရောက်ဖို့ ခက်ဘတ်ပါတယ်။

အဲဒီလို ဒီဖက်ကမ်းကို နည်းမျိုးစုံတို့ဖြင့် ကြိုးစားပြီး ခွာသွားခဲ့တဲ့ အခါကျတော့ သမ္မာဒိဋ္ဌိအသိဉာဏ်လေး မဂ္ဂင်ရှစ်ပါးနဲ့ တလိမ့်လိမ့်နဲ့ သင်္ဘောလေး ဂင်္ဂါမြစ်ထဲ မျောသလို မျောသွားပြန်ပြီ။ ရှေ့နားကျတော့ ဘာတွေ့အုံးမလဲ။

"အဲဒီ သမ္မာဒိဋ္ဌိအသိဉာဏ်လေး ရှေ့နားကျတော့ ဘယ်သွားတင် အုံးမှာလဲဗျာ။ နောက်တခုက"

"ဟိုဖက်ကမ်းပါ ဘုရား"

## "ဟိုဖက်ကမ်း" ဆိုတာ

"ကိံ နု ခေါ ဘန္တေ ပါရိမံ တီရံ"

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။ ပါရိမံ တီရန္တိ တော် အဓိဝစနံ၊ ဟိုမှာ ဖက်ကမ်း ဟိုဖက်ကမ်းဆိုတဲ့ စကားသည်ကား။ ကိံ နုခေါ၊ အဘယ်ပါနည်း အရှင်ဘုရား။

"ဟိုဖက်ကမ်း ဆိုဘာက ဘာပါလဲ မြတ်စွာဘုရား" လို့ မေးတဲ့ အခါကျတော့မှ—

"ပါရိမံ တီရမ္ဘိ" ခေါ ဘိက္ခု ဆဠေတံ ဗာဟိရာန်
အာယတနာနံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ပါရိမံ တီရမ္ဘိတော် အဓိ-
ဝစနံ၊ ဟိုမှာဖက်ကမ်း ဟိုဖက်ကမ်းဆိုတဲ့ စကားသည်
ကား။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနံ အာ-
ယတနာနံ၊ အပြင် အာယတနတရားတို့ရဲ့။ အဓိဝစနံ၊
အမည်ပါပေတည်း။

ဟိုဖက်ကမ်းဆိုတာက အပြင်အာယတနံခြောက်ပါး။ ရူပါရုံ
သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အပြင်
အာရုံခြောက်ပါး။ ချစ်သားတို့၊ အဲဒီ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊
ဖောဋ္ဌဗ္ဗ၊ ဓမ္မဆိုတဲ့ အပြင်အာယတန ခြောက်ပါးကို "ဟိုဖက်
ကမ်း" ခေါ်တယ်။

## ဟိုဖက်ကမ်း တင်ပုံ

ချစ်သားတို့ ရရှိထားတဲ့ သမ္မာဒိဋ္ဌိအသိဉာဏ်ကလေး ရူပါရုံ
ပေါ်မှာ ကပ်နေတယ်။ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊
ဓမ္မာရုံဆိုတဲ့ အဲဒီ အာရုံတွေပေါ်မှာ ချစ်သားတို့ရဲ့ သမ္မာဒိဋ္ဌိ
ဉာဏ်ကလေး သွားသွားပြီးတော့ "ငါ၊ ငါ့ဥစ္စာ" အနေအား
ဖြင့် သိမ်းပိုက် ယူမှတ်ပြီးနေခဲ့မယ်ဆိုယင် ချစ်သားတို့ရဲ့ သမ္မာ-
ဒိဋ္ဌိသည် ဟိုဖက်ကမ်း တင်ပြီတဲ့၊ ဒီလို ပြောပါတယ်နော်။

"မှန်ပါ့ဘုရား"

ဒီတော့ ဒီဖက်ကမ်းဆိုတာက အတွင်းအာယတနခြောက်ပါး စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန၊ အဲဒီ ခြောက်ခုသော ဌာနမှာ တဏှာဖြင့်ရင်း၊ ဒိဋ္ဌိဖြင့်ရင်း၊ ဝိပဿနာ ရှုနေတဲ့ ယောဂီများ မိမိတို့ရှုနေတဲ့ ရှုကွက်ထဲမှာ ဉာဏ်စဉ် ဆယ်ပါးတို့၏ အတောအတွင်း ဉာဏ်စဉ်ဆယ်ပါး၏ နယ်နိမိတ်အတွင်းမှာ ရထားသော သမ္မာဒိဋ္ဌိကို ကြားဖြတ်ပြီးတော့ အဲဒီထဲ အာယတန ခြောက်ပါး တပါးပါးမှာ တဏှာဒိဋ္ဌိဝင်ပြီး ငြိကပ်ခဲ့မယ်ဆိုယင် ထိုပုဂ္ဂိုလ်ရဲ့ သမ္မာဒိဋ္ဌိဆိုသော သစ်တုံးသည် ဒီဖက်ကမ်း ကပ်သွားပြီလို့ ဒီလိုဆိုဘယ်။

နောက်တမျိုး အဓိပ္ပာယ် နားလည်လွယ်အောင် ပိုပြီးတော့ ရှင်းရှင်းပြောရယင်တော့ ကိုယ့်ကိုယ်ကို၊ မိမိရဲ့ ခန္ဓာကိုယ်ကြီးကို စွဲလမ်းခင်မင်တွယ်တာ ညှာတာ၍နေခြင်းသည် ဒီဖက်ကမ်း ကပ်နေကြတာပဲလို့ ဒီလိုဆိုယင် ပိုပြီးတော့ ရှင်းသွားမယ်ပေါ့။

မိမိရဲ့ ကိုယ်ကြီးကို တွယ်နေတာ၊ညှာနေတာ၊ ခင်မင်နေတာ၊ တဏှာ မာန ဒိဋ္ဌိဖြင့် ငြိကပ်ပြီးတော့ နေတာဟာ ဒီဖက်ကမ်း တင်ကြတာပါပဲ။

## ဒုက္ခလက္ခဏာကို ဠရိယာပုထ် ဖုံးခြင်း

ဒါကြောင့်မို့လို့ ဒုက္ခလက္ခဏာကို ဣရိယာပုထ် ဖုံးသည်ဆိုတဲ့ စကား ပြောကြအုံးစို့။

"ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။"

(ဝိ ဒု နှာ—၂၇၆)။

ဒုက္ခ လက္ခဏာကို ဣရိယာပုထ်နဲ့ ဖုံးထားတယ်ဆိုတာက ဘာ ပြောသလဲလို့ဆိုတော့ "လျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊သွား ခြင်း"ရယ်လို့ ဣရိယာပုထ် လေးပါးရှိတဲ့ အနက် ကြာကြာကြီး ထိုင်ပြီးတော့ အလုပ်လုပ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာ ဘာဖြစ်လာ သလဲ ဆိုယင်—

"အတိစိရံ ဟတ္ထပါဒေ သမိဉ္ဇေတွာ ဝါ ပသာရေတွာ ဝါ ခဏေ ခဏေ ဝေဒနာ ဥပ္ပဇ္ဇန္တိ"

အတိစိရံ၊ အလွန်ကြာမြင့်စွာ။ ဟတ္ထပါဒေ၊လက်ခြေ တို့ကို။ သမိဉ္ဇေတွာ ဝါ၊ ကွေးထားရသည် ဖြစ်၍ရင်း။ ပသာရေတွာ ဝါ၊ ဆန့်ထားရသည် ဖြစ်၍ရင်း။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ဝေဒနာ၊ ကာယိကဒုက္ခဆို တဲ့ဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍လာကြကုန်၏။

အလွန်ကြာမြင့်စွာ လက်တွေ ခြေတွေကို ကွေးပြီးတော့ ထိုင် ထားရတဲ့ ယောဂီပုဂ္ဂိုလ်သည် တော်တော်ကြာတဲ့ အခါကျတော့ ကာယိကဒုက္ခတွေ ဖြစ်လာပါတယ်။

အဲဒီလို ထိုင်နေလို့ ကာယိက ဒုက္ခဖြစ်လာတဲ့ ပုဂ္ဂိုလ်သည် ထိုကဲ့သို့ ပေါ်လာတဲ့ ကာယိကဒုက္ခများ ငြိမ်းချမ်းသက်သာ သွားပါစေခြင်း အကျိုးငှာ ဘာ လုပ်ရသလဲဆိုတော့ ထိုင်ရာက နေပြီးတော့ လျောင်းပေးရတယ်။ လျောင်းပေးလိုလဲပဲ ဒီအ တိုင်း ကြာကြာ နေနိုင်သလားလို့ဆိုတော့ မဟုတ်ဖူး။ လျောင်း လိုက်တဲ့ အခါကျတော့ ထိုင်သောအခိုက်မှာ ပင်ပန်း ဆင်းရဲနေ

တဲ့ ထိုင်သောအခိုက်က ကာယိကဒုက္ခတွေ ခဏလေး ငုပ်သွား ပြီးတော့ ပက်လက်ကလေး လျောင်းလိုက်တယ် ဆိုယင်ပဲ ဣရိ ယာပုထ်တမျိုး ပြောင်းလိုက်တဲ့ အတွက်ကြောင့် ထိုင်သော အခိုက်က ကာယိကဒုက္ခတွေ ငုပ်သွားတယ်။ လျောင်းလိုက်တဲ့ အခါကျတော့ သက်သာသလိုပဲ။ အတော်အတန် နေသာထိုင် သာလေး ရှိသွားရော။

ဒါဖြင့် နေသာ ထိုင်သာတော့ရှိပြီ။ ဒီအတိုင်းပဲ ဆက်ပြီး တော့ တုံးလုံးလေးလျောင်းပြီး နေလိုက်မယ်ဆိုဘော့ တုံးလုံးပက် လက်ကလေး ခပ်ကြာကြာ နေကြည့်ပါလား။ ကျောနဲ့ အိပ်ရာ ခင်းနဲ့ ကပ်ပြီးတော့နေရတာ တော်တော်ကြာ ပူလာပြန်တော့ မနေနိုင်ပြန်ဘူး။ ထရပြန်တယ်။

ခါးက မတ်မတ်ကြီး ရပ်ပြီးတော့နေ။ တော်တော်ကြာ နေလို့ မဖြစ်ပြန်ဘူး။ စင်္ကြံသွားရပြန်တယ်။ စင်္ကြံအမြဲတမ်း လျှောက်နေ ပြန်တော့လဲ ဘာဖြစ်လာပြန်လဲ။ သွေးတွေ အောက်ဆင်းပြီး တော့ ပင်ပန်းလာပြန်တယ်တဲ့။ ဒီတော့ တမျိုးတမျိုး ခဏခဏ ပြောင်းပြောင်း ပြောင်းပြောင်း ပေးနေရတာဟာ ဘာဖြစ်လို့လဲ ဆိုလို့ရှိယင် ရှေးဦးစွာနေသော ဣရိယာပုထ်မှာ ပင်ပန်းဆင်းရဲလို့ နောက်နောက် ဣရိယာပုထ်တို့ဖြင့် ပြောင်း၍ပြောင်း၍ ပေးနေ ရတာ။

အဲဒီတော့ ဣရိယာပုထ် ပြောင်းလိုက်ဘယ် ဆိုလို့ရှိယင် ပထမ ရှေးဦးစွာနေသော ဣရိယာပုထ်ရဲ့ အခိုက်အတန့်မှာ ပင်ပန်းနေ

တဲ့ ကာယိကဒုက္ခတွေဟာ ငုပ်လျှိုးသွားပြီးတော့ နောက်ထပ် ဖြစ်ပေါ်လာတဲ့ ဣရိယာပုထ်အသစ်က ဖုံးသွားတယ်။

ဆိုလိုတာက ထိုင်လို့ ပင်ပန်းနေတဲ့ ပုဂ္ဂိုလ် ထတဲ့အခါကျ သက်သာသွားတယ်။ ဒါကြောင့် ထိုင်တဲ့အခိုက်မှာဖြစ်တဲ့ ဒုက္ခ ဝေဒနာကို ထခြင်းဆိုတဲ့ ဣရိယာပုထ်က ဖုံးလွှမ်းပေးလိုက်တယ် တဲ့။ ဒုက္ခလက္ခဏာကို ဣရိယာပုထ် ဖုံးတယ်ဆိုတာ အဲဒါပါဘဲ။

အဲဒီလို ခဏခဏ ပြောင်းရွှေ့ပြောင်းရွှေ့ပေးပြီးတော့ သက်သာအောင် လုပ်နေတာဟာ ဘာလဲဆိုလို့ရှိယင် "ဒီဖက်ကမ်းတင်တယ်" ဆိုတဲ့ အဓိပ္ပာယ်ကို ပြောချင်ပါတယ်။ မိမိကိုယ်ကို ညှာတာလွန်းသည်ဖြစ်၍ ဤလိုဖြစ်တာ။ ဒါကြောင့် မညှာမတာ ရက်ရက်စက်စက် တခါတဲ အလွန်ပင်ပန်းဆင်းရဲပြီးတော့ ချွေး တွေ တဖြိုင်ဖြိုင်ကျသွားအောင် ဒီလိုလုပ်ရမှာလားလို့ ဆိုတော့ အဲဒီလိုပင်ပန်းလွန်းအောင် လုပ်ပြန်တော့လဲပဲ ဒုက္ခဝေဒနာ လွန်ကဲ သွားပြီးတော့ ဘာဖြစ်ပြန်သလဲ။ ဒေါမနဿဖြစ်လာနိုင်တယ်။

ဒါဖြင့် အဲဒီပင်ပန်းတာတွေကို ဆက်ပြီး ရှုနေပြန်တော့လဲပဲ ရှုကွက် စနစ်တကျ မဖြစ်ခဲ့ယင် အဲဒီထဲမှာလဲပဲ တဏှာမာနဒိဋ္ဌိ ဝင်ပြီးတော့ ဒီဖက်ကမ်း တင်တတ်ပြန်တယ်။ အဲဒါကြောင့်မို့လို့ ဒီဖက်ကမ်းမှ ခွာဖို့ဆိုတာ ဘုန်းကြီးတို့ပရိသတ် ဘာလိုလဲဆိုတာ အကျဉ်းချုပ်ပြောရယင် မိမိရဲ့ ဤ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနဆိုတဲ့ ခြောက်ခုသောဒွါရကို တဏှာဖြင့်လဲ ညှာတာ တဲ့သဘော မသက်ရောက်ရ လေအောင် ဒိဋ္ဌိဖြင့်လဲပဲ စွဲမက်တဲ့

သဘောသို့ မသက်ရောက်ရလေအောင်၊ ဒေါသဖြင့်လဲပဲ နှိပ်စက်တဲ့သဘောသို့ မရောက်ရလေအောင်၊ အဲဒီ အစွန်းတွေကို လွတ်အောင် ရှောင်ပြီးတော့ သွားနိုင်ဖို့အရေးကြီးတယ်။

တဏှာဖြင့်ဆိုလို့ရှိယင် ထိုယောဂီပုဂ္ဂိုလ်သည် ညှာတာပြီးတော့ နေတတ်တယ်။ ဒိဋ္ဌိဖြင့် ဆိုလို့ရှိယင်စွဲမက်ပြီးတော့နေတတ်တယ်။ ဒေါသနဲ့ဆိုလို့ရှိယင် နှိပ်စက်ပြီးတော့ နေတတ်တယ်။ အဲဒီ အစွန်းတွေကို လွန်မြောက်အောင် လုပ်ဖို့ အရေးကြီးပါတယ်။

အကယ်၍ ပင်ပန်းတဲ့ ကာယိကဒုက္ခ ပေါ်လာပြန်ယင်လဲပဲ ဒေါမနဿမဖြစ်အောင် သက်သာတဲ့ ကာယိကသုခ ဖြစ်လာပြန်ယင်လဲပဲ အဘိဇ္ဈာမဖြစ်ရလေအောင် အဲဒီအစွန်းတွေကို မရောက်ရလေအောင် ထိန်းပြီးတော့ သွားရမှာပဲ။ ဒါ့ကြောင့် သတိပဋ္ဌာန်သုတ် ပါဠိတော်ရဲ့ အစမှာ—

"အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ[၁]"။

ဘိက္ခဝေ၊ ရဟန်းတော်များ အို- ချစ်သားတို့။ အာတာပီ၊ ကိလေသမာရ် သူပုန်ရန်ကို ဖူးပန်စေတတ်တဲ့ လုံ့လဝီရိယလဲ ရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ပရမတ္ထတရားတွေကို တခုစီတခုစီ ခွဲခြမ်းဝေဖန် စိစစ်ပြီးတော့ပေးတဲ့ သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာနှစ်ပါးကို

---

၁။ မူလပဏ္ဏာ် နှာ—၇၀၊

ပိုင်းခြားထင်ထင် သိမြင်နိုင်တဲ့ ပညာဉာဏ်လဲရှိသည်ဖြစ်၍။ လောကေ၊ ပဉ္စုပါဒါနက္ခန္ဓာ ငါးပါးဟု ဆိုအပ်သော လောကကြီး၌။ အဘိဇ္ဈာဒေါမနဿံ၊ ပြင်းစွာ တပ်မက်ခြင်းဆိုတဲ့ အဘိဇ္ဈာတရား၊ စိတ်နှလုံး မသာယာခြင်းဆိုတဲ့ ဒေါမနဿတရား ဤနှစ်ပါးကို။ ဝိနေယျ၊ ပယ်ရှား၍။

အစွန်းတရား နှစ်ပါး။ အဘိဇ္ဈာရယ်၊ ဒေါမနဿရယ်။ အဘိဇ္ဈာဆိုတာက ဤရူပကာယကို စွဲမက်ပြီးတော့ နေခြင်း၊ တပ်မက်ပြီးတော့နေခြင်းသည် အဘိဇ္ဈာ၊ အဘိဇ္ဈာ လွန်ကဲယင် ဘယ်ရောက်သွားသလဲဆိုတော့ ကာမသုခလ္လိကာနုယောဂထဲကို နွယ်သွားတယ်။ဒေါမနဿအစွန်းသို့ ရောက်သွားပြီဆိုလို့ ရှိယင် အတ္တကိလမထာနုယောဂသို့ နွယ်သွားတယ်။တနည်း အတ္တကိလမထာနုယောဂ လမ်းစဉ်ကိုလိုက်မိယင် ဒေါမနဿ ဝင်တတ်တယ်။ ကာမသုခလ္လိကာနုယောဂ အစွန်းကို လိုက်မိယင် အဘိဇ္ဈာ ဝင်တတ်တယ်။

နောက်တနည်း ပြောရယင် မသက်သာ သက်သာအောင် သက်သာရေးကိုသာ ရှာရှာနေတဲ့ ယောဂီဟာလဲပဲ အဲဒီ သက်သာမှုသည် မသိမသာ ကာမသုခလ္လိကာနုယောဂဖြစ်ပြီးတော့ အဘိဇ္ဈာဖက်ကို ရောက်သွားတတ်တယ်။

မပွင့်ပန်း ပွင့်ပန်းအောင်လုပ်ပြန်တော့လဲပဲ အတ္တကိလမထာနုယောဂဖြစ်ပြီးတော့ ဒေါမနဿအစွန်းကို ရောက်တတ်ပါတယ်။အဲဒါကြောင့်“ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ”

သံကုန်း [၇] (ဒုတိယအကြိမ်)

တဲ့။ အဘိဇ္ဈာနဲ့ ဒေါမနဿကိုဖြင့်ယင် ပယ်ရှားပြီးတော့ ထား ကြ။ အစွန်းနှစ်ဖက် မရောက်ကြပါစေနဲ့။ အဲဒီအစွန်း နှစ်ခုကို မရောက်ရလေအောင် အာတာပီဆိုတဲ့ ဝီရိယရယ်၊ သတိမာဆိုတဲ့ သတိ၊ သမ္ပဇာနဆိုတဲ့ ပညာ၊ ဒီဘာဆားသုံးလုံးသည် အရေး တကြီး ရှေ့ဆောင်ရမယ်လို့ ဒီသို့ပြောပါတယ်။

## မဟာတိဿ ရဟန်းကျင့်ထုံး

ဘုန်းကြီးတို့ တရားနာပရိသတ်များ ကြားဘူးကြသိမ့်မယ်။ မဟာတိဿရဟန်းကြီး ပေါင်ချိုးတယ်ဆိုဘာ။ ဘာပြုလို့ ပေါင် ချိုးတာလဲ။ လူဆိုးတွေက လာပြီးတော့ တောကြီးထဲမှာ ဝိုင်း ပြီး "အရှင်ဘုရား သတ်တော့မယ်"ဆိုတော့ ကိုယ်တော်ကြီး ပေါင်ချိုးတာ။

'ဒို့ပရိသတ်၊ ဘာပြုလို့ ချိုးတာလဲ"

"မပြေးနိုင်အောင်လို့ပါဘုရား" (ကလေးငယ်တဦး)

မပြေးနိုင်အောင် ချိုးတာ။ ဟုတ်ပီ၊ ဒို့တကာလေး ပြောဖော် ရတယ်။ ဒို့ပရိသတ်ကြီးက မပြောနိုင်ဘူး။ ဒကာလေးက ထ ပြောတယ်။

မဟာတိဿ ရဟန်းကြီးဟာ ညီအစ်ကိုနှစ်ယောက် စူဠတိဿ နဲ့။ စူဠတိဿက အိမ်မှာ သားမယားနဲ့တကွ နေရစ်ခဲ့တယ်။ မဟာ တိဿ အစ်ကိုကြီးက ပစ္စည်းတွေ ညီအကုန်ပေးခဲ့ပြီး တောထွက် ရဟန်းတရား အားထုတ်တယ်။

ညီဖြစ်သူရဲ့ ဇနီးက အိမ်ကနေပြီးတော့ စဉ်းစားတယ်။ အကယ်၍များ တောရဆောက်တည်ပြီးတော့ တရားအားထုတ်နေတဲ့ မဟာတိဿကိုယ်တော်ကြီး တော်မပျော်လို့ လူထွက်ပြီး အိမ်ပြန်လာခဲ့ယင်တော့ သူ့စည်းစိမ်တွေ ပြန်ပြီး သူ့တဝက် ခွဲပေးရလိမ့်မယ်။ အဲဒီလို တဝက်ခွဲပေးရမှာကို စိုးရိမ်တဲ့ ခယ်မဖြစ်သူက တောရကျောင်း ကမ္မဋ္ဌာန်းတရား အားထုတ်နေတဲ့ မဟာတိဿ ရဟန်းတော်ကြီးကို လူဆိုးတွေ ပိုက်ဆံပေးပြီးတော့ အသတ်ခိုင်းတယ်။ သွားပြီးတော့ သတ်လိုက်ကြစမ်းတဲ့။

လူဆိုးတွေ တောရကျောင်း သွားပြီးတော့ ဝိုင်းကြရော၊ ဝိုင်းကြတဲ့အခါကျတော့ တောရဆောက်တည်နေတဲ့ မဟာတိဿမထေရ်ကြီးက မေးတယ်–

"မင်းတို့ ငါ့ကို ဘာပြုလို့ ဝိုင်းဖမ်းကြ၊ ဆီးကြရတာတုန်း"

"အရှင်ဘုရားခယ်မက ပိုက်ဆံပေးလိုက်တယ်ဘုရား။ သတ်ရမယ်လို့ဆိုပါတယ်။ အဲဒါကြောင့် တပည့်တော်တို့ အရှင်ဘုရားကို သတ်ရပါလိမ့်မယ်။ ခယ်မတော်ဆီက ပိုက်ဆံလဲ တပည့်တော်များ ယူပြီးပါပြီ ဘုရား"

"ဒါဖြင့် သတ်ကြမယ် ဆိုယင်လဲကွယ် သတ်ကြတာပေါ့။ တညလောက်တော့ မင်းတို့ငါ့ကို ခွင့်ပေးကြပါအုံး။ ရဟန်းတရား ပွားများ ချင်လို့ပါ။ တညလောက်ပဲ ခွင့်ပေးကြပါ။ ရဟန်းတရား ပွားများအားထုတ်ချင်တယ်"

"အရှင်ဘုရား ပရိယာယ်ဆင်ပြီးတော့ ထွက်ပြေးမလို့နဲ့ တူပါတယ်"တဲ့ လူဆိုးများကပြောတော့–

## မဟာတိဿရဟန်း အာမခံပေးခြင်း

"ငါထွက်မပြေးပါဘူးကွာ။ မင်းတို့ကို ငါ မပြေးဘူးဆိုတဲ့ အကြောင်း ရဲရဲကြီး ငါအာမခံပါတယ်"

"အရှင်ဘုရား တပါးတည်းနေတာ တောကြီးထဲမပြေးဘူးလို့ ဘယ်သူက အာမခံမှာလဲ ဘုရား" ဆိုတော့—

"ကဲ-မင်းတို့ မယုံယင်ကြည့်ကြ၊ ငါ အာမခံပေးမယ်ဆိုပြီး တော့ ကျောက်တုံးကြီးတတုံး ကောက်ကိုင်ပြီး ပေါင်နှစ်ဖက် ကို အဲဒီကျောက်တုံးကြီးနဲ့ ရိုက်ချိုးလိုက်တော့ ပေါင်နှစ်ဖက် ကျိုးသွားတယ်"

အဲဒါကို အဋ္ဌကထာက ဘာပြောသလဲ—

"ပါဋ္ဌိဘောဂံ မေ ဥပါသကာ ဂဟေတွာ" တဲ့။

အာမခံပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပေါင်ချိုးတာတဲ့။

"ဘုန်းကြီးတို့ ပရိသတ်၊ ပေါင်ချိုးတာ ဘာအတွက်ချိုး တာလဲ"

"အာမခံပေးဖို့ ချိုးတာပါဘုရား"

အာမခံပေးဖို့ ချိုးတာ။ အဲဒီ ပေါင်ချိုးထားတဲ့ ဒဏ်ချက်ကို ဝေဒနာကမ္မဋ္ဌာန်း ရှုမယ်လို့ ချိုးတာမဟုတ်ဘူးနော်၊ အာမခံ ပေးဖို့။

အဲဒီလို ပေါင်နှစ်ဖက် ကျိုးသွား။ သွေးတွေ ဖြိုင်ဖြိုင်ကျ။ မပြေးနိုင်တော့ဘူးဆိုတာ သိတဲ့အခါ ကျတော့မှ လူဆိုးများ

တနေရာက စောင့်ဆိုင်းနေတုန်း ထိုမဟာတိဿ ကိုယ်တော်ကြီး ဘာလုပ်သလဲ—

'ဥဠီရုဠိဘောဒ္ဓပစ္စယံ ဒုက္ခဝေဒနံ အမနသိကာရေန ဝိနောဒေတွာ''

သော၊ ထိုမဟာတိဿ ဆိုတဲ့ ပေါင်နှစ်ဖက်ကျိုးသွားတဲ့ ကိုယ်တော်ကြီးသည်။ ဥဠီရုဠိဘောဒပစ္စယံ၊ ပေါင်နှစ်ဖက် ကျိုးခြင်းကြောင့် ဖြစ်ပေါ်လာတဲ့။ ဝေဒနံ၊ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကြီးကို။ အမနသိကာရေန၊ နှလုံးမသွင်းသော အားဖြင့်။ ဝိနောဒေတွာ၊ ပယ်ဖျောက်၍။

ဘယ်လောက်တောင် ဒီဖက်ကမ်းမှ လွတ်တော်မူသလဲ ဆိုတာ ပေါင်ကျိုးတဲ့ ဒဏ်ရာဒဏ်ချက် ဖြစ်ပေါ်လာတဲ့ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကြီးကို နှလုံးမသွင်းပဲနဲ့ အဲဒါ ပယ်ပြီးတော့ ထားလိုက်တယ်။

ဒိုပရိသတ်၊ မဟာတိဿရဟန်းကြီး ပေါင်ကျိုးတာကို နှလုံးသွင်းသလားဗျာ''

"မသွင်းပါဘုရား"

နှလုံးမသွင်းဘူး။ အဲဒါ ပေါင်ချိုးပြီးတော့ ဝေဒနာရှုတယ်လို့ ဒိုပရိသတ် အမှတ်မမှားကြပါနဲ့။ "အမနသိကာရေန ဝိက္ခမ္ဘေတွာ"ဆိုတဲ့ အဋ္ဌကထာနဲ့ ဋီကာစကားက ရှင်းနေတယ်။

အဋ္ဌကထာကတော့—

ထေရဿ ဝေဒနံ ဝိက္ခမ္ဘေတွာ သီလံ ပစ္စဝေက္ခ-တော မရိသုဒ္ဓံ သီလံ နိဿာယ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇိ[၁]"—

လို့ပဲ ဖွင့်တယ်။ "ဝေဒနံ၊ ဝေဒနာကို။ ဝိက္ခမ္ဘေတွာ၊ ခွာ၍။" ဝေဒနာ ခွာတယ်ဆိုတာ ဘယ့်နှယ်ခွာသလဲဆိုတော့—

ဋီကာဆရာကြီးက—

"ဝေဒနံ ဝိက္ခမ္ဘေတွာ၊ ဥဠာရပီတိပါမောဇ္ဇယောဂေန ဒုက္ခဝေဒနံ အမနသိကာရေန ဝိနောဒေတွာ[၂]"တဲ့။

ဘယ်လောက် ကောင်းအားသလဲလို့—

ဝေဒနံ ဝိက္ခမ္ဘေတွာတိ၊ ဝေဒနံ ဝိက္ခမ္ဘေတွာ ဆိုသည်ကား။ (ဝါ) ဝေဒနာကို ခွာလိုက်၍ ဟူသည်ကား။ ဥဠာရပီတိပါမောဇ္ဇယောဂေန၊ ပေါင်နှစ်ဖက်ကျိုးခြင်းကြောင့် ဖြစ်ပေါ်၍လာသော။ ဒုက္ခဝေဒနံ၊ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကို။ အမနသိကာရေန၊ အဲဒီ ပေါင်ရိုးကျိုးခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ဒဏ်ချက်ကို နှလုံးမသွင်းသောအားဖြင့်။ ဝိနောဒေတွာ၊ ပယ်ဖျောက်၍။

---

၁။ ဒီ၊ မဟာဝဂ္ဂ ဋ္ဌ၊နှာ-၃၃၉။

၂။ ဒီဋီ ၂၊၂၀၃။

အဲဒီလို ပေါင်ကျိုးတဲ့ ဧကျချက်ကို မဟာတိဿကိုယ်တော်ကြီး လုံးလုံး အာရုံမပြုဘူး။ နှလုံး မသွင်းဘူးတဲ့။ အဲဒီလို အဋ္ဌကထာနဲ့ ဋီကာမှာ သေသေချာချာ လာတော့ယင် ဒီပုံရိသတ်၊ မဟာတိဿရဟန်းကြီး ပေါင်ချိုးဝေဒနာရှိတယ်လို့တော့ မမှတ်ကြနဲ့တော့။ ဒါကို လုံးလုံးအာရုံမပြုတော့ဘူး။

အဲဒါဘာဆိုလိုတာတုန်း ဆိုလို့ရှိယင် ဘုန်းကြီးတို့ တရားနာပရိသတ်၊ ဒီကနေ့ တနာရီလောက်ထိုင်လိုက်ယင် "ခါးကိုက်တယ်၊ ပေါင်နာတယ်" စသည်ဖြင့် ဖြစ်သာကြတဲ့ ယောဂီများအတွက် မဟာတိဿ ကိုယ်တော်ကြီးရဲ့ ကျင့်ထုံးကို နည်းယူစေချင်လို့ အားကျစေချင်လို့ ကြည်ညိုစေချင်လို့ ပြောပါတယ်။

ဘယ်လောက် အားကျစရာကောင်းလဲ။ ဤမှာဖက်ကမ်းလို့ ခေါ်တဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဆိုတဲ့ မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာ လုံးလုံးကို သူနှလုံးမသွင်းဘူး။ ဒါလောက်တောင် ပင်ပန်းနေတဲ့ ကာယိကဒုက္ခကို အာရုံမပြုဘူးဆိုတာဟာ ဒီဖက်ကမ်းကို တကယ့်ကို အပြတ်အသတ် ခွာထားတာ။

အဲဒီနေရာမှာ အတ္တကိလမထာနုယောဂနဲ့ ဒေါမနဿ၊ ဒေါသတွေ ဝင်ပြီးတော့ အလွန်တရာ ဆင်းရဲဖို့ပဲ။ အဲဒီလို ဒေါမနဿအစွန်းကို မရောက်ပဲနဲ့ သူခွာထားနိုင်တယ်။ ဒါဖြင့်ယင် ဘယ်လို နှလုံးသွင်းပြီးတော့ နေသလဲ။ ဝေဒနာခွာတော့ အဲဒီကာယိကဒုက္ခ နှလုံးမသွင်းဘူးဆိုတော့ ဘာနှလုံးသွင်းထားသလဲ လို့ မေးရာရှိလာတယ်။

## မဟာတိဿရဟန်း သီလကို ဆင်ခြင်ခြင်း

"ထေရော ဝေဒနံ ဝိက္ခမ္ဘေတွာ သီလံ ပစ္စဝေက္ခ-
တော ပရိသုဒ္ဓံ သီလံ နိဿာယ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇိ"။

ထေရော၊ ထိုမဟာတိဿရဟန်းကြီး၏။ ဝေဒနံ၊ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကို၊ ဝိက္ခမ္ဘေတွာ၊ ပယ်ခွါထား၍။ အတ္တနော၊ မိမိ၏။ သီလံ၊ သီလကို။ ပစ္စဝေက္ခ-တော၊ ဆင်ခြင်လိုက်သည်ရှိသော်။ အတ္တနော၊ မိမိ၏။ ပရိသုဒ္ဓံသီလံ၊ သန့်ရှင်းစင်ကြယ်တဲ့ သီလကို။ နိဿာယ၊ မှီ၍။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ခြင်း ဝမ်းသာခြင်းဆိုတဲ့ ပီတိပါမောဇ္ဇသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပေါ်၍ လာခဲ့ပြီ။

သူနှလုံးသွင်းတာကြည့်။ "အတ္တနော၊ မိမိ၏။ သီလံ၊ သီလကို ပစ္စဝေက္ခတော၊ ဆင်ခြင်လိုက်သည်ရှိသော်"။ သူ့ သီလကို သူစဉ်ပြီးတော့ နှလုံးသွင်းသွားတယ်၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးကို မဟာတိဿကိုယ်တော်ကြီး နှလုံးသွင်းတယ်။ ပေါင်ကျိုးတဲ့ ဒဏ်ရာကို နှလုံးမသွင်းပဲနဲ့ သီလဆင်ခြင်လိုက်တယ်။

ငါ ရဟန်းဘဝ ရောက်တဲ့နေ့ကစပြီး ငါ ကျင့်သုံးရတဲ့ ပါတိမောက္ခ သံဝရသီလ သိက္ခာပုဒ် ၂၂၇-ပါး၊ ဘယ်သိက္ခာပုဒ်တွေများ ပျက်စီးနေတာ ရှိသလဲလို့ သိက္ခာပုဒ် တခုစီတခုစီ စိစစ်ပြီး ကြည့်တဲ့အခါကျတော့ မည်သည့်သိက္ခာပုဒ် တခုမှပျက်စီးတာကို မတွေ့ရဘူး။ ညှိုးနွမ်းတာ မတွေ့ရဘူး။ ပြောက်ကျား

ဘာ မတွေ့ရဘူး။ စောင့်ထိန်းထားသော ၂၂၇-သွယ် သီလ သိက္ခာတွေဟာ အကုန်လုံး ဖွေးဖွေးလက်ပြီးတော့ အရောင်ထွက် ဖြူစင်ပြီးတော့ တောက်ပြောင်နေတာ သူတွေ့ရတယ်။ အဲဒါ ကြောင့်—

အတ္တနော၊ မိမိရဲ့။ သီလံ၊ သီလကို။ ပစ္စဝေက္ခ တော၊ ဆင်ခြင်လိုက်သည်ရှိသော်။ ပရိသုဒ္ဓံသီလံ၊ သန့် ရှင်းစင်ကြယ်တဲ့ သီလကို။ နိဿာယ၊ မှီ၍။ ပီတိ ပါ-မောဇ္ဇံ၊ အဲဒီသီလကို အာရုံပြုပြီးတော့ ဖြစ်ပေါ်လာ တဲ့ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိ ပါမောဇ္ဇ သည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပေါ်လာခဲ့ပါပြီ။

ဘယ်လောက် အားရစရာကောင်းလိုက်သလဲ၊ ပေါင်ကျိုး နေတဲ့ဒဏ်ရာကို နှလုံးမသွင်းဘူး၊ သီသကို နှလုံးသွင်းလိုက်တဲ့ အခါကျတော့ သူ့သီလသည် အကျိုး အပေါက်-အပြောက် အကျား မရှိဘူး၊ ဖြူစင် သန့်ရှင်းနေတဲ့ သီလဝိသုဒ္ဓိတွေ့ရတဲ့ အတွက်ကြောင့် “နှစ်သက်ခြင်း၊ ဝမ်းသာခြင်း”ဆိုတဲ့ ပီတိနဲ့ ပါမောဇ္ဇ နှစ်ခုဖြစ်လာတယ်။

ပီတိပါမောဇ္ဇ ဖြစ်တယ်ဆိုယင် မဟာတိဿ ရဟန်းကြီးရဲ့ ဝေဒနာသည် သုခဝေဒနာ ဖြစ်သွားတယ်။ ပီတိက နှစ်သက် ခြင်း၊ ရွှင်လန်းခြင်း။ ပါမောဇ္ဇက ဝမ်းမြောက်ခြင်း။

“ရွှင်ရွှင်လန်းလန်း၊ဝမ်းပန်းတသာ ဖြစ်လာတယ်ဆိုတာဟာ ဒိုပရိသတ်၊ ဒုက္ခဝေဒနာလား၊ သုခဝေဒနာလား”

"သုခဝေဒနာပါ ဘုရား"

သုခဝေဒနာ။ ခန္ဓာကိုယ်မှာ ကြည့်လိုက်မယ်ဆိုလို့ရှိယင် ရုပ်တရားကို ကြည့်လိုက်တဲ့ အခါကျတော့ ရူပကာယမှာ ဖြစ်ယင်တော့ ကာယိကဒုက္ခဖြစ်တယ်။ နာမကာယပိုင်း ကြည့်လိုက်တဲ့အခါကျတော့ ဒုက္ခမဖြစ်တော့ဘူးတဲ့၊ သုခဖြစ်နေတယ်။ ဘယ်လောက်တောင် အားရစရာကောင်းလဲ။ သီလဆိုတာဟာ တကယ်သေပေါက်သေဝ ရောက်လာပြီဆိုတဲ့ အချိန်ကျယင် ကိုယ့်မှာအားကိုးစရာ ရှာတဲ့အခါကျတော့ အဲဒီလို သီလက ပြေးတော့ရှာကြည့်။ ငါအားကိုးစရာ ဘယ်လောက်ရှိပြီလဲဆိုတာကို အဲဒီအချိန်မှာ တခါတဲ့ စစ်ဘမ်းပဲ။

ဒီတော့ ပီတိပါမောဇ္ဇ နှစ်သက်ခြင်း၊ ဝမ်းသာခြင်းတွေ ဖြစ်ဖြစ်ပြီးတော့ လာတဲ့အချိန်မှာ သူ့သဏ္ဌာန် ကာယိက ဒုက္ခကိုအာရုံပြုမယ် ဆိုယင်တော့ ဒုက္ခဝေဒနာ ဖြစ်ကောင်း ဖြစ်လိမ့်မယ်။ ယခုတော့ သီလဂုဏ် အာရုံပြုလိုက်တဲ့အခါ ပီတိပါမောဇ္ဇနဲ့တွဲပြီးတော့ သုခဝေဒနာပေါ်လာတယ်တဲ့။ ဘယ်လောက်ကျေနပ်အားရဖွယ် ကောင်းတုန်းဆိုယင်—

ဘုန်းကြီးတို့ တရားနာပရိသတ်အနေနဲ့ အဲဒါ ကိုယ်ချင်းသာစာကြည့်ကြ၊ ပင်ပန်းတယ် ဆင်းရဲတယ်ဆိုယင် ဒုက္ခဝေဒနာဖက်ကို ရောက်ပြီးတော့သွားတာဟာ များမှာပါပဲ။ ယခု ပေါင်နှစ်ခုလုံး ကျိုးနေတာတောင်မှ ဒုက္ခဝေဒနာမဖြစ်ဖူး။

အဲဒါ ဘာဆိုလိုသလဲ။ "ဤမှာဖက်ကမ်း" ဆိုတဲ့ မိမိရဲ့ခန္ဓာကိုယ်ကြီး တကိုယ်လုံးအပေါ်မှာ တွယ်တာခြင်း၊ ငဲ့ကွက်ခြင်း၊

တဏှာ မာန ဒိဋ္ဌိတို့ဖြင့် လိမ်းကျံငြိကပ်ခြင်း ဘာမှမရှိတဲ့အတွက်ကြောင့် အဲဒီလိုနေနိုင်တာ။

ဒါဖြင့် သူကိစ္စပြီး ရဟန္တာဖြစ်နေလို့လားဆိုတော့ ရဟန္တာ မဖြစ်သေးဘူး။ အပြင်းအထန်အားထုတ်နေတဲ့ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တယောက်။ ဒါကြောင့်—

> ပရိသုဒ္ဓသီလံ၊ သန့်ရှင်းစင်ကြယ်တဲ့ သီလကို။ နိဿာယ၊ မှီ၍။ ပီတိ ပါမောဇ္ဇံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိပါမောဇ္ဇသည်၊ ဥပ္ပဇ္ဇိ၊ ဖြစ်ပေါ်၍လာခဲ့ပါပြီ။

အဲဒီမှာ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိပါမောဇ္ဇ ဖြစ်လာတဲ့အချိန်။

## မဟာတိဿရဟန်း အရဟတ္တဖိုလ်ဆိုက်ခြင်း

> ''တတော အနုက္ကမေန ဝိပဿနံ ဝဍ္ဎေန္တော တိယာမရတ္တိံ သမဏဓမ္မံ ကတွာ အရုဏုဂ္ဂမနေ အရဟတ္တံ ပတ္တော[၁]''

တတော၊ ထိုနောက်မှ။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဝိပဿနံ၊ ဝိပဿနာတရားကို၊ ဝဍ္ဎေန္တော၊ ပွားများကျိုးကုတ် အားထုတ်ခဲ့သည်ရှိသော်။ တိယာမရတ္တိံ၊ ညဉ့်သုံးယံပတ်လုံး။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတွာ၊

၁။ ဒီ၊ မဟာဝဂ္ဂ ဋ္ဌ၊ နှာ-၃၃၉။

ပြုလုပ် အားထုတ်တော်မူပြီး၍။ အရဟတ္တမဂ္ဂမနကာလေ၊ အရဟတ်တက်သော ကာလ၌။ အရဟတ္တံ၊ အာသဝေါ ကင်းကွာတဲ့ ရဟန္တာအဖြစ်သို့။ ပတ္တော၊ ကောင်းစွာ မသေ့ ရောက်ရှိတော်မူခဲ့ပေပြီ။

တညလုံး ရဟန်းတရား အားထုတ်ပြီးတော့ သွားတယ်။ အရဟတ်တက်တော့ ရဟန္တာဖြစ်တယ်တဲ့။ ဒါဖြင့် တညလုံး အားထုတ်တဲ့ ကမ္မဋ္ဌာန်းက ဘာလဲလို့တခါထပ်ပြီးတော့မေးခဲ့ယင်—

"အနုက္ကမေန ဝိပဿနံ ဝဍ္ဎေန္တော" သီလကို စတင်ဆင်ခြင်တယ်။ ပီတိပါမောဇ္ဇ ရတယ်၊ နှစ်သက်ခြင်း၊ ရွှင်လန်းခြင်း၊ ဝမ်းသာခြင်းတွေ ဖြစ်ကရော။ အဲဒီလို သီလကိုအာရုံပြု၍ နှစ်သက် ရွှင်လန်း ဝမ်းသာခြင်း ရပြီးပြီဆိုတဲ့အခါကျတော့ နှစ်သက်ရွှင်လန်းကြည်လင်နေသော ပုဂ္ဂိုလ်ရဲ့ စိတ်သည် သမာဓိဖြစ်ဖို့ မခက်တော့ဘူး။ ဒါဖြင့် ထိုသမာဓိသည် ဘာအာရုံယူပြီးတော့ ရရမှာလဲလို့ဆိုတော့—

"မူလကမ္မဋ္ဌာနံ မနသိကရောန္တော" တဲ့။

မိမိအားထုတ်နေကျ မူလကမ္မဋ္ဌာန်းကိုပဲ နှလုံးသွင်းလိုက်တာ သမာဓိဖြစ်သွားတယ်။

မူလကမ္မဋ္ဌာန်း နှလုံးသွင်းလိုက်တဲ့အခါမှာ သမာဓိဝင်ပြီးတော့ ထိုနောက် ဝိပဿနာတက်တဲ့အခါ အဲဒီမှာ အရဟတ်တက် ရဟန္တာဖြစ်သွားတယ်။ ပေါင်ကျိုးတဲ့ ကာယိကဒုက္ခကို နှလုံးသွင်းတယ်လို့ ဘယ်မှာမှ မပါဘူး။

အဲဒါကြောင့် ဘုန်းကြီးတို့တရားနာပရိသတ်“ဒီဖက်ကမ်း” ကို ခွာနိုင်တယ်ဆိုတာဟာ မဟာတိဿကိုယ်တော်ကြီးလို ရက်ရက်စက်စက် ခွာနိုင်ယင်ဖြင့် အခက်အခဲမရှိဘူးပေါ့။ အဲဒီလောက် အခက်အခဲတွေနဲ့ ကြုံလာတဲ့အခါမှာ ဒီလို စွန့်စွန့်စားစား ခွာနိုင်အောင်တော့ ကြိုးစားကြရမှာပဲ။

ဒီတော့ သေပေါက်သေဝ ရောက်လာတဲ့ အချိန်မှာ ဒီလိုမှ မခွာနိုင်ယင်တော့ အဲဒါသွားရောပဲ၊ သီလကလဲ အားကိုးစရာ မရှိ။ မိမိရဲ့ ခန္ဓာကိုယ်ကြီးပေါ်ကလဲ တဏှာဒိဋ္ဌိက မခွာနိုင်ဘူး ဆိုယင်တော့ အဲဒါ ဒီဖက်ကမ်းတင်ပြီးတော့ ဒို့ပရိသတ်သွားရော အောက်ပိုင်းစုန်တော့မှာပဲ။

ဒီတော့ မဟာတိဿကိုယ်တော်ကြီး အရဟတ်တက် ရဟန္တာလဲ ဖြစ်ပြီးရော အဲဒီမှာ ဝမ်းသာလို့ ဥဒါန်းတွေများ ကျူးသွားသေးတယ်။

## ရာဂနဲ့ သေရမှာ ရှက်တဲ့ မဟာတိဿရဟန်း

ဥဘော ပါဒါနိ ဘိန္ဒိတွာ၊ သညပေဿံမိ ဝေါအဟံ။
အဋ္ဋီယာမိ ဟရာယာမိ၊ သရာဂမရဏံ အဟံ။
ဝေါဟံ စိန္တယိတွာန၊ ယထာဘူတံ ဝိပဿိသံ။
သမ္ပတ္တေ အရုဏုဂ္ဂမှိ၊ အရဟတ္တ–မပါပုဏိံ။

နှစ်ဂါထာဖြင့် ဝမ်းသာတဲ့ ဥဒါန်း ကျူးသွားတယ်။

ဝေါ၊ သင်တို့အား။ အဟံ၊ ငါသည်။ ဥဘော ပါ ဒါနိ၊ ခြေနှစ်ဖက်တို့ကို။ ဘိန္ဒိတွာ၊ ကျောက်ခဲနဲ့ ထုပြီးတော့ ချိုးဖျက်၍။သညပေဿာမိ၊ အာမခံပေးပါတယ် ထွက်ပြီးတော့ မခြေနိုင်ဘူး ဆိုတဲ့အကြောင်းကို ကောင်းစွာသိစေပါအံ့။ အဟံ၊ ငါသည်။သရာဂမရဏံ၊ ကိလေသာရာဂနှင့်တကွ သေရခြင်းကို။ အနိစ္စယာမိ၊ ငြီးငွေ့လှပါ၏။ ဟရာယာမိ၊ ရှက်လှပါ၏။

ဒါက ယခု တရားဟော တရားနာ လုပ်နေကြတဲ့ ဟောသူ နာသူ နှစ်ဦးအတွက် သတိပေးထားခဲ့တဲ့ စကားတရပ်ပဲ။ "သရာဂမရဏံ၊ ကိလေသာရာဂနဲ့ သေရမှာရှက်လွန်းလို့"တဲ့။ တညတာလေး ရတဲ့အခိုက်မှာ သူ့အပြင်းအထန် အားထုတ်ခဲ့ပါတယ်တဲ့။

ရာဂနဲ့ သေရမှာ တိဿရဟန်းကြီးက ရှက်လိုတဲ့။ ဘုန်းကြီးတို့ပရိသတ်၊ အဓိပ္ပာယ် ဘယ်နှယ်ပေါ်သွားသလဲဆိုတော့ "ရာဂနဲ့ သေရတယ်ဆိုတာဟာ ရှက်စရာ သိပ်ကောင်းတယ်" ဆိုတဲ့ အဓိပ္ပာယ်ပေါ်သွားတယ်။

ယခု တရားဟော တရားနာ တရားအလုပ် အားထုတ်ကြပါတယ်ဆိုတဲ့ ဘုန်းကြီးတို့ ယောဂီများလဲပဲ အဲဒီ မဟာတိဿရဟန်းကြီးရဲ့ စကားကိုပင် မကြာမကြာ စဉ်းစားပြီးတော့ ပေးကြပါ။ ကိလေသာရာဂနဲ့ သေရတယ်ဆိုတာဟာ ရှက်စရာကောင်းတယ်။

"စေ၀ံ၊ ဤသို့။ အဟံ၊ ငါသည်။ စိန္တယိတွာန၊ ကြံစီ
စဉ်းစားခဲ့ပြီး၍" အဲဒီလို ရာဂနဲ့တကွ သေရမှာရှက်ပါ
တယ်ဆိုတဲ့အကြောင်း ငါသည် ကောင်းစွာ စဉ်းစားခဲ့
သည်ဖြစ်၍။ ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။ ဝိပဿိသံ၊
ဝိပဿနာတရား ပွားများခဲ့သည်ရှိသော်။ သမ္ဗောဓိ
အရဟတ္တမဂ်၊ အရဟတ်တက်ခဲ့သည်ရှိသော်။ အဟံ၊ ငါသည်။
အရဟတ္တံ၊ အာသဝေါ ကင်းကွာတဲ့ ရဟန္တာအဖြစ်သို့။
ပါပုဏိံ၊ကောင်းစွာမခဲသွ ရောက်ရှိတော် မူခဲ့ပါပေသ
တည်း။

သာဓု—သာဓု—သာဓုပါဘုရား။

ဒီတော့ ဒီဖက်ကမ်း ခွာတယ်ဆိုရာမှာ အတွင်းအာယတန
ခြောက်ပါးကို တဏှာဒိဋ္ဌိတို့ဖြင့် မငြိကပ်အောင် နှလုံးသွင်းဖို့ရယ်၊
မဟာတိဿကိုယ်တော်ကြီး သေပေါက်သေ၀ကို ရောက်လာတဲ့
အချိန်ကြီးဘောင်မှ မိမိရဲ့ ခန္ဓာကိုယ်ကြီးကို အဲဒီလို တဏှာဖြင့်
ငင်း၊ ဒိဋ္ဌိဖြင့်ငင်း၊ မာနဖြင့်ငင်း၊ တစုံတခုတို့ဖြင့် မငြိကပ်ဘူး
ဆိုတာ ရုပ်ဟာ ဒီဖက်ကမ်းကို လွန်မြောက်၍ သွားခြင်းပါပဲလို့
ဒီလိုမှတ်ကြပါ။

"ကိံ နုခေါ ဘန္တေ ပါရိမံ တီရံ"

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်
စုံတော်မူသော မြတ်စွာဘုရား။ ပါရိမံ တီရန္တိ တော်
အဓိဝစနံ၊ ဟိုမှာဖက်ကမ်း ဟိုဖက်ကမ်းဆိုတဲ့ စကား
သည်။ ကိံ နုခေါ၊ အဘယ်ပါနည်း အရှင်ဘုရား။

"ဟိုဖက်ကမ်းဆိုတာက ဘာပါလဲ မြတ်စွာဘုရား"လို့ မေးလျှောက်တဲ့ အခါကျတော့—

"ပါရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ"

ဘိက္ခု၊ ချစ်သားရဟန်း။ ပါရိမံ တီရန္တိ တော် အဓိဝစနံ၊ဟိုမှာဖက်ကမ်း ဟိုဖက်ကမ်းဆိုတဲ့စကားသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနံ အာယတနာနံ၊ အပြင်အာယတနတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

ဟိုဖက်ကမ်းဆိုတာက ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ ရယ်လို့ အပြင်အာယတန ခြောက်ပါး၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ ရယ်လို့ အပြင်အာရုံ ခြောက်ပါး။ အဲဒါဟာ ဒိုပရိသတ် ဟိုမှာဖက်ကမ်းပဲ။

အဲဒီ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ ဆိုတဲ့ အာရုံခြောက်ပါး တပါးပါးမှာ တဏှာဖြင့်ငင်း၊ ဒိဋ္ဌိဖြင့်ငင်း သွားပြီးတော့ ငြိကပ်ခဲ့ယင် ထိုပုဂ္ဂိုလ်သည် "ဟိုဖက်ကမ်း"ကပ်ပြီ။

## ဥပက္ကိလေသနဲ့ ဥပက္ကိလေသဝတ္ထု

ဒီတော့ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်း ပွားများကြတဲ့ ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့ အနေနှင့် ဥဒယဗ္ဗယဉာဏ် အားကောင်းလာတဲ့အခါကျတော့ ဘာတွေပေါ်လာသလဲဆိုလို့ရှိယင် ဥပက္ကိလေသဆိုတာတွေ ပေါ်လာတယ်။ ဥပက္ကိလေသရယ်၊ ဥပက္ကိလေသဝတ္ထုရယ်လို့ စကားနှစ်လုံးကို ရှေးဦးစွာ ခွဲပြီးတော့ မှတ်ပါ။

ဥပက္ကိလေသ ဆိုတာက တကယ့်ကို ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်တဲ့တရားကို ဥပက္ကိလေသ။

ဥပက္ကိလေသဝတ္ထု ဆိုတာက အဲဒီ ကိလေသာလေး ပေါ်ပေါက်လာဘို့ရန် အကြောင်းခံဖြစ်တဲ့ တရားကို ဥပက္ကိလေသဝတ္ထု။

ဥပက္ကိလေသမှာ ဥပဆိုတဲ့ စကားလုံးကို ပယ်ထားယင်ပဲ ဘုန်းကြီးတို့ ပရိသတ် ရှင်းနေပါတယ်။ ကိလေသာလို့ အဓိပ္ပာယ်ရသွားတယ်။ ဥပက ဘာ့ကြောင့်ထည့်ရသလဲဆိုလို့ရှိယင် ဝိပဿနာဉာဏ်ကို ပူးကပ်ပြီးတော့ ညစ်နွမ်းအောင် လုပ်လို့တဲ့။ ဥပက "ကပ်တယ်"ဆိုတဲ့ အဓိပ္ပာယ်။

ဝိပဿနာဉာဏ်ကို နီးနီးစပ်စပ် ပူးကပ်ပြီးတော့ ညစ်နွမ်းသွားအောင် လုပ်တဲ့တရားကို ဥပက္ကိလေသ ခေါ်တယ်။ အဲဒီ ဥပက္ကိလေသခေါ်တဲ့ ကိလေသာစိတ် ဖြစ်ပေါ်လာရခြင်းရဲ့အကြောင်းဝတ္ထုကို ဥပက္ကိလေသဝတ္ထု။

"ဥပက္ကိလေသဝတ္ထုရယ်၊ ဥပက္ကိလေသရယ်လို့ စကားဘယ်နှစ်မျိုး ခွဲရမလဲ"

"နှစ်မျိုးပါဘုရား"

"ဘာနဲ့တဲ့လဲ"

"ဥပက္ကိလေသနဲ့ ဥပက္ကိလေသဝတ္ထုပါဘုရား"

ဥပက္ကိလေသရယ်၊ ဥပက္ကိလေသဝတ္ထုရယ်လို့ နှစ်မျိုး။ အဲဒါတွေက ဘာတွေတဲ့လဲဆိုလို့ရှိယင်–

သံကုန်း [၈] (ဒုတိယအကြိမ်)

ဥပက္ကိလေသဝတ္ထု (၉) ပါး

(၁) ဩဘာသေစေဝ ဉာဏေ စ၊ ပီတိယာ စ ဝိကမ္ပတိ။
ပဿဒ္ဓိယာ သုခေစေဝ၊ ယေဟိ စိတ္တံ ပဝေဓတိ။
(၂) အဓိမောက္ခေ စ ပဂ္ဂါဟေ၊ ဥပဋ္ဌာနေ စ ကမ္ပတိ။
ဥပေက္ခာဝဇ္ဇနာယ စေဝ၊ ဥပေက္ခာယ စ နိကန္တိ-
ယာ[၁]။

ဒါက သဒ္ဓမ္မပဋိရူပက သုတ္တန်အဖွင့်တို့ ပဋိသမ္ဘိဒါမဂ်တို့မှာ လာတယ်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့မှာလဲ ပါပါရဲ့။ အဲဒီ ကျမ်းဂန်ကြီးတွေမှာ အဋ္ဌကထာကြီးတွေမှာ လာတဲ့စကားများကို အကျဉ်းချုံးပြီးတော့ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းမှာ ပြတာက တော့ တိုတိုလေးရယ်။ လွယ်တယ်။

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏ မုပဋ္ဌာန- မုပေက္ခာ စ နိကန္တိ စ။

သူကတော့ တဂါထာတဲ့ပဲ။ အဲဒီတော့ နံပါတ် (၁)က ဘာ တုန်းဆိုလို့ရှိယင် ဩဘာသ = အလင်းရောင်လေးတွေ၊ နံပါတ် (၂)က ပီတိ။

"နံပါတ် (၂)က ဒ္ဒိုပရိသတ် ဘာတဲ့တုန်း"

"ပီတိပါ ဘုရား"

"နံပါတ်(၃)ကျတော့ ပဿဒ္ဓိ၊ နံပါတ်(၃)ကကာယပဿဒ္ဓိ။ စိတ္တပဿဒ္ဓိ၊ စိတ်စေတသိတ်တို့ရဲ့ အေးချမ်းခြင်းဆိုတဲ့ ပဿဒ္ဓိ၊

၁။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၂၉၊

ဘုန်းကြီးတို့ပရိသတ် လွယ်လွယ်ကလေးမှတ်။ စိတ် စေတသိက်များရဲ့ အေးချမ်းမှု၊ အဲဒါကို ပဿဒ္ဓိလို့ ခေါ်တယ်။

ပြီးတဲ့အခါကျတော့မှ အဓိမောက္ခ၊ အဓိမောက္ခဆိုတာက သဒ္ဓါတရားပဲ။ သဒ္ဓါတရားတွေဟာ သိပ်ပြီးတော့ ထက်သန်လာတယ်။ တရားအလုပ် အားထုတ်ယင်း အားထုတ်ယင်းနဲ့ သဒ္ဓါတရားတွေ သိပ်ကောင်းလာတယ်။ အသက် အသေခံပြီးတော့ အားထုတ်ချင်လောက်အောင် ဖြစ်လာတယ်။ ရှိတဲ့ပစ္စည်းတွေ အကုန် လှူချင်စိတ်တွေ ပေါက်လာတယ်။ ဆွေတွေ မျိုးတွေ အကုန်စွန့်ပြီးတော့ တယောက်တဲ တောကြီးထဲ သွားချင်တဲ့ စိတ်တွေ ပေါက်လာတယ်။ တရားအလုပ်နဲ့သာဖြင့်ယင် ထမင်းမစားရချင်နေပါစေ။ အဲဒီလောက် သဒ္ဓါတရားတွေ ထက်သန်လာတယ်။

အဲဒီလို အလွန် ထက်မြက်ပြီးတော့လာတဲ့ သဒ္ဓါတရားကို လဲပဲ မဂ်ဉာဏ်နဲ့ မယှဉ်သေးလို့ရှိယင် မဂ်ဉာဏ်မရသေးတဲ့ ထိုပုဂ္ဂိုလ်များက ထိုကဲ့သို့ ထက်သန်လာတဲ့ သဒ္ဓါတရားကို သောတာပတ္တိမဂ်ဉာဏ်နဲ့ ယှဉ်လာတဲ့ သဒ္ဓါမျိုးလို့ ဒီလိုသင်ပြီးတော့ သွားတတ်ခြင်းကြောင့် အဲဒါဟာလဲ ဥပက္ကိလေသ ဝတ္ထုပဲ။ အထင်မှားပြီးတော့ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်တယ်။

ဒါ့ကြောင့် ဩဘာသဆိုတဲ့ အရောင်အလင်းရယ်၊ ပီတိဆိုတဲ့ ငါးမျိုးသော နှစ်သက်ရွှင်လန်း ဝမ်းသာခြင်းရယ်၊ ပဿဒ္ဓိဆိုတဲ့ စိတ်စေတသိက်တို့ရဲ့ အေးချမ်းမှုရယ်၊ အဓိမောက္ခဆိုတဲ့ ထက်သန်လာတဲ့ သဒ္ဓါတရားရယ်၊ ပဂ္ဂဟလို့ဆိုတဲ့ ဝီရိယတရားရယ်။

ဝီရိယဆိုတာက "ပဂ္ဂဟာကိစ္စံ သာဓေတိ"တဲ့ ထောက်ပံ့တဲ့ကိစ္စကို ပြီးစေတယ်။ စိတ်တွေ စေတသိက်တွေ မိမိတို့ရှုနေတဲ့ ဝိပဿနာ အာရုံတခုခုပေါ်က ပရမတ္ထ သင်္ခတအာရုံ တခုခုပေါ်က စိတ်ကို ယိမ်းယိုင် တုန်လှုပ်ပြီးတော့ ပြေးလွှားမသွားရလေအောင် ထောက်ပံ့သော သဘော၊ အားပေးသောသဘော၊ ချီးမြှောက်သောသဘော၊ အဲဒါကို ပဂ္ဂဟာကိစ္စ၊ ဝီရိယကလုပ်တာ၊

အဲဒီမှာ ဝီရိယကောင်းနေပြန်ယင်လဲ ထိုပုဂ္ဂိုလ်ဟာ တခါတခါကျတော့ ထိုကဲ့သို့ ထက်သန်လာခဲ့တဲ့ ဝီရိယကိုပင်လျှင်ဘယ်လို ထင်သွားသလဲဆိုလို့ရှိယင် အဲဒါ မဂ်နှင့်ယှဉ်လာတဲ့ ဝီရိယမျိုး၊ ဒါမဂ်ပဲ၊ ဒီလိုထင်တယ်။

နံပါတ် (၆) သုခဆိုတာက ပဿဒ္ဓိ ရလာတဲ့အချိန်မှာ ထိုပုဂ္ဂိုလ်ရဲ့ ချမ်းသာခြင်းသည် ဘယ်ချမ်းသာနဲ့မျှ မတူအောင်လောကမှာ အကောင်းဆုံးချမ်းသာကို သူရသွားတယ်။

အဲဒီလို စိတ်တွေ စေတသိက်တွေ အေးပြီးတော့ တကိုယ်လုံး သက်သာနေတဲ့ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိတို့ရဲ့ စွမ်းရည်ကြောင့်ဖြစ်တဲ့ ချမ်းသာတဲ့ သုခဝေဒနာကိုပင်လျှင် တခါတခါအဲဒါနိဗ္ဗာန်ရဲ့ အရသာလို့ပဲ ထင်ပြီးတော့ ရပ်ဆိုင်းသွားနိုင်တဲ့အတွက်ကြောင့် ထိုသုခဝေဒနာမျိုးကို ဥပက္ကိလေသ ဖြစ်စေတတ်တဲ့အကြောင်း ဥပက္ကိလေသတွေထဲထည့်။

**မှတ်ချက်။** ။ပီတိငါးမျိုး-

(၁) ခုဒ္ဒိကာ=ကြက်သီးမွေးညင်းထရုံမျှ သေးငယ်စွာ ဖြစ်သော ပီတိ။

(၂) ခဏိကာ=လျှပ်စစ်ပြက်သလို ခဏခဏဖြစ်၍ ခဏခဏ ပျက်သော ပီတိ။

(၃) ဩက္ကန္တိကာ=ဒီရေလှိုင်းလုံးကြီး သွန်းဖုံးလာသကဲ့သို့ တကိုယ်လုံး၌ လွှမ်းဖုံးသက်ရောက်သော ပီတိ။

(၄) ဥဗ္ဗေဂါ=မိမိအပုန်ဖြင့် ကိုယ်ကိုအထက်သို့ မြှောက်နိုင်သော ပီတိ၊

(၅) ဖရဏာ=ဥဗ္ဗေဂါထက် ကြာရှည်စွာ တကိုယ်လုံးမှာ ပျံ့နှံ့သော ပီတိ၊

(သင်္ဂြိုဟ်ဘာသာဋီကာစေတသိက်ပိုင်းမှ) တည်းဖြတ်သူ။

"ဘယ်နှစ်ပါးရတုန်း ဒွိပရိသတ်"

"......................"

"ဩဘာသရယ်၊ ပီတိရယ်၊ ပဿဒ္ဓိရယ်၊ အလွန်ထက်သန်သတဲ့ သဒ္ဓါတရားရယ်၊ အလွန်တရာထက်သန်တဲ့ ဝီရိယရယ်၊ အလွန်ချမ်းသာပြီးတော့ နေပါတယ်ဆိုတဲ့ သုခဝေဒနာရယ်။ ဘယ်နှစ်မျိုးလဲ"

"ခြောက်မျိုးပါဘုရား"

ခြောက်မျိုးနော်။ ဉာဏဆိုတာက ဝိပဿနာဉာဏ်၊ အလွန်ကို ထက်မြက်ပြီးတော့လာတဲ့ ဝိပဿနာဉာဏ်၊ကိလေသာကို ဖောက်ခွဲနိုင်တယ်။ ဒိပရမတ္ထခါတ်သားတွေကို တခုစီတခုစီ ကွဲပြီး တော့သွားအောင် ဖောက်ခွဲနိုင်တယ်။ အလွန် ထက်မြက်အား ကောင်းလာတဲ့ ဝိပဿနာဉာဏ်၊ ဝဇိရ စိန်သွားကဲ့သို့ ပစ်လိုက်တိုင်း ပစ်တိုက်တိုင်း ဖြန်းကနဲ ဖြန်းကနဲ ကွဲပြီးတော့သွားတဲ့

ဝဇီရစိန် လက်နက်ကဲ့သို့ ကျိုဝိပဿနာဉာဏ် အလွန်ထက်သန်လာတဲ့ အခါကျပြန်တော့လဲပဲ ရှုချင်တဲ့ နာမ်ကိုရှု၊ ရှုချင်တဲ့ ရုပ်ကို ရှုလိုက်၊ နာမ်တွေရုပ်တွေ အစိတ်စိတ်အမွှာမွှာ ကွဲပြီးတော့ လက္ခဏာရေးသုံးပါး ဖြန်းကနဲ တခါတဲ ပေါ်လာတယ်။

အဲဒီလို ရှုချင်တဲ့နေရာကိုရှု၊ လက္ခဏာရေးသုံးပါး တခါတဲ ထင်လောက်တဲ့ အထိ အလွန်အားကောင်းနေတဲ့ ဝိပဿနာဉာဏ်ကိုလဲပဲ ဒါမင်္ဂဉာဏ်ပဲလို့ ထင်သွားတတ်ခြင်းကြောင့် အလွန်ထက်မြက်တဲ့ ဝိပဿနာဉာဏ်လဲ ဥပက္ကိလေသဝတ္ထုတဲ့ဗျာ။ အဲဒါ တပါးထည့်။

"ဥပက္ကိလေသဝတ္ထု ဘယ်နှစ်ပါးရသလဲ"

"ခုနစ်ပါးပါဘုရား"

"သုခံ ဉာဏမုပဋ္ဌာနံ" ဥပဋ္ဌာနံဆိုတာက သတိ၊ သတိလဲပဲ တခါတခါကျတော့ ဥပက္ကိလေသဝတ္ထုထဲ ရောက်တယ်။ ဘာပြုလို့ သတိ ဥပက္ကိလေသဝတ္ထုထဲရောက်ရသလဲဆိုလို့ရှိယင် စေတသိက် ၅၂-လုံး၊ စိတ် ၈၉-ပါး၊ ရုပ် ၂၈-ပါး၊ မည်သည့် ပရမတ္ထတရားကိုပဲ ဖော်လိုက် ဖော်လိုက် ဖော်ချင်တဲ့ ပရမတ္ထတရားကိုဖော်၊ အဲဒီယောဂီရဲ့ဉာဏ်ထဲမှာ ပရမတ္ထတရားတွေဟာ တလုံးစီ တလုံးစီ အကုန်ထင်ပြီးတော့ လာတယ်။ အဲဒီလောက် အားကောင်းတဲ့ သတိ။ ငါတော့ သည်စေတသိက်လေးတလုံးတဲ ရှုမယ်လို့လုပ်ကြည့်။ အဲဒီသညာလေးတလုံးကိုပဲ ဖော်လို့ရတယ်။ အလွန်အားကောင်းတဲ့ သတိပါ။

သညာနှင့်ဝေဒနာဆိုတာ စိတ္တသင်္ခါရ တွဲပြီးတော့ နေတတ်တယ်။ တွဲပြီးတော့နေတာ ခွဲလိုက်မယ်ဆိုပြီးတော့ သညာ ဝေဒနာ ခွဲလိုက်။ အဲဒါ ထင်ထင်ရှားရှား သညာက တခု၊ ဝေဒနာ တခု ဉာဏ်ထဲမှာ ထင်ပြီးတော့ လာတယ်။ အဲဒီလိုရှုချင်တဲ့ ခေတ်သား ပရမတ္ထတရားကို ရှုပါ။ ထင်ထင်ရှားရှားကြီး ပေါ်လာစေတတ်တဲ့ အလွန်ထက်မြက် အားကောင်းသော သတိလဲပဲ အထင်ကြီးစရာကြီးထဲ့။ အဲဒါမင်္ဂလား ဖိုလ်လားလို့ အထင်ကြီးစရာကြီး ဖြစ်သောကြောင့် အဲဒီ အလွန် ထက်မြက် အားကောင်းတဲ့ သတိလဲပဲ ဥပက္ကိလေသာတွေ တပါးပဲ။

"ဒို့ပရိသတ် ဘယ်နှစ်ပါးရပြီလဲ"

"ရှစ်ပါးပါဘုရား"

> ဩဘာသော ပီတိ ပဿဒ္ဓိ၊အဓိမောက္ခော စ ပဂ္ဂဟော။
> သုခံ ဉာဏ မုပဋ္ဌာန မုပေက္ခာ စ၊

ဥပေက္ခာ၊ နောက်တခုထည့်တော့ အဲဒီ ဥပေက္ခာသည် ဝိပဿနုပေက္ခာ၊ ဝိပဿနုပေက္ခာဆိုတာ ဝိပဿနာဉာဏ်နှင့်တွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ ဥပေက္ခာ။

ဆိုကြပါစို့။ သင်္ခါရုပေက္ခာဉာဏ် ရောက်သွားတဲ့ ယောဂီဘုန်းကြီးတို့ ပရိသတ် သင်္ခါရုပေက္ခာဉာဏ် ရောက်တယ်ဆိုတာ ဘယ်လိုလဲ။ သင်္ခါရုပေက္ခာရဲ့ သဘောကို ဘယ်လိုသဘောကျသလဲ။ သင်္ခါရုပေက္ခာဉာဏ်ဆိုတဲ့သဘောက ဘယရယ်၊ နန္ဒီရယ် ဤနှစ်ခု။ ဘယဆိုတဲ့ အစွန်းတဖက်၊ နန္ဒီဆိုတဲ့ အစွန်းတဖက် ထို

အစွန်းနှစ်ဖက်ကို ကျော်လွန်ပြီးတော့ သွားတာကို ထိုအစွန်းနှစ်ဖက်ကို မရောက်ပဲနှင့် အလယ်တည့်တည့်က သွားနေတာကို သခ်ါရပေကွာ။ ဒါက ဝိသုဒ္ဓိမဂ်အတိုင်း ပြောတာ။

ဘယလို့ခေါ်တဲ့ ကြောက်လန့်မှုတွေအားကြီးနေတဲ့ ယောဂီပုဂ္ဂိုလ်သည် ဒေါမနဿ ဝင်တတ်တယ်။နေ့ခထိ ထိုခ်မထိနဲ့ ထွက်ပြေးချင်စိတ် ပေါက်သာလောက်အောင် ထိုပုဂ္ဂိုလ် ကြောက်ပြီးတော့ နေပြီ။ ဘယဉာဏ် အားကြီးနေပြီဆိုလို့ရှိယင် ထိုပုဂ္ဂိုလ်နေမဖြစ်တော့ဘူး။ ဒေါမနဿဖက်ကိုနွယ်ပြီးတော့ သွားတယ်။ နေရတာ မပျော်တော့ဘူး။ အဲဒီလိုကြောက်ရွံ့ စိုးရိမ်လွန်းအားကြီးပြီးတော့ ဘယလွန်ကဲတဲ့ ပုဂ္ဂိုလ်ဟာလဲပဲ မနေသာ မထိုင်သာဖြစ်နေတတ်တယ်။ ဒေါမနဿ မသိမသာ ဝင်လာတတ်တယ်။

နန္ဒီတဲ့၊ နှစ်သက် ရွှင်လန်းမှုတွေ လွန်ကဲနေတဲ့ ပုဂ္ဂိုလ်ဟာလဲပဲ အဲဒီမှာ တဏှာဝင်တတ်တယ်။ မိမိရဲ့ ဤတလံမျှလောက်သောကိုယ်ခန္ဓာကြီးကို ကြောက်ရွံ့လွန်း အားကြီးနေတဲ့ ပုဂ္ဂိုလ်ကလဲပဲ အဲဒါ ဘယဖြစ်ပြီးတော့ ဒေါမနဿ မတော်တဆ ဝင်လိမ့်မယ်။ ဤခန္ဓာကိုယ်ကြီးရဲ့ သက်သာမှုတွေ၊ ချမ်းသာမှုတွေကို အာရုံပြု၍ နှစ်သက်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာလဲပဲ နန္ဒီဖြစ်ပြီးသကာလ သောမနဿနဲ့ တွဲပြီးတော့ အဲဒီမှာ တဏှာ ရာဂဝင်တတ်တယ်။ အဲဒါ ဘယနဲ့ နန္ဒီနှစ်ပါး။

ယခုနက သတိပဋ္ဌာန် ပါဠိတော်အတိုင်း ပြောရယင်တော့ အဘိဇ္ဈာနဲ့ ဒေါမနဿ၊ ကြောက်လွန်းအားကြီးတာရယ်၊ သက်သာမှုကြောင့် ကျေနပ်လွန်းအားကြီးတာရယ် ကျေနပ်လွန်း

အားကြီးနေပြန်ဘော့လဲ ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ သောမနဿ ပီတိတို့ဖြင့် လှုပ်ချောက်ချားနေတာပဲတဲ့။

ကြောက်လွန်းအားကြီးနေတော့ ဘာဖြစ်ပြန်တုန်း။ သူလဲ လှုပ်ချောက်ချားတာပဲ။နှစ်သက်ရွှင်လန်းလွန်း အားကြီးတော့လဲ လှုပ်ချောက်ချားဘာပဲ၊ အဲဒီ အစွန်းနှစ်ဖက်သည် ဘယ်အစွန်းမှ မကောင်းဘူး။ အဲဒီ အစွန်းနှစ်ဖက်သို့ မရောက်ပဲနဲ့ အလယ်အလတ်သဘော ဒေါမနဿ သောမနဿ အစွန်းသို့လဲ မကပ်၊ အဘိဇ္ဈာဒေါမနဿ အစွန်းသို့လဲ မကပ်၊ ဘယနန္ဒိဆိုတဲ့ အစွန်းနှစ်ဖက်သို့လဲ မကပ်ပဲနဲ့ အလယ်ကနေ နေသာထိုင်သာ အနေအားဖြင့် သက်တောင့်သက်သာလေး ရှိပြီးတော့သွားတဲ့ပုဂ္ဂိုလ်ရဲ့ ဉာဏ်သည် အဲဒါ သင်္ခါရုပေက္ခာလို့ ဒီလိုသုံးဘယ်။

လယ်တီဆရာတော်ဘုရားကြီးများကတော့—

"ကြောင့်ကြပြေ၍၊တောင့်တပြေ၍ နေသာထိုင်သာရှိသော ဉာဏ်"တဲ့၊ လယ်တီ ဆရာတော်ဘုရားကြီးရဲ့ ဝေါဟာရက ကြောင့်ကြပြေ၍ ဒါက ဒေါမနဿအစွန်းလွန်သွားတာ။တောင့်တ ပြေ၍ဆိုတာက အဘိဇ္ဈာစွန်းကို လွန်သွားတာ။ အဲဒီလို ကြောင့်ကြပြေ၍ တောင့်တပြေ၍ နေသာထိုင်သာ ရှိသွားပြီဆိုယင် အဲဒါ သင်္ခါရုပေက္ခာဉာဏ်ပဲ။

မိမိတို့ အားထုတ်တဲ့အခါမှာ အဲဒါ စဉ်းစားပြီးတော့ကြည့်။ ကြောင့်ကြမှုတွေ များနေသလား။ တောင့်တမှုတွေ ဝင်နေသလား ကြည့်လိုက်ပါ။ အဲဒီနှစ်ဖက်ကို မလွန်ပဲနဲ့ ငြိမ်လို့ သက်တောင့်သက်သာလေး ရှိသွားပြီဆိုမှဖြင့် ဘုန်းကြီးတို့ပရိသတ်

ခံနိုင်ရည်ရှိပြီ။ ဘယ်နှယ်ခံနိုင်ရည် ရှိသလဲဆိုတော့ ဣဋ္ဌာရုံနဲ့ တွေ့ပြီဆိုလို့ရှိယင် တောင့်တတဲ့သဘော လာတယ်။

ဣဋ္ဌာရုံဆိုတဲ့ အလွန်ကောင်းတဲ့ အာရုံတွေနဲ့တွေ့ယင် ဒို့ပရဲ့ သတ်တောင့်တပြီးတော့သွား။ အဲဒါ အဘိဇ္ဈာအစွန်း။ သောမနဿနဲ့တွဲပြီးတော့ အနိဋ္ဌာရုံ မကောင်းတာတွေနဲ့တွေ့။ တနည်းပြောရယင် ဒုက္ခဝေဒနာ ကြုံပြီဆိုလို့ရှိယင် ကြောင့်ကြောင့်ကြကြကြီးဖြစ်ပြီးတော့ မနေသာမထိုင်သာ အဲဒါ ပင်ပန်းဆင်းရဲ ဒေါမနဿ အစွန်းတဖက်သွား။

သင်္ခါရုပေက္ခာသမားရဲ့ သဘောက ဒီလိုမဟုတ်ဖူး၊ ဘယ်လောက်ပဲ ကောင်းတဲ့ ဣဋ္ဌာရုံနဲ့တွေ့တွေ့ အဲဒီနောက်ကို သူမလိုက်ဖူး ခံနိုင်တယ်။ မကောင်းတဲ့ အနိဋ္ဌာရုံတွေနဲ့ပဲ တွေ့နေနေ ဘယ်လောက်ပဲ အာရုံကြမ်းကြမ်းကြီးတွေနဲ့ ဆုံနေနေ ထိုပုဂ္ဂိုလ်သည် ကြံ့ကြံ့ကြီး ခံနိုင်သွားတယ်။ ဘယ်ဖက်ကိုမှ မလိုက်ဖူး။ ဣဋ္ဌာရုံကိုလဲ သည်းခံနိုင်တယ်၊ အနိဋ္ဌာရုံကိုလဲ သည်းခံနိုင်တယ် ဆိုတဲ့ ယောဂီပုဂ္ဂိုလ်သည် ထိုအချိန် အထင်ကြီးတတ်တယ်။ ငါသည် မဂ်ဆိုက်နေလို့ပဲလို့ အဲဒီလိုအထင် ရောက်တတ်တယ်တဲ့။ ဥပေက္ခာအားကောင်းလို့။

အဲဒီလို ဥပေက္ခာအားကောင်းလာယင်လဲပဲ မဂ်များဆိုက်နေပြီလား။ ဘာ့ကြောင့်လဲ။ ဣဋ္ဌာ အနိဋ္ဌာ နှစ်ပါးကို သည်းခံနိုင်သွားတဲ့ အတွက် အဘိဇ္ဈာ ဒေါမနဿ နှစ်ပါးကို သည်းခံနိုင်သွားတဲ့ ဘယနဲ့ နန္ဒီကို သည်းခံနိုင်သွားတဲ့အတွက်ကြောင့် ငါဟာ မဂ်ဆိုက်နေပြီလားလို့ ထင်တတ်ပါတယ်။ အဲဒါကြောင့်

အဲဒီလို အားကောင်းလာတဲ့ ဥပေက္ခာတရားကိုလဲပဲ ဒါဝိပဿနာရဲ့ ညစ်ညူးကြောင်း ဥပက္ကိလေသ ဖြစ်စေတတ်တဲ့ ဝတ္ထုတဲ့။ ဒီလို ခေါ်တယ်။

"ဒီတော့ ဥပက္ကိလေသဝတ္ထု ယခုဘုန်းကြီး ပြောလာတာ ဩဘာသဆိုတဲ့ အရောင်အလင်းက စပြီးတော့ ဥပေက္ခာတိုင်အောင် ဒို့ပရိသတ် ဘယ်နှစ်ပါး ရပါသလဲ"

"ကိုးပါးပါဘုရား"

ကိုးပါးနော်။ အဲဒီကိုးပါးတပါးပါးဖြစ်လာတိုင်း ငြိကပ်သွားတဲ့သဘော၊ တပ်မက်သွားတဲ့သဘော၊ ကျေနပ်သွားတဲ့သဘောဆိုတာ တရုဏာတဏှာတဲ့၊ အလွန်နူးညံ့တဲ့ တဏှာတဲ့၊ အရောင်လေး ပေါ်လာယင်လဲ သူက တပ်မက်တာပဲ၊ ပီတိလေး ဝင်လာပြန်တော့လဲ တပ်မက်သွားတာပဲ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ အဲဒါတွေကိုလဲ တပ်မက်တာပဲ။ သူ့အားကောင်းနေတဲ့ သူ့သဒ္ဓါ သူ တပ်မက်။ သူ့သတိ သူတပ်မက်။ သူ့ဝီရိယ သူတပ်မက်နေတယ်၊ သူ့ဥပေက္ခာ သူတပ်မက်နေတယ်။ သူ့ဝေဒနာ သူတပ်မက်နေတယ်။

"အဲဒီတော့ တပ်မက်ခြင်းရဲ့ အကြောင်းဖြစ်တဲ့ ဝတ္ထုသည် ဒို့ပရိသတ် ကိုးပါးနော်"

"မှန်ပါ့ဘုရား"

## ဥပက္ကိလေသ (၁)ပါး

အဲဒီ ကိုးပါးကို တပ်မက်၊ တပ်မက်ပြီးတော့ လိုက်သွားတဲ့ နောက်က နိကန္တိဆိုတဲ့ တဏှာလောဘတရားလေးက ဥပက္ကိလေသ အစစ်။ သူမှ ဥပက္ကိလေသ။

"ဒီတော့ယင် ဥပက္ကိလေသရယ်၊ ဥပက္ကိလေသဝတ္ထုရယ် ဒို ပရိသတ် တခြားစီမဟုတ်လား"

"မှန်လှပါဘုရား"

အများအားဖြင့် ပြောနေတာက ဥပက္ကိလေသ ဆယ်ပါး။ ဆယ်ပါးပြောတယ်။ အမှန်သေချာ စိစစ်ပြီးတော့ ပြောမယ်ဆိုယင်တော့ ဥပက္ကိလေသဟာ တပါးတဲရယ်။ နိကန္တိတခုတဲသာလျှင် ဥပက္ကိလေသ။ အဲဒီနိကန္တိရဲ့ အကြောင်းဖြစ်တဲ့ ရှေးကကိုးခုက ဥပက္ကိလေသဝတ္ထုလို့ ဒီလိုခေါ်ပါတယ်။ဒါပေမဲ့ ပရိသတ် မှတ်မိလွယ်အောင် လွယ်လွယ်ပဲ ပြောတာကတော့ ဥပက္ကိလေသ ဆယ်ပါးလို့ ဒါက မှတ်မိလွယ်အောင် ဒီလိုပြောရတယ်။

သေသေချာချာ စိစစ်မယ်ဆိုလို့ရှိယင် ဩဘာသရယ် ပီတိ ရယ် ပဿဒ္ဓိရယ် အဓိမောက္ခရယ် ပဂ္ဂဟရယ် နောက်ပြီးတော့ သုခရယ် ဉာဏရယ် ဥပေက္ခာရယ် ကိုးပါးပေါ့။ အဲဒီကိုးပါးကို တပ်မက်တဲ့ တပ်မက်ပြီး လိုက်လိုက်ပြီးတော့လာတဲ့ နောက်က နိကန္တိဆိုတဲ့ တဏှာလောဘ တရားလေးတခုတဲကို ဥပက္ကိလေသခေါ်ရတယ်။ ကပ်ပြီးတော့ ဝိပဿနာဉာဏ်ကို ညစ်နွမ်းအောင် လုပ်ဘာ သူ။

## အနာထပိဏ်နဲ့ တောရ ရဟန်းသုံးပါး

ရှေးက ကိုးခု တမျိုးမျိုး ဘယ်လောက်ပဲဖြစ်နေနေ တပ်မက်တဲ့ ကိလေသာ လောဘတဏှာ မဝင်ခဲ့ယင် ဥပက္ကိလေသ မဖြစ်ဖူး။ အဲဒီရှေးက ကိုးမျိုး တမျိုးမျိုးဖြစ်လာတဲ့ အခိုက်မှာ ထိုကိုးမျိုးကို အထင်မှားပြီးတော့ ကျေနပ်ပြီးတော့နေတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်တယောက်သည် ဥဒယဗ္ဗယဉာဏ်ရဲ့ အခိုက်အတန့်မှာ ကမ္မဋ္ဌာန်းကျောင်းထဲ အရောင်လေးတွေလက်လက်လက်လက်နဲ့ ထွက်နေတယ်။ ပိုးစုန်းကြူးလေးများ လက်နေသလို ကြယ်လေးများ ဝင်းပြီးတော့ တောက်နေသလို လများဝင်းပြီးတော့ တောက်နေသလို ရွှဲလုံးလေးပုလဲလုံးလေးတွေလို တခါတဲအရောင်လေးတွေ လင်းကနဲလင်းကနဲနဲ့ မိမိရဲ့ကမ္မဋ္ဌာန်းကျောင်းထဲ လယ်ပြီးတော့ ပြေးနေတယ်။ ဒါမှမဟုတ် မိမိရှေ့မှာ မာကျူရီမီးလုံးလေး ထွန်းထားသလို လင်းပြီးတော့ နေတယ်။ ကြယ်ဝန်းကြီးတွေ လဝန်းကြီးတွေ နေဝန်းကြီးခတွေကို မြင်ပြီးတော့နေရတယ်။ ရောင်ခြည်တော် ခြောက်ပါးကဲ့သို့သော စက်ဝိုင်းကြီးတွေကို မြင်ရတယ်ဆိုပါတော့။

အဲဒီလိုအရောင်တွေ တမျိုးပြီးတမျိုး တမျိုးပြီးတမျိုး ကမ္မဋ္ဌာန်းကျောင်းထဲမှာ မြင်နေရတဲ့ယောဂီပုဂ္ဂိုလ်သည် အဲဒီ ဩဘာသဆိုတဲ့ အရောင်တွေဟာ ဒွိပရိသတ် ယခုနက ဆယ်ပါးထဲမှာ ဥပက္ကိလေသတွေထဲတပါး ရောက်လာတာပဲ။

"ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဆိုတဲ့ အာရုံခြောက်ပါးတို့တွင် အဲဒီ အရောင်အလင်းတွေဟာ ဒွိပရိသတ် ဘာအာရုံတုန်းဗျာ။"

"..................."

"အရောင်အလင်းတွေဟာ ဘာအာရုံလဲ။ အရောင်ပဲ မျက်စိနဲ့ မြင်နေရတာ ဘာအာရုံလဲ ဒွိပရိသတ်။ အရောင်မျက်စိနဲ့ မြင်ရတယ်၊ ဒွိပရိသတ်။ ရူပါရုံပါ။ အရိယမဂ္ဂမှာရုံပဲ ဘယ်ညှိ မလဲလို့။ ရူပါရုံဆိုတာ ဒွိပရိသတ် သိမှာပေါ့နော်။ မျက်စိနဲ့ မြင်ရတဲ့ အာရုံဆိုတာ ဘာအာရုံတုန်းဗျာ။

"ရူပါရုံပါဘုရား"

ရူပါရုံ။ အဲဒါကို ဒွိပရိသတ် နေ့မနေကြပါနဲ့။ နားနဲ့ ကြားယင် သဒ္ဒါရုံ၊ဒါတွေ ရှောက်ပြောနေယင် သိပ်ရှည်ကုန်မယ်။မျက်စိနဲ့ မြင်နေရတယ်။ အလင်းဆိုတာ မျက်စိနဲ့ မြင်နေရတယ်။ အရောင်တွေ ဆိုတာ မျက်စိနဲ့ မြင်နေရတယ်။ ကြယ်တွေ လတွေ နေတွေ နက္ခတ်တာရာတွေ အဲဒီလို မျက်စိနဲ့ မြင်ကောင်းတဲ့အရောင် ကိုယ့်ကမ္ဘဋ္ဌာန်း ကျောင်းထဲမှာ ကိုယ့်ဟာကို ဖွင့်ကြည့်။ လင်းကိုနေတယ်။

အနာထပိဏ်ကျောင်းဒကာကြီး ဘုရားနဲ့ မတွေ့ရသေးတဲ့ ညဉ့်ဦးယံ အချိန်လေးမှာ ရာဇဂြိုဟ်သူဌေး သူ့ယောက်ဖရဲ့ အိမ်ပေါ်အခန်းထဲမှာ ဗုဒ္ဓေါ ဗုဒ္ဓေါနဲ့ နှုတ်ကဆိုပြီး ဘုရားဖူးချင်တဲ့ စိတ်နဲ့နေလိုက်တာ တညသုံးခန္ဓာကိုယ်က အရောင်တွေ ထွက်ပြီးတော့ လင်းနေတယ် ဆိုဘာ ဒွိပရိသတ် အနာထပိဏ္ဍိကဝါဒသုတ္တန် နာဘူးတဲ့သူတိုင်း သိမှာပေါ့။

အဲဒီလိုလင်းနေတဲ့ အရောင်မျိုး ကိုယ်တော်သုံးပါးတောကြီးသဲမှာ ကမ္မဋ္ဌာန်းအားထုတ်နေကြတယ်။ ကမ္မဋ္ဌာန်းကျောင်းလေးတကျောင်းစီ တကျောင်းစီ အားထုတ်ကြတယ်။ မနက် ဆွမ်းခံသွားခါနီး သုံးပါးဆုံမိတော့ တပါးသော ကိုယ်တော်က ဘာပြောတုန်းဆိုတော့ "အရှင်ဘုရား၊ တပည့်တော် ညတုန်းက ကမ္မဋ္ဌာန်း အားထုတ်နေတာ တပည့်တော်ရဲ့ ကမ္မဋ္ဌာန်းကျောင်းလေးထဲက တခန်းလုံး လင်းနေတာပဲဘုရား။ အလင်းတွေ တပည့်တော် တွေ့ရပါတယ်"

တပါးသော ကိုယ်တော်က ဘာဆိုလိုက်တုန်းဆိုယင်—

"တပည့်တော် ညတုန်းက လင်းနေတဲ့ အလင်းရောင်တွေဟာ တကျောင်းလုံး မကဘူးဘုရား။ စေတီရင်ပြင်တော်ပေါ်မှာ စေတီအား ပူဇော်ထားတဲ့ အဆင်းငါးမျိုးရှိတဲ့ ပန်းတွေကို တပည့်တော် မျက်လုံးက ထွက်လာတဲ့ အရောင်လေးနဲ့ ထိုးပြီးတော့ ကြည့်လိုက်တာ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်သလို လင်းနေအောင် မြင်ရပါတယ်ဘုရား။

တပါးသော ကိုယ်တော်က "တပည့်တော် မျက်လုံးက ထွက်လာတဲ့ အရောင်လေးနဲ့ ပင်လယ်ထဲကို လှမ်းပြီးတော့ ကြည့်လိုက်တယ်ဘုရားတဲ့။ ပင်လယ်ရေအောက်က ငါးတွေ လိပ်တွေ မကန်းတွေ သွားနေတာကို အဲဒီ အရောင်နဲ့ တပည့်တော် ကြည့်လို့ရပါတယ်" ဒီလိုပြောကြတယ်။

အဲဒီလိုပြောနေကြတော့ ဒီကိုယ်တော်တွေဘာဖြစ်နေကြတာလဲ ဆိုတော့ သူတို့ အရောင်လေးတွေကို သူတို့ ကျေနပ်ပြီးတော့

တခါတဲ နှစ်သက်ပြီးတော့ တညလုံး အဲဒီအရောင်ပဲ ကြည့်နေတယ်။ ဘာဖြစ်သွားသလဲ။ ဖုဒ္ဓောကာသလို့ခေါ်တဲ့ ထွက်လေဝင်လေရဲ့ ထိခိုက်တဲ့နေရာမှာ သူတို့စိတ် မရှိတော့ဘူး။

"မနေ့က ပြောခဲ့တဲ့အတိုင်း ထိခိုက်သွားသောနေရာမှာ စိတ်ကို မရွေ့သွားပဲနဲ့ ချည်ထားဆိုတာ ထိုကိုယ်တော်တွေ ချည်ထားသေးသလား ဒါယကာ"

မချည်တော့ပါဘူးဘုရား"

"သူတို့စိတ် အဲဒီနေရာက ကြိုးဖြေပြီးတော့ လွှတ်လိုက်တယ်။ သတိဆိုတဲ့ ကြိုးကို ဖြေပြီးတော့ လွှတ်လိုက်တယ်။ အဲဒီ ကြိုးပြေသွားတဲ့ ကိုယ်တော်တွေရဲ့ ရှုစိတ်သည် ဘယ်ရောက်သွားသလဲဆိုတော့ အရောင်ပေါ် ရောက်သွားတယ်။ တနည်းပြောရယင် ရူပါယတန၊ ရူပဓာတ်၊ ရူပါရုံ ဆိုတဲ့ အလင်းရောင်ပေါ် ကျရောက်သွားခြင်းကြောင့် မူလကမ္မဋ္ဌာန်း မပျက်သွားပေဘူးလား"

"ပျက်သွားပါတယ်ဘုရား"

ပျက်သွားတယ်တဲ့။ အဲဒါဘယ်ဖက်ကမ်းလဲဆိုလို့ရှိယင် ဒါယကာ သတိ၊ ဒါ ဟိုဖက်ကမ်းလို့ ခေါ်ရတယ်။ ရူပါရုံ၊ ရူပါယတန၊ ရူပဓာတ်၊ အလင်းရောင်ဆိုတဲ့ ဟိုဖက်ကမ်းပေါ် ကျရောက်ပြီးတော့ သွားခြင်းကြောင့် ထိုပုဂ္ဂိုလ်တွေရဲ့ ကမ္မဋ္ဌာန်းသည် ပျက်စီးခဲ့လေပြီ။

အဲဒီ အရောင်ကို တပ်မက်တဲ့ နိကန္တိဝင်ခဲ့ယင် အလင်းရောင်များက ဥပက္ကိလေသဝတ္ထု ထိုအလင်းရောင်တွေကို တပ်မက်ကျေနပ်သွားတဲ့တဏှာလောဘက ဥပက္ကိလေသလို့ အဲဒီလို ခွဲပြီးတော့ကြည့်ပါ။

"ထို အလင်းရောင်တွေက ဘာတဲ့တုန်းဗျာ"
"ဥပက္ကိလေသဝတ္ထုပါ ဘုရား"
"အဲဒီ အရောင်အလင်းတွေကို တပ်မက်သွားတဲ့ တဏှာလောဘက"
"ဥပက္ကိလေသပါ ဘုရား"
"ဒါဖြင့် ထို ယောဂီပုဂ္ဂိုလ်ရဲ့ ဝိပဿနာဉာဏ် ကြားထဲမှာ တဏှာ ဝင်မသွားပေဘူးလား"
"ဝင်းသွားပါတယ် ဘုရား"
"ဘယ်ကမ်းမှာ သူ ဆိုက်သွားလို့လဲ"
"ဟိုဖက်ကမ်းမှာပါ ဘုရား"

## ကြည့်ကောင်းတိုင်း ကြည့်နေယင်

ဘုန်းကြီးတို့ ယောဂီများ၊ အဲဒါ ဟိုဖက်ကမ်း မဆိုက်ဖို့ သိပ်အရေးကြီးတယ်။ တချို့များ ဘုရားတွေ ဖူးလိုက်ရတာ မနဲဘူး။ ကမ္မဋ္ဌာန်း အားထုတ်ယင်းနဲ့ ကြွလာလိုက်တာ ဘုရားတွေ တန်းကနဲ တန်းကနဲ့နဲ့။ တပါးပြီးတပါး ရှေ့ကနေ ဖြတ်ဖြတ်သွားတာ ရဟန္တာတွေလဲ စီတန်းပြီး ကြွလာတယ်။ တချို့များ ဝတ်ဖြူစင်ကြယ်ကြီးနဲ့ ပုဂ္ဂိုလ်ကြီးတောင် ခေါင်းရင်းရောက်လာသေးတယ်တဲ့။ အဲဒီလို တချို့ကလဲ မိမိတို့ကို ကမ္မဋ္ဌာန်းပြနေတဲ့ ဆရာတော်ကြီးက တောင်ဝှေးကြီးနဲ့ ကြွလာပြီးတော့ ခေါင်းရင်းကနေ တရားဟောနေသေးတယ်တဲ့ ကမ္မဋ္ဌာန်းကျောင်းထဲမှာ။

အဲဒါတွေဟာ ဘာမှမမှတ်ကြနဲ့။ ဩဘာသခေါ်တဲ့ အရိပ်အရောင်တွေပဲတဲ့။ တကယ်တော့ မဟုတ်ကြဘူး။ ဥဒယဗ္ဗယဉာဏ်

အခိုက်မှာ ဆိုလို့ရှိယင် အဲဒါမျိုးတွေ ပေါ်တတ်တယ်တဲ့။ ဝိပဿနာ သမားအတွက် သမထ သမားအတွက်ဆိုလို့ရှိယင်လဲပဲ နီဝရဏ ငါးပါးကင်းပြီးတော့ သွားတဲ့အချိန် ပရိကမ္မနိမိတ်ကို ကျော်လွန်ပြီးတော့ ဥဂ္ဂဟနိမိတ်ဆိုတဲ့ အချိန်မှာ အဲဒါမျိုးတွေ ပေါ်လာတာပဲ။

ဒီတော့ ဈာန်လမ်းကိုသွားမဲ့ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့ အနေနဲ့ အဲဒီလို အရောင်အလင်းတွေ ပေါ်လာခဲ့ပြီဆိုယင် နှစ်မျိုး။ အကြမ်းအားဖြင့် လှုပ်ရှားပြီးတော့ ပေါ်လာတဲ့ အရောင်တမျိုး၊ ငြိမ်ပြီးတော့ ပေါ်လာတဲ့ အရောင်တမျိုးရယ်လို့ သမားမိသက်သက် သမထသက်သက် အားထုတ်တဲ့ ပုဂ္ဂိုလ်များဆိုလို့ရှိယင် အဲဒီ နှစ်မျိုးပေါ်တယ်။

လှုပ်ရှားပြီးတော့ ပေါ်လာတာက ဘယ့်နှယ် ပေါ်သလဲဆိုယင် ဥပမာ— ကြည့်ကောင်းလိုက်တာ၊ ရွှေနားမှာ ပိုးစုန်းကြူးပမာဏလောက်ရှိတဲ့ စိမ်းစိမ်းကြည်ကြည် အလင်းဓာတ်ကလေး မျက်စိရှေ့လာပြီးတော့ ပေါ်နေတယ်။ အဲဒါလေးကို စိုက်ပြီးတော့ ကြည့်ယင်းကြည့်ယင်းနဲ့ မျက်စိ ရှေ့မှာ တဖြေးဖြေးနဲ့ ကြီးကြီးကြီးကြီးပြီးတော့ လာတယ်။ တော်တော်ကြာ မျက်စိရှေ့မှာ အဝိုင်းကြီး တခါတဲ အလင်းရောင်စက်ဝိုင်းကြီးဟာ အကြီးကြီး ဖြစ်ပြီးတော့ လယ်ပြီးတော့ နေဘာပဲ။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ မနက်စောစော အရှေ့လောကဓာတ်က ထွက်လာတဲ့ နေကို ဒိုပရိသတ်ကြည့်ယင် အလင်းရောင်တွေ တထပ်စီ တထပ်စီ တချပ်စီ တချပ်

စီနဲ့ လယ်ပြီးတော့သွားနေသလို အလင်းရောင်တွေ ရွေ့နားလာယ်နေတယ်။

အဲဒါ ကြည့်ကောင်းကောင်းရှိတာနဲ့ ကြည့်ယင်းကြည့်ယင်း ကြည့်ယင်း ကြည့်ယင်းနဲ့ မိမိရဲ့ စိတ်ဟာ နှာသီးဝမှာ မရှိတော့ဘူး။ တော်တော်ကြာ ထိုအလင်းရောင်လဲ ပျောက်သွားရော၊ ဟာကနဲဆိုဖြစ်ကျန်ခဲ့ပြီးတော့ အဲဒီလို ကြည့်ကောင်း တဲ့အရောင်အလင်းမျိုးကို ကြည့်ချင်သေးတယ်ဆိုတဲ့ နိကန္တိတဏှာလောဘနောက်ကလာပြန်တယ်။ တင်ပြန်ပြီ ဟိုဖက်ကမ်း၊ ဒိုပရိသတ်ခွာလို့ကို မရဘူးနော်။ အဲဒါ ပင်လယ်ခရီးဆိုတဲ့ နိဗ္ဗာန်ကို မရောက်တော့ဘူးဗျာ။

## တခါလင်းတော့ တမင်

ဝိပဿနာ မသွားပါတော့ဘူး၊ ဘုရားတပည့်တော်တို့ ချောန်လမ်းပဲ သွားပါတော့မယ်ဆိုလို့ရှိယင်လဲ အဲဒီလို ပေါ်လာတဲ့အာရုံ မလွှတ်နဲ့။ အဲဒါ ဆက်သာဖမ်းထား။ ချောန်စခန်း ချောန်လမ်းကို သွားချင်တယ်ဆိုလို့ရှိယင်တော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်နဲ့ ချုပ်တွေ နာမ်တွေ ပရမတ်တွေ ဘာမှ စိစစ်စရာလဲမလို၊ ပေါ်လာတဲ့ အဲဒီနိမိတ် ဖမ်းသာယူထား။

ထွက်လေ ဝင်လေကို လွှတ်ပြီးတော့ ဟိုမှာပေါ်လာတဲ့ အလင်းရောင်ပိုင်းက လှုပ်နေတယ်။ လှုပ်နေတာကို မလွှတ်တမ်း ဖမ်းပြီးတော့ကြည့်။ ကြည့်ယင်း ကြည့်ယင်းနဲ့ တဖြေးဖြေးနဲ့သူဟာ ငြိမ်ပြီးတော့ သွားပြီဆိုလို့ရှိယင် အဲဒါ ပဋိဘာဂနိမိတ်လို့ ခေါ်တယ်။ ငြိမ်သွားတာ၊ လှုပ်ရှားနေတဲ့အခိုက်မှာတော့ စိတ်လှုပ်ပဲ

လှုပ်ရှားနေတာပဲ။ ဒါကြောင့် ပဋ္ဌိဘာဂနိမိတ် ငြိမ်ကျသွားပြီ ဆိုတဲ့အချိန်ကျယင် စျာန်အင်္ဂါတွေ အကုန်လုံး ဝင်လာတယ်တဲ့။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့ တော်တော်ကြာ ဝိတက်ပြုတ်သွား၊ ဝိစာရပြုတ်သွား၊ ပီတိ သုခ ဧကဂ္ဂတာလေးနဲ့နေ။ ဟာ ပီတိကလဲ လျှပ်ပေါ်လွန်းအားကြီးတယ်၊ ပီတိရဲ့ အပြစ်မြင်ပြီး ရှုပြန်တော့ သုခနဲ့ ဧကဂ္ဂတာနဲ့နေ၊ အဲဒီအချိန်ကျယင် သုခရယ် ဧကဂ္ဂတာရယ် နှစ်ခုတဲကျန်ပြီဆိုယင် အဲဒီပုဂ္ဂိုလ် အိပ်ပျော်နေသလို ဖြစ်တော့တာပဲ။မလှုပ်တော့ဘူး၊ ချမ်းသာပြီးတော့ တည်ကြည်ပြီးတော့ နေပြီဆိုလို့ရှိယင် သမာဓိလွန်ကဲတဲ့ သုခဝေဒနာနဲ့ တွဲနေတဲ့ ထိုယောဂီပုဂ္ဂိုလ်သည် အိပ်ပျော်သလိုကို ဖြစ်တယ်။

အဲဒီအချိန်မှာ ဒိဋ္ဌိတရားနာပရိသတ်များ ဉာဏ်တွေဘာတွေဘာမှ မစဉ်းစားပါနဲ့၊ ငြိမ်ပြီးတော့နေတဲ့ ယခုနက ပဋ္ဌိဘာဂနိမိတ်အပေါ်မှာ သူသည် တခါတဲ ကျရောက်ပြီးတော့ သွားကာ ဟိုဖက်ကမ်းက ခွါကို မခွါတော့ဘူး။ အဲဒီလူဟာ ကပ်နေတာ ကြိုးနဲ့တုပ်ထားသလိုပဲ ဒိဋ္ဌိပရိသတ်။

ဒါကြောင့် ဝိပဿနာစခန်း သွားမယ်ဆိုလို့ရှိယင် အဲဒါတွေဟာ ဝိပဿနာဉာဏ်ကို ညစ်ညူးစေတတ်တဲ့ တရားတွေဆိုတာ ကြိုတင်ပြီးတော့ သဘောကျထားမှသာလျှင် အဲဒါတွေကို ခွာနိုင်မယ်။ ဒါတွေ ကြိုတင် သဘောကျမထားယင် ဒိဋ္ဌိပရိသတ် မခွါနိုင်ဘူး။ အဲဒီကနေ မတက်ဖူး။ အဲဒီအရောင်တွေပင်

လျှင် မင်ပဲ၊ တခါလင်းယင် တမင်၊ နှစ်ခါလင်းယင် နှစ်မင် ဆိုတဲ့ ဂိုဏ်းကလဲရှိသေးတယ်။ ဒါက ဘုရားလက်ထက်က ရှိတာ၊ ဒီကနေ့ခေတ်တော့ ရှိပုံမရပါဘူး။

သာမဂါမသုတ္တန်အဋ္ဌကထာမှာ အဲဒါတွေကို ဖွင့်ထားတယ်။ အလင်းရောင်တွေ လင်းကနဲ ပေါ်လာတယ်။ ခန္ဓာကိုယ်ကနေ လက်လာတယ်။ ကြယ်တွေ လတွေ နေလ နက္ခတ် တာရာတွေ ထွက်လာတယ်။ တခါလင်းတော့ တမင်၊ နှစ်ခါလင်းတော့ နှစ်မင်၊ သုံးခါလင်းတော့ သုံးမင်၊ လေးခါလင်းတော့ အရဟတ္တ ဖိုလ်ဆိုက်တယ်။ ငါးခါများလင်းယင် ဘယ်လိုလုပ်ကြမလဲ မသိဘူးနော်။ လေးခါလင်းတော့ အရဟတ္တဖိုလ်ဆိုက်၊ လေးမင် လေးဖိုလ်ကျတယ်ဆိုတော့ တော်သေးတာပေါ့။ ငါးခါခြောက် ခါ လင်းနေယင်တော့ မင်တွေငါးခု ခြောက်ခု ဖြစ်မလား မသိဘူး။

## ရဟန္တာ အတု

အဲဒီလို အလင်းရောင်ဆိုတဲ့ ဩဘာသကို တပ်မက်ပြီးတော့ ဥပက္ကိလေသဝင်သွားတဲ့ ထိုပုဂ္ဂိုလ်ကြီး သေလဲသွားရော၊ အဲဒီ ပုဂ္ဂိုလ်ကြီးရဲ့တပည့်တွေက "ဟော -ဒို့ဆရာကြီး ရဟန္တာဟ" ဆိုပြီး တော့ ရဟန္တာပူဇော်ပွဲကြီး အကြီးအကျယ် ကျင်းပပြီး အဲဒီမှာ စေတီတွေ ဘာတွေတည်ပြီးတော့ ဘုန်းကြီးပျံပွဲကြီးလုပ်ကရော၊ ပရိယတ္တိကျမ်းဂန်စာဒေပ တကယ်တတ်တဲ့ ကိုယ်တော်တွေက အဲဒီ နေရာ ကြွသွားတော့ "မင်းတို့ ဘာလုပ်နေကြတာလဲ" "တပည့်

တော်တို့ရဲ့ ဆရာဖြစ်တဲ့ ရဟန္တာ ပရိနိဗ္ဗာန် စံသွားပါတယ်။ အဲဒီ ပရိနိဗ္ဗာန်စံသွားတဲ့ ရဟန္တာအရှင်မြတ်ကြီး ယခု တပည့်တော်တို့ စေတီဘည်ကြပါတယ်ဘုရား'' ဆိုတော့ ''မင်းတို့ဆရာ ဘယ်လိုရဟန္တာဖြစ်တာလဲ ပြောစမ်းပါအုံး'' ဆိုတော့ ခုပြောတဲ့အတိုင်း ပြောပြတယ်။ ''တပည့်တော်တို့ဆရာ တရားအားထုတ်ယင်း အားထုတ်ယင်းနဲ့ အလင်းရောင်တွေ ပေါ်လာတယ်။'' ''ဘယ်လို ပေါ်လာသလဲ'' ''ကမ္ဗဋ္ဌာန်းကျောင်း တကျောင်းလုံး လင်းနေတာ၊ ရင်ပြင်ထဲက လင်းပြီးတော့ နေတာဘုရာ့'' ''ဘယ်နှစ်ခါ လင်းတုန်းဟာ'' ''လေးခါ လင်းပါတယ်ဘုရား။ဒါကြောင့် လေးမဂ်လေးဖိုလ်ဆိုက်ပြီးတော့ ရဟန္တာဖြစ်သွားတာပါဘုရား'' ဆိုတော့—

ပရိယတ္တိတတ်တဲ့ ကိုယ်တော်တွေက ဘာပြောသလဲဆိုတော့ ''ဟ–အဲဒါ မဂ်မဟုတ်ဖူးဟ၊ ဥပက္ကိလေသဝတ္ထုတွေ၊ ဝိပဿနာကို ညစ်ညူးစေတတ်တဲ့ ဥပက္ကိလေသဝတ္ထုတွေ ခေါ်တယ်။အဲဒါတွေဟာ မဂ်မဟုတ်ဖူး။ မင်းတို့ ဆရာ ရဟန္တာဖြစ်တယ်လို့ ထင်မနေနဲ့။ ဥပက္ကိလေသဝတ္ထုမှာ သူရပ်သွားတယ်''လို့ ဆိုတော့ သူတို့ဆရာကို ဒီလိုပြောရပါ့မလားဆိုပြီး အဲဒီမှာရန်ပွဲကြီး အကြီးအကျယ်ဖြစ်သတဲ့။ သာမဂ ါမသုတ္တန် အဖွင့် အဋ္ဌကထာမှာ အဲဒီအခ်ပ္ပာယ်တွေ အကျယ်လာတယ်။ အဲဒီမှာ ရဟန္တာအတု သုံးမျိုးရဲ့ အကြောင်း အကျယ်လာပါတယ်။ ထားပါတော့။

ဒီတော့ ဘုန်းကြီးတို့ပရိသတ် ဥပက္ကိလေသဝတ္ထုဟာ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ အဲဒါကို သတိထား

ဘို့လိုတယ်။ ဒါကြောင့် တရားအားထုတ်လို့ရှိယင် ဒိဋ္ဌိပရိသတ် ပရိယတ် မပါပဲနဲ့တော့ မလုပ်ကြနဲ့။ ပရိယတ္တိစည်းကမ်း၊ အဲဒီ ပရိယတ္တိစည်းကမ်းမှ ရသာတဲ့ ပဋိပတ္တိနည်းလမ်းကို စနစ်တကျ အားထုတ်မှသာ လျှင် လမ်းမှန်ကိုရောက်မယ်။

ဒါကြောင့် ယခု ဩဘာသဆိုတဲ့ အလင်းရောင်ကို ကျရောက် သွားတဲ့ပုဂ္ဂိုလ်သည် ဟိုဖက်ကမ်း တင်တာလို့ ခေါ်တယ်။ ပီတိ ပေါ်မှာ ကျရောက်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်လဲ ဟိုဖက်ကမ်းကို တင်သွားတာပဲ။ ယခုပြောခဲ့တဲ့ ဩဘာသ ပီတိ၊ ပဿဒ္ဓိ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ သုခ၊ ဉာဏ၊ ဥပဋ္ဌာန၊ ဥပေက္ခာဆိုတဲ့ ဥပက္ကိလေသ ၀တ္ထုကိုးပါး တပါးပါးပေါ်မှာတင်နေတဲ့ ဒိဋ္ဌိယောဂီများ အဲဒါ မှတ်ပြီးတော့ ထား။ ဟိုဖက်ကမ်း တင်တာချည်းပဲတဲ့။ အဲဒါတွေဟာ ဟိုဖက်ကမ်းချည်းပဲ။

ဓမ္မာယတန ဓမ္မဓာတ်လို့ဆိုတဲ့ အပြင် အာယတန တပါး တည်းမှာ ပီတိတွေ ပဿဒ္ဓိတွေဟာ ဓမ္မာယတနထဲ ၀င်တယ်။ သုခ ဝေဒနာလေးကို ကျေနပ်နေယင်လဲပဲ ထိုပုဂ္ဂိုလ် ဟိုဖက်ကမ်းတင် တာပဲ။ ပဿဒ္ဓိစိတ်တွေ စေတသိက်တွေ အေးပြီးတော့ နေတာ။ ဒါမဂ်ပဲဟ ဆိုပြီးတော့ ရပ်ဆိုင်းနေတဲ့ ပုဂ္ဂိုလ်၊ ဒါလဲ ဟိုဖက် ကမ်း တင်တာပဲ။

ဒါကြောင့် ဥပက္ကိလေသ ၀တ္ထုကိုးပါးမှာ တင်ပြီးတော့နေ၍ နိကန္တိခေါ်တဲ့ တဏှာလောဘ၀င်ပြီးတော့ ဥပက္ကိလေသကြောင့် ရပ်ဆိုင်းသွားတဲ့ ပုဂ္ဂိုလ်တွေဟာ ဒိဋ္ဌိပရိသတ်၊ အဲဒါ ဟိုဖက်ကမ်း တင်တယ်လို့သာ သဘောကျပေတော့။

## ဟိုဖက်ကမ်းမှ ခွာပုံ

အဲဒီတော့ ဟိုဖက်ကမ်း ဘယ့်နှယ်လုပ် ခွာမလဲ ဆိုလို့ရှိယင် ဥပက္ကိလေသကို ဥပက္ကိလေသမှန်း သိထားဖို့ လိုအပ်ပါတယ်။ ဥပက္ကိလေသကို ဥပက္ကိလေသမှန်း သိထားယင် ဟာ—ဒါ မဂ်မဟုတ်သေးဘူး။ ဒါမှ မဂ်ဟုတ်တယ်လို့ စိစစ်ဆုံးဖြတ်နိုင်တဲ့နောက် ဝိသုဒ္ဓိအနေနဲ့ ပြောယင်တော့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပေါ့။

အဲဒါ ဥဒယဗ္ဗယဉာဏ် ကိုငြိဆိုယင် အဲဒါ ဒိုပရိသတ် အလွန်အရေးကြီးပါတယ်။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဆိုတာ ဒါ မဂ်ဟုတ်သလား။ ဒါ မဂ် မဟုတ်ဘူးလားဆိုတဲ့ စိစစ် ဝေဖန်နိုင်တဲ့ အသိဉာဏ် ရှိမှသာလျှင် ဟိုဖက်ကမ်းမှ ဒိုပရိသတ် ခွာနိုင်မယ်။ အဲဒါက ရှုကွက်ထဲမှာ ဖြစ်တတ်တဲ့သဘာဝကို နားလယ်အောင် အကျဉ်းချုပ်ပြီးတော့ ဒါ ပြောလိုက်ခြင်းပါပဲ။

အပြင် လောကအနေနဲ့ ပြောရမယ်ဆိုလို့ရှိယင် ဒိုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ရူပါရုံကို တပ်မက်တဲ့ ပုဂ္ဂိုလ်တွေ၊ သဒ္ဒါရုံကို တပ်မက်တဲ့ ပုဂ္ဂိုလ်တွေ၊ ဂန္ဓာရုံကို တပ်မက်တဲ့ ပုဂ္ဂိုလ်တွေ။ ရသာရုံကို တပ်မက်တဲ့ ပုဂ္ဂိုလ်တွေ၊ ဖောဋ္ဌဗ္ဗာရုံကို တပ်မက်တဲ့ ပုဂ္ဂိုလ်တွေ၊ ဓမ္မာရုံကို တပ်မက်တဲ့ ပုဂ္ဂိုလ်တွေ အဲဒီ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဆိုတဲ့ အာရုံခြောက်ပါးကို တဏှာဖြင့်ရင်း၊ ဒိဋ္ဌိဖြင့်ရင်း၊ စွဲနေတဲ့ပုဂ္ဂိုလ်တွေ အဲဒါ ဟိုဖက်ကမ်း တင်ပြီးတော့ နေတာ။

အပြင် လောကမှာလဲပဲ အာရုံခြောက်ပါး လိုက်စားလွန်းတဲ့ ပုဂ္ဂိုလ်တွေဟာ ဟိုဖက်ကမ်းမှာ တင်တင်ပြီးတော့ နေတယ်လို့

ဒီလို မှတ်ပါ။ သားမစွန့်နိုင်၊ သမီးမစွန့်နိုင်၊ ဇနီးမစွန့်နိုင်၊ စည်းစိမ်ဥစ္စာတွေ မခွဲနိုင်မခွာရက် အဲဒီလိုဖြစ်ပြီးတော့ နေကြတာတွေ ဟိုဖက်ကမ်း တင်တာ၊ "ငါ့ကွာ တရားတော့ အားထုတ်ချင်ပါရဲ့၊ မင်းတို့လေးတွေက အရွယ်မရောက်သေးဘူး။ သားတို့ကျောင်းကိစ္စတွေက မပြီးသေးဘူး။" အဲဒီလို အဲ-စားရေရိက္ခာက မပြည့်စုံသေးဘူး။ ဒကာမကြီးက ထွက်ချင်ပေမဲ့ ဒကာကြီးငဲ့လို့ ဒကာကြီးက ထွက်ချင်ပေမဲ့ ဒကာမကြီးငဲ့လို့ ဆိုပြီးတော့ အဲဒီလို ငဲ့ခြင်းကွက်ခြင်းတွေဟာ ဘာတွေတုန်းဆိုယင် ဟိုဖက်ကမ်းတွေမှာ တင်နေတာပဲတဲ့၊ အပြင်ပိုင်းဆိုင်ရာတွေ ဒါ ပြောပါတယ်။

## အိုးထိန်းသည် ဇနီးမောင်နှံ

ကုမ္ဘကာရ ဇာတ်တော်ကြီးမှာ ဒိုပရိသတ် စဉ်းစားပြီးတော့ ကြည့်လိုက်စမ်းပါ။ ကုမ္ဘကာရ အိုးထိန်းသည်ကြီး ဇနီးမောင်နှံ ပစ္စေကဗုဒ္ဓါလေးဆူ အိမ်ဆွမ်းခံကြွလာတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ကုမ္ဘကာရ ဇနီးမောင်နှံ နှစ်ယောက်တို့ကတဲ့။ "ဘယ်တရား ဘယ်ကမ္မဋ္ဌာန်း အားထုတ်လို့ အရှင်ဘုရားတို့ ပစ္စေကဗုဒ္ဓါ ဖြစ်ကြပါသလဲ ဘုရား" မေးတဲ့ အခါကျတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက တပါးစီ တပါးစီ အဲဒီမှာသူတို့ တရားထူးရပုံတွေကို အသီးသီး ဟောပြီးတော့ သွားကြတယ်။ ပစ္စေကဗုဒ္ဓါလေးပါး ဘာတရား ဟောသလဲ ဆိုတာကိုတော့ ဘုန်းကြီးတို့ မဟောပါရစေနဲ့တော့။ အဲဒါဟောယင် ကုမ္ဘကာရ ဇာတ်ကြီး

ဒီထဲ အကုန်လုံးဝင်သွားလို့ အချိန်တွေ သိပ်ကြာသွားပါလိမ့်မယ်။

အဲဒီမှာ တရားအသီးသီး ဟောပြီးတော့ သွားကြတယ်ဆိုတာသာ မှတ်ထား။ ပစ္စေကဗုဒ္ဓါလေးပါးရဲ့ တရားကို နာရတဲ့အတွက်ကြောင့် ကုမ္ဘကာရ အိုးထိန်းသည်ကြီး ဇနီးမောင်နှံ နှစ်ယောက် တောထွက်ချင်တဲ့ စိတ်တွေပေါက်ပြီးတော့ နေလိုက်ကြတာ အိုးထိန်းသည် ခင်ပွန်းသည်ဒကာကြီးက သူ အရင်ထွက်မယ်၊ ဒကာမကြီးကလဲ ကလေးနှစ်ယောက် သားလေးတယောက် သမီးလေးတယောက်အရွယ်မရောက်သေးဘူး၊မထွက်ပါနဲ့အုံး။ဒကာမကြီးက မထွက်ပါနဲ့အုံး။ ဒကာကြီးက သူအရင်ထွက်မယ်၊ "မင်းကလေးတွေ လုပ်ကျွေးပြီးတော့ နေရစ်ခဲ့တော့ကွာ" ဒီလိုဆိုတယ်၊ ကလေးတွေကလဲ လူမမယ် ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ်လေးတွေ ဖြစ်လိမ့်မယ်။

အဲဒီ ပြောကြယင်း ဆိုကြယင်းနဲ့ ပစ္စေကဗုဒ္ဓါတွေ ပြန်ကြွသွားတော့ နေမွန်းလွဲသွားပြီ။ ဒကာမကြီးက ကျမမြစ်ဆိပ် ရေခပ်ရအောင် သွားလိုက်ပါအုံးမယ် ဆိုပြီး ဒကာကြီးအိမ်မှာ ကလေးတွေနဲ့ ထားပစ်ခဲ့။ ရေအိုးကလေး ရွက်ပြီးတော့ မြစ်ဆိပ်သွား၊ မြစ်ဆိပ်လဲရောက်ရော ရေခပ်ပြီး၊ အဲဒီ ဒကာမကြီး ရေအိုးရွက်ပြီးတော့ တောထဲသွားရောတဲ့။ အိမ်ပြန်မလာတော့ဘူး။

"ဒို့ပရိသတ်၊ အိမ်မှာ ဘယ်သူ ကျန်ရစ်ခဲ့သတုန်း"

"ဒကာကြီး ကျန်ရစ်ခဲ့ပါတယ် ဘုရား"

ဒကာကြီး ကျန်ရစ်ခဲ့တယ်။ ဒီကနေ့လဲပဲ ဒို့ရန်ကုန်မြို့ ကြည့်ရတာ ဒကာတွေ အိမ်ကျန်ကျန် နေခဲ့တဲ့ပုံပေါ်တယ်။ တရားပွဲတွေ ကြည့်လိုက်ယင် ဒကာမကြီးတွေချည်းပဲ။ ကုမ္ဘကာရ အိုးထိန်းသည်ကြီး အိမ်ကျန်နေသလိုပဲ သူတို့လဲ အိမ်ကျန်ခဲ့တဲ့ လက္ခဏာရှိတယ်။ ဒါက ဒီတရားပွဲမှုရယ် မဟုတ်ပါဘူး။ ဘယ်တရားပွဲဖြစ်ဖြစ် ဒီအတိုင်းချည်းပါပဲ။ အဲဒါ ဒကာကြီးက ကလေးနှစ်ယောက်နဲ့ ငါ အိမ်စောင့်မယ်ဆိုတဲ့ သဘောမျိုးပေါ့ဗျာ၊ ကျန်နေရစ်ခဲ့တယ်။ တနေ့လာနိုး လာနိုးနဲ့ မျှော်ယင်း မျှော်ယင်းနဲ့ ဒီ ဒကာမကြီး ပြန်မလာတော့ဘူး။ တခါတဲ ဘောထွက်သွားတယ်။ ပရိဗိုဇ် လုပ်နေတယ်။

ဒကာကြီးလုပ်တဲ့ လူကလဲ မညံ့ဘူး။ ဘယ့်နှယ်လုပ်သလဲ ဆိုတော့ သားသမီးလေးတွေကို သူကိုယ်တိုင် ထမင်းချက်ကျွေးတယ်။ တနေ့သောအခါမှာ ထမင်းခတ္တပျော့နေအောင် ချက်ပြီးတော့ ထမင်းပွဲချပေး။ ဟင်းတွေလဲပဲ ဆားတော့ ငန်တူးနေအောင် ထဲ့ပြီးတော့ချပေးတော့ သားကလေးနဲ့သမီးကလေးက "အဖေ၊ ဒီကနေ့ အဖေချက်တဲ့ထမင်းဟာ တယ်ပြီးတော့ ပျော့ပါလား။ ဟင်းကလဲ ဆားတွေတယ်များပါလား" အဲဒီလိုပြောတော့- ဒုတိယရက်ကျတော့ အဖေလုပ်တဲ့သူဟာ ထမင်းကို မာတောင့်နေအောင် ချက်ပေးလိုက်တယ်။ ဟင်းအတွက်လဲ ဆားမပါအောင် ချက်ပေးလိုက်တယ်။ ထမင်းပွဲ ရောက်ပြန်တော့- သားလေးနဲ့ သမီးလေးကပြောတယ် "အဖေ ဒီကနေ့ ထမင်းတွေ

က မာပြန်တယ်။ ဟင်းကလဲပဲ ဆားပေါ့ပြန်တယ်''ဒီလို ပြော တော့—

''ဩ- မင်းတို့တွေ ထမင်းပျော့တာ မာတာတော့သိတယ်။ ဆားပေါ့တာငန်တာလဲ သိကြမှကိုး။ကိုင်းကွယ် ဒီလိုဆိုလို့ရှိယင် မနက်ဖန်ခါ သားတို့သမီးတို့ မင်းတို့ပဲ ချက်ကြတော့'' ဆိုပြီး သားနဲ့သမီးလေး မီးဖိုချောင်ထဲပို့၊ ကိုယ့်ထမင်း ကိုယ်ချက်ကြ ကွာဆို ချက်ခိုင်းတော့ သားလေး သမီးလေးတွေက ထမင်းကို အနေတော် ချက်ကြတယ်။ ဟင်းကိုလဲပဲ ဆား အပေါ့ အငန် အနေတော်လေး ချက်တတ်တယ်။

အဲဒါ ထမင်းပွဲ သားအဖသုံးယောက်ထိုင်ပြီး စားကြတော့ ''သားတို့ သမီးတို့ အတော်ဟုတ်လာမှပဲ၊ ထမင်းပျော့တာ မာ တာလဲ သိတယ်။ ဟင်း ဆားပေါ့တာ ငန်တာလဲသိတယ်၊ ကိုယ့် ထမင်းလဲ ကိုယ်ချက်တတ်ပြီ၊ ဒီတော့ အိမ်မှာ စားဖွယ်သောက် ဖွယ် စည်းစိမ်ဥစ္စာ ရတနာလဲ ပြည့်ပြည့်စုံစုံရှိတော့ သားတို့ သမီး တို့၊ အဲဒီ စည်းစိမ်တွေနဲ့ နေသာနေရစ်ခဲ့ကြပေတော့''လို့ ဆိုပြီး အကုန်လုံးစည်းစိမ်တွေ သားလေးနဲ့ သမီးလေးနဲ့ထားခဲ့ပြီး ကုမ္ဘ ကာရ အိုးထိန်းသည် ဒကာကြီးလဲပဲ တောထွက်ပြီးတော့ သွား ရောတဲ့။

''ဒို့တရားနာ ပရိသတ်ရဲ့ သားတွေ သမီးတွေ ဘယ်လိုလဲ၊ ထမင်းနဲ့ဟင်း ချက်တတ်ကြပြီလား''

''မချက်တတ်ကြသေးပါဘူး ဘုရား''

မချက်တတ်ကြသေးဘူးနော်၊ ဘယ်တော့မှလဲ ချက်တတ်ကြမှာ မဟုတ်ဖူး၊ ချက်တတ်အောင်လဲ မသင်ကြနဲ့နော်၊ မတော်ယင် ထွက်နေရအုံးမှာ၊ မသင်ပေးနဲ့ မသင်ပေးနဲ့။ ဤသားတွေ သမီးတွေ ထမင်းချက်တတ်အောင်လဲ မသင်နဲ့၊ ဟင်းချက်တတ်အောင်လဲ မသင့်နဲ့၊ သားတွေ သမီးတွေကလဲ ချက်လဲ မချက်ပါဘူးနဲ့ တူပါတယ်။ သူတို့ကလဲ မီးဖိုချောင် ဝင်ချင်တဲ့ စိတ်တွေ ပေါက်တဲ့ သားသမီးတွေ ဟုတ်ပုံမရပါဘူး။

ဟိုမှာ ကုမ္ဘကာရ အိုးထိန်းသည်ကြီးသွားရော ဇနီးသည်က အရင်ထွက် ခင်ပွန်းသည်က နောက်မှ သားသမီး အဲဒီလို အိမ်မှာ ထမင်းဟင်း ပျော့တာ မာတာသိပြီ၊ ဟင်း ဆားပေါ့တာ ငန်တာသိပြီလဲဆိုရော ထားပစ်ခဲ့ပြီးတော့ ထွက်သွား ကြတယ်။ အဲဒါ သူတို့ ရက်ရက်စက်စက် အဲဒီလို ကလေးလူမမယ်လေးတွေကို အိမ်ထားပြီး ထွက်နိုင်တဲ့သဘောသည် ဘာလဲတဲ့။ အိမ်ရှိတဲ့ စည်းစိမ်များကိုလဲပဲ အကုန်စွန့်ခွာနိုင်တဲ့ သဘောရှိတယ်။ ဇနီး ခင်ပွန်းနှစ်ယောက် တယောက်နဲ့တယောက် စွဲလမ်းတပ်မက် နေတဲ့ ကာမဂုဏ်၊ သားသမီးဆိုတဲ့ ကာမဂုဏ်၊ စည်းစိမ်ဥစ္စာဆိုတဲ့ ကာမဂုဏ် အကုန်လုံး အဲဒါတွေ စွန့်ခွာပြီးတော့ သွားနိုင်တယ် ဆိုတာဟာ ဟိုဖက်ကမ်းဆိုတဲ့ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ ဆိုတဲ့ အာရုံခြောက်ပါး အကုန်လုံး လွတ်လွတ်ကြီး ခွာနိုင်တဲ့ သဘောပါပဲတဲ့။

ဒါက အပြင်ပန်း အိမ်မှာ နေယင်းနဲ့ ဟိုဖက်ကမ်းက ခွာတဲ့ သဘော၊ ဝိပဿနာ ရှုကွက်ထဲမှာ ဟိုဖက်ကမ်း ခွာတယ်ဆိုတဲ့

သဘောကဖြင့် ယခုနကပြောပြထားခဲ့တဲ့ ဥပက္ကိလေသဆယ်ပါး၊ ဥပက္ကိလေသ ဝတ္ထု ကိုးပါး၊ ဥပက္ကိလေသနိကန္တိ ဆိုတာတပါး၊ ပေါင်းယင် ဆယ်ပါး၊ အဲဒါတွေ လွန်ယင် ဒိဋ္ဌိပရိသတ် ဟိုဖက်ကမ်းကို ခွာပြီ။

ကိုင်း—အဲဒီလို သားသမီး ဇနီး ခင်ပွန်းဆိုတဲ့ အာရုံခြောက်ပါးကိုလဲ ခွာနိုင်ပါပြီ ဘုရား။ ဘုရားတပည့်တော်များ ဥပက္ကိလေသတွေကိုလဲ လွန်အောင် ကြိုးစားနိုင်ပါပြီဘုရား ဆိုခဲ့ယင် ဒိဋ္ဌိတရားနာပရိသတ်ရဲ့ သမ္မာဒိဋ္ဌိဉာဏ်လေးဟာ ကမ်းနှစ်ဖက်ကို လွန်ပြီးတော့ ရေလယ်ခေါင်ကနေ တလိမ့်လိမ့်နဲ့ မဂ္ဂင်ရှစ်ပါး ရေယဉ်ကြောမှာ မျောပြီးတော့ ဆင်းလာပြန်ပြီ။

## ရေလယ်ခေါင် နစ်တယ်ဆိုတာ

ရေလယ်ခေါင်ကနေ တလိမ့်လိမ့်နဲ့ မျောပါလာတဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ သစ်တုံးသည် ရွှေနားကျပြန်တော့ ဘာတွေအုံးမလဲ။

"ကော မဇ္ဈေ သံသာဒေါ"

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။ မဇ္ဈေ သံသာဒေါ၊ ရေလယ်ခေါင်မှာ နစ်တယ်ဆိုတဲ့ စကားသည်ကား။ ကောနာမ၊ အဘယ်ပါနည်းဘုရား။

"ရေလယ်ခေါင် နစ်တယ် ဆိုတာက ဘယ်ဟာကို ခေါ်ပါသလဲ မြတ်စွာဘုရား"လို့ မေးလျှောက်တဲ့ အခါကျတော့—

"မဇ္ဈေ သံသာဒေါ"တိခေါ ဘိက္ခု နန္ဒီရာဂဿေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ မဇ္ဈေ သံသာဒေါတိ ဧတံ အဓိဝစနံ၊ ရေလယ်ခေါင်မှာနစ်တယ်ဆိုတဲ့အမည်သည်။ နန္ဒီရာဂဿ၊ နှစ်သက်ခြင်း၊ စွဲမက်ခြင်းနှင့် တကွ ဖြစ်တဲ့ နန္ဒီရာဂတရား၏။ အဓိဝစနံ၊ အမည်ပါပေတည်း။

ရေလယ်ခေါင် နစ်သွားတယ်ဆိုတာက နန္ဒီ ရာဂ ဝင်သွားဘာ။ ဂင်္ဂါမြစ်ထဲ မျောလာတဲ့ သစ်တုံးကြီး ရေလယ်ခေါင်မြုပ်သလိုပဲ ဒို့ယောဂီများလဲပဲ တရားအားထုတ်ယင်းနဲ့ နန္ဒီ-နှစ်သက်မှုကလေး ဖြစ်ပြီးတော့ ရလာ၊ အဲဒီနှစ်သက်ပြီး စွဲနေကြပြီဆိုလို့ရှိယင် အဲဒီနေရာ မခွာနိုင်ယင် ထိုပုဂ္ဂိုလ် ရေလယ်ခေါင်မြုပ်ဘာနဲ့ အတူတူပဲ၊ ဘာကိုပဲ နှစ်သက်နှစ်သက် ဥပက္ခာလေသကိုးပါး တပါးပါးကို နှစ်သက်တယ်။

အရောင်လေး ထွက်လာတာ နှစ်သက်လိုက်တာ ကြည့်လို့ကောင်းလိုက်တာ နှစ်သက်မှု နန္ဒီဖြစ်ဘာယ်။ အဲဒီလို နှစ်သက်ပြီဆိုလို့ရှိယင် စွဲနေရော။ အဲဒီအရောင်ကကို ဒို့ယောဂီများရဲ့ စိတ်သည် ခွာလို့မရတော့ဘူး။တခါတဲ ငြိကပ်နေဘာပဲ။ ဒါ-သဘာဝ၊ အဲဒီလို နန္ဒီရာဂ အပြင်းအထန် ဖြစ်သွားခဲ့ယင် ထိုပုဂ္ဂိုလ် ရေလယ်ခေါင်မြုပ်သွားတာနဲ့ အတူတူပါပဲ၊ ရှုကွက်မှာဖြင့်ယင်-

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဆိုတဲ့ အာရုံခြောက်ပါး အဲဒီ အာရုံခြောက်ပါးကို နှစ်သက်ပြီးတော့ စွဲမက်နေယင်လဲပဲ

ဒိဋ္ဌိပရိယတ်အတွက်နန္ဒီရာဂဝင်တယ်လို့ခေါ်တယ်။အိမ်မှာနေယင်း နေယင်းနဲ့ရူပါရုံကိုနှစ်သက်ရှုံစွဲမက်ခြင်း၊ သဒ္ဒါရုံကိုနှစ်သက်ခြင်း စွဲမက်ခြင်း၊ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဆိုတဲ့ အာရုံတွေ ကို၊နှစ်သက်ခြင်း စွဲမက်ခြင်းဆိုတဲ့ နန္ဒီရာဂတွေ ဝင်ပြီးတော့လာ ခဲ့မယ်ဆိုယင် ဒိဋ္ဌိတရားနာပရိယတ်အပေါင်း သူတော်ကောင်းတို့ မှာ အဲဒါ ရေလယ်ခေါင် မြုပ်ကြပါပြီ။

နန္ဒီရာဂ—တရားဟောတာဘောင်မှ ဒိဋ္ဌိတရားနာပရိယတ်များ တရားဟောဘုန်းကြီးက ဘယ်လို၊ အသံကောင်းမှု၊ ရုပ်ချောမှု၊ အဲဒါဘာဖြစ်တာလဲ ဟိုဖက်ကမ်းတင်တာ။အဲဒီအသံကို စွဲပြီးနေ တော့ နန္ဒီ၊ နှစ်သက်ပြီးနေတော့ နန္ဒီ။ ဒီအသံလေးကို မခွာချင် ဘူး စွဲနေပြီဆိုတော့ ဘာတဲ့တုန်းရာဂ၊ အငြိမ့်သွားကြည့်မလား၊ ပွဲသွားကြည့်မလား၊ ဇာတ်သွားကြည့်မလား၊ ကြည့်ချင်တဲ့နေရာ ကြည့်၊ မြင်မြင်သမျှအာရုံခြောက်ပါးကို နှစ်သက်ပြီးတော့ နေ တဲ့ နန္ဒီရာဂသည် ဒိဋ္ဌိပရိယတ်အတွက် ရေလယ်ခေါင် မြုပ်ကြ ခြင်းပါပဲတဲ့။

## နန္ဒီရာဂကိုယ် ပယ်ထားနိုင်မှု

ဒါကြောင့်မို့လို့ နန္ဒီရာဂ မဝင်ရလေအောင် အာရုံခြောက် ပါးကို ဘယ်လို သုံးသပ်ရမလဲဆိုယင် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဆိုတဲ့ ရုပ်ပိုင်းဆိုင်ရာ အာရုံငါးပါး၊ အဲဒါတွေကို ရုပ်လို့ သုံးသပ်ပါ။ ရူပါရုံဆိုဘာရုပ်၊ သဒ္ဒါရုံအသံဆိုတာရုပ်၊ ဂန္ဓာရုံ အနံ့ဆိုတာ ရုပ်၊ ရသာရုံအရသာဆိုတာရုပ်၊ ဖောဋ္ဌဗ္ဗာရုံအတွေ့ အထိဆိုတာရုပ်။

ဖောဋ္ဌဗ္ဗာရုံနဲ့ ပတ်သက်လို့ မနေ့က သုံးခုပြောခဲ့ပြီ။ ပထဝီ၊ တေဇော၊ ဝါယော၊ နူးနူးညံ့ညံ့လေး ထိတွေ့ရယင်လဲပဲ အဲဒါ နှစ်သက်တာ စွဲမက်တာပဲ၊ အပူအအေးလေး မျှနေပြန်တော့လဲ ပဲ နှစ်သက်တာ စွဲမက်တာပဲ၊ လေကလေးကလဲ ဖြူးဖြူး ဖြူးဖြူးနဲ့ တခါတဲ့ အဲ-သက်တောင့်သက်သာ အနေအထားလေးရအောင် သမအနေမျိုးနဲ့ ရတဲ့လေ ဆိုလို့ရှိယင်လဲ ဒို့ပရိသတ်က ဝါယော ခေတ်၊ ဒါ နှစ်သက်သွားတာပဲ။

အဲဒီလို အာရုံ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဆိုတဲ့ အာရုံ ခြောက်ပါးကို နှစ်သက်ပြီးတော့ စွဲနေတဲ့ တဏှာရာဂသည် ဒို့ ပရိသတ်တွေအတွက် ဒါ ရေလယ်ခေါင် နစ်တယ်လို့ ဆိုတယ်။ ဝိပဿနာရှုကွက်ထဲမှာ ဥပက္ကိလေသာဝတ္ထု ကိုးပါးကို နှစ်သက် စွဲမက်သွားတာလဲ ဒါ နန္ဒီရာဂ၊ရေလယ်ခေါင်နစ်တယ်ခေါ်ပါ တယ်။ အဲဒီ ရေလယ်ခေါင်မှာ မနစ်ရလေအောင် စောစောက ပြောထားခဲ့တဲ့ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ ဖောဋ္ဌဗ္ဗဆိုတဲ့ ရုပ်ပိုင်း ဆိုင်ရာ အာရုံငါးပါးကိုဖြင့်ယင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ငါးမျိုးကို အဲဒါ ပေါင်းပြီး "ဣတိ ရူပံ၊ အဲဒါ တွေ ရုပ်တရားတွေချည်းပဲ" လို့ သုံးသပ်သိုက်၊အဲဒီရုပ်တရားတွေ ဖောက်ပြန် ပျက်စီးတဲ့သဘောလို့ တဆင့်တက် သမ္မသန လုပ်လိုက်လို့ရှိယင် ဒို့ပရိသတ် ရေလယ်ခေါင် မြုပ်တဲ့ဘေးမှ လွှန်မြောက်သွားရောတဲ့။

သဲကုန်း [၁၀] (ဒုတိယအကြိမ်)

ဓမ္မာရုံဆိုတဲ့ အာရုံကျလို့ရှိယင် စိတ်ကူးထဲမှာပေါ်တဲ့ အဲ့ာရုံ ပေါ့ဗျာ။ စေတသိက် ၅၂-ပါး၊ ဝေဒနာ သညာ သင်္ခါရဆိုတဲ့ စေတသိက် ၅၂၊ အဲဒီ စေတသိက် ၅၂-မှာ ဝေဒနာကလဲ သုခဝေဒနာ ဒုက္ခဝေဒနာ ရှိလိမ့်မယ်။ ဘာတွေပဲ ပေါ်လာလာ အဲဒီ ပေါ်လာတဲ့ စေတသိက်တွေကို သုခအနေနဲ့ပဲဖြစ်ဖြစ် ဒုက္ခ အနေနဲ့ပဲဖြစ်ဖြစ် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ ဘာတွေပဲဖြစ်ဖြစ် အကုန်လုံး စေတသိက် ၅၂၊ သိမ်းကြုံးပြီးတော့ အဲဒါတွေ ဟာ ဓမ္မ၊ သူ့ သဘာဝအတိုင်း သူ့ သဘောသူ ဆောင်ပြီးတော့ ဖြစ်လာတဲ့ ဓမ္မသဘာဝလို့ခေါ်တဲ့ ဓမ္မဓာတ်၊ ဓမ္မာယတန သဘောတွေပဲ။

ခံစားရတယ်ဆိုတာ ငါမဟုတ်ဘူး၊ ဝေဒနာစေတသိက်က ခံစားတာ။ ထိုဝေဒနာတွေလဲ ဖောက်ပြန်ပျက်စီးခြင်း ရှိတာပါ ပဲလို့ ဓမ္မာယတန ဓမ္မဓာတ်တို့ကိုလဲပဲ အဲဒီ ပရမတ္ထဓမ္မ ပေါ် အောင် သုံးသပ်၍ ထိုပရမတ္ထဓမ္မရဲ့ ဝိပရိဏာမကို သုံးသပ်ခဲ့ယင် ဓမ္မာရုံဆိုတဲ့ အာရုံပေါ်မှာ စွဲမက်တဲ့ နန္ဒီရာဂမှ ကွာပြီးတော့ ရေလယ်ခေါင် မြုပ်တဲ့ဘေးမှ ကျော်လွှားနိုင်လိမ့်မယ်လို့ အဲဒီ လို သဘောကျ၊ ဒါ အကြမ်းအားဖြင့် ပြောရခြင်းပေါ့။

အဲဒီတော့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အာရုံခြောက်ပါးကို နှစ်သက်ခြင်း စွဲမက်ခြင်းဆို တဲ့ နန္ဒီရာဂကို ဆောက်ပြီးတော့ လာခြင်းသည် ဒိဋ္ဌတရားနာပရိ သတ်များအတွက် အဲဒါ ရေလယ်ခေါင် မြုပ်တာ။ ရေလယ် ခေါင်မှ လွန်မြောက်ချင်ယင် အဲဒီ အာရုံခြောက်ပါးတို့ရဲ့ ရုပ်

နာမ်ဓမ္မ ပရမတ္ထသဘာဝဖော်၍ ထိုပရမတ္ထသဘာဝ၏ အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမအချက်ကို ဆင်ခြင် သုံးသပ်လိုက်မယ်ဆိုယင် ရေလယ်ခေါင်မြုပ်တဲ့ဘေးက လွန်မြောက်သွားပြီ။

## သောင်ပေါ်မှာ တင်တယ်ဆိုတာ

ရေလယ်ခေါင်မြုပ်တဲ့ဘေးမှ ဘုရားတပည့်တော်တို့ လွန်ပါပြီဘုရား၊ ဒါပေမဲ့ ရွှေနားသွားတဲ့အခါကျပြန်တော့ ဘာတွေမလဲဆိုလို့ရှိယင် သောင်ပေါ်မှာ တင်ပြီးတော့ နေကြလိမ့်အုံးမယ်။

"ကော နု ခေါ ဘန္တေ ထလေ ဥဿာဒေါ"

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။ ထလေ ဥဿာဒေါ၊ သောင်ပေါ်မှာ တင်တယ်ဆိုသော စကားသည်ကား။ ကော နုခေါ၊ အဘယ်ပါနည်း အရှင်ဘုရား။

သံဃာတော်တပါးက ဘုရားရှင်ကိုယ်တော်မြတ်အား ထပြီးတော့ မေးတယ်။ "သောင်ပေါ်တင်တယ်ဆိုတာက ဘာပါလဲ မြတ်စွာဘုရား"။

"ထလေ ဥဿာဒေါ" တိ ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ထလေ ဥဿာဒေါတိ ဧတံ အဓိဝစနံ၊ သောင်ပေါ်မှာ တင်တယ်ဆိုတဲ့ စကား

သည်။ အသ္မိမာနဿ၊ ငါပဲဆိုတဲ့ မာန်မာန တရားရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

သောင်ပေါ်မှာ တင်ပြီးတော့ နေတယ်ဆိုတာက မာနဝင်ပြီးတော့ လာတာ။

"ဒိုပရိသတ်၊သောင်ပေါ်တင်တယ်ဆိုတာက ဘာတဲ့လဲဗျာ"
"မာနဝင်လာတာပါဘုရား"

မာနဝင်တယ်။ တရားအလုပ် အားထုတ်တဲ့ပုဂ္ဂိုလ်တွေ မာန မဝင်ကြပါစေနဲ့။ ပရိယတ္တိကို အမှီပြု၍ဖြစ်စေ၊ ပတိပတ္တိကို အမှီပြု၍ဖြစ်စေ၊ ပဋိဝေဓဆိုတဲ့ မိမိရတဲ့ အသိဉာဏ်ကို အမှီပြု၍ဖြစ်စေ၊ မဂ်မဟုတ်တာကို မဂ်ဟုတ်တယ်ထင်တဲ့ အထင်မျိုးပေါ့။ အဲဒီအထင်ရောက်ပြီးတော့ လာခဲ့မယ်ဆိုလို့ရှိယင် ပရိယတ္တိ ပတိပတ္တိ ပဋိဝေဓ တစုံတခုအမှီပြုပြီးတော့ တက်လာတဲ့ မာန်မာန ဖြစ်ခဲ့ယင် ထိုပုဂ္ဂိုလ်သည် အဲဒါ သောင်ပေါ်တင်တဲ့ သစ်တုံး လိုပဲ။

ရေလယ်ခေါင်မျောလာတဲ့ သစ်တုံးကြီးသောင်ပြေးဆိုက်ပြီးတော့ တင်လိုက်ပြီလဲဆိုရော ဒိုပရိသတ် လှိုင်းလေးက တဖျပ်ဖျပ်နဲ့ ပုတ် ပုတ်ပြီးဘော့ သောင်ပေါ်က ပြန်လို့မဆင်းတော့ဘူး။ လှိုင်းကပုတ်လေလေ သောင်ပေါ် ရောက်သွားလေလေ။ အောက်ဘပိုင်းက ဘာဖြစ်နေတုန်း။ ရေတွေစိုနေတယ်။ အဲဒီ သစ်တုံး အပေါ်တပိုင်းက ဘာဖြစ်နေသလဲ။ နေပူနေတယ်။ တပိုင်းပူ တပိုင်းအေးကြီးဗျာ။

မာနကြီးတဲ့လူဆိုတာ အဲဒီလိုပဲတဲ့။ ကိုယ့်မာနလေးနဲ့ ကိုယ့်ဟာကို အထင်ကြီးပြီးတော့ ဘယ်လောက်ပဲ ကျေနပ်ပြီးတော့ အောက်တပိုင်း ရေစိုသလို ချမ်းသာတယ် ထင်ပင် ထင်ရငြား သော်လဲပဲ့ အပေါ်ပိုင်း အပြင်ဖက်ခလောက က ကြည့်လိုက်မယ်ဆိုယင်တော့ ဒီလူကြီး ဘယ်မာနကြီးတဲ့ လူကြီး၊ ဒီကိုယ်တော်ကြီး တယ်မာနကြီးတယ်လို့ လူတကာက မေးငေါ့အပြစ်တင်လို့ မဆုံးဘူးတဲ့။ အပေါ်တပိုင်း နေပူနေတဲ့ သစ်တုံးလို့။

ကိုယ်တတ်တဲ့ပညာ ကိုယ်သိတဲ့ အသိဉာဏ် ကိုယ်ကျင့်တဲ့ အကျင့်လေးနဲ့ မာနတက်ပြီးတော့ ကိုယ့်ဟာကိုယ် အထင်ကြီးပြီး အောက်တပိုင်း ရေစိုသလို သူ့ဟာသူတော့ ချမ်းသာတယ်။ တယ် ကျေနပ်တယ်။ အဲရပ်တကာ လူတကာက ကဲ့ရဲ့ခံရတယ်။ အဲဒီမာနကြီးတဲ့လူ။ သူကအပေါ်တပိုင်း သစ်တုံး နေပူသလိုဖြစ်တယ်။ တော်တော်ကြာလာပြီ ဆိုလို့ရှိယင် ထိုသစ်တုံးကြီး ဘယ်လို ဖြစ်လဲ။

ရေလှိုင်းက တဖျပ်ဖျပ်ပုတ်ပြီ ဆိုလို့ရှိယင် ရေညှိတွေတက်ပြီးတော့ အဲဒီသစ်တုံးကြီးဟာ မဲနေရော သောင်စပ်မှာ။ ခပ်ဝေးဝေးကနေ မြစ်ထဲချောင်းထဲက လာတဲ့လူတွေက လှမ်းကြည့်လိုက်လို့ရှိယင် ဟိုသောင်စပ်ကဟာ ဘာကြီးပါလိမ့် မလဲ။ မဲမဲကြီးလို့ ဒီလို သံသယဝင်ပြီးတော့ တွေးရ ထင်ရတယ်၊ ကြံဆရတယ်၊ ဘာကြီးများဖြစ်လေသလဲလို့ ထိုသစ်တုံးကြီးကို သစ်တုံးမှန်း မသိတော့ပဲနဲ့ တွေးရ ကြံဆရ သံသယတွေ ဝင်ရသလိုပဲ။

မာနကြီးတဲ့ ပုဂ္ဂိုလ်ကိုလဲပဲ ပတ်ဝန်းကျင်က စဉ်းစားစရာ တွေ အများကြီးဖြစ်လာတယ်တဲ့။ ဒီပုဂ္ဂိုလ် သီလမှ ရှိမှရှိရဲ့လား၊ မာနက တယ်ကြီးတယ်။ ဒီပုဂ္ဂိုလ် တရားအားထုတ်တယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား။ မာနတွေကြီးလိုက်တာ။ တယ်ထောင်လွှား တာပဲ။ တယ်ခက်ထန်မာကျောတဲ့ လူပဲ။ တရားရှိတယ် ဆိုတာ ဟုတ်မယ်မထင်ပါဘူးလို့အဲဒီလိုသံသယဝင်စရာတွေဖြစ်လာပြီတဲ့။ မာနကြီးယင် ဒါကြောင့်မာနသည် အဲဒါ သောင်ပေါ်တင်တဲ့ သစ်တုံးလိုပဲ့ ဘယ်တော့မှ ရေထဲပြန်မဆင်းတော့ဘူး။

"ရေထဲပြန်မဆင်းယင် ထိုသစ်တုံးသည် ဒို့ပရိသတ် ဂင်္ဂါမြစ် ထဲ မျောအုံးမှာလား"

"မမျောတော့ပါဘူး ဘုရား"

ဂင်္ဂါမြစ်ထဲမှာ မဂ္ဂင်ရှစ်ပါးဆိုတဲ့ ရေအလျဉ်နဲ့ တဖြေးဖြေး ဝေးပြီးတော့ ပင်လယ်ကြီးကို သူသည် မရောက်နိုင်တော့ဘူးတဲ့။ မာနသည် အဲဒီလို ကြောက်စရာကောင်းတယ်။

## အရှင် အနုရုဒ္ဓါမှထေရ်

ဘုရားရှင် လက်ထက်တော် အခါတုန်းက မာနခံပြီးတော့ တရားဝေးတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။ ဥပမာ ဒို့တရား နာ ပရိသတ်ကို အတိုချုပ်တခုထုတ်ပြီးတော့ ပြောရမယ် ဆိုလို့ ရှိယင်—

"ဒိဗ္ဗစက္ခု အဘိညာဉ်အရာမှာ ဧတဒဂ်ရတဲ့ ရဟန္တာတပါး ဘယ်သူလဲဗျာ ဒို့ပရိသတ်"

"..................................."

"ဒိဗ္ဗစက္ခု အဘိညာဉ် အရာမှာ တေဒဂ်ရတဲ့ ရဟန္တာ၊ အရိယဓမ္မာရှိပဲ၊ ဘယ်သူ့မလဲလို့ ဖြေမေးပါ"

"အနုရုဒ္ဓါပါဘုရား"

အရှင် အနုရုဒ္ဓါမထေရ် မြတ်သည် ဒိဗ္ဗစက္ခု အရာမှာဖြင့် တေဒဂ်ရတဲ့ ရဟန္တာ။ တန်ခိုး တေဒဂ်က အရှင် မောဂ္ဂလ္လာန်နေဘ်။

ဒိဗ္ဗစက္ခု အဘိညာဉ်မှာ တေဒဂ်ရတာက အရှင်အနုရုဒ္ဓါ။ သူငယ်ချင်း ခြောက်ယောက် မင်းသားတွေ ရဟန်းဘောင် ဝင်ရောက်ပြီးတော့ တရားအားထုတ်ကြတာ အရှင်အနုရုဒ္ဓါမထေရ် မြတ်ဆိုတာဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မဆိုက်သေးဘူး။ ပုထုဇဉ်အဖြစ်နဲ့ကိုက ဒိဗ္ဗစက္ခု အဘိညာဉ်ကို ပထမဦးစွာ ရသွားတယ်။ တပြိုင်နက် တချိန်တဲမှာ လောကဓာတ် တထောင်ကို တခါတဲ မြင်စွမ်းနိုင်တဲ့ အဘိညာဉ်။ သေးတာမဟုတ်ဖူး။

လောကဓာတ် တထောင်ဆိုတာ စကြာဝဠာတထောင်၊ အဲဒီ စကြာဝဠာတိုက်တထောင်ကို တပြိုင်နက် တကြိမ်ထဲမှာ တခါတဲ သူကြည့်ချင်သလို ကြည့်နိုင်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ် ရတယ်။ အဲဒီတော့ အရှင်အနုရုဒ္ဓါ ဘယ်နှယ် အထင်ကြီးသွားသလဲ၊ သာသနာတော်မှာ ဒိဗ္ဗစက္ခုအဘိညာဉ်မှာဖြင့် ငါ့ကို တူနိုင်တဲ့ ပုဂ္ဂိုလ်၊ ငါ့ကို တူနိုင်တဲ့ပုဂ္ဂိုလ် တယောက်မှမရှိဘူးလို့ မာနတွေ ကြီးလိုက်တာ၊ ဒိဗ္ဗစက္ခုအရာမှာတော့ ငါအတော်ဆုံးပဲဟု ဆို

ပြီးတော့ မာနတွေဝင်၊ ဒါပေမဲ့ မဂ်ဖိုလ် သူ ဘာမှမဆိုက်သေးဘူး။

အဲဒါ ရဟန်းတရားအားထုတ်တယ်၊ ဝိပဿနာဘာရား အားထုတ်၊ အားထုတ်ယင်းနဲ့ သမ္မသနဉာဏ်မှစ၍ အစဉ်အတိုင်း တက်တက် တက်တက်ပြီးတော့ လာလိုက်တာ ဉာဏ်စဉ်တွေ အနုလောမဉာဏ် ရောက်သွားတယ်၊ ဝိပဿနာဉာဏ် ဆယ်တန်မှာတော့ ထိပ်ဆုံးဉာဏ်ပေါ့။ အနုလောမဉာဏ်ရောက်လဲ သွားရော ရှေ့တဆင့်တိုးလိုက်လို့ရှိယင် ဂေါတြဘူဉာဏ်ပေါ့၊ ဂေါတြဘူပြီးယင် မဂ်ဆိုတာ တခါတဲ ကပ်နေပြီ။ အဲဒါ ဂေါတြဘူနဲ့ မဂ်ကို မကူးဘူး။

အဲရှင်အနုရုဒ္ဓါ မထေရ်မြတ် အနုလောမဉာဏ်နားလဲ ကျရော တခါတဲ နောက်ပြန်ဆင်းသွားတယ်။ ပြန်ဆင်းသွား ပြန်စပြန်၊ သမ္မသနဉာဏ်က တက်ဘက်-တက်တက်လာလိုက်၊ အနုလောမဉာဏ်ကျ ပြန်ဆင်းသွားလိုက်၊ ဒီလိုချည်းဖြစ်တယ်။ အဲဒီလို ဖြစ်နေတော့ စိတ်ထဲက ဘယ်လိုလဲ၊ င ါဟာ တရားအားထုတ်လို့ ဒိဗ္ဗစက္ခုအဘိညာဉ်တောင် ရထားတဲ့ ပုဂ္ဂိုလ် တယောက်၊ ဘာပြုလို့ ဒါလောက်တောင် ခက်ခဲနေရတာလဲ၊ အခက်အခဲမရှိစေရဘူးဟ ဆိုပြီးတော့ ကြိုးစားလိုက်တယ်၊ အဲဒီ အဘိညာဉ်လေး အားကိုးပြီးတော့ င ါလိုလူ ဘာပြုလို့ နုံ့ထိုင်းနေရတာလဲ၊ နုံ့နှေးနေရသလဲဟ ဆိုပြီးတော့ ကြိုးစားလိုက်တယ်၊ ကြိုးစားလေလေ မတက်လေလေ။

အဲဒီလိုကြိုးစားလို့ ရွှေ့မတက်တော့ စိတ်ထဲဘယ်လိုဖြစ်လာပြန်တုန်း၊ ငါ့လို ဒိဋ္ဌစက္ခုအဘိညာဉ်ရ ကိုယ်တော်တပါးက ဘာဖြစ်လို့များ မဂ်ဖိုလ်မဆိုက်ပဲဖြစ်ရတာလဲတဲ့၊ အတွေးကလေး ပေါက်လာတယ်၊ အဲဒီ အတွေးကလေး ဝင်ရောက်လာတာဟာ ဥဒ္ဒစ္စပဲ၊ ပျံ့လွင့်သွားတာ၊ မူလရှုကွက်ပေါ်ကနေ အတွေးတခု ဝင်လာတယ်ဆိုတာ ပျံ့လွင့်သွားတာ၊ ဒါ ဥဒ္ဒစ္စ ခေါ်တယ်၊ အလွန်သိမ်မွေ့တယ်။ အဲဒါ ကိုယ့်ဟာကို ဥဒ္ဒစ္စမထင်ပဲနဲ့ တွေးနေတဲ့လူတွေက အများကြီးရှိသေးတယ်၊ အဲဒါ လမ်းခွဲလက်ချပ်ပြီးတော့ စဉ်းစားနေတယ်။ ရှင်အနုရုဒ္ဓါ ဒီအတိုင်း စဉ်းစားတယ်။

ငါ ဒိဗ္ဗစက္ခုအဘိညာဉ်ရ ကိုယ်တော်၊ ဘာဖြစ်လို့ မဂ်မဆိုက်ပဲ ရှိရသလဲ၊ စဉ်းစား စဉ်းစားပြီးတော့ ကြိုးစားလိုက်မဟာ ဆိုပြီး အားထုတ်လိုက်ပြန်၊ အနုလောမဉာဏ်ကျ ပြန်ကျလာပြန်၊ တော်တော်ကြာတော့ ဘယ်လို ဖြစ်လာသလဲ၊ စိတ်တွေ ပူပန်လာတယ်၊ ငါ ဒီဘဝ မဂ်ဖိုလ်မှ ရမှရပါ့အုံးမလားလို့ ပူပန်တဲ့ စိတ်ကလေး ဝင်လာတယ်။ အဲဒါက ကုက္ကုစ္စ၊ စောစောက စိတ်တွေ ဟိုကြံ ဒီကြံ ကြံစည်နေတာက ဥဒ္ဒစ္စ၊ ငါလို အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တယောက် ဘာဖြစ်လို့ မဂ်မဆိုက်ပဲ ရှိရမှာလဲဟ ဆိုတာက မာန၊ ငါလို အဘိညာဉ်ရကိုယ်တော် တပါး မဂ်မဆိုက်နိုင်တာ ဘာဖြစ်လို့ မဆိုက်ပဲ ဖြစ်နေရတာလဲ လို့ ကြံစည်တွေးတောနေတာက ဥဒ္ဒစ္စ၊ ငါဒီဘဝ ရမှ ရပါအုံးမလားဆို ပူပန်ပြီးတော့ ချောက်ချားသွားတာက ကုက္ကုစ္စတဲ့။

ကိလေသာဝင်လာတယ်နော်၊ ဥဒ္ဒစ္စရယ်၊ ကုက္ကုစ္စရယ်၊ မာန ရယ် ဝင်လာတယ်။ အဲဒီ ဥဒ္ဒစ္စ၊ ကုက္ကုစ္စဆိုတဲ့ တရားနှစ်ပါး နောက်ဆက်ဝင်လာတာဟာ မာနကြောင့် ဝင်လာတာ၊မာနက အကြောင်းရင်း။

အဲဒါနဲ့ စိတ်ပျက်ပြီးတော့ ဘယ်သွားတုန်းဆိုတော့ ရှင်သာရိပုတ္တရာ မထေရ်မြတ်ဆီသွားတယ်၊ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို လက်အုပ်ဦးတင် ဖူးမြင်ပြီးတော့ လျှောက်ထား.... "ဘုရားတပည့်တော် ဒီလို ဖြစ်နေပါတယ်ဘုရား၊ အနုလောမ ဉာဏ်ရောက်၊ ရှေ့နားတက်သွားလိုက်၊ ပြန်ဆင်းလာလိုက်၊ မဂ်ကို မကျနိုင်ပဲ ဖြစ်နေပါတယ်၊ တပည့်တော် ဘယ်လိုဖြစ်ဘာပါလဲ၊ ရှင်းလင်းစမ်းပါအုံးဘုရား" ဆိုတော့၊

ရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ရှင်းပြီးတော့ ပြလိုက်တယ်၊ "ငါ့ညီ၊ မင်းက ဒိဗ္ဗစက္ခုအဘိညာဉ် ပထမဦးစွာရထားတော့ အဲဒါ မင်းအတွက် အတားအဆီးကြီးပဲ၊ အဲဒီအဘိညာဉ်အကြောင်းပြုပြီးတော့ မင်းက မာနတွေ ဝင်နေတယ်တဲ့၊ အဘိညာဉ်ကို တံခြားထားလိုက်၊ ဝိပဿနာ လုပ်ငန်းထဲမှာ အဘိညာဉ်ကို လုံးလုံးအာရုံမပြုပါနဲ့၊ အဘိညာဉ် ဆိုတာ လောကီကိစ္စတွေ မဂ်ဖိုလ်နဲ့ မဆိုင်ဘူး၊ ကိလေသာ ငြိမ်းရာ ငြိမ်းကြောင်းနဲ့ မဆိုင်ဘူး" ဝိက္ခမ္ဘနပဟာန်အားဖြင့်တော့ ကိလေသာတွေ ခွာထားတာတော့ မှန်တာပေါ့ဗျာ၊ အနုသယ မကုန်ပဲ အဘိညာဉ်က။

"အဲဒါကြောင့်မို့လို့ မင်္ဂနဲ့ဖိုလ်နဲ့ မဆိုင်တဲ့ အဘိညာဉ်ကို ငါ့ညီ မင်းမစဉ်းစားပါနဲ့၊ အဲဒီ အဘိညာဉ် အကြောင်းပြုပြီး တက်နေတဲ့ မာနကြောင့် မင်းဒီလိုနေ့းတာ၊ဒီတော့အဘိညာဉ်ကို လုံးဝ မင်းနှလုံးမသွင်းပါနဲ့။ သမ္မသနညာဏ်ကနေ စိတ်ကို ဖြေး ဖြေးသက်သာထား။ ဥစ္စဒ္ဓ ကုက္ကုစ္စလဲ မဖြစ်ရလေအောင် နှလုံး သွင်းလိုက်စမ်းပါလို့" ညွှန်ကြားတဲ့အခါကျတော့မှဒိဗ္ဗစက္ခုအဘိ ညာဉ်ဆိုသော ဂုဏ်တခုကို အာရုံပြုပြီးတော့ တက်တဲ့မာနကို ဖယ်ထားပြီးတော့ အားထုတ်လိုက်တာ မကြာခင် အာသဝေါ စင်းကွာ ရဟန္တာ ဖြစ်ဘယ်တဲ့။ အနုရုဒ္ဓါမထေရ်မြတ်ရဲ့ ထုံးမှာ အဲဒါ ရှိပါတယ်။

## အရှင် ဆန္နမထေရ်

ဆန္နမထေရ်တို့ဘသက်လုံးဘုရာနဲ့ ချဉ်းကပ်ပြီးတော့ နေတာ ဘုရားရဲ့နောက်က မြင်းမြီးဆွဲပြီးတော့ လိုက်တယ်ဆိုတဲ့ ဆန္နလေ။ ၄၅-နှစ်လုံးလုံး ရဟန်းတရား အားထုတ်လို့ မရဘူး။ အားကိုလဲ မထုတ်ဘူး။ သူက ဘာပြုလို့ အားမထုတ်လဲ၊ ဆန္နက ဘုရားနဲ့ ဖွားတုန်းကလဲ တနေ့တဲ ငါက အတူတူဖွားတာ။ ငယ်သူငယ် ချင်း၊ သိဒ္ဓတ္ထဆိုတာ ငါနဲ့ ကစားဖော် ကစားဖက်၊ တောထွက် တုန်းကလဲ တောကြီးထဲ ငါပဲ လိုက်ပို့လိုက်ရတာ၊ ဘုရားဖြစ်၊ နေပြည်တော် ပြန်လာတဲ့ အခါကျတော့မှ သူက လက်ဝဲရံ၊ ငါ က လက်ျာရံ၊ သူက အလုပ်အကျွေးဆိုပြီးတော့ လာလိုက်ကြတဲ့

ပုဂ္ဂိုလ်တွေ စောစောတုန်းက ငယ်ငယ်လေးတဲက တောထဲ လိုက်ပို့တဲ့အထိ ငါနဲ့အတူတူ နေလာတယ်။ ခုခါမှ သူတို့က နောက်မှပေါ်တဲ့ ရွှေကြာပင်တွေဆိုပြီးတော့ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်၊ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါတို့ကို အဲဒီ ဆန္န မထေရ်သည် အရိုအသေ မပေးဘူး။ နေ့ရာတကာ အကုန် လုံး မာန်မာနထောင်ပြီးတော့ နေတယ်။

ဘာပြုလို့လဲ၊ ဘုရားနဲ့သူ ရင်းနှီးရပါတယ်ဆိုတဲ့ ရင်းနှီးမှု လေးကို အကြောင်းပြုပြီးတော့ တက်လာတဲ့မာန မသေးဘူး ခနော်။ ဘုရားနဲ့သူ ရင်းနှီးတယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့ပုဂ္ဂိုလ် တွေက သူ့လောက် ဘယ်သူမှ ဘုရားနဲ့ မရင်းနှီးဘူးဆိုပြီးတော့ ဒီပြင်ပုဂ္ဂိုလ်တွေ အကုန်လုံးအထင်သေးပြီး နေရာတကာ အရိုအ သေမပြု ခက်ထန်မောင်းနှင်းနဲ့ မာန်မာနတွေ ထောင်ပြီးတော့ နေလိုက်တာ ၄၅နှစ်လုံးလုံး ဘယ်သူမှ ဆုံးမလို့မရဘူး။ အဲဒီဆန္န ထေရ်ကို အဲဒါ ဒိဋ္ဌိရိသတ် သတိထားကြ။ မမ္မကထိကဆရာတော် ကြီးတွေနဲ့ ရင်းနှီးတယ်ဆိုဘာတို့ ကမ္မဋ္ဌာန်း ဆရာတော်တွေနဲ့ ရင်းနှီးတယ်ဆိုဘာတို့ ငါက ဘယ်သူ့အလုပ်အကျွေးကွဲ့၊ ငါက ဘယ်သူ့ရဲ့ ကပ္ပိယကွဲ့၊ ငါက ဘယ်သူ့ရဲ့ဘာကွဲ့ ဆိုပြီးတော့လေ့။ ဆန္နမထေရ်တို့ ၄၅-နှစ်တိတိ ကျန်နေတာဟာ အဲဒါပဲ။

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူခါနီး ကျတော့မှ မြတ်စွာ ဘုရားကို ရှင်အာနန္ဒာက မေးတယ်။ "အရှင်ဘုရား၊ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် ဒီလောက်တောင်မှ မာန်မာန

ထောင်လွှားပြီးတော့ ခက်ထန်မောင်းနှင်းနဲ့ အဆုံးအမ ခက်နေ တဲ့ ဆန္နကို တပည့်တော်များ ဘယ်လို ကျင့်သုံးရပါမလဲ” လို့ အာနန္ဒာ မထေရ်မြတ် မေးတော်မူတဲ့ အခါမှာ ဘုရားရှင်ကိုယ် တော်မြတ်က—

“ဆန္နော ဗြဟ္မဒဏ္ဍော ဒါတဗ္ဗော” တဲ့

“ချစ်သား အာနန္ဒာ၊ ငါဘုရားမရှိတဲ့နောက် အဲဒီ လောက် တက်ထောင်မောင်းနှင်းနဲ့ မာနကြီးတဲ့ ဆန္န မထေရ်ကို ဗြဟ္မဒဏ်ပေးပြီးတော့ ချစ်သားတို့ ဆုံးမကြ ရမယ်”

## ဗြဟ္မဒဏ်

ဗြဟ္မဒဏ်ဆိုတာက ဘာတဲ့လဲ။ “ဆန္နမထေရ်မကောင်းတာ တွေ လုပ်နေတာတွေ့လို့လဲ ဘယ်သူမှ မတားမြစ်နှင့်ကွာ၊ ကောင်း တာတွေကိုလဲ ဘယ်သူကမှ မညွှန်ကြားနဲ့၊ ကောင်းဆိုး နှစ်မျိုး မပြောဆိုပဲနဲ့ ဤအတိုင်း ပစ်သာထားလိုက်ကြတော့”တဲ့။

အဲဒါ သိပ်ငမ်းနည်းစရာကောင်းတယ်။ မိမိကို မကောင်းတာ လုပ်နေလို့ရှိရင် ပြောဆိုဆုံးမမည့် ပုဂ္ဂိုလ်တွေ များများကြီးပေါ် ပါစေဆိုတာကို ဒိဋ္ဌိပရိသတ်တောင်းဆိုနိုင်မှ အဲဒီပုဂ္ဂိုလ်ဟာ မာန ကင်းတယ်လို့ခေါ်တယ်။ ငါ့လာမပြောနဲ့ကွာဆိုတဲ့ ပုဂ္ဂိုလ်မျိုး တွေ၊ အဲဒါ မာနခံတာပဲ။ သောင်တင်တာ အဲဒါ။

မှားနေတယ်၊ ချွတ်ယွင်းနေတယ်။ လုပ်တာ ကိုင်တာ အချိုးမကျဘူး။ပြောတာဆိုတာ နေတာထိုင်တာတွေ အချိုးမကျဘူး။ ဒီလိုမနေနဲ့၊ ဒီလိုမပြောနဲ့၊ ဒီလိုမကျင့်နဲ့၊ အဲဒါဆရာသမားနားလည်တဲ့ပုဂ္ဂိုလ်များ ဘယ်လိုပဲဆုံးမနေနေ နားမထောင်ဘူး။ ငါ့ကိုလူ ပြောရရိုးလားဟ ဆိုလို့ရှိယင် အဲဒါ မာနခံတာ။ဒီပုဂ္ဂိုလ်တော့သွားပြီ သောင်တင်ပြီ။

ဒါကြောင့် ရာဟုလာမထေရ်တို့ကဲ့သို့ တောင့်တရမယ်။ လက်ထဲ သဲကလေးတွေ မြှောက်မြှောက်ပြီးတော့ "ဤသဲလုံးနှင့်အမျှ နေ့တိုင်းနေ့တိုင်း သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ အာနန္ဒာ၊ဘုရား၊ ဒီ ကျေးဇူးရှင်ပုဂ္ဂိုလ်ကြီးများရဲ့ အဆုံးအမကို ရပါရစေ"လို့– ရာဟုလာမထေရ်မြတ် တောင့်တသကဲ့သို့ ဒို့တရားနာ ပရိသတ်လဲပဲ တောင့်တနိုင်ဖို့ကောင်းတယ်။

အဲဒီလို တောင့်တနိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ မာနနဲ့တဲ့ အဓိပ္ပာယ်ကို ဖော်ပြတယ်။ "ငါ့ဘယ်သူမှ မပြောနဲ့၊ ငါမှားနေတာ ဘယ်သူ့မှလဲ မမေးဘူး" အဲဒီလို ဆိုခဲ့လို့ရှိယင် အဲဒီ ပုဂ္ဂိုလ်တွေဟာ သောင်ပေါ် တင်သွားတာပဲ။ ဘယ်တော့မှ ရေထဲ ပြန်မဆင်းတော့ဘူး။ ထံပိုင်းပူ တပိုင်းအေးကြီးနဲ့ အဲဒါ သွားရော။

ဒီတော့ မကောင်းတာကိုလဲပဲမဘားမြစ်နဲ့၊ ကောင်းတာကိုလဲ မညွှန်ကြားနဲ့ဆိုယင် ထိုပုဂ္ဂိုလ် ထိုဘဝ သေတာနဲ့ အဘူတူပဲတဲ့။ ဆရာသမား မရှိတော့ဘူး။ ကောင်းရာ ညွှန်ကြားမည့် ဆရာလဲ

မရှိဘူး။ မကောင်းတာ တားမြစ်ပေမည့် ဆရာလဲ မရှိဘူးဆိုယင် ဒီဘဝ အဲဒီပုဂ္ဂိုလ် သေတာနဲ့ အတူတူပဲလို့ ဆိုတယ်။

အဲဒီလို ပြဟ္မဒဏ်ပေး ဆုံးမရမယ်ဆိုပြီး ဘုရားပရိနိဗ္ဗာန်စံလဲ သွားရော၊ ဆန္နမထေရ် အားကိုးရာမရှိဘူး။ ဘုရားကလဲ မရှိ၊ သာရိပုတ္တရာ၊ မောဂ္ဂလာန်တာလဲ မရှိ၊ အာနန္ဒာမထေရ်မြတ်ကလဲ စကားမပြော၊ အရိုအသေမပြု၊ နေရာထိုင်ခင်း မပေး၊ ဆုံးလဲ မဆုံးမ၊ ဘယ်ရဟန္တာဆီသွားသွား ဆန္နမထေရ်ကို စကားပြောမယ့်သူ တယောက်မှ မရှိတော့ဘူး။

ဒီတော့မှ ဝမ်းနည်းပက်လက် ဖြစ်ပြီးတော့ တခါတလေများ ဆိုယင် စိတ်တွေ ထိခိုက်ပြီးတော့ တိမ်းလဲပြီးတော့တောင် သွားတယ်။ အဲဒီလို ယိမ်းယိုင်တုန်လှုပ် လဲကျသွားတဲ့အခါ မာန တွေကျပြီး အရှင်အာနန္ဒာကို တောင်းပန်တော့မှ အရှင်အာနန္ဒာ မထေရ်မြတ်က သူ့ကို တရားဟောရတယ်။ အဲဒီတော့မှ ဆန္န မထေရ် ရဟန္တာ ဖြစ်တာ။

## ပပဉ္စတရား သုံးပါး

ဒါကြောင့် ဒီတရားနာ ပရိသတ်၊ မာနဆိုတာ သိပ်ကြောက် စရာကောင်းတယ်။ သံသရာမှာ ရှည်စေတတ်တယ်၊ တဏှာရယ် မာနရယ်၊ ဒိဋ္ဌိရယ်ဆိုတဲ့ တရားသုံးပါးကို ပပဉ္စတရားလို့ သက္က ပဥှသုတ်မှာ ဟောထားတယ်။ ဥဒါန်းပါဠိတော်မှာလဲ ဟော ပါတယ်။ သံသရာကို ကျယ်သထက် ကျယ်အောင် ရှည်သထက် ရှည်အောင် ချဲ့ထွင်တဲ့ တရားတွေထဲမှာ အဲဒီ မာန ပါသွားပဲ။

တကျော့လဲပဲ သံသရာချဲ့တဲ့တရား၊ မာနလဲ သံသရာချဲ့တယ်၊ ဒိဋ္ဌိလဲပဲ သံသရာချဲ့တယ်။

ဒါကြောင့်မို့လို့ ယခု ဒါရုက္ခန္ဓောပမာသုတ်မှာ ဘုရားရှင် ကိုယ်တော်မြတ်သည် သံသရာနယ်ချဲ့တဲ့ တရားသုံးပါးထဲက မာန ကိုဖြင့် သင်တုံးသောင်ပေါ် တင်သလို ကြောက်စရာကောင်း တယ်။ ဆွဲချဖို့ရန် ခက်ခဲတယ်ဆိုတဲ့အကြောင်း အဲဒီလိုပြပါတယ်။ ဒီတော့—မေဃိယသုတ္တန်မှာ ဘာဟောသလဲ—

"အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃာတာယ"

အသ္မိမာနသမုဂ္ဃာတာယ၊ ငါလိုလူ ငမွှုမရှိဆိုတဲ့ မာန် မာနကို ပယ်ရှားဖို့ရန် အလို့ငှာ။ အနိစ္စသညာ၊ အနိစ္စ မခိုင်မမြဲ ပြိုလဲပျက်စီးတတ်တဲ့ အနိစ္စသညာကို။ ဘာဝေ-တဗ္ဗာ၊ ပွားလေ-တဲ့။ ဒီလို ပြောတယ်။

မာန ကြပ်ကြပ်ကြီးတဲ့ ပုဂ္ဂိုလ်များ ထိုမာန နှိမ်နင်းချင်လို့ရှိ ယင် အနိစ္စသဘာဝကို ကျကျနန သဘောကျအောင် နှလုံးသွင်း ပါတဲ့၊ ဒါပြောပါတယ်။ မာနပယ်တဲ့စိတ် သေခြင်းတရား ကြပ် ကြပ်နှလုံးသွင်းပါတဲ့၊ အနိစ္စတရား ကြပ်ကြပ်နှလုံးသွင်း၊ ထိုပုဂ္ဂိုလ် မာန ကျတတ်ပါတယ်တဲ့။

ဒီတော့ ပရိယတ္တိတတ်တဲ့ ပုဂ္ဂိုလ်ကလဲ ကိုယ့်ပရိယတ္တိလေး အကြောင်းပြုပြီးတော့ မာနမတက်ဖို့ အရေးကြီးတယ်။ ပဋိပတ္တိ တရားအလုပ် အားထုတ်တဲ့ပုဂ္ဂိုလ်တွေကလဲပဲခုနစ်ရက်၊ ဆယ်ရက်၊

တလ လေးသီတင်း အားထုတ်ပြီးယင် အဲဒါ မာနမဝင်ဖို့ အရေးကြီးတယ်။ စာပေဖတ်လို့ ဗဟုသုတ များများလာပြီဆိုယင် မာနမဝင်ဖို့ အရေးကြီးတယ်။ တရားတွေနာလို့ ဗဟုသုတတွေ များပြီးတော့ လာပြီဆိုလို့ရှိယင် အဲဒါ မာနမခံဖို့ အရေးကြီးပါတယ်တဲ့။ အနုရုဒ္ဓါတို့လို ဆန္နမထေရ်တို့လို မဖြစ်ရလေအောင်ပေါ့။

အဲဒါ မာနဆိုတာ သောင်ပေါ်တင်တယ်ဆိုတာ ဒိဋ္ဌိပရိသတ်မှန်းပြီးတော့ ကိုင်း—ရှေ့သွားကြဦးစို့ဗျာ၊ ဘယ်နှစ်ခု ပြီးသွားပြီလဲ။ လေးခုတော့ ပြီးသွားပါပြီ။ အဲဒီ သောင်ပေါ်တင်တဲ့ သစ်တုံးနဲ့ ပမာတူတဲ့ မာနအကြောင်း ပြီးပြီဆိုတော့ ရှေ့နား မျောလိုက်စမ်း၊ အဲဒီ သမ္မာဒိဋ္ဌိသင်တုံး ဘာတွေ့အုံးမလဲ၊

"လူဆယ်တယ်ဆိုတာ"

"ကောနု ခေါ ဘန္တေ မနုဿဂ္ဂါဟော"

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား၊ မနုဿဂ္ဂါဟော၊ လူဆယ်၏ဟူသည်ကား။ ကောနုခေါ၊ အဘယ်ပါနည်း အရှင်ဘုရား။

"လူဆယ်တယ်ဆိုတာက ဘာကိုဆိုလိုပါသလဲမြတ်စွာဘုရား" လို့ သံဃာတော်တပါးက ထပြီးတော့ မေးတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က—

"ဣဓ ဘိက္ခု ဂိဟီဟိ သံသဋ္ဌော ဝိဟရတိ၊ သဟနန္ဒီ သဟသောကီ သုခိတေသု သုခိတော၊ ဒုက္ခိတေသု ဒုက္ခိ

တောဒုပ္ပဇ္ဇနေသု ကိစ္စကရဏီယေသု၊ အတ္တနာ တေသု ယောဂံ အာပဇ္ဇတိ။အယံ ဝုစ္စတိ ဘိက္ခု မနုဿဂ္ဂါဟော”

ဘိက္ခု၊ ချစ်သားရဟန်း။ ဣဓ၊ ဤလောကဌ်။ ကေ-စ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဂိဟီဟိ-သံသဋ္ဌော၊ လူများစွာနှင့် ရောနှော၍၊ ဝိဟရတိ၊ နေ တတ်၏။

လူဆယ်တယ်ဆိုတာ ထုတ်ပြီးတော့ လာတော့ ဘာတဲ့လဲ။ သဟ ဂိဟီသံသဋ္ဌ လူတွေနဲ့ ရောရော ရောရောနဲ့ နေတတ်တဲ့ သဘောရှိတယ်။ရဟန်းဖြစ်ဖြစ် လူဖြစ်ဖြစ် ယောဂီပုဂ္ဂိုလ်တယောက် ယောက်ပဲ ဖြစ်ဖြစ် ဓမ္မကထိကပဲ ဖြစ်ဖြစ် ကမ္မဋ္ဌာန်းပြတဲ့ ဆရာပဲ ဖြစ်ဖြစ် ဘယ်သူပဲ ဖြစ်ဖြစ်ပေါ့“ဂိဟီဟိ သံသဋ္ဌော ဝိဟရတိ”တဲ့။

ဂိဟီဟိ သံသဋ္ဌော ဝိဟရတိ၊ လူများစွာနှင့် ရောရော နှောနှောနဲ့ နေတတ်၏။

လူတွေက အုပ်စုနဲ့မှ ပျော်တတ်တယ်။ အဲဒါ အဆယ်ခံရ ပြီ။ တရားအလုပ်အားထုတ်တယ် ဆိုလို့ရှိယင်လဲပဲ တယောက် တည်း သူအားမထုတ်တတ်ဘူး။ အနည်းဆုံး လေးငါးယောက် စုပြီး အားထုတ်ရမှ ပျော်တယ်ဆိုယင် အဲဒါ ဆယ်တော့မယ် သတိသာထားတော့။

တရားအလုပ် အားထုတ်ပါ။ ကမ္မဋ္ဌာန်းကျောင်း ဝင်ပါ။ ရိပ်သာသွားပါ။ ဥပုသ်စောင့်ပါ ဆိုခဲ့လို့ရှိယင် အဲဒါရပ်ကွက်

ထဲ ဘာတွေဖြစ်နေလို့၊ ဘယ်အသင်းမှာ ငါပါလို့၊ ငါမပါယင် မပြီးဘူး၊ ဘယ်အဖွဲ့မှာ ငါ ခေါင်းဆောင်ပြီးတော့ နေတယ်၊ အဲဒါ ဆယ်ထားတာပဲ။ ဘယ်နေရာဖြစ်ဖြစ် ငါပါမှဆိုလို့ရှိယင် အဲဒီပုဂ္ဂိုလ် အဆယ်ခံရတယ်လို့ ခေါ်တယ်။

ဂိဟီဟိ သံသဋ္ဌော၊ လူများစွာနှင့်ရောနှော၍။ ဝိဟရတိ၊ နေတတ်၏။ သဟနန္ဒီ-

အဲဒီလို ရောပြီးတော့နေတော့ ဘာဖြစ်သလဲ၊ မိမိရောနေတဲ့ လူစုကြီးက ဝမ်းမြောက် ဝမ်းသာကြီး ဖြစ်နေယင် ကိုယ်လဲပဲ ရောပြီးတော့ ဝမ်းပန်းတသာကြီး ဖြစ်လို့ သူတို့ရဲ့ ဝမ်းမြောက် ဝမ်းသာမှုလေးတွေ ကိုယ့်ကူးလို့၊ ကဲ-တခါဖြင့် ကိုယ်ရောနေတဲ့ လူအုပ်ကြီးက စိတ်ဆင်းရဲ ကိုယ်ဆင်းရဲကြုံကြပြီ။ သောက ပရိဒေဝတွေ ကြုံကြပြီဆိုပြန်တော့—

သဟသောကီ၊ ရော၍ရော၍ မိမိလဲပဲ စိုးရိမ်ပူဆွေး ငိုကြွေးရသည်။ ဟောတိ၊ ဖြစ်၏။ သုခိတေသု၊ မိမိရဲ့ အပေါင်းအသင်း တွေက ချမ်းသာကြသည် ရှိသော်။ သုခိတော၊ မိမိလဲ ချမ်းသာသည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခိတေသု၊ မိမိရဲ့အပေါင်းအသင်းတို့က ဆင်းရဲကြသည် ရှိသော်။ ဒုက္ခိတော၊ မိမိလဲ ရောပြီးတော့ ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။

ကိုယ်က အပေါင်းအသင်း အဖွဲ့အစည်း လူအုပ်ကြီးနဲ့ ရောရော ရောရောနဲ့ နေတတ်တဲ့ အတွက်ကြောင့် မိမိရောနှောနေတဲ့

လူအုပ်ကြီး ဝမ်းပန်းတသာဖြစ်ယင် ကိုယ်လဲဝမ်းသာ၊ မိမိရော နွေးနေတဲ့ လူစုလူဝေးက ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ခဲ့ယင် ကိုယ်လဲ အဲဒီအပူတွေကူးလို့ နေမထိထိုင်မထိ ဒီလိုဖြစ်လာတယ်။

မိမိရှိတပည့် ဒကာ ဒကာမတွေက ချမ်းသာလို့ ဝမ်းသာလို့ ဆိုယင် ကိုယ်လဲပဲ ရောနွှေးပြီးတော့ ချမ်းသာ ဝမ်းသာတာပဲ၊ ကိုယ့်တပည့် ဒကာ ဒကာမတွေ တခါတခါတော့ စီးပွားရေး ကြောင့် ဘာရေး ညာရေးကြောင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲကြ ပြီ ဆိုယင်—အဲဒီ ရောနေတဲ့ ကိုယ်တော် သူလဲပဲ ရောပြီးတော့ ဆင်းရဲတော့တာပဲ။ သူတို့အပူ ကိုယ့်ကူးလာတယ်။

ဒီတော့ လူဆယ်ဝယ်ဆိုတာ ဒွိပရိသတ် ထခြား မမှတ်နဲ့။ လူအုပ်ကြီးနဲ့ ရောရော ရောရောနဲ့ ပျော်တတ်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒါ လူဆယ်ခံရတယ်လို့မှတ်ပါ။ ဒါတွင်မပြီးသေးဘူး၊ နောက် နားပါဦးတော်မှာ ဘာပြောပြန်သလဲ။

### လက်ပုံတုံးလော-စန္ဒကူးလော

ဥပ္ပန္နေသု ကိစ္စကရဏီယေသု အတ္တနာ တေသု ယော- ဂံ အာပဇ္ဇတိ။

ကိစ္စတရဏီယေသု၊ အဲဒီ ဒကာဒကာမတွေထံက ပြု ဖွယ် ကိစ္စတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ပေါ်ခဲ့ကုန်သည် ရှိ သော်။ တေသု၊ ထိုဖြစ်ပေါ်တဲ့ ကိစ္စတို့၌။ အတ္တနာ၊ မိမိကိုယ်တိုင်။ ယောဂံ၊ အားထုတ်ရတဲ့အဖြစ်သို့။ အာ- ပဇ္ဇတိ၊ ရောက်လေတော့၏။

ဒကာ ဒကာမတွေမှာ ကိစ္စတွေပေါ်လာ၊ ကိုယ်က ဒကာ ဒကာမတွေနဲ့ ရောနေတဲ့ ဘုန်းကြီးတပါး အနေနဲ့ ဆိုပါတော့၊ တပည့် ဒကာ ဒကာမတွေနဲ့ ရောရော- ရောရောနဲ့ သံသဋ္ဌဖြစ်အောင် တခါတဲ ရောနှော နေတတ်တဲ့ အတွက်ကြောင့် အဲဒီ တပည့် ဒကာဒကာမတွေမှာ ကိစ္စကလေး တစုံတခု ပေါ်လာပြီ ဆိုလို့ရှိယင် အရှင်ဘုရား၊ ဒါလေးတော့ ဆောင်ရွက်ပေးပါအုံး ဘုရား ဆိုပြီးတော့ အဲဒါ လာပြီးတော့ ကပ်ကြတယ်။ အဲဒါ မလွှဲသာ မရှောင်သာ ဒါက ငါ့ဒကာ မကောင်းရာမကောင်းကြောင်း ဒီပုဂ္ဂိုလ်ကြီးက ဘယ်လိုကျေးဇူးများတယ်။ မကောင်းရာ မကောင်း ကြောင်း အဲဒါတွေ လိုက်ပြီးတော့ လုပ်ပေးနေရတာနဲ့ မိမိရဲ့ ပရိယတ္တိ ပဋိပတ္တိ ဆိုတဲ့ လုပ်ငန်းတွေ အကုန်လုံး လစ်ဟင်းကုန် ရောတဲ့။ ဘာမှ မလုပ်နိုင်တော့ဘူး။

အရပ်ထဲနေကြတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေ အနေနဲ့ ဆိုပြန်တော့လဲ ဒီအတိုင်းပေါ့။ ဘယ်နေရာ ဘာအသင်းလေး ဖွဲ့သတဲ့ဆို ငါပါအုံးမှ ဖြစ်မှာ။ ဘယ်မှာတော့ ဘာကိစ္စပေါ် ပေါက်ပြန်ပြီတဲ့။ ငါပါအုံးမှဖြစ်မှာပါ။ အဲဒီလို ငါပါမှ ငါပါမှ ဆိုပြီးတော့ နေရာတကာ ရှောက်ရှောက်-ရှောက်ရှောက် ပါ နေပြီဆိုယင် ဒီဒါရုက္ခနွေ့ာပမာသုတ္တန်အရ စဉ်းစားကြပေတော့။ သစ်တုံးကြီး လူအဆယ် ခံလိုက်ရပြီတဲ့။ တရားလဲ အားထုတ်ဖို့ အချိန်မရတော့ဘူး၊ ကျောင်း ကန် ဘုရားလဲ သွားဖို့ အချိန်မရ တော့ဘူး။ မအားဘူး မအားဘူး ဆိုတဲ့ ဒကာကြီးတွေ ဒကာမ ကြီးတွေ စဉ်းစား အဲဒါ။

တရားအားထုတ်ကြစို့ မအားသေးဘူး၊ ဘာဖြစ်နေကြ တာ လဲ ဆိုယင် အဲဒါ အဆယ်ခံရတာ များလိမ့်မယ် ထင်တယ်။ အဆယ်ခံရတဲ့အခါ စဉ်းစား။ သစ်တုံးကြီး တတုံး မြစ်ထဲက ဆယ်လိုက်တော့ ကမ်းပေါ်ကလူတွေ ဘာလုပ်ဖို့ ဆယ်ဘာလဲ စဉ်းစားပါ။ အသုံးချမလို့ ဆယ်တာနော်။ အသုံးချလိမ့်မယ်။ ကျွန်း ပိတောက် ပျဉ်းကတိုး တို့ဆိုယင်တော့ အဖိုးတန်ပေါ့။ ဆယ်သွားပြီးတော့ ဆယ်တဲ့လူတွေက ဘာလုပ်မလဲ။ လက် သမားလက်ထဲ အပ်ပြီးတော့ အဲဒါ စားပွဲ ကုလားထိုင် ဘီဒို ခုတင် ညှောင်စောင်းလုပ်ပြီးတော့ အိမ်ပေါ်တင်ထား၊ ကျက် သရေရှိလို့တော်သေး။ကုက္ကိုတုံး လက်ပံတုံးကြီးတွေ ဆိုလို့ရှိယင် သွားလေရော၊ အဲဒါ မီးဖိုချောင်ထင်း ဖြစ်ပြီ။

ဒီတော့ ဒို့ပရိသတ်၊ အဆယ်ခံယင်လဲပဲ အဲဒါ ပျဉ်းကတိုးတို့ ကျွန်းသားတို့အဖြစ်နဲ့ အဆယ်ခံရယင်တော့ တော်သေးတာ ပေါ့။ ကုက္ကိုသား လက်ပံသားအဖြစ်နဲ့ အဆယ်ခံရယင်တော့ လူပဲဖြစ်ဖြစ် ဘုန်းကြီးပဲ ဖြစ်ဖြစ် သွားလေရော့။ ထင်းဖြစ်ပြီ သာမှတ်ကရောပဲ။ အဲဒါ မသက်သာဘူး။ ရဟန်းလဲ ရဟန်း တရားနဲ့ ဝေးရော။ လူလဲ လူ့တရားနဲ့ ဝေးရော။

အဲဒါကြောင့် အဆယ်ခံရတယ်ဆိုတာမိမိရထားတဲ့အသိဉာဏ် လေးတွေကိုပင် တနေ့တခြား ခေါင်းပါး ခေါင်းပါးပြီးတော့ ပျောက်ကွယ်သွားတတ်တယ်တဲ့။ ဘုန်းကြီးတို့ ပရိသတ်၊ အဲဒါ သတိရှိဖို့ပါပဲ။ ဒါကြောင့် သံသရာဝဋ်မှ တကယ်လွတ်ဖို့ရာသာ

လျှင် ရည်ရွယ်ပန်ဆင်ပြီးဆိုလို့ရှိယင် အများစုနဲ့ မရောနှောပဲနဲ့ တယောက်တည်း နေနိုင်ယင်တော့ အကောင်းဆုံးပေါ့။

"ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော"—

ဆိုတဲ့အတိုင်း ကြံ့ချိုကဲ့သို့ တချောင်းတဲ။ ကြံ့ဆိုတာ ငယ်ထိပ်အလယ်တဲ့တဲ့ ချိုတချောင်းတဲပေါက်တယ်။ ဘယ်ချုံမှမငြိဘူး။ချိုလေးကလဲ တိုတိုလေး ဖြောင့်စင်း နေတယ်၊ ကျွဲချိုလို သမင်ချိုလို ဆပ်ချိုလိုဆိုယင်တော့ အဲဒါ ချုံတွေမှာငြိပြီးတော့ တောထဲမှာ သေကြမယ်။ ဒါကြောင့် အစွယ်အပွား များပြီးတော့ ဟိုငြိဒီငြိငြိကြပြီးတော့ အဆယ်ခံရတဲ့ပုဂ္ဂိုလ်တွေ ဒုက္ခများလိမ့်မယ်။

ဒါကြောင့် ဒို့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ လူဆယ်ခံရတဲ့ ဘေးမှ လွတ်လိုတယ် ဆိုလို့ရှိယင် ဘာလုပ်ရမလဲ။ တယောက်တဲ နေနိုင်အောင် ကြိုးစားရမယ်။ ဘယ်အဖွဲ့အစည်း ဘယ်ပါတီ ဘယ်အသင်းအပင်းမှ မပါပဲနဲ့ သံသရာဝဋ်မှလွတ်ဖို့အရေးကိုသာလျှင် ကြိုးစားမယ် ဆိုယင်ဖြင့် ဘယ်အထဲမှ မပါသေနဲ့တဲ့။ တယောက်ဘည်း နေပါတော့။

ရဟန်းတော် အရှင်သူမြတ် တွေ အနေနဲ့ ဆိုလို့ရှိယင်လဲပဲ ဒကာဒကာမတွေနဲ့ အုပ်စု အုပ်စုနဲ့ အဲဒီလိုပျော်တတ်ယင်ဖြင့် အဲဒီကိုယ်တော်တော့ အဆယ်ခံရပြီ။ တော်တော်ကြာ ထင်းဖြစ်လိမ့်မယ်။ အဲဒါ သတိထားဖို့ပဲ။ ကုက္ကိုတုံး၊ လက်ပံတုံး ဆိုတော့ သွား မီးဖိုချောင်မှာ၊ ကျွန်း ပျဉ်းကတိုး စန္ဒကူးနှစ်

ဆိုယင်တော့ အဲဒါ အိမ်ဦးခန်းမှာပေါ့။ ကျက်သရေရှိရှိလေးပဲ၊ အဆယ်ခံရပေမယ့် တော်သေး— အဲဒါက။ ဒါပေမယ့် နိဗ္ဗာန်နဲ့ ဝေးတာကတော့ အမှန်ပဲ ဘယ်နည်းနဲ့ပဲ။ အဆယ်ခံရခံရ ဝေးသွားတယ်။

စောစောက ရရှိထားတဲ့ သမ္မသနဉာဏ်၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမဆိုတဲ့ ဉာဏ်စဉ်ဆယ်ပါး သမ္မာဒိဋ္ဌိဉာဏ်လေးတွေလဲ ပဲ အဲဒီလိုအဆယ်ခံရလို့ လျော့သွားပြီဆိုယင်တော့ အဲဒီသမ္မာဒိဋ္ဌိတွေလဲ ပျက်စီးရော။

ဒါကြောင့် လူဆယ်ခံရတဲ့ဘေးမှလွတ်အောင် ဒို့ တရားနာပရိသတ်များ အများနဲ့မရောပဲနဲ့ တယောက်တည်း အားထုတ်နိုင်အောင် ကြိုးစားကြမှ တော်လိမ့်မယ်။ မရောပါနဲ့။

ကိုင်း—လူဆယ်ခံရတဲ့ ဘေးမှလွတ်ပါပြီ။ ဘုရားတပည့်တော်တို့ မရောပါဘူးဘုရား။ လူဆယ်ခံရတဲ့ ဘေးတော့ လွတ်အောင် တပည့်တော်တို့ ကျင့်သုံးနိုင်ပါပြီဘုရား။ တောကြီးထဲသွားပြီးတော့ ယခုနက မဟာတိဿ ကိုယ်တော်ကြီးတို့လို တယောက်တည်း အားထုတ်မယ် ဆိုပါတော့၊ ဒါပေမယ့် ဘာဖြစ်အုံးမလဲ၊ ရွှေနားသွားလိုက်တဲ့အခါကျပြန်တော့ ထိုသမ္မာဒိဋ္ဌိသစ်ဘုံး ဘာနဲ့တွေ့အုံးမလဲဆိုယင်—

“ဒို့ ဒကာ ဒကာမ တွေရဲ့ သမ္မာဒိဋ္ဌိသစ်ဘုံးလေး ရွှေနားဘာနဲ့ တွေ့အုံးမှာလဲဗျာ”

"နတ်ဆယ်ပါမယ်ဘုရား"

## နတ်ဆယ်တယ်ဆိုတာ

နတ်ဆယ်လိမ့်အုံးမယ်။ နတ်ဆယ်ဘာက ဘာတဲ့လဲ ဆိုလို့ရှိသင်—

"ကော နု ခေါ ဘန္တေ အမနုဿဂ္ဂါဟော"—
ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။ အမနုဿဂ္ဂါဟော၊နတ်ဆယ်၏ဟူသည်ကား။ ကောနုခေါ၊ အဘယ်ပါနည်း အရှင်ဘုရား။

"နတ်ဆယ်တယ် ဆိုဘာက ဘာပါလဲ မြတ်စွာဘုရား" လို့ မေးတဲ့အခါကျတော့—

ဣခ ဘိက္ခု ကေစ္စော အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ၊ "ဣမိနာဟံ သီလေနဝါ ဝတေနဝါ တပေနဝါ ဗြဟ္မစရိယေနဝါ ဒေဝေါဝါ ဘဝိဿာမိ ဒေဝညတရော ဝါ" တိ။

ဘိက္ခု၊ ရဟန်း။ ဣခ၊ ဤလောကဌ်။ ကေစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အဟံ၊ငါသည်။ ဣမိနာ သီလေန ဝါ၊ ဤသီလဖြင့်၎င်း။ ဣမိနာ ဝတေန ဝါ၊ ဤအကျင့်ဖြင့်၎င်း။ ဣမိနာ တပေန ဝါ၊ ဤခုတင်အကျင့်ဖြင့်၎င်း။ ဣမိနာ ဗြဟ္မစရိယေန ဝါ၊ ဤ

မြတ်တဲ့ဝိပဿနာတရားဖြင့်ငှင်း။ ဒေဝေါ ဝါ၊ ထင်ရှား-တဲ့ နတ်သားကြီးတယောက်ယောက်သည်မူလည်း။ဘဝိ-ဿာမိ၊ ဖြစ်ရပါလို၏။ ဒေဝညတရော ဝါ၊ မထင်ရှားတဲ့နတ်သားတယောက်ယောက်သည်မူလည်း။ ဘဝိဿာမိ၊ ဖြစ်ရပါလို၏။

ဣတိ၊ ဤသို့။ အညတရံ၊ တပါးပါးသော။ ဒေဝနိကာယံ၊ နတ်ပြည်နတ်လောက နတ်ဘဝကို။ ပဏိဓာယ၊ တောင့်တ၍။ ဗြဟ္မစရိယံ၊မြတ်တဲ့ အကျင့်ကို။ စရတိ၊ ကျင့်သုံး၏။ ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။အယံပုဂ္ဂလော၊ ဤကဲ့သို့ နတ်ပြည်ဗြဟ္မာ့ပြည်တောင့်တပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ပုဂ္ဂိုလ်ကို။ အမနုဿဂ္ဂါဟောတိ၊နတ်ဆယ်ခံရတဲ့ပုဂ္ဂိုလ်ဟူ၍။ဝုစ္စတိ၊ မှချကိန်းသေ ဆိုအပ်ပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဣမံ ဓမ္မဒေသနံ၊ဤကဲ့သို့ နတ်ဆယ်ခံရတဲ့အကြောင်း တရားဒေသနာတော်ကို။ ဒေသေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါသတည်း။

"သာဓု—သာဓု—သာဓု ပါဘုရား"

ကိုင်း—နတ်ဆယ်တယ်တဲ့။ နတ်ဆယ်တယ် ဆိုဘာက သီလ၊ ဝတ၊ ဗြဟ္မစရိယ၊ မိမိတို့စောင့်ထိန်းတဲ့ သီလ၊ မိမိတို့ကျင့်သုံးနေ

တဲ့ဓုတင်အကျင့်၊မိမိတို့အားထုတ်နေတဲ့ သမထ ဝိပဿနာတရား၊ မိမိတို့ပြုပြုသမျှ ဒါနကောင်းမှု၊ အဲဒါ ဒါနပဲ ပြုပြု၊ သီလပဲ ဆောက်တည်ဆောက်တည်၊ ဓုတင်ပဲကျင့်ကျင့်၊ သမထဝိပဿနာပဲ အားထုတ်အားထုတ်၊ဘာပဲလုပ်လုပ် လုပ်လေသမျှ ဒါန သီလ ဘာဝနာ ကောင်းမှုတွေကြောင့် ဘုရားတပည့်တော်တို့သည် ထင်ရှားတဲ့ နတ်သားကြီး တယောက် ဖြစ်ရပါစေ၊ ထင်ရှားတဲ့ နတ်သားကြီး နတ်မင်းကြီးမဖြစ်တောင်မှမထင်ရှားတဲ့ နတ်သား လေးတယောက်ဖြစ်ယင် တော်ပါပြီ။ ဒါထက် အဆင့်တန်း မြင့်တဲ့ ဗြဟ္မာ့ပြည်ရောက်ယင် တော်ပါပြီဆိုပြီးတော့ အဲဒီလို နတ်ပြည် ဗြဟ္မာ့ပြည် တောင့်တပြီးတော့ လုပ်တဲ့ ကောင်းမှု ကုသိုလ်တွေဟာ အဲဒါ နတ်ဆယ်တာလို့ ခေါ်တယ်။

ဒါနပြု နတ်ဖြစ်ဖို့၊ သီလဆောက်တည် နတ်ဖြစ်ဖို့၊ ကမ္မဋ္ဌာန်း ပွားများ နတ်ဖြစ်ဖို့၊ အဲဒီလို နတ်ပြည် ဗြဟ္မာ့ပြည်ကိုသာ တောင့်တပြီးတော့ လုပ်နေခဲ့မယ်ဆိုယင် အဲဒီကောင်းမှုကို နတ် ဆယ်တယ်လို့ ခေါ်တယ်။ နတ်ပြည် နတ်စည်းစိမ် နတ်ကာမ ဂုဏ်ဆိုတာက သိပ်ပြီးတော့ ကြောက်စရာကောင်းတယ်။

လူတွေအနေနဲ့ နတ်သမီးလေးတယောက်နဲ့ တခါလောက် တွေ့လိုက် ထိလိုက်ရမယ်ဆိုယင်ပဲ အဲဒါ နှစ် ရာနဲ့ချီပြီးတော့ မေ့သွားနိုင်တယ်။ သူတို့ရဲ့ ဖောဋ္ဌဗ္ဗက အဲဒီလောက်ထက်တယ်။ လူ့ပြည်မှာရှိတဲ့ လူတွေရဲ့ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဆိုတဲ့ ကာမဂုဏ်တွေ ဘယ်လောက် ကောင်းတယ်ပြောပြော၊ နတ် စည်းစိမ် နတ်ကာမဂုဏ်နဲ့တော့ အပြတ်အသတ် ကွာပါတယ်။

ဤမျှ ရှိရှာစက်ဆုပ်ဖွယ်ကောင်းတဲ့ လူ့ကာမဂုဏ်ကိုတောင်မှ ဒါလောက်မက်မောပြီး မခွဲနိုင် မခွာရက် ဖြစ်နေကြသေးယင် အလွန်ထက်မြက်ပြီး ကောင်းမြတ်တဲ့ နတ်စည်းစိမ် နတ်ကာမဂုဏ်နဲ့သာ တွေ့ရယင်တော့ လူ့ပြည်ကရတဲ့ သမ္မာဒိဋ္ဌိအသိဉာဏ်တွေ ပျောက်ပျက်သွားနိုင်တယ်တဲ့။ နတ်ကာမဂုဏ်က မွေ့နှောက်ပစ်လို့၊ အဲဒီ ကြောက်စရာကောင်းတဲ့ အတွက်ကြောင့်မို့လို့ ဒို့တရားနာပရိသတ်များ ဘယ်ကောင်းမှုပဲပြုပြု ပြုလေသမျှ ကောင်းမှု နတ်ပြည် ဗြဟ္မာ့ပြည်ကိုတော့ မတောင့်တပါလေနဲ့၊ အဲဒါ နတ်ဆယ်လိမ့်မယ်တဲ့။

## သောတာပန် သိကြားမင်း

ဘုန်းကြီးတို့ တရားနာပရိသတ်များ သိကြားမင်းကြီးရဲ့ အကြောင်း နာဘူးပါတယ်။ သက္ကပဉှသုတ္တန်တို့ စူဠတဏှာ-သင်္ခယသုတ္တန်တို့ သုဗြဟ္မသုတ္တန်တို့ဆိုတာ နာဘူးကြမှာပေါ့။ အဲဒီမှာ သိကြားမင်းကြီး ဘာဖြစ်နေသလဲ။ သေခါနီး သေနိမိတ်ငါးပါးထင်၊ လူ့ပြည်ဆင်းပြီးတော့ တရားနာ၊ လူ့ပြည်ဆင်း တရားနာကတဲ့ကိုက သူက ရည်ရွယ်ချက်နဲ့။

သေနိမိတ်ငါးပါး ထင်လဲလာရော၊ ထိုသိကြားမင်းကြီးက စိတ်ထဲ ဘယ့်နှယ်ပေါ်လာသလဲဆိုတော့ ငါသေပြီး သိကြားမှ ပြန်ဖြစ်ပါအုံးမလား၊ ဒါလေးအတွေး ပေါ်လာတယ်။ သိကြားပြန်မဖြစ်တော့ဘူးထင်တယ်။ ဒီတော့ မြတ်စွာဘုရားရှိရာ လူ့ပြည်ဆင်းပြီးတော့ ငါတရားနာအုံးမှပဲတဲ့။

ဘာပြုလို့ တရားနာရတာလဲ၊ သိကြားပြန်ဖြစ်ချင်လို့၊ သိကြားက ဘာကြောင့် ပြန်ဖြစ်ချင်တာလဲ၊ နတ်မိဖုရားကြီး လေးယောက်နဲ့ မခွဲနိုင်လို့တဲ့၊ အဲဒါ သေပြီး နတ်ပြည်မျိုးပြန်မရောက်ယင် အဲဒီနတ်မိဖုရားကြီးလေးယောက်နဲ့ ဥမကွဲ သိုက်မပျက်ဆိုတဲ့ စကားတော့ မဟုတ်ဖူး။ ဥတွေကွဲ သိုက်တွေပျက်ကုန်မှာစိုးလို့။

ဒို့ပရိသတ်ကလဲ သေတာတောင်မှ ဥက မကွဲချင်သေးဘူး။ ဘယ်တော့ကွဲကြမှာလဲလို့၊ အဲဒါအသိုက်ကလဲမပျက်ချင်သေးဘူး၊ အဲဒီလိုဆိုလို့ရှိယင် ဒို့ပရိသတ် ဒါ အဆယ်ခံရမယ်။ တခုခုကတော့ ဆယ်တော့မှာပဲ။ သိကြားမင်းကြီး သေခါနီးပြီဆိုတော့ ဘာဖြစ်လာလဲ။ အဲ ခုပြောခဲ့တဲ့အတိုင်း ဥမကွဲ သိုက်မပျက်ဆိုတဲ့ မှူလေးအရပေါ့။

ငါသွား တရားနာအုံးမှဟ—ဆိုပြီးတော့ ညနေစောင်းကြီး သန်းခေါင်တောင် မကျော်သေးဘူး။ နတ်တွေ သိကြားတွေ တရားဆင်းနာတယ်ဆိုဘာ သန်းခေါင်ကျော်မှ နာတာ။ အဲဒါ သန်းခေါင်တောင် မကျော်သေးဘူး။ ညနေစောင်းရုံ ရှိသေးတယ်။ နတ်ပြည်ကနေ အရေးတကြီး ပဥ္စသိခ ခေါ်ပြီးတော့ ဆင်းလာခဲ့တယ်။

ရာဇဂြိုဟ်ပြည်ရဲ့ အရှေ့ဖက်နား ဝေဒိယကတောင်၊ ဣန္ဒသာလလိုဏ်ဂူထဲဝင်ပြီးတော့ အဲဒီမှာ တရားနာတယ်။ မေးခွန်းပေါင်း တဆယ့်လေးခု မြတ်စွာဘုရားကိုမေးတယ်။ ဘုရားရှင်ကဖြေတယ်။ ဝေဒနာ မေးခွန်းရဲ့အဆုံး အဲဒီမှာ သိကြားမင်းကြီး သောတာပန် ဖြစ်တယ်။

မြတ်စွာဘုရား ဟောတာကတော့ ရဟန္တာဖြစ်အောင် ဟောတာပဲ။ ဒီသိကြားမင်းနဲ့ ဒီမိဖုရားတွေနဲ့ ကွဲရေးဟာဆိုတဲ့အဓိပ္ပာယ်နဲ့များ ရည်ရွယ်သလားတော့ မသိဘူးပေါ့လေ။ ရဟန္တာဖြစ်အောင် ရဟန္တာဖြစ်ယင် ကွဲရမှာကိုး။ ရဟန္တာ ဖြစ်တယ်လဲဆိုသေး၊ ဒီမိဖုရားတွေနဲ့ တွဲနေတယ် ဆိုယင်တော့ ဒီရဟန္တာက တမျိုးပေါ့။

အဲဒါ သိကြားမင်းကြီး ဒီမိဖုရားတွေနဲ့ တခြားစီ ဖြစ်သွားအောင် မြတ်စွာဘုရားက အရဟတ္တဖိုလ်ဆိုက်တဲ့တရားဟောလိုက်တာ၊ ဘာဖြစ်လို့လဲ၊ သိကြားမင်း သောတာပတ္တိမဂ်ဉာဏ်ကပိုပြီး သူဘာမှ မရဘူး။ အဲဒါ ဘာပြုလို့ ဒီလို ဖြစ်ရတာလဲ ဆိုတော့ အဋ္ဌကထာဆရာက ရှင်းထားတယ်။ သိကြားမင်းကြီး တရားလာနာကတဲ့ကိုက တကယ့်ကို သံသာရဝဋ္ဋဒုက္ခတော ဆိုတဲ့ သံသရာဝဋ်မှ လွတ်မြောက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာ တရားနာတာ မဟုတ်ဖူးတဲ့၊ သေပြီး သိကြားပြန်ဖြစ်၊ ဟို မိဖုရားတွေနဲ့ အတူတူပြန်နေချင်လို့ တရားနာတာတဲ့ ဗျာ။

"ဒိုရန်ကုန်မြို့က ဒကာ ဒကာမတွေတော့ ဒီလို ဟုတ်ပုံမရပါဘူးနော်။ ဟုတ်ကြရဲ့လား"

" ........ ........... "

ဟုတ်ယင်တော့ ခပ်ငြိမ်ငြိမ်လေးပဲ နေကြပေါ့ဗျာ။ ကမ္မဝါစာကအတိုင်းပေါ့။ "တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ" ဆိုတဲ့အတိုင်း သဘောတူ ဆိတ်ဆိတ်နေကြပါ။ ကမ္မဝါက ဒီလိုကိုး။

အဲ—သိကြားမင်းတော့ ဒီအတိုင်းပဲ မိဖုရားတွေနဲ့ အတူတူ နေချင်လို့ ဆင်းပြီးတော့ တရားနာတာ၊ ဘုရားက ဟောလိုက်တဲ့ တရား ရဟန္တာ ဖြစ်လောက်အောင် ဟောတောင်မှ သူရဟန္တာ မဖြစ်ဖူး။ သောတာပန်လောက်နဲ့ ကျေနပ်တယ်။ ဖွားကာစ မင်းသားငယ်ကလေးဟာ ရှင်ဘုရင်ကြီးက မွန်မြတ်သော ပွဲတော်အုပ်ကြီးချပေးလိုက်ပေမယ့် ထိုမင်းသားငယ်ကလေးသည် မစားနိုင်ဘူး။

ဒီအတိုင်းပဲ သိကြားမင်ကြီးကလဲပဲ ဘုရားရှင် ကိုယ်တော်မြတ် ထည့်ပေးတဲ့ အရဟတ္တဖိုလ်ပွဲတော်အုပ်ကြီး သူမစားနိုင်ဘူး။ ဘာ့ကြောင့်လဲ၊မိဖုရားကြီးတွေသံယောဇဉ်နောက် ာနေပြီးတော့ ချည်ထားလို့။အဲဒါ သောတာပန်လဲ ဖြစ်ပြီးရော ဒီဘုရားရှေ့မှာ ချက်ချင်း သေပြီးတော့ ချက်ချင်း သိကြားပြန်ဖြစ်ဘယ်။

ဘယ်လောက်များ နိကန္တိ အားကြီးလိုက်သလဲဆိုတာ သူ့ဘဝ သူစွဲမက်တဲ့ နိကန္တိ၊ မိဖုရားကြီးလေးယောက်နဲ့ နှစ်ကုဋေငါးသန်းကျော် နတ်သမီးလေးဘွေကို စွဲမက်တဲ့ နိကန္တိ အားကြီးလိုက်တာ၊ ဒီနေရာတွင် တရားနာယင်း ချက်ချင်းသေပြီးတော့ ချက်ချင်း ဒီနေရာမှာ သိကြားပြန်ဖြစ်တယ်။

ဟုတ်မဟုတ် ဒို့ပရိသတ် ရောက်သွားယင် မေးကြည့်ပေါ့။ ခင်ဗျားတရားနာတာ မိဖုရားကြီးတွေနဲ့ မခွဲချင်လို့ နာတယ်ဆိုတာ ဟုတ်ရဲ့လားလို့ မေးကြည့်စမ်းပါ။ ဟုတ်ဘယ်လို့ ပြောလိမ့်မယ်။

အရှင်မောဂ္ဂလ္လာန်ကြီး လိုက်မေးတာတောင် ဟိုကျ ဘာမှ မေးမရဘူး။ တကျော့ကုန်ရာကုန်ကြောင်း အကျယ်ဟောပါလေး ဘာလေး ညာလေးနဲ့ မြတ်စွာဘုရားဆီလာပြီးတော့ တရားနာ၊ သာဓု-သာဓု ဆိုပြန်သွား။ အရှင်မောဂ္ဂလ္လာန် တက်လိုက်သွားပြီးတော့ မင်းနာခဲ့ရတဲ့တရား ငါ့ပြန်ပြောပါအုံးကွာလဲဆိုရော ဟိုကျ မေ့နေပြီတဲ့၊ မပြောနိုင်တော့ဘူးတဲ့။ဘာပြုလို့လဲ ဆိုတော့ သူဇာတို့ ဘာတို့က တယ်ပြီးတော့ ဟုတ်လား၊ အလှည့်အပတ်ကောင်းတာ။ ဥမကွဲ သိုက်မပျက်ဆိုတဲ့ မူအရ မေ့ကုန်ရော။ ဟိုကျတော့ ကိလေသာ ကာမဂုဏ်တွေက အဲဒါ ဆယ်လိုက်တာ။ နတ်ဆယ်တယ်တဲ့။ လူ့ပြည်က နာကြားသွားတဲ့ တရားတောင် ဟိုကျ မေ့တယ်။

ဒီတရားနာပရိသတ်၊ကြားဘူးနေတာကတော့ ဘာကြားဘူးလဲ။ လူ့ပြည်က နာကြားသွားတဲ့ အာနာပါနအစရှိတဲ့ သတိပဋ္ဌာန်တွေ အားထုတ်၊ သတိပဋ္ဌာန် အားထုတ်တဲ့လူ အမြန်ဆုံး ခုနစ်ရက်၊အလွန်ဆုံး ခုနစ်နှစ်ဆို မဟုတ်လား။သတိပဋ္ဌာန်သုတ်က ဟောထားတာ။ အဲဒါ အဋ္ဌကထာဖိုလ်ဆိုက်ရမယ်။ အလွန်ထက်တဲ့ ပုဂ္ဂိုလ် ခုနစ်ရက်၊အဲဒီဘာနေ ခုနစ်လ၊ တဖြေးဖြေးတက်သွား။ ကြာပါတယ်ဆို ခုနစ်နှစ်၊ ခုနစ်နှစ်နဲ့မဖြစ်ယင် သေခါနီး သမသီသီ ရဟန္တာပေါ့ဗျာ။ စုတိစိတ် ကျကာနီး ကပ်ပြီးတော့ ရဟန္တာဖြစ်ရမယ် ဒီလိုဆိုတယ်။

အဲဒီလို မဖြစ်ခဲ့ယင် ဒုတိယဘဝ ကေန်မုချ နတ်သားကြီးဖြစ်ရမယ်။ ဟိုနတ်ပြည်ကျတော့ ဓမ္မကထိက နတ်သားတွေ

ဟောတဲ့တရားနာ၍ရင်း၊ ဆွေးနွေး၍ရင်း ဟိုကျယင် အရဟတ္တဖိုလ် ဆိုက်ရမယ်။ အဲ-သတိပဋ္ဌာန်ဖက်က အားပေးတော့လဲ အဲဒီနည်းလေးက ရှိသေးတယ်။ အဲဒါ အားကျပြီးတော့ ဒိဋ္ဌပရိသတ် နတ်ပြည်ကျမှ ရဟန္တာဖြစ်ရမယ်။ လူ့ပြည်တော့ မဖြစ်သေးဘူး ဆိုပြီးတော့ အဲဒီလို မလုပ်လိုက်ကြနဲ့နော်။ အဲဒါ-သိကြားမင်းလိုဆိုယင်တော့ ဒုက္ခပဲ ဟိုကျအကုန်မေ့မှာ။

သတိပဋ္ဌာန်တရားရဲ့ ကျေးဇူးတွေ နတ်ပြည်ကျတော့ အဘိဓမ္မာဆောင်တဲ့ဓမ္မကထိကနတ်သားတွေနဲ့ တွေ့ပြီးတော့ ရဟန္တာဖြစ်တယ်ဆိုတာက တဖက်က အားကျစရာ ကောင်းပင် ကောင်းပြောသော်လဲပဲ သိကြားမင်းကြီးတို့လို ဖြစ်ပြီး မေ့နေယင်တော့ အဲဒါ ဒိဋ္ဌပရိသတ် အဆယ်ခံရပြီ။ အဲဒါအကောင်းဖက်က ကြည့်ပေမဲ့ ကြည့်သလိုပဲ အဆိုးဖက်ကလဲ ကြည့်ရတယ်။ ရှုထောင့် ဆိုတာ နှစ်ဖက်ကကြည့်မှ မြူး(View)ဟာ နှစ်ခုရှိတယ်၊ နှစ်ဖက်က ကြည့်ရတယ်။

အဲဒီလို သိကြားမင်း သံသရာထဲ ဘယ်လောက် ကြာအုံးမလဲ ဆိုလို့ရှိယင် ကမ္ဘာပေါင်း သုံးသောင်းတထောင် ကြာပြီးမှ သူ-ရဟန္တာဖြစ်မယ်။ သိပ်မကြာလိုက်ပါဘူး-ဒိဋ္ဌပရိသတ်။ သုံးသောင်း တထောင်ရယ်—ကမ္ဘာပေါင်း။ အဲဒါကြောင့်မို့လို့ နတ်ဆယ်ခံရတဲ့ ဘေးသည် အဲဒီလို ကြောက်စရာကောင်းတယ်လို့ မှတ်ကြ။ လူ့ပြည်တုန်းက ဘယ်လောက်ပဲ ကောင်းတာတွေ ဒါန သီလ သမာဓိ ပညာတွေလုပ်ထားသား၊ ဟိုကျ ကာမဂုဏ်နဲ့ မေ့ပြီး မျောနေယင် အဲဒါကွေသွား ရာ။ ကမ္ဘာ သုံးသောင်း

တတောင် ကြာပြီးမှ နိဗ္ဗာန်ဝင်မဲ့ သိကြားကြီးမို့လို့ အဋ္ဌကထာ က ဘယ်လိုဆိုထားလဲ ဆိုလို့ရှိယင် ဝဋ္ဋာဘိရတ သောတာပန်၊ ကိလေသဗဟုလသောတာပန်ဆိုဘာ အဲဒါ သိကြားမင်းပဲတဲ့။ ဝဋ္ဋာဘိရတ သံသရာဝဋ္ဋ်မှာပျော်တဲ့ သောတာပန်၊ ကိလေသ ဗဟုလ ကိလေသာထူတဲ့ သောတာပန်၊ သိကြားတို့ အနာ ထပိဏ်တို့ ဝိသာခါတို့ သိပ်ပျော်တဲ့ ဘုံစဉ်စံဆိုဘာ သူတို့တွေ ပေါ့။

အဲဒါ နတ်ဆယ်ခံရတဲ့ ဘေးဆိုတာ ဒါမျိုးပဲလို့ ဒိုပရိသတ် သဘောကျလေ။ ဒါဖြင့် နတ်ပြည်မတောင့်တဘူးဆိုယင် ဘာကို တောင့်တရမှာလဲ။ "ဗောဓိဉာဏဿ ပစ္စယော ဟောတု" ဒါ အကောင်းဆုံးပဲ။ တပည့်တော်တို့ ဆောက်တည်တဲ့သီလ၊ လှူဒါန်း တဲ့ ဒါန၊ ပွားချားတဲ့ သမထ ဝိပဿနာ ဘာဝနာတရားတို့သည် ဗောဓိဉာဏ်ကို သာလျှင် အထောက်အပံ့ ဖြစ်ပါစေဘုရား လို့ တောင့်တခဲ့ယင်ဖြင့် အဲဒါ အဖိုးတန်တယ်။ နတ်ဆယ်တဲ့ဘေး မှလဲ လွတ်မယ်။

## ဗောဓိဆုသုံးမျိုး သာဝကသုံးဖြာ

ဗောဓိဉာဏ်ကတော့ သာဝကဗောဓိ ရဟန္တာဆုနဲ့ နိဗ္ဗာန် ဝင်တာတမျိုး၊ ပစ္စေကဗောဓိ ပစ္စေကဗုဒ္ဓါ ဆုမျိုးနဲ့ နိဗ္ဗာန်ဝင် တာ တမျိုး။ သမ္မာသမ္ဗောဓိဘုရားအဖြစ်နဲ့ နိဗ္ဗာန်ဝင်တာတမျိုး။ အဲဒါကြိုက်ရာလမ်းနဲ့သွား "ဗောဓိဉာဏဿ ပစ္စယော ဟောတု" ဆိုတာ အဲဒီ ဗောဓိဆုသုံးပါး တပါးပါး။

သာဝကပေါဒ်ဆို ဆိုတဲ့ ရဟန္တာဆုကလဲ ရိုးရိုးသာဝက တမျိုး၊ မဟာတပ်ပြီးတော့ ချီးကျူးခံရတဲ့ သာဝကတမျိုး၊ အဂ္ဂထပ်ပြီးတော့ ချီးကျူးခံရတဲ့ သာဝကတမျိုးရယ်လို့ ပကတိ သာဝက၊ မဟာသာဝက၊ အဂ္ဂသာဝကလို့ ဒီလိုသာဝကရဟန္တာ တလဲ သုံးမျိုးကွဲပါတယ်။

အဂ္ဂသာဝကဆိုတာက အရှင်သာရိပုတ္တာရာနဲ့၊ အရှင် မောဂ္ဂလ္လာန် နှစ်ပါး၊ မဟာသာဝကဆိုတာက အဲဒီဘုရား၏ လက်ဝဲ လက်ျာ တဖက်လေးဆယ်စီ နေကြတဲ့ အသီတိလို့ခေါ်တဲ့ ရှစ်ကျိပ်သော ရဟန္တာကြီးတွေက ဘွဲ့ထူးဂုဏ်ထူးနဲ့ ချီးကျူးခံရတဲ့ မဟာသာဝက ရှစ်ဆယ်။

ပကတိ သာဝကဆိုတာက အဲဒီ အဂ္ဂမဟာ ရှစ်ဆယ်သော ကိုယ်တော်တွေမှ ကြွင်းကျန်သော ကျန်တဲ့ရဟန္တာ အားလုံး သည် ပကတိသာဝက ရိုးရိုး ရဟန္တာတွေ၊အဲဒါ ကြိုက်တဲ့ သာဝကဆုပန်တဲ့။ "ပေါဒိဉာဏာသ ပစ္စယော ဟောတု" ဆိုယင် အဲဒါ ဘယ်မှ မဆယ်တော့ဘူး။ ကိုင်း—ရှေ့သွားကြအုံးစို့ဗျာ။

"ဒို့ပရိသတ်၊ရှေ့နားကျတော့ ဒို့ရဲ့သစ်တုံးလေး ဘာတွေအုံး မလဲ"

"ဝဲ အစုပ်ခံရပါမယ် ဘုရား"

ဝဲစုပ်တယ်ဆိုတာ

အေး—အဲဒီဝဲဟာ ဘာတဲ့လဲ၊ ဗမာလိုမေးကြစို့၊ ပါဠိလိုဖြေ လိုက်တဲ့ အခါကျတော့—

"အာဝဋ္ဋဂ္ဂါဟော" တိ ခေါ ဘိက္ခု ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ အာဝဋ္ဋဂ္ဂါဟောဇတိ ဧတံ အဓိဝစနံ၊ ဝဲစုပ်ပြီးတော့ မြုပ်တယ်ဆိုတဲ့ စကားသည်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ကာမဂုဏာနံ၊ ကာမဂုဏ်တရားတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

ဝဲဆိုတာ တခြားမဟုတ်ဖူး ချစ်သား၊ ကာမဂုဏ်ငါးပါး၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ကာမဂုဏ်ငါးပါးသည် အဲဒါဝဲပဲ။ ဝဲဆိုတာ ရေထဲမှာ ကြည့်လိုက်လို့ရှိယင် လည်ပြီးတော့ နေတယ်။ ရေတွေဟာ လှဲ့ပြီးတော့ နေတယ်။ ကတော့ကြီးလိုပဲ။အဲဒီလို လည်ပြီးတော့ လှဲနေတဲ့ ကတော့ကဲ့သို့ ဖြစ်နေတဲ့ ရေဝဲထဲကို ဝင်ရောက်သွားတဲ့ သစ်တုံးလေးဟာ လည်လည် လည်လည်ပြီးတော့ တဖြေးဖြေးနဲ့ ဟိုရေအောက်ကို မြုပ်သွားကာ ပေါ်လာတယ်လို့ မရှိဘူး။ အောက်ကျပြီ ဆိုလို့ရှိယင် ကျောက်ဆောင်တွေနဲ့တိုက်၊ ရွှံ့တွေနဲ့ပို၊နွံတွေနဲ့ပို၊ သဲတွေနဲ့ပို၊ ပြီးတော့ အဲဒီသစ်တုံး ပြန်ပေါ်မလာတော့ဘူး။ အောက်ကိုပဲ တဖြေးဖြေးမြုပ်သွားတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကို ရရှိထားတဲ့ ဒို့တရားနာ ပရိသတ်လဲပဲ အဲဒီကာမဂုဏ် ငါးပါးကို မကျော်လွှား နိုင်ဘူးဆိုယင် အောက်ကို တဖြေးဖြေး တဖြေးဖြေး မြုပ်ပြီးတော့ သွားလိမ့်မယ်။ ကာမဂုဏ်ငါးပါးကို ကျော်လွှားနိုင်အောင် ကြိုးစားတဲ့၊

ဒါပြောတယ်။ ကာမဂုဏ် ငါးပါးဆိုတာက ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ ဖောဋ္ဌဗ္ဗငါးခုငါးခုလုံးဟာ ပရမတ္ထစကားနဲ့ ပြောလိုက်လို့ရှိယင် အဲဒါတွေဟာ ရုပ်တရားတွေချည်းပဲ။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံ ငါးပါးဟာ ရုပ်တရားတွေ၊ အဲဒီ ရုပ်တွေကို "ဣတိရူပံ" ရုပ်အနေ သာလျှင် သုံးသပ်ပြီးတော့ ထိုရုပ်တရားတွေရဲ့ ဝိပရိဏာမကို သုံး သပ်ခဲ့ယင်ဖြင့် အဲဒါ ဝဲက လှန်သွားတော့တာပါပဲ။ ဝဲက လှန် သွားပြန်ပြီ ဆိုလို့ရှိယင် ရွှေနားရောက်တဲ့ အခါကျတော့—

"ဒ္ဓိပရိသတ်များ ဘာတွေ့ရအုံး မလဲ၊ ဘာဖြစ်သေးလဲ၊ အဲဒီ သစ်တုံးရဲ့ အန္တရာယ်တခု"

"အတွင်းကပုပ်ပြီး ဆွေးသွားပါတယ် ဘုရား"

## အတွင်းပုပ်တယ်ဆိုတာ

အေး—အတွင်းက ပုပ်ပြီးတော့ ဆွေးသွားတယ်တဲ့။

"ကော နုခေါ ဘန္တေ အန္တောပူတိဘာဝေါ"

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံ တော်မူတဲ့ မြတ်စွာဘုရား။ အန္တောပူတိဘာဝေါ၊ အတွင်းကပုပ်ပြီး ဆွေးတယ်ဆိုတဲ့ စကားသည်။ ကောနု ခေါ၊ အဘယ်ပါနည်း မြတ်စွာဘုရား။

အတွင်းပုပ်တယ် ဆိုဘာက "ဘာပါလဲ မြတ်စွာဘုရား" ဒီအ ခါမှာ ဘုရားရှင် ကိုယ်တော်မြတ်က—

"ဣ္မ ဘိက္ခု ကေစ္စော ဒုဿီလော ဟောတိ၊ ပါပဓမ္မော၊ အသုစိသင်္ကဿရသမာစရော၊ ပဋိစ္ဆန္နကမ္မန္တော၊ အဿမဏော သမဏပဋိညော၊ အဗြဟ္မစာရီ ဗြဟ္မစာရီပဋိညော အန္တောပူတိ အဝဿုတော ကသမ္ဗုဇာတော၊ အယံ ဝုစ္စတိ ဘိက္ခု အန္တောပူတိဘာဝေါတိ"။

ဘိက္ခု၊ ချစ်သားရဟန်း။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဒုဿီလော၊ ကိုယ်ကျင့်တရားမရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒုဿီလော၊ သီလ မရှိသည်။ ဟောတိ၊ ဖြစ်၏။ ပါပဓမ္မော၊ ယုတ်မာသော အကျင့်ရှိသည်။ ဟောတိ၊ ဖြစ်၏။ အသုစိ၊ သန့်ရှင်းစင်ကြယ်တဲ့ သဘော မရှိသည်။ ဟောတိ၊ ဖြစ်၏။ သင်္ကဿရသမာစာရော၊ ယုံမှားစရာကောင်းတဲ့ ကိုယ်ကျင့်တရားရှိ၍ နေသည်။ ဟောတိ၊ ဖြစ်၏။ ပဋိစ္ဆန္နကမ္မန္တော၊ ဖုံးကွယ်ထားတဲ့ အကျင့်တရားတွေ ရှိ၍နေသည်။ ဟောတိ၊ ဖြစ်၏။ အဿမဏော၊ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းတွေကိုမကျင့်ပါပဲလျက်။ သမဏပဋိညော၊ ကိလေသာငြိမ်းတဲ့ အကျင့်တွေကို ကျင့်တယ်လို့ ဝန်ခံသည်။ ဟောတိ၊ ဖြစ်၏။ အဗြဟ္မစာရီ၊ မြတ်တဲ့အကျင့်ကိုမကျင့်ပါပဲလျက်။ ဗြဟ္မစာရီပဋိညော၊ မြတ်တဲ့အကျင့်ကို ကျင့်တယ်လို့ ဝန်ခံသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခု၊ ချစ်သားရဟန်း။ အယံပုဂ္ဂလော၊ ဤကဲ့သို့ ကိုယ်ကျင့်တရား ဘာမှ မရှိပါပဲလျက်၊ ကိုယ်ကျင့်တရား ပျက်နေသည် ဖြစ်ပါလျက်နဲ့၊ သီလတွေ ပျက်နေသည် ဖြစ်ပါလျက်နဲ့၊သီလရှိသယောင်ဟန်ဆောင်လျက်ကိလေသာငြိမ်းကြောင်း ကောင်းမြတ်တဲ့အကျင့်တွေကို မကျင့်ပါပဲလျက်၊ ကိလေသာငြိမ်းကြောင်း ကောင်းမြတ်တဲ့ အကျင့်တွေကို ကျင့်တယ်လို့ ဟန်ဆောင်သော ပုဂ္ဂိုလ်ကို။ အန္တောပူတိဘာဝေါတိ၊ အတွင်းက ပုပ်နေတဲ့ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

အန္တောပူတိ—အတွင်းပုပ်တယ်ဆိုတာ ဒုဿီလတဲ့။ ကိုယ်ကျင့်တရားတွေက ဘာမှမရှိတော့ဘူး။ အဲဒီလူဟာ အသုစိ-သူ့ရဲ့ ကာယကံ၊ဝစီကံ၊မနောကံတွေဟာဘာမှမသန့်ရှင်းဘူး။သင်္ကဿရသမာစာရ-ပတ်ဝန်းကျင်က သူ့ကို အမြဲတမ်း ယုံမှားသံသတွေ ဝင်နေတယ်။ ဒီလူ့ရဲ့ ကိုယ်ကျင့်တွေက ကောင်းမှကောင်းရဲ့လား။ ဒီလူဟာ ကိုယ်ကျင့်တရားတွေ ပျက်နေတယ်လို့ အဲဒီလို သံသယတွေ အမြဲတမ်း ဖြစ်နေတယ်။

ပဋိစ္ဆန္နကမ္မန္တဆိုတာက မကောင်းတာတွေ ကိုယ်ရာမှာလုပ်ပြီးတော့ အဲဒီ မကောင်းမှုတွေကို လူသိမှာစိုးလို့ ဖုံးထားတယ်။ အသမဏော—ကိလေသာငြိမ်းကြောင်း အကျင့်ကိုတော့ မကျင့်ပဲနဲ့၊ သမဏပဋိညော ကိလေသာငြိမ်းတဲ့ အကျင့်ကို ငါကျင့်တယ်လို့ လူကြားထဲကျတော့ ဟန်လုပ်တယ်တဲ့။ အဗြဟ္မစာရီ

မြတ်တဲ့ အကျင့်တွေကို မကျင့်ပါပဲလျက်. ဗြဟ္မစာရိပဋိညော-မြတ်တဲ့အကျင့်တွေကို ငါကျင့်တယ်လို့ ဟန်ဆောင်တယ်တဲ့။

အဲဒီလို ကိုယ်ကျင့်တရားတွေ ပျက်ပြီးတော့ ဘာတရားမှလဲ အားမထုတ်ပဲနဲ့ ကိုယ်ကျင့်တရား ရှိသလိုလို၊ သမထ ဝိပဿနာ ဘာဝနာတရားတွေကို အားထုတ်သလိုလို၊ လူရှေ့ သူရှေ့မှာ ဟန်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေ အဲဒါ အတွင်းပုပ်နေတဲ့ ပုဂ္ဂိုလ်တွေ။

သစ်တုံးကြီးမှာ အသယ်ခေါင်က အူချောင်းထဲမှာ ရေဝင်ပြီး ဆွေးသွားပြီဆိုယင် ထိုသစ်တုံးသည် တဖြေးဖြေးနဲ့ အပေါ်ယံက ဘယ်လောက်ပဲကောင်းနေနေ အူချောင်းထဲရေဝင်၊ တဖြေးဖြေးနဲ့သူဟာ နစ်တော့တာပဲ။ ကိုယ်ကျင့်တရားပျက်ပြီးတော့ အဲဒီကိုယ်ကျင့်သီလတွေကို လူမသိအောင် ဖုံးထား၊ ဘယ်လောက်ပဲ ဟန်လုပ်နေနေ၊ သူဟာ အူခေါင်းထဲ ရေဝင်သလို အဲဒါ ပုပ်တော့တာပဲ။

## သီလသည် အရေးကြီးတယ်

ဒါကြောင့်မို့လို့ ဒို့တရားနာပရိတ်သတ်များ၊ စောစောက အစနားမှာ ပြောခဲ့တဲ့ မဟာတိဿကိုယ်တော်ကြီးရဲ့ အတ္ထုပ္ပတ္တိကို ပြန်ပြီးတော့ စဉ်းစားလိုက်စမ်းပါ။ သေကာနီးမှာ မဟာတိဿရဟန်းကြီးသည် နှစ်သက်ရွှင်လန်း ဝမ်းသာမှုတွေ ဖြစ်လာတယ်။ ပေါင်နှစ်ဖက်ကျိုးနေတဲ့ ကိုယ်တော်ကြီးသည် သီလကို နှလုံးသွင်းလိုက်တဲ့ အခါကျတော့ ဒို့ပရိသတ် စဉ်းစားစမ်းပါ။

"ပေါင်နှစ်ဖက်ကျိုးနေတဲ့ မဟာတိဿကိုယ်တော်ကြီး သူ့သီလ သူဆင်ခြင်တဲ့အခါမှာ ဝမ်းနဲမှုဖြစ်သလား၊ ဝမ်းသာမှုဖြစ်သလား"

"ဝမ်းသာမှုဖြစ်ပါတယ်ဘုရား"

အဲဒါ အတွင်းမပုပ်လို့။ အတွင်းပုပ်နေတဲ့ ကိုယ်တော်ကြီးသာဖြစ်ခဲ့ယင် အဲဒီအချိန် ငိုဘို့ပဲ ရှိတော့တယ်။ သေကလဲ သေချိန်ကျနေပြီ။ လူဆိုးတွေကလဲ သတ်ဖို့နီးကပ်နေပြီ။ ရဟန်းတရားလဲ အားထုတ်ဖို့က အချိန်ကလဲ မရှိတော့ဘူး။ သီလကလေး နှလုံးသွင်းလိုက်ပါတယ်၊ သီလတွေကလဲ အကုန်လုံး ပျက်စီးနေတယ်ဆိုယင် အဲဒီကိုယ်တော်ကြီး ဝမ်းမသာရတော့ပဲနဲ့ ထိုအချိန် ငိုရတော့မှာပဲ။

ဒါကြောင့်မို့လို့ သီလဖြူစင်မှုသည် ဘယ်လောက် အကျိုးကြီးသလဲ ဆိုလို့ရှိယင် ပီတိပါမောဇ္ဇကို ဖြစ်စေတဲ့ အကျိုးတရားဘဲ့။ သီလဖြူစင်ယင် ကိုယ့်သီလလေး ကိုယ်နှလုံးသွင်းလိုက်ယင် နှစ်သက်လိုငါ့ကိုယ်ကျင့်တရားဟာ ဘယ်လောက်ကောင်းတယ် လို့ ကိုယ့်ဟာကိုယ် အာချုပ်ပြု၊ ဝမ်းသာလာတယ်- ကိုယ်ကျင့်တရားကောင်းယင်။

ကိုယ်က မကောင်းတာတွေ ကျင့်ကျင့်ပြီး လုပ်ဘာ ကိုယ့်အကြောင်းကိုယ် ပြန်စဉ်းစားလိုက်ယင် ကိုယ့်ကိုကိုယ် ကိုယ်မကြည်ညိုဘူးဆိုယင်တော့ အဲဒါ သွားရော၊သေခါနီး ငိုဘို့ပဲ ရှိတယ်။ အဲဒါ အန္တောပူတိ အတွင်းပုပ်တဲ့ ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်

သည်လဲပဲ မင်္ဂဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူး။ ဒါကြောင့်မို့လို့ သီလ သည် သိပ်ပြီးတော့ အရေးကြီးတယ်။

"သီလံ နိဿယ သီလေ ပတိဋ္ဌာယ စတ္တာရော သတိ ပဋ္ဌာနာ ဘာဝေယျာသိ"

ချစ်သား ချစ်သမီးတို့၊ သတိပဋ္ဌာန်တရားလေးပါး ပွား မယ်ဆိုယင် သီလ၌တည်၍ မှီ၍ပွားကြရမယ်လို့ ဒီလိုဆိုပါတယ်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာတော်ကြီးက သီလဆိုတာ မြေကြီးနဲ့ တူတယ်တဲ့။ ဒီကနေ့ ဒွိဘရားနာပရိတ်သတ်များ ရပ်တည်နေရ တယ်ဆိုတာ မြေကြီးပေါ် ရပ်တည်နေရတာ။ ဒါကြောင့် သီလ ရှိမှ ဒွိပရိသတ်များ ရပ်တည်နိုင်တယ်။ သီလသည် မြေကြီးနဲ့ တူ၏။

အာသီဝိသောပမသုတ္တန်ကြီးကျတော့ တခါတမျိုး ဟော တော်မူပြန်တယ်။ သီလဆိုတာ ခြေထောက်နဲ့ တူတယ်တဲ့။ ခြေ ထောက်ကျိုးနေယင် ထိုပုဂ္ဂိုလ် ဘုံးကနဲ လဲသွားသလိုပဲ။ သီလ မရှိတဲ့ ပုဂ္ဂိုလ်သည် ခြေကျိုးတဲ့လူကဲ့သို့ သံသရာမှာ အဲဒါ ဘုံး ဘုံးကြီး လဲပြီလို့ အာသီဝိသောပမသုတ္တန်မှာ ဒီလိုတမျိုးဟော တယ်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာတော်ကြီးက သီလဆိုတာမြေကြီး၊ ဝီရိယဆိုတာ ခြေထောက်၊ ဝီရိယနဲ့ ခိုင်ခိုင်မာမာ ရပ်တည် တော့မယ်ဟော ဆိုလို့ရှိယင် သီလဆိုသောမြေကြီးပေါ်မှာ ရပ် ရမှာ သီလဆိုတဲ့ မြေကြီးမရှိခဲ့ယင် ဝီရိယ ဘယ်လောက်ကောင်း

နေနေ၊ ထိုပုဂ္ဂိုလ်သည် မရပ်တည်နိုင်ဘူးလို့ ဆိုလိုတယ်။ ယခု ဒါရုက္ခန္ဓောပမာသုတ္တန်အရ ဆိုလို့ရှိယင် သီလပျက်တယ်ဆိုတာ အတွင်းပုပ်တာ၊ ဒီတော့ ပြောင်းပြန်ပြန်ပြီးတော့ ပြောလိုက်၊ သီလနဲ့ပြည့်စုံခဲ့ယင် ထိုသစ်တုံးရဲ့ အတွင်းကဲ အနှစ်သာရ ပါလာတယ်ဆိုတဲ့ အဓိပ္ပာယ်ရတယ်။

မဟာတိဿရဟန်းကြီး သေခါနီး ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်ဆိုတာ သီလဂုဏ်ကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရတာ။ ထိုဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ ပီတိပါမောဇ္ဇမှာ အခြေခံ၊ သမာဓိ ပညာတက်၊ အရဟတ္တဖိုလ်ဆိုက်အောင် အားထုတ်နိုင်ပြီးတော့ နံနက်မိုးသောက်လဲရောက်၊ ဥဒါန်းနှစ်ဂါထာ ကျူးပြီးတော့ ထိုကိုယ်တော်ကြီး ပရိနိဗ္ဗာန် စံသွားရတယ်တဲ့။ အဲဒါ ဟာဖြင့်ယင် သီလရဲ့ ကျေးဇူးတွေပါပဲလို့ ဒို့ပရိသတ် မှတ်လေ။ ဒါကြောင့် ဒို့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ လဲပဲ—

သီလံ သဂ္ဂဿ သောပါနံ၊
အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန-
နဂရဿ ပဝေသနေ။

သီလံ၊ ကိုယ်ကျင့်တရား သီလတရားမှန်သမျှသည်။ သဂ္ဂဿ၊ နတ်ရွာသုဂတိရဲ့။ သောပါနံ၊ စောင်းတန်း လှေကားသဖွယ်လဲ ဖြစ်ပါပေ၏။

နတ်ရွာသုဂတိ ရောက်ချင်တဲ့ပုဂ္ဂိုလ်များအဘွက်လဲပဲ နိဗ္ဗာန် မရောက်ချင်သေးဘူး။ နတ်ပြည်လောက်ရောက်ချင်တယ် ဆိုယင် တောင်မှ သီလရှိရမယ်၊ သီလကို စောင်းတန်းကြီးသဖွယ်ထောင် ထားရတယ်။ နတ်ရွာသုဂတိတက်ကြောင်း စောင်းတန်း လှေကားဆိုတာ တခြားမဟုတ်ဘူး။ သီလတဲ့။ ကိုယ်ကျင့်တရားပဲ။

အဲဒီလို သီလကောင်းတဲ့ ပုဂ္ဂိုလ်၊ ဝိပဿနာစခန်း အားမ ထုတ်ပဲနေတယ် ထားအုံးတော့၊ သေခါနီး ကျယင် ကိုယ့်သီလ ကိုယ်နှလုံးသွင်း။ အကုန်လုံး ဖြူဖြူဖွေးဖွေးနေတဲ့ သီလပါလို့အာရုံ ရခဲ့ယင် အဲဒီအချိန် ကိုယ်သွားချင်တဲ့နတ်ပြည်သွား။ စတုမဟာ ရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိ တဝသဝတ္တီ နတ်ပြည်ခြောက်ထပ် ကြိုက်တဲ့နတ်ပြည်တောင့်တ လိုက်ယင် တခါတဲ ကြိုက်တဲ့နေရာကို ရတယ်။

"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ"

သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဘာပဲ တောင့်တ တောင့်တ အကုန် ပြည့်စုံတယ် ဆိုဘာ်။ ဒါကြောင့် ဒီကနေ့ ဤပစ္စက္ခ ဘဝမှာ ထင်ရှားကျော်ကြားပြီးတော့ လိုချင်တာတွေ အကုန် ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေကို ဒိုပရိသတ် မှန်း ပြီးတော့ ကြည့်ပါ။ သီလတန်ခိုးနဲ့ ပြည့်စုံနေကြတာ တွေ့ပါ။ အဘိညာဉ်တို့ ရဟန္တာတို့ဆိုတဲ့ ဂုဏ်ထူးဝိသေသတွေကို မပြော သေးနဲ့အုံး၊ သီလတန်ခိုးနဲ့ကိုပဲ ဒီကနေ့ ဤပစ္စက္ခလောကမှာ

လူ့လောကမြန်မာနိုင်ငံမှာ ကျော်ကြားနေတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဟာ ဒို့ပရိသတ် တွေ့ဘူး ကြားဘူးကြမှာပေါ့၊ သီလတန်ခိုး။

ဒါ့ကြောင့် သီလသည် လောကမှာလဲပဲ အထွဋ်အထိပ်ကို ရောက်စေတတ်တယ်။ ကိုယ်ကျင့်တရား ကောင်းခဲ့ယင် ရာထူး ဌာနန္တရနဲ့ ပတ်သက်တဲ့နေရာတွေမှာလဲ ထိပ်တန်းက ရနိုင်တယ်။ ဒီအထဲမှာ ရာထူးလုပ်ကိုင်နေတဲ့ပုဂ္ဂိုလ်တွေ အများကြီး ပါမှာ ပေါ့၊ ပြန်ကြည့်လိုက်ပါ။ ကိုယ်ကျင့် စာရိတ္တကို အရေးတကြီး ထားပြီးတော့ ဒီကနေ့ နိုင်ငံတကာ ဌာနတိုင်းမှာ အရေးပေး နေတယ်။ ကိုယ်ကျင့်တရားကောင်းမှ ထိပ်တန်းပို့တာ။ ကိုယ် ကျင့်တရားမကောင်းယင် ထိပ်တန်းနေရာတွေကို မရဘူး။ တစုံ တခုသော အကော်အကပ်နဲ့ရခဲ့တောင်မှ ကိုယ်ကျင့်တရားပျက် တဲ့ပုဂ္ဂိုလ် တော်တော်ကြာ ပြန်ဆင်းသွားတာပဲ။

ဤ ပစ္စက္ခလောကမှာလဲပဲ ကိုယ်ကျင့်တရားကောင်းမှ ထိပ် တန်းရောက်သလို တမလွန်လောက ကျပြန်တော့လဲ ကိုယ်ကျင့် တရားဆိုတဲ့ စောင်းတန်းလှေကားကြီး ထောင်ထားမှ နတ်ရွာ သုဂတိရောက်တယ်။ နိဗ္ဗာန် ကျပြန်တော့လဲ ဘယ်လိုလဲ။

"အညံ သီလသမံ ကုတော"

သီလသမံ၊ သီလနှင့်တူသော။ အညံ၊ တပါးသော။ သောပါဏံ၊ နတ်ရွာတက်ကြောင်း စောင်းတန်း လှေ ကားသည်။ နတ္ထိ၊ မရှိပါဘူး။ နိဗ္ဗာန နဂရဿ၊ နိဗ္ဗာန် ဆိုတဲ့ ရွှေမြို့တော်ကြီးကို။ ပဝေသနေ၊ ဝင်ရောက်ရာ၌။

သီလံ၊ သီလတရားသည်။ ဒွါရံ၀ါပန၊ တံခါးသဖွယ်လည်း ဖြစ်ပါပေ၏။

နိဗ္ဗာန်ရွှေမြို့တော်ကြီးကို သွားမယ်ဆိုယင်လဲပဲ အဲဒါ ပထမဆုံး တံခါးပေါက်သည် သီလပဲ။

"နိဗ္ဗာန်မြို့တော်ကြီးကို သွားမည့်ပုဂ္ဂိုလ်များအတွက် ပထမ တံခါးပေါက်သည် ဒို့ပရိသတ် ဘာတဲ့လဲဗျာ"

"သီလပါ ဘုရား"

သီလပျက်နေခဲ့ယင် အဲဒီပုဂ္ဂိုလ်အတွက် နိဗ္ဗာန်တံခါး ပိတ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်လဲ အလိုလို ပေါ်သွားတယ်။ နိဗ္ဗာန်တံခါး ဖွင့်ကြစို့ဆိုယင် အဲဒါ သီလက စပြီးတော့ ဖွင့်လိုက်။ နတ်ရွာသုဂတိအတွက် စောင်းတန်းထောင်မယ်ဟေ့ ဆိုလို့ရှိယင်လဲပဲ သီလက စထောင်ပါ။

ပါဏာတိပါတာ စတဲ့ ကိုယ်ကျင့်တရားတွေ ပျက်ချင်တိုင်း ပျက်နေတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ သုဂတိ သွားမယ်ဆိုတဲ့ အကြောင်းတရားသည် မရှိနိုင်ဘူး။ နိဗ္ဗာန်ဆိုတဲ့ တံခါးကြီး ပွင့်မယ်ဆိုတဲ့ အကြောင်းတရားသည် ထို သီလပျက်သော ပုဂ္ဂိုလ်တယောက်အတွက် မဖြစ်နိုင်ဘူး။

ဒါကြောင့် အတွင်းပုပ်တယ်ဆိုတာ ကိုယ်ကျင့်တရား ပျက်ခြင်းပဲလို့ သဘောကျ၍ အဘွင်းက အနှစ်သာရ ရှိလိုတဲ့ ဒို့ယောဂီများလဲပဲ ကိုယ်ကျင့်သီလတရားကို ခိုင်မြဲစွာ စောင့်ထိန်း

ပါလေ။ နတ်ရွာတက်ကြောင်း စောင်းတန်းလှေကား သောသ်။ နိဗ္ဗာန်တံခါးဖွင့်တဲ့- သီလတရားဖြင့်။

## အပြစ် ရှစ်ချက်မှ လွတ်ခဲ့လျှင်

အဲဒီလို အပြစ် ရှစ်ချက်က ဒ္ဒိုပရိသတ်ရဲ့ သမ္မာဒိဋ္ဌိ အသိဉာဏ် သစ်တုံးလေး လွတ်သွားဘော့ဗျာ။ အဲဒီသစ်တုံးလေး ရှေ့မျော ယင်း မျောယင်းနဲ့—

"ဒ္ဒိုပရိသတ်၊ ဘယ်သွားမလဲ"

"မဟာသမုဒ္ဒရာ သွားပါမယ် ဘုရား"

"မဟာသမုဒ္ဒရာ တိုင်အောင် ရောက်မယ်။ သစ်တုံးသည် မဟာသမုဒ္ဒရာ ရောက်သလိုပဲ။ ဒ္ဒိုတရားနာ ပရိသတ်ရဲ့ သမ္မာဒိဋ္ဌိ အသိဉာဏ်ဆိုတဲ့ သစ်တုံးဟာလဲပဲ ဘယ်သွားမလဲ။ သမ္မာဒိဋ္ဌိ ဉာဏ် ဘယ်သွားမလဲ"

"နိဗ္ဗာန်ကို သွားမှာပါဘုရား"

အေး- သမ္မာဒိဋ္ဌိဆိုတဲ့ အသိဉာဏ်ကလဲပဲ နိဗ္ဗာန်ကို ဦးတည် ပြီးတော့နေတယ်။ ဒါကြောင့်—

> နိဗ္ဗာနနိန္နာ ဘိက္ခဝေ သမ္မာဒိဋ္ဌိ နိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာ" တိ။
>
> ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။သမ္မာ- ဒိဋ္ဌိ၊ ချစ်သားတို့တတွေ ရရှိထားတဲ့သမ္မာဒိဋ္ဌိဆိုတဲ့ အသိ ဉာဏ်သည်။ နိဗ္ဗာနနိန္နာ၊ နိဗ္ဗာန်သို့ ညွှတ်သည်။ နိဗ္ဗာန-

ပေါဏာ၊ နိဗ္ဗာန်သို့ ကိုင်းနေသည်။ နိဗ္ဗာနပဗ္ဘာရာ၊ နိဗ္ဗာန်သို့ ဦးတည်နေသည်။ ဟောတိ၊ ဖြစ်၏။

အဲဒီအပြစ်ရှစ်မျိုးမှ လွတ်သွားပြီဆိုယင် ဒိုပရိသတ်ရဲ့ သမ္မာဒိဋ္ဌိဉာဏ် စိတ်သာချ နိဗ္ဗာန်ရောက်မယ်။ ယခုပြောခဲ့တဲ့ ရှစ်ခုတခုခုငြိနေမယ်၊ ကပ်နေမယ်၊ ဒီဖက်ကမ်းတင်၊ ဟိုဖက်ကမ်းတင်၊ ရေလယ်ခေါင်မြုပ်၊ သောင်ပေါ်မှာတင်၊ ဝဲစုပ်၊ လူဆယ်၊ နတ်ဆယ်၊ အတွင်းပုပ်ဆိုတဲ့ အန္တရာယ်ရှစ်မျိုး တမျိုးမျိုး ငြိခဲ့ယင်တော့ ဒိုပရိသတ်ရဲ့ သမ္မာဒိဋ္ဌိ၊ နိဗ္ဗာန် မရောက်တော့ဘူး။

ဒီတော့ ဒီဖက်ကမ်းကပ်တယ်ဆိုတာက အတွင်းအာယတနခြောက်ပါးကို စွဲမက်ပြီးတော့ ငြိကပ်ပြီးတော့နေတာ။ ဟိုဖက်ကမ်း ကပ်တယ်ဆိုတာက အပြင် အာယတန ခြောက်ပါးကို ငြိကပ်ပြီးတော့ နေတာ။

"ရေလယ်ခေါင် မြုပ်တယ် ဆိုတာက ဒိုပရိသတ်၊ ဘာတဲ့တုန်း"

"……………………………………………"

"အဲ- အကေနေ ပြန်ကြအုံးစို့လား။ ရေလယ်ခေါင် မြုပ်တယ်ဆိုတာက နန္ဒီရာဂဗျနော်။ နန္ဒီရာဂနှစ်သက်ခြင်း၊ စွဲမက်ခြင်း။ နန္ဒီရာဂဝင်လာယင် အဲဒီပုဂ္ဂိုလ် ရေလယ်ခေါင်မြုပ်ပြီ၊ သောင်ပေါ်တင်တယ် ဆိုတာက ဘာဖြစ်တာလဲ"

"မာနဝင်တာပါဘုရား"

"မာနဝင်တယ်။ လူဆယ်ရတယ် ဆိုတာက ဘာဖြစ်လဲ။ လူတွေနဲ့ရောပြီး ပျော်နေတဲ့ပုဂ္ဂိုလ်။ နတ်ဆယ်တယ် ဆိုတာက ဘာဖြစ်တာ။ လုပ်လေ့သမျှ ကုသိုလ်ကောင်းမှုနတ်ပြည်ကိုချည်း ရည်ညွှန်းပြီးတော့ လုပ်နေတာ။ ဝဲစုပ်တယ်ဆိုတာက ဘာဖြစ်တာလဲ"

"ကာမဂုဏ်ငါးပါးပါဘုရား"

"အေး— ကာမဂုဏ်ငါးပါး လိုက်စားတာက ဝဲစုပ်တယ်လို့ ခေါ်တယ်။ အတွင်းပုပ်တယ် ဆိုတာက"

"သီလပျက်တာပါဘုရား"

"သီလပျက်တာ၊ ဟုတ်ပြီလား"

"မှန်ပါ့ဘုရား"

အတွင်းပုပ်တယ်ဆိုတာက သီလပျက်တာ။ အဲဒီခေါင်းစဉ် ရှစ်ခုလောက် မှတ်မိထားယင် ဒီ ပရိသတ် တရားတခုလုံး ငုံမိသွားတာပါပဲ။

## နန္ဒ ကျွတ်တမ်းဝင်ပြီ

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ် မိန့်တော်နေမူဘဲနေရာဌာန လေးကိုလဲပဲ အစနေ့တုန်းက ပြောတာ ဒီ ပရိသတ် မှန်းပြီးတော့ ကြည့်လိုက်စမ်းပါ။ ဂင်္ဂါမြစ်ကမ်းမှာ ဝဲဖက်ယာဖက်က သဲသောင်ပရိသတ်။ ရွှေနားက ရေတွေတသွင်သွင်စီးဆင်းပြီးတော့

သွားနေတဲ့ ဂင်္ဂါမြစ်ကြီး၊ အဲဒီတောစပ်တနေရာမှာ နန္ဒဆိုတဲ့ နွားကျောင်းသားလေးတယောက်ကလဲပဲ နွားအုပ်ကြီးနဲ့ နွားကျောင်းယင်း သူကလဲ တရားနာလို့ အဲဒီမှာ။

အဲဒီမှာ တရားနာ ပရိသတ်တွေထဲက သံဃာ့ ပရိသတ်က တစု၊ ဟိုက နွားကျောင်းသားလေး နန္ဒက တယောက်၊ ဒါပဲ။ အဲဒီလိုပြောဆိုပြီး တရားဆုံးသွားတဲ့ အခါကျတော့ နန္ဒနွားကျောင်းသားလေးက ဘုရားအနား ချဉ်းကပ်ပြီးတော့ လျှောက်တယ်—

"အထ ခေါ နန္ဒော ဂေါပါလကော ဘဂဝန္တံ ဧတဒဝေါစ"

အထခေါ၊ ထိုအခါ၌။ နန္ဒော၊ နန္ဒအမည်ရှိသော။ ဂေါပါလကော၊ နွားကျောင်းသားကလေးသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားခဲ့လေပြီ။

"အဟံ ခေါ ဘန္တေ နဒြီရိမံ တီရံ ဥပဂစ္ဆာမိ၊ န ပါရိမံ တီရံ ဥပဂစ္ဆာမိ"—

အစရှိသည်ဖြင့် "အရှင်ဘုရား၊ ဘုရား တပည့်တော်သည် ဒီဖက်ကမ်းကိုလဲ မရပ်ရအောင် ကျင့်သုံးပါမယ် ဘုရား။ ဟိုဖက်ကမ်းကိုလဲ မရပ်ရအောင် ကျင့်သုံးပါမယ်၊ ရေလယ်ခေါင်လဲ မမြုပ်ရအောင်၊ သောင်ပေါ်လဲ မတင်ရအောင်၊ လူလဲ

မဆယ်အောင်၊ နတ်လဲ မဆယ်အောင်၊ ဝဲလဲ မစုပ်အောင်၊အတွင်းကလဲ မပုပ်အောင် ဘုရားတပည့်တော် ကျင့်သုံးပါမယ်ဘုရား”။

“လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ
လဘေယျံ ဥပသမ္ပဒံ”တိ။

ဘုရားတပည့်တော် အရှင်ဘုရားတို့ရဲ့ သာသနာတော်မှာ—
ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ လဘေယျံ၊ ရချင်ပါတော့သည် အရှင်ဘုရား။

“တပည့်တော် အရှင်ဘုရားတို့ သာသနာတော်မှာ ရဟန်းပြုချင်ပါတယ်၊ ရဟန်း ပြုပေးတော်မူပါဘုရား”တဲ့— နန္ဒက မြတ်စွာဘုရားကို လျှောက်တယ်။

“နန္ဒနွားကျောင်းသားလေး ဒို့ပရိသတ်ဘာလုပ်ချင်သတဲ့လဲ”

“ရဟန်းပြုချင်ပါတယ်တဲ့ဘုရား”

“ရဟန်းပြုချင်တယ်၊ ဒို့အရိယမဂ္ဂါရုံက ပရိသတ်ကကော ဘာလုပ်ချင်သလဲ”

“.........................”

အိမ်ပြန်ချင်ပြီနေဘ်၊ ပြန်ရမယ် ကိစ္စမရှိဘူး၊ အိမ်ကျမှ ဟိုဖက်ကမ်းရော ဒီဖက်ကမ်းရော အကုန်သာကပ်ကြ၊ဟုတ်လား။ အင်း– လူပဲဆယ်ဆယ် နတ်ပဲဆယ်ဆယ် ဝဲပဲစုပ်စုပ် အတွင်းတော့ မပုပ်ကြနဲ့ဗျ။ အဲဒါလေးတော့ မှာလိုက်ပါရစေ။

ခုနက ပြောခဲ့တဲ့ အန္တရာယ် ရှစ်ခုထဲမှာ ဒီပြင်ဟာတွေတော့ ဘုန်းကြီး မပြောလိုဘူး။ ဒီဖက်ကမ်းကပ်ချင်လဲကပ်၊ ဟို

ဖက်ကမ်း အိပ်ချင်လဲအိပ်၊အဲဒါ ဒီအတိုင်းကပ်နေလို့ အားမရလို့ ငုတ်ရိုက်ပြီး တုတ်ကြိုးနှင့် ချည်ချင် ချည်သွားလိုက်အုံး၊ ဒါက သိပ်မဆိုးသေးဘူး၊သောင်ပေါ်တင်တာလဲသိပ်အရေးမကြီးဘူး၊ လူဆယ် နတ်ဆယ် ဒါတွေကိစ္စမရှိသေးဘူး။ ဝဲစုပ်တာလဲ ကိစ္စမရှိဘူး။

အတွင်းတော့ မပုပ်လိုက်ကြပါနဲ့တဲ့။ဒါအရေးအကြီးဆုံးပါ၊ လူမှုရေးအရပဲကြည့်ကြည့်၊ ဘာသာနာရေးအရပဲ ကြည့်ကြည့်၊ သံသရာရေးအရပဲ ကြည့်ကြည့်၊ သူဟာ သိပ်အရေးကြီးနေတဲ့ အချက်ပါ။ အတွင်းပုပ်တယ်ဆိုတာ ကိုယ်ကျင့်တရားတွေ ပျက်ကြတာ။ ကိုယ်ကျင့်တရားတွေပျက်ယင် ဤပစ္စက္ခလဲ ဒိုပရိသတ် အတွက် မကောင်းတော့ဘူး။ သံသရာ အတွက်လဲ မကောင်းတော့ဘူး။ ဘာနဲ့ကြည့်ကြည့် အတွင်းပုပ်ခြင်း ကိုယ်ကျင့်တရား ပျက်ခြင်းသည် မကောင်းတာပါ။ အဲဒါ အတွင်းမပုပ်ယင်တော့ တော်ပြီတဲ့။ ဟိုဖက်ကမ်းပဲ ကပ်ကပ်၊ ဒီဖက်ကမ်းပဲ ကပ်ကပ်၊ ဒါတော့ ဘုန်းကြီးတို့က အရေးမကြီးပါဘူး။

နန္ဒ နွားကျောင်းသားကတော့ အဲဒီ ရှင်မျိုးလုံးလွတ်အောင် ရှောင်မယ်တဲ့၊ "တပည့်တော်ကို ရဟန်းပြုပေးပါ" ဒီလိုလျှောက် တယ်၊ "ရှစ်မျိုးလုံး ဘုရားတပည့်တော် လွတ်အောင်ရှောင်ပါ့ မယ် ဘုရား၊ ရဟန်းပြုခွင့် ပေးတော်မူပါ" ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်က ဘာပြောသလဲဆိုတော့- "ချစ်သား နန္ဒ၊ မင်းကျောင်းနေတဲ့ နွားတွေကိုကွယ် နွားရှင်ပြန်ပြီးတော့ အပ် လိုက်စမ်းပါအုံး"တဲ့။

အဲဒီတော့မှ အမိပ္ပာယ်က ဘယ်လိုပေါ်သွားသလဲဆိုတော့ နန္ဒ နွားကျောင်းတာဟာ သူပိုင်နွား မဟုတ်ဘူး။ သူများနွား အငှားကျောင်းရတာဆိုတဲ့ အဓိပ္ပာယ်လေး ပေါ်လာတယ်။ နွားရှင်ကို နွားပြန်အပ်လိုက်ပါအုံးတဲ့၊ဒီတော့နန္ဒက ဘာပြောသလဲ။

"အပ်စရာ မလိုပါဘူး ဘုရား၊ ဝစ္ဆဂိဒ္ဓိနိယော-နွားမကြီးတွေက နွားကလေးတွေနောက်လိုက်၊ နွားကလေးတွေက နွားမကြီးတွေနောက်လိုက်၊ အဲဒီလို နွားမတွေ နွားသားအမိတွေကို ကျောင်းနေရတာမို့ သားအမိအချင်းချင်းကတကောင်သံယောဇဉ်နဲ့ တကောင် သူ့ဘိုဟာသူတို့ အိမ်တန်းတန်းမတ်မတ် ပြန်သွားကြမှာပါ ဘုရား"

ဘုရားက "မရဘူး ချစ်သား နန္ဒ၊ ဒီလို မလုပ်နဲ့၊ နွားတွေဆိုတာ ဟိုခြံဝင် ဒီခြံထွက်နဲ့၊ ပိုင်ရှင်ကို ပြန်အပ်လိုက်၊ အကယ်၍မင်းနွားတွေ ပိုင်ရှင် ပြန်မအပ်ပဲနဲ့ ရဟန်းဝတ်ခဲ့ယင်၊ အကယ်၍များ အဲဒီထဲက နွားတကောင်တလေ ပျောက်နေလို့ အိမ်ပြန်မရောက်ယင် တော်တော်ကြာ မင့်နွားပိုင်ရှင်က ကျောင်းရောက်လာပြီးတော့ နွားပျောက်မှုနဲ့ တရားစွဲလို့ ကျောင်းမှာဆူနေလိမ့်မယ်။ အဲဒါကြောင့်မို့လို့ ပြဿနာရှင်းပစေ နန္ဒ၊ သွား-ပြန်အပ်သာအပ်လိုက်"ဆိုတော့မှ နန္ဒသွားပြီးတော့ နွားအုပ်ကြီး အိမ်ပြန်ပို့လိုက်တယ်။

ဘုရားက ဂင်္ဂါမြစ်ကမ်းက မပြန်သေးဘူး။ နွားအုပ်ကြီး ခပ်မြန်မြန် နွားရှင် ပြန်အပ်လဲပြီးရော တခါတည်း ရေမိုးချိုးပြီး

တော့ ဘုရားရှင်ထံ ပြန်လာပြီး "တပည့်တော်ကို ရဟန်းပြုပေးပါဘုရား"။ ဘုရားရှင်က နန္ဒကို တခါတည်း ကောသမ္ဗီမြို့ ဃောသိတာရုံ ကျောင်းတိုက် အရောက်ခေါ်သွား၊ ရောက်ပြီဆိုတဲ့ အခါကျတော့မှ ဆံမုတ်ဆိတ်ရိတ်၊ အဲဒီမှာ သပိတ် သင်္ကန်းပေးပြီးတော့ နန္ဒ သိမ်သွင်း ကမ္မဝါဖတ်ပြီး ရဟန်းပြုပေးလိုက်တယ်။

"အလတ္ထ ခေါ နန္ဒော ဂေါပါလကော ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ အလတ္ထ ဥပသမ္ပဒံ"

နန္ဒော၊ နန္ဒအမည်ရှိသော။ ဂေါပါလကော၊ နွားကျောင်းသားသည်။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်၏၊ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို။ အလတ္ထ ခေါ အလတ္ထဧဝ၊ ရသည်သာလျှင်တည်း။

ရဟန်းဘဝကို ရသွားပြီ။ ဒီတော့ ဒီနေရာမှာ ဒိုပရိသတ်အတွက် ဗဟုသုတလေးတခု ဘာပါလာသလဲ ဆိုလို့ရှိယင်—

"အလတ္ထ ပဗ္ဗဇ္ဇံ– အလတ္ထ ဥပသမ္ပဒံ" ရယ်လို့ ပါဠိတော်က ၂-ပိုဒ်လာတယ်။ အဲဒီ ၂-ပိုဒ်က ဘာပြောတာလဲ ဆိုတော့— "အလတ္ထ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို ရှေးဦးစွာ ရတယ်။ အလတ္ထ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို နောက်မှ ရတယ်"။

ဒီတော့ ဗမာပြည်မှာ လုပ်နေတဲ့ ထုံးစံအတိုင်းပဲ၊ ရဟန်းခံချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တယောက်ကို ရှေးဦးစွာ ရှင်သာမဏေဝတ်ပြီးတော့မှ ရဟန်းဘဝတက်၊ အဲဒီအစီအစဉ်အတိုင်း ကျသွား:

တယ်။ "အလတ္ထ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေပြု။ အလတ္ထ ဥပသမ္ပဒံ၊ ပြီးတော့ ရဟန်းပြု" အဲဒါ နည်းသစ် ထွင်ချင်ပါတယ်ဆိုပြီး တော့ ဒီအတိုင်း လူဝတ်ကြီးနဲ့ သိမ်သွင်းပြီးတော့ ကမ္မဝါဖတ် မယ်လို့တော့ မလုပ်ကြနဲ့။ ရှင်သာမဏေ ရှေးဦးစွာ ဝတ်ပြီးမှ ရဟန်းခံရတယ်။

အဲဒါ တချို့က နည်းသစ် ထွင်လိုက်ချင်သေးတယ်၊ "ရှင် သာမဏေ မပြုပဲနဲ့လဲ လူတယောက် ဒီအတိုင်း ကတုံး တုံးပြီး တော့ ပိတ်ဖြူစည်းပြီးတော့ ကမ္မဝါဖတ်ယင် ရဟန်းဖြစ်ပါတယ် ဆိုတဲ့ လူတွေက ကြံလာသေးတယ်၊ ကြံကြံဖန်ဖန်နော်....အဲဒါ အိမ်နေပြီးတော့ ဒီအတိုင်း ဝတ်ကြောင်ကြီးနဲ့ ဘုန်းကြီးလုပ်ချင် လို့လား မသိဘူး။

အိမ်မှာနေ ဝတ်ကြောင်ကြီးနဲ့ ဘယ်လိုပဲ ရဟန်းတော်တွေ စောင့်သုံးတဲ့ ၂၂၇-ပါး သီလကို သမာဒိယာမိ သမာဒိယာမိ လုပ်ပြီး ဆောက်တည်နေနေ၊ အိမ်နေတဲ့လူတွေ အဲဒါ ရကို မရ ဘူး။ ဒါ့ကြောင့် အိမ်နေတဲ့ ပုဂ္ဂိုလ်များရဲ့ သီလသည် ငါးပါး ရှစ်ပါး ဆယ်ပါး ဒါပဲရှိတယ်၊ ဒါထက်ပိုလို့ မရနိုင်ဘူး။ ၂၂၇- ပါး လူဝတ်ကြောင်ဘဝနဲ့တော့ ဘယ်တော့မှ မရဘူးဆိုတာ အဲဒါမှတ်ထား၊ ရဟန်းဘဝနဲ့ လူ့ဘဝ အဲဒီလိုကွာတယ်တဲ့ဗျာ။

ဧကော၊ တယောက်ထီးတည်း။ ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်လျက်။ အပ္ပမတ္တော၊ မမေ့မလျော့။ အာတာ ပီ၊ ကိလေသမာရ် သူပုန်ရန်တွေကို ပူပန်စေတတ်တဲ့ လုံ့လပီရိယ လဲ ရှိသည်ဖြစ်၍။ ပဟိတတ္တော၊ နိဗ္ဗာန်ကိုစေလွှတ်တဲ့ စိတ်ထား

ရှိသည်ဖြစ်၍။ ဝိဟရန္တော၊ အမြဲမပြတ် အားထုတ်၍ နေခဲ့သည် ရှိသော်။ န စိရဿေဝ၊ မကြာမြင့်သော ကာလမှာပင်လျှင်။ ယဿ၊ အကြင်အရဟတ္တဖိုလ်ရဲ့ အတ္ထဆိုင်ရာအကျိုးစီးပွားအလို ငှာ။ ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ နိက္ခမိတွာ၊ ထွက်ခွာ၍။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်၌။ ပဗ္ဗဇန္တိ၊ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြကုန်၏။

အနုတ္တရံ၊ အတုမရှိ မြတ်လှစွာသော။ တံ၊ ထိုသာသနာ့ ဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယဆိုတဲ့ အကျင့်ကို။ အနုတ္တရံ အတုမရှိ မြတ်လှစွာသော။ တံ၊ ထိုအရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက် မှောက်ဘဝမှာပင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပ သမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟာသိ၊ နေရလေပြီ။ အထခေါ၊ ထိုအခါ၌—

"ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ"

အဿ၊ ထိုနန္ဒဆိုတဲ့ မထေရ်သူမြတ်ရဲ့။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းဆိုတဲ့သဘောသည်။ ခီဏာ၊ ကုန်ခဲ့လေပြီ။ ဗြဟ္မစရိယံ၊ သာသနာ့ဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယဆိုတဲ့ မြတ်တဲ့အကျင့် အားလုံးကိုလဲပဲ။ ဝုသိတံ၊ နန္ဒမထေရ် သူမြတ် ကျင့်သုံး၍ ပြီးခဲ့လေပြီ။

ကရဏီယံ၊ ပြုဖွယ်ကိစ္စ မှန်သမျှကိုလဲပဲ။ ကတံ၊ ပြု လုပ်၍ ပြီးပြီ။ ဣတ္ထတ္တာယ၊ ဤ မဂ်ကိစ္စအလို့ငှာ။ အပရံ၊ ဘပါးသော ပြုဖွယ် ကိစ္စသည်။ မေ၊ ငါ့အား။ နတ္ထိ၊ မရှိတော့ပြီ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ကောင်းစွာ ထင်ထင် သိမြင်လေပြီ။

အာယသ္မာနန္ဒော၊အရှင်နန္ဒအမည်ရှိတဲ့မထေရ်သူမြတ် သည်။အရဟတံ–အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်အပေါင်း တို့တွင်။ အညတရော၊ ရဟန္တာတပါး အပါ်အဝင်သည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။

နိဂုံးဆုတောင်း

နန္ဒမထေရ်သူမြတ် ဆိပ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီးတော့ အား ထုတ်တယ်တဲ့။ မကြာမြင့်မီမှာပင်လျှင် အရဟတ္တဖိုလ် ဆိုက်၍ ရဟန္တာဖြစ်ပြီးတော့သွားခဲ့လေပြီ။ ဤမှာပင်လျှင် ဒါရိုက္ခန္ဓော ပမာသုတ္တန် တရားဒေသနာပြီးပြီ။ ဒီကနေ့ ဒို့တရားနာပရိသတ် အပေါင်းသူတော်ကောင်းတို့၊ဒါရိုက္ခန္ဓောပမာသုတ္တန် တရားဒေ သနာ ကြားနာရတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့လဲပဲ နှစ်ညတိုင်တိုင် ဟောခဲ့တဲ့တရားတွေကိုပြန်ပြီးတော့ အကျဉ်းချုပ် လိုက်မယ်ဆိုယင် ဘာရသလဲ။

သမ္မာဒိဋ္ဌိဆိုတဲ့ အသိဉာဏ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိရယ်၊ ဝိပဿနာသမ္မာဒိဋ္ဌိရယ်၊စတုသစ္စသမ္မာဒိဋ္ဌိရယ်လို့ သမ္မာဒိဋ္ဌိသုံးမျိုး

မှာဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတာ အလွန်တရာ အန္တရာယ်တွေများတယ်။ စတုသစ္စ သမ္မာဒိဋ္ဌိဆိုတဲ့ မဂ်နဲ့ယှဉ်တဲ့ သမ္မာဒိဋ္ဌိကျမှသာလျှင် စိတ်ချရတယ်။

ဒါကြောင့် အလွန်တရာ အန္တရာယ်တွေ များပါတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်၊ ဂင်္ဂါမြစ်ရေအလျဉ်နဲ့ပမာတူမဲ့ မဂ္ဂင်ရှစ်ပါးနဲ့တကွ မျောပြီးတော့ ပါလာတဲ့ သမ္မာဒိဋ္ဌိသစ်တုံးလေး တတုံးကိုဖြင့်ယင် ဒီဖက်ကမ်းလို့ဆိုတဲ့ အတွင်းအာယတနခြောက်ပါးမှလဲလွတ်အောင် ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။

ဟိုဖက်ကမ်းလို့ဆိုတဲ့ အပြင်အာယတန ခြောက်ပါးမှာလဲ မရပ်အောင် မငြိအောင် မတင်အောင် ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။ ရေလယ်ခေါင်မှာ မြုပ်ခြင်းလို့ ဆိုတဲ့ နန္ဒီရာဂဘေးမှလဲလွတ်အောင် ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။

သောင်ပေါ်မှာ တင်ခြင်းဆိုတဲ့ မာနတရားကိုလဲပဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။ လူဆယ်ခံရတဲ့ဘေးဆိုတဲ့ လူများစွာနဲ့ ရောရောရောရောနေခြင်းဆိုတဲ့ သံသဋ္ဌမှလဲလွတ်အောင် ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။

နတ်ဆယ်ခံရပါတယ် ဆိုတဲ့ ပြုလေသမျှ ကုသိုလ်ကောင်းမှု နတ်ပြည် တောင့်တခြင်းဆိုတဲ့ဘေးမှလဲ လွတ်အောင် ရှောင်ရှား

နိုင်ကြပါစေကုန်သတည်း။ မိမိတို့ရရှိထားတဲ့ သမ္မာဒိဋ္ဌိအသိဉာဏ် ကာမဂုဏ်ငါးပါး ဆိုတဲ့ ဝဲမှာလဲ မမြုပ်ပဲနဲ့ ကာမဂုဏ်ငါးပါးမှလဲ လွတ်အောင် ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။ ကိုယ်ကျင့်တရားပျက်ပြားခြင်းဆိုတဲ့အတွင်းပုပ်တဲ့ ဘေးမှလဲပဲ လွတ်အောင် ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။

အဲဒီလို ဆိုခဲ့ပြီးတဲ့ အပြစ်ရှစ်ချက်မှလွတ်အောင် ရှောင်ရှားနိုင်ကြကုန်သဖြင့် မိမိတို့ရရှိထားတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတဲ့ သမ္မာဒိဋ္ဌိအသိဉာဏ်မှ အဆင့်ဆင့်တက်ကြိုးစားပွားများ အားထုတ်နိုင်ကြကုန်သဖြင့် စတုသစ္စသမ္မာဒိဋ္ဌိဉာဏ်ကို ရပြီးလျှင် နန္ဒမဥ္စရ်သူမြတ်တို့ ရရှိတဲ့ အရဟတ္တဖိုလ်ချမ်းသာကြီးကို မပင်မပန်း ချမ်းသာလွယ်ကူတဲ့ အကျင့်မြတ်ပဋိပတ်၊ လျင်မြန်တဲ့အသိဉာဏ်၊ ရည်သန် တောင့်တအပ်သောမဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ထိုသို့လျှင် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့်ကိုယ် နောက်ဆုံးပစ္ဆိမဘဝ ပရိနိဗ္ဗာနစုတိ၏အခြားမဲ့ နောက်ကာလ၌ တစုံတခုသော ဘဝ၊ ယောနိ၊ ဂတိ၊ သတ္တဝါသ၊ ဝိညာဏဋ္ဌိတိ၊ မာန်မာန၊ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးပါး၊ ဝဋ္ဋ မီးစာတရားတို့၏ တဖန်မဖြစ်သော ချုပ်ခြင်း ဟုဆိုအပ်သော အနုပါဒိသေသ ပရိနိဗ္ဗာန် ကိုယ်စီစံနိုင်ကြပါစေကုန်သတည်း။

ထိုသို့လျှင် အနုပါဒိသေသပရိနိဗ္ဗာန် ကိုယ်စီ စံကြရသဖြင့် ကာမဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခ ခပ်သိမ်း သံသရာမီးတောက် မီးလျှံ မီးပုံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု – သာဓု – သာဓု ပါ ဘုရား။

## ထွက်ပေါ်လာဦးမည့် သီတဂူစာအုပ်များ

၁။ အဘိဏှပစ္စဝေက္ခိတဗ္ဗဌာနသုတ္တန်တရားတော်၊
၂။ အာနာပါန သတိပဋ္ဌာန်တရားတော်၊
၃။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားတော်၊
၄။ သက္ကပဥှသုတ္တန်တရားတော်၊
၅။ ဝိဇယသုတ္တန်တရားတော်၊
၆။ စူဠဝေဒလ္လသုတ္တန်တရားတော်၊
၇။ ဝိပဿနာ အလုပ်ပေးတရားတော်၊
(သထုံ ၅-ရက်စခန်း)၊
၈။ သာမဏေကျော်ရှစ်ပါး တရားတော်၊
၉။ မေတ္တာသုတ္တန် တရားတော်။

သီတဂူစာအုပ်ထုတ်ဝေရေးအဖွဲ့၊
စိတ္တာသုခချောင်၊
စစ်ကိုင်းတောင်။

# နေလင်းပိဋကတ်ပုံနှိပ်တိုက်နှင့်
# နည်းသစ် စာအုပ်လုပ်ငန်း

**အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။**

ပါဠိ-မြန်မာ ကျမ်းစာအုပ်အမျိုးမျိုးကို ဓမ္မာစရိယ ဘီ-အေ ဘွဲ့ရ စာရေး၊ စာပြင်၊ စာတည်း ဝါရင့်ပညာရှင်ကြီးများ ပါဝင်သော **နည်းသစ် စာတည်းအဖွဲ့က** ပြင်ဆင် တည်းဖြတ် ပရူဖတ် ပုံနှိပ်ကာ လှပသော ပန်းချီ ဒီဇိုင်း ဆေးရောင်စုံ စက္ကူဖုံး၊ ကတ်ထူဖုံး၊ သားရေဖုံးများဖြင့် ချုပ်ပြီးအထိ အစ အဆုံး တာဝန်ယူ ဆောင်ရွက်ပေးနေပြီ။ စာအုပ်ရှင်က စာအုပ် အတွက် လုံးဝ ကြောင့်ကြစိုက်စရာမလို။

ဦးသောင်းလွင် ဘီ-အေ
ဓမ္မာစရိယ ဝဋံသကာ
စာတည်းချုပ်

# စတိုင်ကျကျ ပုံနှိပ်လိုလျှင်

အနောက်နိုင်ငံ စာအုပ်များ စုံနှိပ်ထားသည်မှာ စတိုင်ကျသည်။ အနေအထား ရှင်းလင်း လှပသည်။ အဘယ့်ကြောင့်နည်း။ ပုံနှိပ်တိုက်ကြီးတိုင်းမှာ ကျမ်းပြု၊ စာပြင်၊ စာတည်းများ လိုက်နာရန် လမ်းညွှန်စာအုပ် House Style ရှိသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တကျောင်းတဂါသာ တချာတာပုဒ်ဆန်းနေဆဲဖြစ်ရာ နေသင်း ပိဋကတ်ပုံနှိပ်ဘိုက် နည်းသစ် စာတည်းအဖွဲ့၏ စာတည်းချုပ် ဦးခသာင်းလွင် ဘီ-အေ ဓမ္မာစရိယ ဝင့်သကာ နည်းသစ် အင်္ဂလိပ်သဒ္ဒါနှင့် နည်းသစ် မြန်မာသဒ္ဒါ ကျမ်းပြုက မြန်မာပုံနှိပ်စတိုင်လက်စွဲ Burmese Style Manual စာအုပ်ကို တီထွင် ရေးသားလိုက်ပြီ။ စတိုင်ကျကျ ပုံနှိပ်လိုလျှင် စတိုင်ရှိသော နေလင်း ပိဋကတ်ပုံနှိပ်ဘိုက်သို့ ကြွပါ။